www.dhammaransi.com

# ပဋိစ္စသမုပ္ပါဒ် အကျဉ်း

www.dhammaransi.com

၂၁၀၉၂

ပိဋကတ္တယသောက၊ ဗဟုသုတဂန္ထန္တရဓမ္မကထိက၊
ဿပြပါမောက်၊ ရန်သောက်အာဇာနည်
ဖြစ်တော်မူသော

မုံရွာမြို့ "လယ်တီဆရာတော်ဘုရားကြီး" သည်

ကျွတ်လွတ်လိုက်သူ-ရဟန်း,ရှင်,လူ အပေါင်းတို့အား
သံသရာ ဒုက္ခမှ ကျွတ်လွတ်ရန် အလင်းကြီး ငါးပါးနှင့်
ခေတ်ခြောက်ပါး ကမ္မဋ္ဌာန်း ပွါးနည်းတို့ဖြင့် စီရင်တော်မူသော

# အလင်းကျမ်း

နှင့်

## ပဋိစ္စသမုပ္ပါဒ် အကျဉ်း။

## ဝေါဟာရသုဒ္ဓိပနိကျမ်း

## နွားမေတ္တာစာ

## သံဝေဂ လေးချိုး

( ၅-စောင်တွဲ။ )

ပါဠိဆရာ-ဆရာထွန်း နှင့် ဦးတင်ရှိန်တို့
ကြည့်ကြပ်ပြင်ဆင်သည်။

ဦးထွန်းရှင်-ဒေါ်ကြည်၏
ဓမ္မ။ မိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်။
နံပါတ် (၈-၉) စီရုံ၊ ဈေးချိုတော်၊
မန္တလေးမြို့။

www.dhammaransi.com

# နိဒါန်း။

မြန်မာသက္ကရာဇ် ၁၂၇၂-ခုနှစ်၊ ကဆုန်လအတွင်း ရေဦးမြို့ တရားမဏ္ဍပ်ကြီးတွင် ၁၀ဿောင်ကျော်မျှလောက်သော ရှင်၊လူ ပရိသတ်အပေါင်းတို့အား အမိုက်ကြီး ၅-ပါး၊ အလင်းကြီး ၅-ပါး တို့ကိုထင်ရှားစွာ ဘော်ပြ၊ ပြောဟောတော်မူရာ၊ အမိုက်ကြီး ၅-ပါးတို့မှကျွတ်လွတ်၍ အလင်းကြီး ၅-ပါးဘက်သို့သက်ရောက် ပါဝင်လိုကြသူ ရှင်၊ လူ အပေါင်း သူတော်ကောင်းတို့၏ အကျိုးငှါ "အလင်းကျမ်း စာအုပ်" ကို ထုတ်ဘော် ပိုရင်တော်မူပါမည့် အကြောင်းနှင့် ၎င်းရေဦးမြို့ နယ်ပိုင် ဝန်ထောက် မောင်စံမင်း- ၁၊ မြို့ပိုင်၊မြို့အုပ် မောင်ပေါ်ရှန်- ၂၊ တခဲယ်မြို့အုပ် မောင်တိုးဆိပ်-၃၊ ဦပရင်းမြို့အုပ် ထိပ်တင်ဝ - ၄၊ တမာတောမြို့အုပ် ထိပ်တင်ကြီး-၅ တို့က ရှိသေစွာ တောင်းပန် လျှောက်ထားကြသည့် တကြိမ်။ ။ ၁၂၇၂-ခုနှစ်၊ တပေါင်းလွှန်း ၇-ရက်နေ့ည၊ မန္တလေးရွှေမြို့တော်၌ ဒေါင်းရိုးရပ်ကွက် တရားဟောမဏ္ဍပ်ကြီးတွင် ၅၀၀၀-ကျော် မျှလောက်သော ရှင်၊လူ အပေါင်းတို့အား ၎င်းအလင်းကြီး ၅-ပါး ကို စေ့စပ်သေချာ၊ ဒေသနာတော် အစဥ်မပျက် ဟောမြွက်တော် မူရာ၊ ဗုဒ္ဓဘာသာဝင် ရှင်၊လူ အများတို့အား ၎င်းအလင်းကြီး ငါး ပါးကို ထင်ရှားစွာ ရရှိစေကြခြင်းအကျိုးငှာ "အလင်းကျမ်း" ကို စီမံ ပြုစုတော်မူပါမည့် အကြောင်းနှင့် မန္တလေး မြို့နေ ဆရာ တော်ဘုရားကြီး၏ တပည့်ရင်း-ရှင်မာလာသည် ဆယ်ဖြာဟဏ္ဍ၊ ညွှတ်ခရိုကျိုး ရှိခိုးလျှောက်ထားသည့် တကြိမ်။ ။ဤသို့ အကြိမ် ကြိမ် တောင်းပန်လျှောက်ထားကြသည်ဖြစ်၍၊ မုံရွာမြို့ လယ်တီ ဆရာ ငါသည် အမိုက်ကြီး ၅-သင်း၊ အလင်းကြီး ၅-ပါးတို့ကို အကျဉ်းအားဖြင့် ထင်ရှားစွာ ဘော်ပြပေအံ့သတည်း။

www.dhammaransi.com




| ရေ | အကြောင်းအရာ။ | နံပါတ်။ |
|---|---|---|
| ၁ | အမိုက်ကြီး ငါးပါးတို့ကို အကျဉ်းအားဖြင့် သံပေါက်နှင့်တကွ ရေတွက်၍ပြခြင်း ...... | ၉ |
| ၂ | အလင်းကြီး ငါးပါးတို့ကို အကျဉ်းအားဖြင့် သံပေါက်နှင့်တကွ ရေတွက်၍ပြခြင်း ...... | ၉ |
| ၃ | ပထမအမိုက်ကြီး နှင့် ပထမ အလင်းကြီး နှစ်ပါးတို့၏အဓိပ္ပါယ်ကိုပြခြင်း ...... | ၁၀ |
| ၄ | ဒုတိယအမိုက်ကြီး နှင့် ဒုတိယအလင်းကြီး နှစ်ပါးတို့၏ အဓိပ္ပါယ်ကိုပြခြင်း ...... | ၁၄ |
| ၅ | တတိယအမိုက်ကြီးနှင့်တတိယအလင်းကြီး နှစ်ပါးတို့၏အဓိပ္ပါယ်ကိုပြခြင်း ...... | ၁၆ |
| ၆ | စတုတ္ထအမိုက်ကြီးနှင့် စတုတ္ထအလင်းကြီး နှစ်ပါးတို့၏အဓိပ္ပါယ်ကိုပြခြင်း ...... | ၁၉ |
| ၇ | ပဉ္စမအမိုက်ကြီးနှင့် ပဉ္စမအလင်းကြီးနှစ်ပါး တို့၏ အဓိပ္ပါယ်ကိုပြခြင်း ...... | ၂၀ |


အမိုက်ကြီးငါးသင်း,အလင်းကြီးငါးပါးတို့၏
အကျဉ်း မာတိကာ ပြီး၏။

---


| | | |
|---|---|---|
| ၈ | ဗုဒ္ဓ ဘာသာ သာသနာတော် အလင်းကြီး လေးပါးတို့ကို ရေတွက်၍ပြခြင်း ...... | ၂၂ |
| ၉ | ပထဝီဓာတ်ကို ဓာတ်ပေါက်အောင် အနှိမ်တ်၍ပြခြင်း ...... | ၂၆ |
| ၁၀ | အာပေါဓာတ်ကို ဓာတ်ပေါက်အောင် အနှိမ်တ်၍ပြခြင်း .... | ၃၁ |
| ၁၁ | တေဇောဓာတ်ကို ဓာတ်ပေါက်အောင် အနှိမ်တ်၍ပြခြင်း ..... | ၃၃ |

www.dhammaransi.com



ဦးရေ | အကြောင်းအရာ | နံပါတ်

၁၂ ဝါယောဓာတ်ကို ဓာတ်ပေါက်အောင် အနုစိတ်၍ပြခြင်း ....... ၃၅
၁၃ ၄င်းဓာတ်ကြီး လေးပါးတို့၏ ဇာတိ တည်းဟူသောအဖြစ်, ဘင်တည်းဟူသော အပျက်တို့ကို ထင်ရှားအောင်ဥပမာနှင့်တကွဘော်ပြခြင်း ....... ၃၇
၁၄ အာကာသဓာတ်ကို ဝေဘန်၍ ပြခြင်း ....... ၃၈
၁၅ ဝိညာဏဓာတ်ကို ဥပမာနှင့်တကွ ဓာတ်ပေါက်အောင်ပြခြင်း ....... ၄၀
၁၆ ဗုဒ္ဓဘာသာ ပထမအလင်းကြီးကို အကျယ်ပြခြင်း ....... ၄၃
၁၇ ပစ္စယ ပရိဂ္ဂဟဉာဏ် အလင်းကြီးကို အကျယ်ပြခြင်း ..... ၄၄
၁၈ လက္ခဏတ္တယ ပရိဝေဓဉာဏ်အလင်းကြီးကို အကျယ်ပြခြင်း ...... ၅၆
၁၉ ဝိညာဉ်ခြောက်ပါးတို့၏အနိစ္စလက္ခဏာကို ထင်မြင်အောင်ပြခြင်း ...... ၇၀
၂၀ စက္ခုဝိညာဉ်ကို လက္ခဏာတင်၍ ပြခြင်း ....... ၇၄

အလင်းကျမ်း မာတိကာ ပြီး၏။

---

## ပဋိစ္စသမုပ္ပါဒ်မာတိကာ။

၂၁ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၏ လက်ာနှင့် အဓိပ္ပါယ်ကိုပြခြင်း ..... ၈၁
၂၂ သင်္ခါရပစ္စယာ ဝိညာဏံ၏ လက်ာ နှင့် အ အဓိပ္ပါယ်ကို ပြခြင်း။ ....... ၈၆

www.dhammaransi.com



| ဦးရေ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| ၂၃ | ဝိညာဏပစ္စယာ နာမရူပ၏ လက်ာ နှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၀၇ |
| ၂၄ | နာမရူပပစ္စယာ သဠာယတနံ၏ လက်ာ နှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၀၉ |
| ၂၅ | သဠာယတနပစ္စယာ ဖဿော၏ လက်ာနှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၀ |
| ၂၆ | ဖဿပစ္စယာ ဝေဒနာ ၏ လက်ာ နှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၂ |
| ၂၇ | ဝေဒနာပစ္စယာ တဏှာ ၏ လက်ာ နှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၃ |
| ၂၈ | တဏှာပစ္စယာ ဥပါဒါနံ၏ လက်ာ နှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၄ |
| ၂၉ | ဥပါဒါနပစ္စယာ ဘဝေါ ၏ လက်ာ နှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၅ |
| ၃၀ | ဘဝပစ္စယာ ဇာတိ၏ လက်ာနှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၆ |
| ၃၁ | ဇာတိပစ္စယာ ဇရာမရဏံ၏ လက်ာနှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၆ |
| ၃၂ | သောက ပရိဒေဝ၊ ပ၊ သမ္ဘဝန္တိ လက်ာနှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၇ |
| ၃၃ | ဧဝမေတဿ၊ ပ၊ ဟောတိ၏ လက်ာနှင့် အဓိပ္ပါယ်ကို ပြခြင်း။ ....... | ၉၇ |
| ၃၄ | ဩဝါဒစာတမ်းကို ပြခြင်း ....... | ၉၈ |

အလင်းကျမ်း မာတိကာပြီး၏။

www.dhammaransi.com



ဦးရေ အကြောင်းအရာ နံပါတ်

## ဂေါဏာသုရာဒီပနီကျမ်းမာတိကာ။


| | | |
|---|---|---|
| ၃၅ | နွားတရားကိုပြခြင်း ....... | ၉၉ |
| ၃၆ | သေရည်,သေရက်တရားကိုပြခြင်း ....... | ၁၁၅ |
| ၃၇ | နွား,မြင်းပြိုင်ပွဲကိုပြခြင်း ...... | ၁၂၂ |
| ၃၈ | နွားမေတ္တာဘာဝ ....... | ၁၂၆ |
| ၃၉ | သံဝေဂလေးချိုးကြီး ....... | ၁၃၁ |
| ၄၀ | ၎င်းအဓိပ္ပါယ်ပြန်ချက် ....... | ၁၃၂ |

www.dhammaransi.com



# အလင်းကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က) အမိုက်ကြီးငါးပါးကို ပြဆိုချက်။

၁ ကမ္မသမ္မောဟ, အမိုက်ကြီးတပါး၊

၂ ဓမ္မသမ္မောဟ, အမိုက်ကြီးတပါး၊

၃ ပစ္စယသမ္မောဟ, အမိုက်ကြီးတပါး၊

၄ လက္ခဏသမ္မောဟ, အမိုက်ကြီးတပါး၊

၅ နိဗ္ဗာနသမ္မောဟ, အမိုက်ကြီးတပါး၊

ပေါင်းငါးပါးတည်း။

ကမ်-ဓမ် ပစ်-လက်၊ နိဗ်-ငါးချက်၊ ဖုံးဖွက်အမိုက်ငါး။

ဧကပိုဒ်သံခိပ်သံပေါက်။

## (ခ) အလင်းကြီးငါးပါးကိုပြဆိုချက်။

၁ ကမ္မသကတာဉာဏ်, အလင်းကြီးတပါး၊

၂ ဓမ္မဝဝဋ္ဌာနဉာဏ်, အလင်းကြီးတပါး၊

၃ ပစ္စယဝဝဋ္ဌာနဉာဏ်, အလင်းကြီးတပါး၊

၄ လက္ခဏပဋိဝေဓဉာဏ်, အလင်းကြီးတပါး၊

၅ နိဗ္ဗာနပဋိဝေဓဉာဏ်, အလင်းကြီးတပါး၊

ပေါင်းငါးပါးတည်း။

www.dhammaransi.com



ကမ်–ခမ်–ပစ်–လက်၊ နိမ်–ငါးချက်၊ ပေါ်ထွက်အလင်းငါး။
ကောဝိဒ်သံခိပ်သံပေါက်။

## ပဌမအမိုက်ကြီးနှင့်၊ ပဌမအလင်းကြီး–၂–ပါးကို တွဲစပ်၍ပြဆိုခန်း။

( က–၁ ) အချက်။ ပဌမ ကမ္မသမ္မောဟ, အမိုက်ကြီးနှင့်
( ခ–၁ ) အချက်။ ပဌမ ကမ္မသကတာဉာဏ်, အလင်းကြီး
အစုံကို တွဲဘက်၍ပြအပ်၏။

(က–၁) ထိုအစုံတို့တွင် ကမ္မသမ္မောဟ အမိုက်ကြီး ဆိုသည်ကား၊ ၊ကံကိုရင်း, ကံ၏အကျိုးကိုရင်း, မသိခြင်းကိုဆိုသည်၊ ၊ကံကိုမသိခြင်း ဆိုသည်မှာလည်း ခပ်သိမ်းသောသတ္တဝါတို့သည် မိမိတို့ပြုကြသော ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကုန်၏၊ ကံသည်သာလျှင် အမွေခံဥစ္စာ ရှိကြကုန်၏၊ ကံသည်သာလျှင် အကြောင်းရင်း ရှိကြကုန်၏၊ ကံသည်သာလျှင် မိဘဆွေမျိုး အစစ်ဖြစ်ကြကုန်၏၊ ကံသည်သာလျှင် ကိုးကွယ်ရာအစစ်ရှိကြကုန်၏ဟု မသိခြင်း၊ ၊မိမိတို့ပြုကြသောကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့တွင် ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား အကုသိုလ် အမှုမျိုးတို့ဖြစ်ကုန်၏၊ ဤအမှုမျိုးတို့သည် နောက်နောက်ဘဝတို့၌ မကောင်းသော အကျိုးတို့ကို ပေးတတ်ကုန်၏၊ အပါယ် လေးပါးသို့ ပစ်ချတတ်ကုန်၏ဟု မသိခြင်း၊

ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား ကုသိုလ်အမှုမျိုး ဖြစ်ကြကုန်၏၊ ဤအမှုမျိုးတို့သည် နောက်နောက် ဘဝတို့နှိုက် ကောင်းသောအကျိုးတို့ကိုပေးတတ်ကုန်၏၊ လူ့ပြည်, နတ်ရပ်, မြတ်သော ဘဝတို့သို့ ပို့ဆောင်တတ်ကုန်၏ဟု မသိခြင်း၊ ဤကဲ့သို့ ကံ၏ သဘာဝ, ကံ၏လက္ခဏာတို့ကို မသိခြင်းဟူသမျှတို့သည် ကံကို မသိခြင်းမည်ကုန်၏၊

ကံ၏ အကျိုးကို မသိခြင်း ဆိုသည်ကား သတ္တဝါတို့ မည်သည် သေရာနှိုက် ဘဝဆုံးကြကုန်သေးသည် ဟုတ်သေး၊ ကံ

www.dhammaransi.com



ပစ်ချရာ, ကံပို့ဆောင်ရာ, ကံဆွဲငင်ရာ, ကံ စီရင်ရာ, ကံ ချထားရာ-ဘဝတပါး၌ ဖြစ်ကြကုန်၏ဟု မသိခြင်း၊ ၊လူတို့၏ပကတိမျက်စိဖြင့် မမြင်ကောင်းသော ငရဲမျိုး အနန္တ, ပြိတ္တာမျိုး အနန္တ, အသုရကာယ်မျိုးအနန္တ,တိရစ္ဆာန်မျိုးအနန္တ ရှိကြကုန်၏ဟု မသိခြင်း၊ ၊အကုသိုလ်ကံကိုပြုခဲ့သျှင် ထိုထိုအပါယ်ဘဝတို့၌ ဖြစ်ကြရကုန်သည်ဟု မသိခြင်း၊ ၊လူတို့၏ ပကတိမျက်စိဖြင့် မြင်ကောင်း,မြင်နိုင်သော လူသတ္တဝါမျိုးအနန္တ, မမြင်ကောင်း,မမြင်နိုင်သောနတ်ဆိုးမျိုး အနန္တ, နတ်ကောင်းမျိုးအနန္တ, အထက်ကောင်းကင်ဘုံတို့၌ နတ်ပြည်ခြောက်ထပ်, ရူပဗြဟ္မာ, အရူပဗြဟ္မာတို့ အဆင့်ဆင့်ရှိကြကုန်သည်ဟု မသိခြင်း၊ ၊ဒါန,သီလ, ဘာဝနာ ကုသိုလ်ကံအမျိုးမျိုးတို့ကို အားထုတ်ကြ, ပြုကြ,ပွါးများကြလျှင် ထိုပြုကြသော ကံအားလျော်စွာ ထိုထိုလူမျိုး, နတ်မျိုး,ဗြဟ္မာမျိုးတို့၌ ဖြစ်ကြရကုန်သည်ဟုမသိခြင်း၊ ၊အတိတ်ကာလ၌လည်း အစမရှိ၊ နောင်အနာဂတ်ကာလ၌လည်း အဆုံးမရှိသော သံသရာကြီးသည်ရှိ၏ဟုမသိခြင်း၊ ၊သတ္တဝါဟူသမျှတို့သည် ဤသံသရာကြီးအတွင်းမှာ မိမိတို့ပြုကြသောကုသိုလ်ကံ,အကုသိုလ်ကံတို့က ပို့ဆောင်ရာ,ပစ်ချရာ,ဆွဲငင်ရာ,စီရင်ရာ,ယူဆောင်ရာ,ချထားရာ, မရပ်မနား ပြေးသွားကျင်လည်၍ နေကြကုန်သည်ဟုမသိခြင်း၊ ၊ ဤသိခြင်းအလုံးစုံတို့ကို 'ကမ္မသမ္မောဟ' အမိုက်ကြီးဆိုသည်၊

(က-၁) အချက်၊ပထမအမိုက်ကြီးကိုသိသာထင်မြင်ရုံမျှ ဘော်ပြချက်ပြီး၏၊

---

(ခ-၁) အချက်၊ ကမ္မဿကတာဉာဏ် အလင်းကြီး ဆိုသည်ကား-ကံကိုရင်း, ကံ၏အကျိုးကိုရင်း သိခြင်းတည်း၊ ၊ကံကိုသိခြင်း ဆိုသည်ကား-ခပ်သိမ်းသော သတ္တဝါတို့သည် ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏၊ ကံသည်သာလျှင် အမွေခံဥစ္စာရှိကြကုန်၏၊ ကံသည်သာလျှင် အကြောင်းရင်း မူလရှိကြကုန်

www.dhammaransi.com




| ဦးရေ | အကြောင်းအရာ | | နံပါတ် |
|---|---|---|---|
| | **ဂေါ်ကာသုရာဒီပနီကျမ်းမာတိကာ။** | | |
| ၃၅ | နွားတရားကိုပြခြင်း | ....... | ၉၉ |
| ၃၆ | သေရည့်သေရက်တရားကိုပြခြင်း | ....... | ၁၁၅ |
| ၃၇ | နွား,မြင်းပြိုင်ပွဲကိုပြခြင်း | ...... | ၁၂၂ |
| ၃၈ | နွားမေတ္တာဘာဝ | ....... | ၁၂၆ |
| ၃၉ | သံဝေဂလေးချိုးကြီး | ....... | ၁၃၁ |
| ၄၀ | ရင်းအံ့မိပ္ပါယ်ပြန်ချက် | ....... | ၁၃၂ |

www.dhammaransi.com



# အာလင်းကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (က) အမိုက်ကြီးငါးပါးကို ပြဆိုခက်း။

၁ ကမ္မသမ္မောဟ, အမိုက်ကြီးတပါး၊
၂ ဓမ္မသမ္မောဟ, အမိုက်ကြီးတပါး၊
၃ ပစ္စယာသမ္မောဟ, အမိုက်ကြီးတပါး။
၄ လက္ခဏာသမ္မောဟ, အမိုက်ကြီးတပါး၊
၅ နိဗ္ဗာနသမ္မောဟ, အမိုက်ကြီးတပါး၊

ပေါင်းငါးပါးတည်း။

ကမ်-ဓမ် ပစ်-လက်၊နိဗ်-ငါးချက်၊ဖုံးဖွက်အမိုက်ငါး။

ကေဗိုဒ်သံခိပ်သံပေါက်။

## (ခ) အလင်းကြီးငါးပါးကိုပြဆိုခက်း။

၁ ကမ္မသကတာဉာဏ်, အလင်းကြီးတပါး၊
၂ ဓမ္မဝဝတ္ထာနဉာဏ်, အလင်းကြီးတပါး၊
၃ ပစ္စယာဝဝတ္ထာနဉာဏ်, အလင်းကြီးတပါး၊
၄ လက္ခဏာပဋိဝေဓဉာဏ်, အလင်းကြီးတပါး၊
၅ နိဗ္ဗာနပဋိဝေဓဉာဏ်, အလင်းကြီးတပါး၊

ပေါင်းငါးပါးတည်း။

www.dhammaransi.com



ကမ်–ခမ်–ပစ်–လက်၊ နိမ့်–ငါးချက်၊ ပေါ်ထွက်အလင်းငါး။
ကေဗိုဒ်သံခိဗ်သံပေါက်။

## ပဌမအမိုက်ကြီးနှင့်၊ ပဌမအလင်းကြီး–၂–ပါးကို တွဲစပ်၍ပြဆိုခဏ်း။

(က–၁) အချက်။ ပဌမ ကမ္မသမ္မောဟ, အမိုက်ကြီးနှင့်
(ခ–၁) အချက်။ ပဌမ ကမ္မသကတာဉာဏ်, အလင်းကြီး
အစုံကို တွဲဘက်၍ ပြအပ်၏။

(က–၁) ထိုအရပ်တို့တွင် ကမ္မသမ္မောဟ အမိုက်ကြီး ဆိုသည်ကား၊ ၊ကံကိုရင်း, ကံ၏အကျိုးကိုရင်း, မသိခြင်းကိုဆိုသည်၊ ၊ ကံကိုမသိခြင်း ဆိုသည်မှာလည်း ခပ်သိမ်းသောသတ္တဝါတို့သည် မိမိတို့ပြုကြသော ကံသည်သာလျှင် ကိုယ်ပိုင်ဉစ္စာ ရှိကုန်၏၊ ကံသည်သာလျှင် အမွေခံဉစ္စာ ရှိကြကုန်၏၊ ကံသည်သာလျှင် အကြောင်းရင်း ရှိကြကုန်၏၊ ကံသည်သာလျှင် မိဘဆွေမျိုး အစစ်ဖြစ်ကြကုန်၏၊ ကံသည်သာလျှင် ကိုးကွယ်ရာအစစ်ရှိကြကုန်၏ဟု မသိခြင်း၊ ၊မိမိတို့ပြုကြသောကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့တွင် ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား အကုသိုလ် အမှုမျိုးတို့ဖြစ်ကုန်၏၊ ဤအမှုမျိုးတို့သည် နောက်နောက်ဘဝတို့၌ မကောင်းသော အကျိုးတို့ကို ပေးတတ်ကုန်၏၊ အပါယ် လေးပါးသို့ ပစ်ချတတ်ကုန်၏ဟု မသိခြင်း၊

ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား ကုသိုလ်အမှုမျိုး ဖြစ်ကြကုန်၏၊ ဤအမှုမျိုးတို့သည် နောက်နောက် ဘဝတို့၌ကောင်းသောအကျိုးတို့ကိုပေးတတ်ကုန်၏၊ လူ့ပြည်,နတ်ရပ်,မြတ်သော ဘဝတို့သို့ ပို့ဆောင်တတ်ကုန်၏ဟု မသိခြင်း၊ ဤကဲ့သို့ ကံ၏ သဘာဝ,ကံ၏လက္ခဏာတို့ကို မသိခြင်းဟူသမျှတို့သည် ကံကို မသိခြင်းမည်ကုန်၏၊

ကံ၏ အကျိုးကို မသိခြင်း ဆိုသည်ကား သတ္တဝါတို့ မည်သည် သေရာ၌ကိုဘဝဆုံးကြကုန်သေးသည် မဟုတ်သေး၊ ကံ

www.dhammaransi.com



ပစ်ချရာ, ကံပို့ဆောင်ရာ, ကံဆွဲငင်ရာ, ကံ စီရင်ရာ, ကံ ချထားရာ-ဘဝတပါး၌ ဖြစ်ကြကုန်၏ဟု မသိခြင်း၊ ၊လူတို့၏ပကတိမျက်စိဖြင့် မမြင်ကောင်းသော ငရဲမျိုး အနန္တ, ပြိတ္တာမျိုး အနန္တ, အသူရကာယ်မျိုးအနန္တ,တိရစ္ဆာန်မျိုးအနန္တ ရှိကြကုန်၏ဟု မသိခြင်း။ ။အကုသိုလ်ကံကိုပြုခဲ့လျှင် ထိုထိုအပါယ်ဘဝတို့၌ ဖြစ်ကြရကုန်သည်ဟု မသိခြင်း၊ ။လူတို့၏ ပကတိမျက်စိဖြင့် မြင်ကောင်း,မြင်နိုင်သော လူသတ္တဝါမျိုးအနန္တ, မမြင်ကောင်း,မမြင်နိုင်သောနတ်သိုးမျိုး အနန္တ, နတ်ကောင်းမျိုးအနန္တ, အထက်ကောင်းကင်ဘုံတို့၌ နတ်ပြည်ခြောက်ထပ်, ရူပဗြဟ္မာ, အရူပဗြဟ္မာတို့ အဆင့်ဆင့်ရှိကြကုန်သည်ဟု မသိခြင်း၊ ။ဒါန,သီလ, ဘာဝနာကုသိုလ်ကံအမျိုးမျိုးတို့ကို အားထုတ်ကြ, ပြုကြ,ပွါးများကြလျှင် ထိုပြုကြသော ကံအားလျော်စွာ ထိုထိုလူမျိုး, နတ်မျိုး,ဗြဟ္မာမျိုးတို့၌ ဖြစ်ကြရကုန်သည်ဟုမသိခြင်း၊ ။အတိတ်ကာလ၌လည်း အစမရှိ၊ နောင်အနာဂတ်ကာလ၌လည်း အဆုံးမရှိသော သံသရာကြီးသည်ရှိ၏ဟုမသိခြင်း။ ။သတ္တဝါဟူသမျှတို့သည် ဤသံသရာကြီးအတွင်းမှာ မိမိတို့ပြုကြသောကုသိုလ်ကံ,အကုသိုလ်ကံတို့က ပို့ဆောင်ရာ,ပစ်ချရာ,ဆွဲငင်ရာ,စီရင်ရာ,ယူဆောင်ရာ,ချထားရာ, မရပ်မနား ပြေးသွားကျင်လည်၍ နေကြကုန်သည်ဟုမသိခြင်း၊ ။ ဤမသိခြင်းအလုံးစုံတို့ကို 'ကမ္မဿကတာဟ'အမိုက်ကြီးဆိုသည်၊

(က-၁) အချက်၊ပထမအမိုက်ကြီးကိုသိသာထင်မြင်ရုံမျှ ဘော်ပြချက်ပြီး၏၊

---

(ခ-၁) အချက်၊ ကမ္မဿကတာဉာဏ် အလင်းကြီး ဆိုသည်ကား-ကံကိုရင်း, ကံ၏အကျိုးကိုရင်း သိခြင်းတည်း၊ ။ကံကိုသိခြင်း ဆိုသည်ကား-ခပ်သိမ်းသော သတ္တဝါတို့သည် ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ ကံသည်သာလျှင် အမွေခံဥစ္စာရှိကြကုန်၏၊ ကံသည်သာလျှင် အကြောင်းရင်း မူလရှိကြကုန်

www.dhammaransi.com



၏၊ကံသည်သာလျှင် မိဘ, ဆွေမျိုးအစစ်ရှိကြကုန်၏၊ ကံသည်သာ လျှင် ကိုးကွယ်ရာအစစ် ဖြစ်ကြကုန်၏ဟု သိခြင်း၊ ၊မိမိတို့ပြု ကြသော ကိုယ်အမှု,နှုတ်အမှု,စိတ်အမှုတို့တွင် ဤအမှုမျိုးတို့ကား အကုသိုလ်ကံ အမှုမျိုးတို့ ဖြစ်ကုန်၏၊ နောက်နောက် ဘဝတို့၌ မကောင်းကျိုးတို့ကို ငင်စစ်ပေးတတ်ကုန်၏၊ အပါယ်လေးပါးသို့ ပစ်ချတတ်ကုန်၏ဟု သိခြင်း-ဤအမှုမျိုးတို့ကား ကုသိုလ်ကောင်း မှုမျိုးတို့ ဖြစ်ပေကုန်၏၊ နောက်နောက်ဘဝတို့၌ ကောင်းသော အ ကျိုးတို့ကိုပေးတတ်ကုန်၏၊လူ့ပြည်,နတ်ရပ်၊မြတ်သောဘဝတို့သို့ ပို့ဆောင်တတ်ကုန်၏ဟု သိခြင်း၊ ၊ဤသိခြင်း အလုံးစုံတို့ကို ကမ္မဿကတာဉာဏ်ပညာအလင်းကြီးဆိုသည်၊

(၁-၁)အချက်၊ကမ္မဿကတာဉာဏ်ပညာအလင်းကြီးကို
သိသာထင်မြင်ရုံဘော်ပြချက်ပြီး၏၊

---

ဤကမ္မသမ္မောဟ အရိုက်ကြီးသည် အလွန်ကြောက်မက်ဘွယ် ကောင်းလှ၏၊ လောက၌ ခပ်သိမ်းသော မိစ္ဆာ ဒိဋ္ဌိကြီးတို့သည် ဤကမ္မသမ္မောဟ အရိုက်ကြီးမှ ဖြစ်ပွါးကြကုန်၏၊ ကမ္မဿကတာ ဉာဏ်ပညာအလင်းကြီးသည် အနမတဂ္ဂသံသရာကြီး၌ ကျင်လည် ၍ နေကြရကုန်သော သူတို့၏ ကိုးကွယ်ရာကြီးပေတည်း၊ ထိုအ လင်းကြီးရှိကြမှ ဒါန,သီလ, ဘာဝနာ ကုသိုလ်တရားမျိုးကို ပွါး များပြုကျင့်ကြ၍ လူချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို ရနိုင်ကြကုန်၏၊သဗ္ဗညုဗောဓိပါရမီ,ပစ္စေကဗောဓိပါရမီ, သာဝက ဗောဓိပါရမီ-ဤပါရမီကုသိုလ်မျိုးတို့သည်လည်း ထိုအလင်းကြီး မှ ဖြစ်ပွါးကြရကုန်၏၊

ဤကမ္မဿကတာဉာဏ် ပညာအလင်းကြီးသည် စကြာဝဠာ အ နန္တတို့မှာပင် သမ္မာဒိဋ္ဌိလူမျိုး, နတ်မျိုးတို့မှာ ရှိကြကုန်၏၊ ၊ ဤစကြာဝဠာမှာလည်း မြတ်စွာဘုရားတို့မပွင့်ရာ သုညကပ္ပတို့ ၌ပင် သမ္မာဒိဋ္ဌိလူမျိုး, နတ်မျိုးတို့မှာ ရှိကြကုန်၏၊ ၊ဤသမ္မာ

www.dhammaransi.com



ဒိဗ္ဗဟူသောစကားသည် ဤသမ္မသကတာဥာဏ်ပညာ အလင်းကို ဆိုသောစကားပင်တည်း၊

ဤကမ္မသကတာ ဥာဏ်ပညာ အလင်းကြီးသည် ယခုအခါ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာလူမျိုး, ဟိန္ဒူဘာသာလူမျိုးတို့၌ တည် ရှိ၏၊ ၊ကြွင်းသော လူမျိုးတို့နှင့် မိုက်မဲသော ခပ်သိမ်းသော တိရစ္ဆာန်မျိုးတို့မှာ မရှိကြကုန်ပြီ၊ ၊ငရဲဘုံ, အသူရကာယ်ဘုံ, ပြိတ္တာဘုံတို့မှာသည်း မရှိကြသည်သာများ၏၊ ၊ထိုအလင်းကြီး မရှိကြသော သတ္တဝါတို့သည် ကမ္မသမ္မောဟ အမိုက်ကြီး၏ အ တွင်းမှာ တည်ရှိကြကုန်၏၊ ၊ထိုအမိုက်ကြီးအတွင်းမှာတည်ရှိ ကြရကုန်သောသတ္တဝါတို့သည် သံသရာ၌ ချမ်းသာလမ်းမျိုး, အ ထက်ဖြစ်သော လူ့နတ်, ဗြဟ္မာ-သံသရာလမ်းမျိုး အလုံးစုံကွယ် ပျောက် ပိတ်ဖုံး၍ နေသောကြောင့် အောက်သံသရာ အပါယ်လမ်း ကြီးတလမ်းသာလျှင် ဟင်းလင်းပွင့်လျက် ရှိလေကုန်၏၊ ဘဝအ ထောင့်,ဘဝအသောင်း, ဘဝအသိန်း လွန်သော်လည်း အလင်း နယ်သို့တခေါက်တခါမျှ မချဉ်းလာနိုင်,မသီလာနိုင်ကြလေကုန်ပြီ၊

နိယတဗျာဒိတ်ရရှိကြကုန်ပြီးသော အလောင်းအလျာကြီးများ ဖြစ်ပေမူကား တိရစ္ဆာန် သတ္တဝါမျိုးမှာပင် ဖြစ်ကြကုန်သော် လည်း ထိုအမိုက်ကြီး မတိစီးနိုင်၊ ထိုအလင်းကြီး သည်လည်း မကွယ်ပနိုင်ပြီ၊ ၊ဤကမ္မသကတာဥာဏ်ပညာသမ္မာဒိဗ္ဗ အလင်း ကြီးသည် ဗုဒ္ဓဘာသာ ကျမ်းဂန်တို့မှာ များစွာလာရှိသော်လည်း ဘုရားမပွင့်ရာကမ္ဘာ, ဘုရားပွင့်ရာ အန္တရကပ္ပ ဝဋ္ဋာတို့မှာပင် သမ္မာဒိဗ္ဗလူမျိုးတို့၌တည်ရှိလေသောကြောင့်ရင်း၊လောက၌မြတ်စွာ ဘုရားတို့သည် ဤအလင်းကိုဘော်ပြလို၍ပွင့်တော်မူကြကုန်သည် မဟုတ်၊ စတုသစ္စပဋိဝေဓ အလင်းကိုသာဘော်ပြလို၍ ပွင့်တော် မူကြကုန်သောကြောင့်ရင်း၊ ထိုကမ္မသကတာ ဥာဏ်ပညာ သမ္မာ ဒိဗ္ဗအလင်းကြီးကို ဗုဒ္ဓဘာသာသာသနာအလင်းဟူ၍မဆိုလောက် မဆိုရသေး၊သံသရာအလင်း,ကမ္ဘာ့အလင်းဟူ၍သာ ဆိုရမည်၊ ၊ ယခုအခါ သာသနာတော်အတွင်း၌ ကြိုကြိုက်ကြကုန်သော ပညာ

www.dhammaransi.com



ရှိတို့သည် မြတ်စွာဘုရားကြီး ပွင့်လာတော်မူရာ ရည်ရွယ်တော်မူ ရင်း အသင်းမဟုတ်သောကြောင့် ဤကမ္မဿကတာ ဉာဏ်ပညာ သမ္မာဒိဋ္ဌိအလင်းတက်သို့ သက်ရောက်ကာမျှနှင့် အားရတင်းတိမ် ၍ မနေကြကုန်ရာ၊ ပညာရှိတို့သတိရှိကြရန် အလွန်ကောင်းသော အနက် အချက်ကြီးတရပေတည်း၊

ပထမအမိုက်ကြီးနှင့်ပထမအလင်းကြီးအစုံကို
ပြဆိုခဏ်းပြီး၏၊

## ဒုတိယ အမိုက်ကြီးနှင့် ဒုတိယ အလင်းကြီး အစုံကို တွဲစပ်၍ ပြဆိုခဏ်း။

(က—၂) ဓမ္မသမ္မောဟ ဒုတိယ အမိုက်ကြီးနှင့်
( ခ—၂) ဓမ္မဝဝတ္ထာနဉာဏ် ဒုတိယအလင်းကြီးအစုံကိုတွဲစပ်၍ပြအပ်၏။

(က-၂) ထိုနှစ်ပါးသော အစုံတို့တွင်၊ ဓမ္မသမ္မောဟ အမိုက် ကြီး ဆိုသည်ကား- ဓမ္မကို-ဓမ္မဟူ၍ မသိခြင်းတည်း။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ် မဟုတ်, သတ္တဝါမဟုတ်, အတ္တမ ဟုတ်,ဇီဝ မဟုတ်ကုန်၊ ရုပ်ဓမ္မ, နာမ်ဓမ္မတို့သာအမှန် ဖြစ်ကုန်၏၊ ထိုသို့ ဓမ္မအစစ် ဖြစ်သည်ကို မသိခြင်းသည် ဓမ္မသမ္မောဟအမိုက် ကြီးမည်၏၊ ထိုဓမ္မသမ္မောဟ အမိုက်ကြီးမှ ဝိပလ္လာသတရားသုံး ပါးတို့သည် ဖြစ်ပွါးကုန်၏၊ ဖြစ်ပွါးသော ဝိပလ္လာသတရားတို့ကား သညာဝိပလ္လာသတရားတပါး, စိတ္တဝိပလ္လာသတရားတပါး, ဒိဋ္ဌိ ဝိပလ္လာသတရားတပါး-ဟူ၍ သုံးပါးတို့သည် ဖြစ်ပွါးကုန်၏၊

၁ ထိုတွင် သညာဝိပလ္လာသ ဆိုသည်ကား အထင်အမှတ် လွဲခြင်းတည်း၊ ဓမ္မကိုဓမ္မဟူ၍မထင်မမှတ်ဘဲ ပုဂ္ဂိုလ်ဟူ၍ ထင်မှတ်ခြင်း,သတ္တဝါဟူ၍ထင်မှတ်ခြင်း, အတ္တဟူ၍ ထင် မှတ်ခြင်း,ဇီဝဟူ၍ထင်မှတ်ခြင်း, ဇန္တုဟူ၍ထင်မှတ်ခြင်း, ပုရိသဟူ၍ထင်မှတ်ခြင်း,အထင်လွဲ အမှတ်လွဲ အထင်မှား အမှတ်မှားဆိုသည်၊

www.dhammaransi.com



၂ ဝိဇ္ဇာဝိပလ္လာသတရား ဆိုသည်ကား အကြံအသိ လွဲခြင်းတည်း၊ ဓမ္မကို ဓမ္မဟူ၍ မကြံမသိဘဲ ဓမ္မကို ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ဇာတ္တိ, ပုရိသဟူ၍ ကြံခြင်းသိခြင်းကို အကြံလွဲ, အသိလွဲ၊ အကြံမှား, အသိမှားဆိုသည်၊

၃ ဒိဋ္ဌိဝိပလ္လာသတရား ဆိုသည်ကား အယူလွဲခြင်း, အမြင်လွဲခြင်းတည်း၊ ဓမ္မကိုဓမ္မဟူ၍ မယူ, ဓမ္မဟူ၍ မမြင်မထင်ဘဲဓမ္မကိုပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ဇာတ္တိ, ပုရိသ-ဟူ၍ ယူခြင်း, အရိုးအစဉ် ကြောင်ကြောင်ထင်မြင်၍ နေခြင်းကို အယူလွဲခြင်း, အမြင်လွဲခြင်း, အယူမှားခြင်း, အမြင်မှားခြင်း, ဆိုသည်၊

ဤကား ဓမ္မသမ္မောဟအမိုက်ကြီးမှ ဖြစ်ပွါးသော ဝိပလ္လာသတရားသုံးပါးတို့တည်း၊

ထိုဝိပလ္လာသတရား သုံးပါးတို့မှ ပါဏာတိပါတ-စသော ဒုစရိုက်တရားဆယ်ပါးတို့နှင့် ခပ်သိမ်းသော အမိုက်အမှား မိစ္ဆာဒိဋ္ဌိတရားတို့သည် ဖြစ်ပွါးကုန်၏၊

(ခ-၂) ဓမ္မဝဝတ္ထာနဉာဏ်အလင်းကြီး ဆိုသည်ကား လောက၌ ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍မရှိ၊ အတ္တဟူ၍မရှိ၊ ဇီဝဟူ၍ မရှိ၊ ဇာတ္တိဟူ၍မရှိ၊ ပုရိသဟူ၍မရှိ၊ ဓမ္မမျိုးတို့သာ ရှိကုန်၏၊ ရုပ်တရားအစု, နာမ်တရားအစုဖွဲ့တို့သာ ရှိကုန်၏ဟု သိခြင်း, မြင်ခြင်းတည်း။ ရုပ်တရား, နာမ်တရားတို့ကို ခြားနားစွာ မြင်နိုင်ခြင်း, ရုပ်တရားတပါးနှင့် ရုပ်တရားတပါး၊ နာမ်တရားတပါးနှင့်နာမ်တရားတပါးကို ခြားနားစွာ မြင်ခြင်းတည်း။ ဒိဋ္ဌိဝိသုဒ္ဓိခေါ်သော သမ္မာဒိဋ္ဌိအလင်းကြီးပေတည်း၊

ဤဓမ္မသမ္မောဟအမိုက်ကြီးသည် အလွန် ကြောက်မက်ဘွယ်ကောင်းလှ၏၊ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးနှင့် တွေ့ဆုံ ကြုံကြိုက်ကြသော အခါ၌သာလျှင် ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကို စင်စစ် ဓမ္မအစစ်ဟု အသိဉာဏ်လင်းနိုင်, ပေါက်နိုင်ကြကုန်သည်၊ သာသနာတော်မြတ်ကြီးနှင့် မတွေ့မဆုံ ကြုံကြိုက်ကြ

www.dhammaransi.com



သည့် ရှိသော ဘဝအရာ, ဘဝအထောင်, ဘဝအသောင်း, ဘဝအသန်း, ဘဝအသင်္ချေ ကြသောလည်း ဓမ္မကို ဓမ္မမှန်း မသိကြကုန်၊ ဓမ္မဝိပဿနာ အလင်းကြီးပေါ်ခွင့်, ပေါက်ခွင့် မရှိကြကုန်ပြီ။ ယခုအခါ သာသနာတော် မြတ်ကြီးနှင့် ကြုံကြိုက်ပါလျက် ရုပ်ဓမ္မကို ရုပ်ဓမ္မဟူ၍, နာမ်ဓမ္မကို နာမ်ဓမ္မဟူ၍ထင်ထင်လျှားလျှား မသိကြသူ ရှင်, လူ အပေါင်းတို့သည် ထိုကြောက်မက်ဘွယ် ကောင်းလှသော ဓမ္မသမ္မောဟ အမိုက်ကြီး အတွင်းမှာ တည်ကြရကုန်၏၊ ထိုအမိုက်မှောင်ကြီး အထဲမှာ ငုတ်တုတ် နေကြရကုန်၏၊ အမိုက်မှောင်ကြီး အတွင်းမှာ နေကြရ၍ ဓမ္မဝိပဿနာ ဉာဏ်အလင်းကြီးကို မရသည့်အတွက် ဝိပလ္လာသတရားသုံးပါး ဒုစရိုက်တရားဆယ်ပါး, မိစ္ဆာဒိဋ္ဌိအမှောက်အမှားကြီးတွေ ပွါးစီးသောကြောင့် သံသရာမှ ကျွတ်လွတ်ခွင့်နှင့် ကွာဝေး၍ သံသရာဝဲဩဃထဲ၌သာ မျောရန်, မြုပ်ရန်, နစ်ရန် သံသရာလမ်းကြီး တမျိုးသာ ဟင်းလင်းပွင့်၍ နေကုန်၏၊ ပညာသတိရှိကြသော သူတို့မှာ၏ဓမ္မဝိပဿနာဉာဏ် အလင်းကြီးဘက်သို့ ရောက်ရန်, ရရန် ရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို ပိုင်းခြားဝေဘန် အမှန်ဓမ္မအစစ်ကို သိအောင်အားထုတ်သင့်လှကုန်၏၊

ဒုတိယအမိုက်ကြီးနှင့် ဒုတိယအလင်းကြီးအပုံကို ပြဆိုခဏ်းပြီး၏၊

---

## တတိယအမိုက်ကြီးနှင့် တတိယအလင်းကြီးနှစ်ပါးကို တွဲစပ်၍ ပြဆိုခဏ်း။

(က—၃) ပစ္စယသမ္မောဟအမိုက်ကြီးနှင့်

(ခ—၃) ပစ္စယဝိပဿနာဉာဏ်အလင်းကြီးနှစ်ပါးကို တွဲစပ်၍ပြအံ့၏၊

(က—၃) ထိုနှစ်ပါးတို့တွင် ပစ္စယသမ္မောဟ အမိုက်ကြီး ဆိုသည်ကား- ရုပ်တရား,နာမ်တရားတို့၏ ဖြစ်ပွားရန် အကြောင်းတရားတို့ကို မသိခြင်းတည်း၊ ၊'အဝိဇ္ဇာပစ္စယာသင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ ၊သ၊ ဒုက္ခက္ခန္ဓဿ

www.dhammaransi.com



သမုဒယော ဟောတိ- ဟူ၍ ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ အကြောင်းအရာတို့ကို မသိခြင်းတည်း၊ထိုပစ္စယသမ္ဘောဟာအရိက်ကြီး၌ ကာရကဒိဋ္ဌိကြီးသည်ဖြစ်ပွား၏၊ ကာရကဒိဋ္ဌိကြီး ဆိုသည်ကား ထိုရုပ်တရား, နာမ်တရားတို့သည် ပြုလုပ်သူရှိမှ ဖြစ်နိုင်ကုန်သည်ဟု စွဲလမ်းခြင်းတည်း၊

(၁-၃) ပစ္စယဝဝတ္ထာန ဉာဏ် အလင်းကြီး ဆိုသည်ကား- ရုပ်တရား, နာမ်တရားတို့ဖြစ်ပွားရန် အကြောင်းတရားတို့ကို သိခြင်းတည်း၊ ။'အဝိဇ္ဇာပစ္စယာသင်္ခါရာ၊သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊လ၊ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ' ဟု ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ အကြောင်းအရာတို့ကို သိခြင်းတည်း၊

ဤပစ္စယ သမ္မောဟ အရိက်ကြီး၌ အဟေတုက ဒိဋ္ဌိ, ဝိသမ ဟေတုဒိဋ္ဌိ,ပုဗ္ဗေကတဟေတုဒိဋ္ဌိဟူသော၍ဒိဋ္ဌိမျိုးသုံးပါးတို့သည် ဖြစ်ပွါးကုန်၏၊ ။အဟေတုကဒိဋ္ဌိဆိုသည်ကား-ရုပ်တရား,နာမ်တရားတို့သည် ဖြစ်ပေါ်ရန် အကြောင်းတရား ဟူ၍လည်း မရှိကြကုန်၊တည်နေရန်အကြောင်းတရားလည်း မရှိကြကုန်၊ အကြောင်းတရားနှင့်ကင်း၍ မိမိတို့ အလို အလျောက် သာလျှင် ဖြစ်ပေါ်ကြကုန်၏၊ တည်နေကြကုန်၏ ဟူသော အယူသည် အဟေတုကဒိဋ္ဌိမည်၏၊

ဝိသမဟေတုဒိဋ္ဌိ ဆိုသည်ကား- ထိုရုပ်တရား, နာမ်တရားတို့သည် အကြောင်းကင်း၍ မိမိတို့ အလိုအလျောက် ဖြစ်ပေါ်နိုင်ကြသည်လည်း မဟုတ်ကုန်၊ တည်နိုင်ကြသည်လည်း မဟုတ်ကုန်၊ အကြောင်းတရားကြောင့် သာလျှင် ဖြစ်ပေါ်နိုင်ကြကုန်၏၊ တည်နေနိုင်ကြကုန်၏၊ အကြောင်းဘရား ဆိုသည်ကား-ထာဝရဘုရားသည် အလုံးစုံသော သတ္တဝါ ဟူသမျှ, သင်္ခါရ ဟူသမျှ, ရုပ်တရား, နာမ်တရားဟူသမျှတို့သည် ထာဝရဘုရား၏ တန်ခိုးတော်ဖြင့်သာလျှင် ဖြစ်ပေါ်နိုင်ကြကုန်၏၊ တည်နေနိုင်ကြကုန်၏ ဟူ၍ အကြောင်းမဟုတ်သည်ကိုအကြောင်းပြုလုပ်၍ယူခြင်းသည်

www.dhammaransi.com



ဝိသမလောဘဒိဋ္ဌိ မည်ကုန်၏။ ။ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဆိုသည်ကား-ရုပ်တရား, နာမ်တရားတို့သည်အကြောင်းတရားကင်း၍ ဖြစ်သည်လည်းမဟုတ်ကုန်၊ ထာဝရဘုရား၏ တန်းခိုးတော်အားဖြင့် ဖြစ်သည်လည်း မဟုတ်ကုန်၊ စင်စစ်မူကား ရှေးရှေးဘဝတို့၌ ပြုခဲ့ကြသော ကုသိုလ်ကံ,အကုသိုလ်ကံတို့ကြောင့်သာလျှင် ဖြစ်ကြကုန်၏၊ တည်နေကြကုန်၏ဟူ၍ ရှေးကံဟောင်း အကြောင်း တခုတည်းကိုသာ ခိုင်မြဲစွာ ယူခြင်းသည် ပုဗ္ဗေကတဟေတုဒိဋ္ဌိ မည်၏။

ဤဒိဋ္ဌိသုံးပါးတို့တွင် အဟေတုကဒိဋ္ဌိသည် အမှားကြီး မှားသော ဒိဋ္ဌိတည်း။ ဝိသမဟေတုဒိဋ္ဌိသည် အမှားကြီးမှားသော ဒိဋ္ဌိတည်း။ ပုဗ္ဗေကတဟေတု ဒိဋ္ဌိသည် တစိတ်တဒေသအားဖြင့် မှန်သည်ဖြစ်၍ ထိုဒိဋ္ဌိနှစ်ပါးတို့ထက် မှားမှု သက်သာ၏။ ။အဘယ်သို့ တစိတ် တဒေသအားဖြင့် မှန်သနည်း ဟူမူကား။ ။ရုပ်တရား, နာမ်တရားတို့သည် ရှေးကံဟောင်းကြောင့်ဖြစ်သည်လည်း ရှိကုန်၏၊ ယခုပစ္စုပ္ပန်စိတ်ကြောင့် ဖြစ်သည်လည်း ရှိကုန်၏၊ ယခုပစ္စုပ္ပန် ဥတုကြောင့် ဖြစ်သည်လည်း ရှိကုန်၏၊ ယခုပစ္စုပ္ပန် အာဟာရကြောင့် ဖြစ်သည်လည်းရှိကုန်၏။ ထိုတွင် ရှေးကံဟောင်းကြောင့် ဖြစ်သော ရုပ်,နာမ်စုအတွက် တစိတ် တဒေသအားဖြင့် ထိုအယူမှန်၏၊ ။စိတ်,ဥတု, အာဟာရတို့ကြောင့်ဖြစ်သော ရုပ်,နာမ်စုအတွက် ထိုအယူမှား၏၊ ။ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဝေဘန်သည်ရှိသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါးတို့တွင် ရှေးကံဟောင်းကြောင့်ဖြစ်သောအင်္ဂါစုအတွက်ထိုအယူမှန်၏၊ပစ္စုပ္ပန်အကြောင်းကြောင့်ဖြစ်သော အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ အတွက် ထိုအယူမှား၏၊ ။ပဋ္ဌာန်းနည်းနှင့် ဝေဘန်သည် ရှိသော် ထိုအယူသည် နာနာက္ခဏိက ကမ္မပစ္စည်းတခုကိုသာ အမှန်ပြု၍ သဟဇာတ ကမ္မပစ္စည်းနှင့်တကွ ကြွင်းသော-၂၃-ပစ္စည်းတို့ကို ပယ်ဖျက်၏၊ ဤသို့လျှင် ဤပုဗ္ဗေကတဟေတုဒိဋ္ဌိသည် တစိတ်တဒေသအတ္ထိအားဖြင့်မှန်၏၊ ယေဘုယျအတ္ထိအားဖြင့် မှား၏။

www.dhammaransi.com



ပစ္စယာသမ္မောဟအမိုက်ကြီးမှ ဤဒိဋ္ဌိမျိုး သုံးပါးတို့နှင့် ထိုထိုဒိဋ္ဌိ, ဝိစိကိစ္ဆာတရားတို့သည် ဖြစ်ပွါးကုန်၏။

ပဋိစ္စသမုပ္ပါဒ်ဉာဏ်အမြင် ပေါက်ရောက်ခြင်း ဟူသော ပစ္စယ ပရိဂ္ဂဟဉာဏ် အလင်းကြီးသည် ထိုဒိဋ္ဌိမျိုး သုံးပါးတို့ကို ပယ်ရှားနိုင်၏၊ အကြောင်းမရှိဟု ယူသောအဟေတုကဒိဋ္ဌိ ကိုလည်း ပယ်ရှားနိုင်၏၊ အကြောင်း မဟုတ်သည်ကို အကြောင်းပြုလုပ်၍ ယူသောဝိသမဟေတုဒိဋ္ဌိကိုလည်း ပယ်ရှားနိုင်၏။ ရှေးကံဟောင်း အကြောင်းတခုတည်းသာ ရှိသည်ဟူသော ပုဗ္ဗေကတဟေတုဒိဋ္ဌိ ကိုလည်း ပယ်ရှားနိုင်၏၊ ဤပစ္စယပရိဂ္ဂဟဉာဏ် ဒုတိယအလင်း ကြီးကို ပေါက်ရောက်သော သူသည် စူဠသောတာပန်အဖြစ်သို့ ရောက်၏ဟူ၍ အဋ္ဌကထာကြီးတို့၌ဆို၏၊ အလွန်အားထုတ်ထိုက် ကောင်းလှ၏။

တတိယအမိုက်ကြီးနှင့်တတိယအလင်းကြီးအစုံကို ပြဆိုခဏ်းပြီး၏။

---

## စတုတ္ထအမိုက်ကြီးနှင့်စတုတ္ထအလင်းကြီးအစုံကို ပြဆိုခဏ်း။

(က-၄) လက္ခဏာသမ္မောဟအမိုက်ကြီးနှင့်
(ခ-၄) လက္ခဏာ ပဋိဝေဓဉာဏ် အလင်းကြီးနှစ်ပါးကို ဘွဲ့စပ်၍ ပြဆိုအပ်၏။

(က-၄) ထိုတွင် လက္ခဏာ သမ္မောဟ အမိုက်ကြီး ဆိုသည်ကား-အကြောင်းအကျိုး ဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရား တို့၏ လျင်မြန်လှသော အနိစ္စအချက်ကို မသိခြင်း, မမြင်ခြင်း, ကြောက်မက်ဘွယ် ကောင်းလှသော ဒုက္ခအချက်ကို မသိခြင်း, မမြင်ခြင်း, ပုဂ္ဂိုလ်သတ္တဝါတို့၏ အမာခံ, အထည်ခံ-အနှစ် အသား မဟုတ်၊ အသက်ဇီဝ မဟုတ်သော အနတ္တအချက်ကို မသိခြင်း, မမြင်ခြင်း သည် လက္ခဏာသမ္မောဟအမိုက်ကြီးသည်၏။

www.dhammaransi.com



(ခ-၄) လက္ခဏာပဋိဝေဓ ဉာဏ်အလင်းကြီး ဆိုသည်ကား အကြောင်းအကျိုး ဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရားတို့၏ အလွန်လျင်မြန်သော အနိစ္စအချက်ကို သိခြင်း, မြင်ခြင်း, ကြောက်မက်ဘွယ် ကောင်းလှသော ဒုက္ခအချက်ကို သိခြင်း, မြင်ခြင်း, ပုဂ္ဂိုလ်သတ္တဝါတို့၏ အမာခံ,အထည်ခံ,အနှစ်အသားမဟုတ်၊ အသက်ဇီဝမဟုတ်သောအနတ္တအချက်ကိုသိခြင်း,မြင်ခြင်းတည်း၊

ခပ်သိမ်းကုန်သော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်တို့သည် ဤလက္ခဏာပဋိဝေဓ ဉာဏ်အလင်းကြီးကို ရကြကုန်၍သာလျှင် ကိလေသာအမိုက်အမဲ, သံယောဇဉ်အမိုက်အမဲ-သံသရာ၌ ချည်တတ်,တုပ်တတ်, ချုပ်တတ်, ဖွဲ့တတ်သောတဏှာအရှုပ် အထွေးတို့နှင့် ဘေးအနန္တ ဒုက္ခအပေါင်းတို့မှ ကျွတ်လွတ်တော်မူကြပေကုန်၏၊ ဤလက္ခဏာပဋိဝေဓဉာဏ်အလင်းကြီးကို မရကြကုန်သော ရှင်လူအပေါင်းတို့သည် ကိလေသာ အမိုက်အမဲ, သံယောဇဉ်အမိုက်အမဲ၊သံသရာ၌ ချည်တတ်,တုင်တတ်,ချုပ်တတ်,နှောင်တတ်,ဖွဲ့တတ်သော တဏှာအရှုပ်အထွေးတို့နှင့် ဘေးအနန္တ ဒုက္ခအပေါင်းတို့မှ မကျွတ်နိုင်ကြ,မလွတ်နိုင်ကြကုန်၊ လက္ခဏာပဋိဝေဓ တတိယ အလင်းကြီးကို ရ၍ လက္ခဏာ သမ္မောဟ အမိုက်ကြီး ကင်းရှင်းကြကုန်မှသာလျှင်ထိုကိလေသာအမိုက်အမဲ, သံယောဇဉ်အမိုက်အမဲ,တဏှာအရှုပ်အထွေးတို့မှကင်းလွတ်ကြကုန်၍ နိဗ္ဗာန်သို့ ရောက်နိုင်ကြကုန်၏၊

စတုတ္ထအမိုက်ကြီးနှင့် စတုတ္ထအလင်းကြီးအစုံကို
ပြဆိုခဏ်း ပြီး၏၊

---

## ပဉ္စမ အမိုက်ကြီးနှင့်ပဉ္စမ အလင်းကြီးအစုံကို ပြဆိုခဏ်း॥

(က-၅) နိဗ္ဗာန သမ္မောဟအမိုက်ကြီးနှင့်
(ခ-၅) နိဗ္ဗာန ပဋိဝေဓ ဉာဏ်အလင်းကြီးကို တွဲဘက်၍ ပြဆိုအပ်၏॥

www.dhammaransi.com



(က-၅) ထိုတွင် နိဗ္ဗာနသမ္မောဟ အမိုက်ကြီး ဆိုသည်ကား- ဤသတ္တဝါ အပေါင်းတို့မှာ-သံသရာ ဝဋ်ဒုက္ခနိုက် ကျင်လည်၍ နေကြကုန်ရာ မည်သည့် တရားမျိုးကို ကျင့်ခဲ့သော် ထိုကိလေသာ အမိုက်အမဲ, သံယောဇဉ် အမိုက်အမဲ, တဏှာအရှုပ်အထွေး ဒုက္ခဘေးအနန္တတို့၏ အကြွင်းအကျန်မရှိ, ချုပ်ငြိမ်းခြင်းသို့ရောက်၏၊ ၎င်းတို့၏ချုပ်ငြိမ်းခြင်းဟူသော သန္တိစခန်းကြီးတခုသည် ရှိ၏ဟု မသိခြင်းတည်း။ ၊အမိုက်ကြီးငါးခုတို့သည် အစဉ်အတိုင်း ပျောက်ကင်း၍ အလင်းကြီး ငါးချက်တို့သို့ အစဉ်အတိုင်း ပေါက်ရောက်၍သွားခဲ့သော် ပဉ္စမအလင်းကြီးသို့ ဆိုက်ရောက်သည်နှင့် တပြိုင်နက် ထိုအမိုက်ကြီး ငါးပါးတို့သည် အကြွင်းမရှိ၊ချုပ်ငြိမ်းကုန်၏၊ ထိုအမိုက်ကြီးငါးပါး, အဝိဇ္ဇာတရားတို့၏ နောင်တဘန် ပေါ်ပေါက်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းသည် သန္တိစခန်းကြီးဖြစ်၏၊ ထိုအမိုက်ကြီးငါးပါး အဝိဇ္ဇာတရားတို့၏ ချုပ်ငြိမ်းရာမှာ,ဒုစရိုက်အမိုက်တရား, မိစ္ဆာဒိဋ္ဌိအမှောက်အမှားတရား, အပါယဒုက္ခ တရားတို့၏ ချုပ်ငြိမ်းခြင်းသည်လည်း အတွင်းဝင် ဖြစ်၍ ပါလေ၏၊ ဤကဲ့သို့သော သန္တိစခန်းကြီးသည်ရှိ၏ဟု မသိခြင်းတည်း၊ ဤမသိခြင်းအလုံးစုံသည် နိဗ္ဗာနသမ္မောဟအမိုက်ကြီး မည်၏။

(ခ-၅) ဤကဲ့သို့သော သန္တိ စခန်းကြီးသည် ကောန် ရှိ၏ဟု သိခြင်း, မြင်ခြင်း, မျက်မှောက် ပြုခြင်းသည် နိဗ္ဗာနပဋိဝေဓဉာဏ်အလင်းကြီးမည်၏၊ မဂ်ဉာဏ်လေးပါးကို နိဗ္ဗာနပဋိဝေဓ ဉာဏ်အလင်း ဆိုသည်။

အမိုက်ကြီးငါးသင်း,အလင်းကြီးငါးပါးတို့ကို

အကျဉ်းအားဖြင့် မှတ်သားရန်

ပြဆိုချက် ပြီး၏

www.dhammaransi.com



ထိုအလင်းကြီး ငါးပါးတို့တွင် ကမ္မသကတာ သမ္မာဒိဋ္ဌိ ဟူသော ပထမအလင်းကြီးသည် ဗုဒ္ဓဘာသာ သာသနာ့အလင်းအစစ် မဟုတ်သေး၊ သံသရာအလင်း ကမ္ဘာ့အလင်းသာ ဖြစ်၏၊

၁ ဓမ္မဝဝတ္ထာနဉာဏ် ဟူသော ဒုတိယအလင်းကြီးတပါး၊
၂ ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော တတိယအလင်းကြီးတပါး၊
၃ လက္ခဏာပဋိဝေဓဉာဏ်ဟူသောစတုတ္ထအလင်းကြီးတပါး၊
၄ နိဗ္ဗာနပဋိဝေဓဉာဏ် ဟူသော ပဥ္စမအလင်းကြီးတပါး၊

ဤအလင်းကြီး လေးပါးသည်သာလျှင် ဗုဒ္ဓဘာသာ သာသနာ့ အလင်းကြီးအမှန်ဖြစ်၏၊ ထို့ကြောင့် ဤဒုတိယအခဏ်းမှာပထမအလင်းကြီးကို မဆိုမူ၍ ဗုဒ္ဓဘာသာ သာသနာ့အလင်းကြီး လေးပါး အမှန်ကိုသာ အတန်ငယ် အကျယ် ပြဆိုရာ၏၊

ဓမ္မဝဝတ္ထာန ဉာဏ်အလင်းကြီးနှင့် အကျဉ်းဆုံးအားဖြင့် အဘယ်မျှလောက်သော ရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို ဉာဏ်အမြင်ပေါက်ရောက်မှ ဤဓမ္မဝဝတ္ထာန ဒုတိယအလင်းကြီးကို ပေါက်ရောက်သနည်း ဟူမူကား၊ ၊ပထဝီဓာတ်-၁၊ အာပေါဓာတ်-၂၊ တေဇောဓာတ်-၃၊ ဝါယောဓာတ်-၄၊ အာကာသဓာတ်-၅၊ ဝိညာဏဓာတ်-၆၊ ဤဓာတ်ခြောက်ပါးတို့ကို ဉာဏ်အမြင် ပေါက်ရောက်သည်ရှိသော် ဤဓမ္မဝဝတ္ထာန ဒုတိယအလင်းကြီးသို့ ပေါက်ရောက်၏၊

ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝ-ဟူသောလောကဝေါဟာရတို့၌ အဘိဓမ္မာ အလိုအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍ မရှိ၊ အတ္တဟူ၍ မရှိ၊ ဇီဝဟူ၍ မရှိ၊ ပထဝီစသော ဓာတ်မျိုး,ဓာတ်ရသာ အမှန် ရှိ၏၊ သောကဝေါဟာရအားဖြင့်သာ ပုဂ္ဂိုလ်ဟူ၍, သတ္တဝါ ဟူ၍, အတ္တ,ဇီဝ-ဟူ၍ ခေါ်ဆိုရ၏၊ သရုပ်, ခေါ်ဆိုအပ်သော ပညတ်မျှသာတည်း၊ ဥပမာကား၊ လောကနှင့် သစ်ဝါးတို့ကို ပြုလုပ်ကြသော အထည်ဝတ္ထုအမျိုးမျိုးတို့သည်ရှိကြကုန်၏၊ အိမ်ဟူ၍ ရှိ၏၊ ကျောင်းဟူ၍ ရှိ၏၊ တန်ဆောင်းဟူ၍ ရှိ၏၊ ဇရပ်ဟူ၍

www.dhammaransi.com



ရှိ၏၊ မဏ္ဍပ်ဟူ၍ ရှိ၏၊ ထိုတွင် အိမ်ဟူသော အမည်သည် သစ်၏ အမည် မဟုတ်၊ ဝါး၏ အမည် မဟုတ်။ ပြုလုပ်၍ ထားသော သဏ္ဌာန်မျှကို စွဲ၍ နောက်မှ ဖြစ်ပေါ်သောအမည်တည်း၊ ထိုသစ်ဝါးတို့သည် အပင်၌ နေကြကုန်စဉ်အခါ အိမ်ဟူ၍မခေါ် ရကုန်၊ အိမ်ဟူသောအမည်ကို မရကြကုန်၊ အိမ်သဏ္ဌာန် ဆောက်လုပ်မိမှသာလျှင် ရိုးပေါ်ကျ ကဲ့သို့ ခေါ်ဝေါ် ရသော အာဂန္တုကအမည်မျှသာတည်း။ ထို့ကြောင့် အတိမ္ဗာနည်းအားဖြင့် အိမ်ဟူ၍ မရှိ၊ သစ်,ဝါးတို့သည် သာလျှင် ကြွင်းကျန်ရှိကြကုန်၏၊ အိမ်သည်မူကား ဆောက်လုပ်မိမှ ပေါ်လာသော သဏ္ဌာန်မျှသာဖြစ်၍ ကြွင်းကျန်ရှိမဟုတ်၊ ထိုအိမ်ကိုဖျက်၍ ကျောင်းတိုက်တွင်းမှာ ကျောင်းသဏ္ဌာန် ဆောက်လုပ်ပြန်လျှင် ကျောင်းသဏ္ဌာန်ပေါ် ပြန်၏၊ ကျောင်းဟူ၍ ခေါ်ဝေါ် ရပြန်၏၊ အိမ်သဏ္ဌာန်ပျက်ပြန်၏၊ အိမ်ဟူသော အမည် ပျောက်ကွယ်ပြန်၏၊ ။တဘန်ထိုကျောင်းကိုဖျက်၍ ဘုရားရှေ့မှာ တန်ဆောင်း,ပြာသာဒ်သဏ္ဌာန် ဆောက်လုပ်ခဲ့ပြန်လျှင် တန်ဆောင်း,ပြာသာဒ်သဏ္ဌာန်ပေါ် ပြန်၏။ တန်ဆောင်း, ပြာသာဒ်ဟူ၍ ခေါ် ရပြန်၏၊ ကျောင်းဟူ၍မခေါ် ရပြီ။ ကျောင်းဟူသော အမည် ပျောက်ကွယ်ပြန်၏၊ ။တဘန် ထိုတန်ဆောင်းကိုဖျက်၍ ဇရပ် ဆောက်ခဲ့ပြန်သော် ထိုဇရပ်ကိုဖျက်၍ မဏ္ဍပ်ဆောက်ပြန်သော် တန်ဆောင်းဟူသော အမည်ပျောက်၍ ဇရပ်ဟူသော အမည် ဇရပ်ဟူသော အမည်ပျောက်၍ မဏ္ဍပ်ဟူသောအမည် ပေါ်လာကြရပြန်၏၊ သဏ္ဌာန်ပျက်သော်, အမည်ပျက်ကြကုန်၏၊ သဏ္ဌာန်ပေါ် လာမှသာ အမည်ပေါ် လာကြကုန်၏။ ။သစ်,ဝါးတို့သည် မူကား အပင်၌နေစဉ်အခါလည်း သစ်,ဝါးတို့ပင်တည်း၊ အိမ်ဖြစ်စဉ်အခါ၌လည်း သစ်,ဝါးတို့ပင်တည်း၊ ကျောင်းဖြစ်စဉ် အခါ၌လည်း သစ်,ဝါးတို့ပင်တည်း၊ တန်ဆောင်းဖြစ်စဉ် အခါ၌လည်း သစ်,ဝါးတို့ပင်တည်း။ ဇရပ်ဖြစ်စဉ်အခါ, မဏ္ဍပ်ဖြစ်စဉ် အခါ၌လည်း သစ်,ဝါးတို့ပင်တည်း။ မဏ္ဍပ်ကိုဖျက်၍ မြေ၌စုပုံ၍ထားပြန်လျှင်လည်း သစ်ပုံ,ဝါးပုံတို့ပင်တည်း၊ ။ထို့ကြောင့် သစ်ဝါးတို့

www.dhammaransi.com



သည်းမရှိ,အမြေးမရှိ,အဖုဦးမရှိ,အဆုတ်မရှိ,အရူမရှိ,အရူထိမ်မရှိ, အစာသစ်မရှိ, အစာဟောင်းမရှိ, ပထဝီ-စသော ဓာတ်မျိုးသာရှိ ၏၊ ၊ဤသို့လျှင်သံသရာနယ်တခွင်နိုက် အစဉ်ထင်မှတ်စွဲလမ်း၍၊ လာကြသောသဏ္ဍာနပညတ် ဖြစ်အထည် ကြီးငယ်ဝဏ္ဏ၊ အရုပ်တို့ ကို ဉာဏ်နှင့်ရှာကြံ၍ တပုံတရုမျှမခုတဲ တလောကလုံး၌ဓာတ်ပုံ, ဓာတ်ထု,ဓာတ်ရုံ, ဓာတ်ခဲမျှသာရှိနေသည်ဟု ထင်နိုင်,မြင်နိုင်သော ဉာဏ်အလင်းကြီးကို ဓမ္မဝဝဏ္ဏာနုဉာဏ်,အလင်းကြီးဆိုသည်၊

## ပထဝီဓာတ်ကိုခွဲ၍ ပြခြင်း။

ဤ၌ ပထဝီ-စသော ဓာတ်ကြီးလေးပါးကို အတန်ငယ်မျှ၊ခွဲ ခြိတ်၍ ပြဦးအံ့၊

၁ ကက္ခဠသဘာဝေါ၊ ခက်မာသော သဘောသည့်လည်း ကောင်း၊ မုဒုသဘာဝေါ၊ နူးညံ့သော သဘော သည်လည်း ကောင်း၊ ပထဝီ၊ ပရမတ်နှစ်၊ မြေအစစ်ပေတည်း၊

၂ အာဗန္ဓနံ၊ ဖွဲ့စည်းမှုသည့်သည်းကောင်း၊ ပဃ္ဃရဏံ၊ ယိုစီး မှုသည်လည်းကောင်း၊ အာပေါ၊ ပရမတ်နှစ်၊ ရေအစစ်ပေ တည်း၊

၃ ဥဏှဘာဝေါ၊ ပူသော အဖြစ် သည့်လည်းကောင်း၊ သီ တဘာဝေါ၊ အေးသော အဖြစ်သည်လည်းကောင်း၊တေဇော၊ ပရမတ်နှစ်၊မီးအစစ် ပေတည်း၊

၄ ဝိတ္ထမ္ဘနံ၊ထောက်ကန့်,တောင့်တင်းမှုသည်လည်းကောင်း၊ သမုဒီရဏံ၊ လှုပ်ကြွ ရွေ့ရှားမှုသည်လည်းကောင်း၊ ဝါ ယော၊ပရမတ်နှစ်၊လေအစစ်ပေတည်း၊

ဤဓာတ်ကြီး လေးပါး၏အနက်ကို ကြေကြေ မွမွ နှုတ်တက် ရအောင်ကျက်၍ဆောင်ကြရမည်၊ထိုဆောင်ပုဒ်နိုက်၊မြေ,ရေ,လေ, မီး,ဓာတ်ကြီးလေးပါးကိုဓမ္မဝဏ္ဏာနုဉာဏ်,အလင်းပေါက်အောင် ဘော်ပြပေအံ့၊

ပရမတ်နှစ် မြေအစစ် ဆိုသည်ကား-ခက်မာသော အမှုအရာ အခြင်းအရာမျှသာတည်း၊ အကျဉ်းမှုတခုကို အစိတ်တသိန်း စိတ်၍ တစိတ်စာမျှ အခဲ,အကြိတ်,အဆန့်, အမာ, အထည်ဒြပ်ဟူ၍မရှိ၊ အလွန်ကြည်လင်လှစွာသော မြစ်ရေ, ချောင်းရေ, စိမ့်ရေ, ဆမ်းရေ တို့၌ရင်း၊နေရောင်,လရောင်, ကြယ်ရောင်,မီးရောင်, ပတ္တမြားရောင် တို့၌ရင်း၊ အနီး,အဝေးပြန့်နှံ့၍သွားသော ခေါင်းလောင်းသံ, ကြေး စည်သံ-စသည်တို့၌ရင်း။ လေပြေ, လေညှင်း၊ လေပြင်းမုန်တိုင်း စသည်တို့၌ရင်း။အဝေးအနီးပြန့်နှံ့ လွင့်ပါး၍သွားသော အမွှေးနံ့, အပုပ်နံ့၌ရင်း၊ ထိုပရမတ် ဓာတ်မြေသည် အပြည့်ပါရှိ၏၊ ။ ယုတ္တိကား၊ ဓာတ်ကြီးလေးပါးတို့၏ တပါးနှင့်တပါးအချင်းချင်း အဝိနိဗ္ဘောဂရုပ်ဖြစ်၍ မကွဲခကောင်းသောကြောင့် တကွ ဖြစ် ကြသည်ကို ထောက်၍ရင်း။ ။ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ ။ဟူ၍ဟောတော်မူသည် ကိုထောက်၍ရင်း၊ ပထဝီ၊မြေဓာတ်သည်၊ သမ္ပဋိစ္ဆနရသာ၊ ရေ ဓာတ်, လေဓာတ်, မီးဓာတ်တို့ကို ခံရခြင်းကိစ္စရှိ၏၊ဟူ၍ အဋ္ဌ ကထာတို့၌ မိန့်ဆိုသောကြောင့်ရင်း။အခံဖြစ်သောမြေဓာတ်အခံ မရှိလျှင် ရေဓာတ်လည်း မရှိနိုင်၊လေ ဓာတ်လည်းမရှိနိုင်၊ မီးဓာတ် လည်း မရှိနိုင်သောသဘောကို ထောက်၍ရင်း၊ ဆိုခဲ့ပြီးသော ရေ အမျိုးမျိုး,အရောင်အမျိုးမျိုး, အသံအမျိုးမျိုး, လေအမျိုးမျိုး, အနံ့ အမျိုးမျိုး-စသည်တို့၌ မြေဓာတ်အပြည့် ပါရှိ၏ဟု သိလေ၊ ။ဤ ကား ပိဋကတ်ကျမ်းဂန် ယုတ္တိတည်း။ ။လက္ခဏာသုတ္တိကား- တလုံးတခဲတည်းဖြစ်ကြသော ရေတို့၌ရင်း,လေတို့၌ရင်း၊ အထက် အထက်နေသော ရေ,လေတို့ကို အောက်အောက်နေသော ရေ,လေ တို့က အဆင့်ဆင့်ခံ၍နေမှုသည် ထင်ရှား၏။ ထိုခံမှုသည် အာ ပေါမှုသည်း မဟုတ်၊ကပ်တွယ် ဖွဲ့စည်းမှုသည်သာအာပေါတည်း၊ ထိုခံမှုသည် တေဇောမှုလည်း မဟုတ်၊ ပူမှု, အေးမှုသည်သာ တေ ဇောတည်း၊ထိုခံမှုသည် ပထဝီမှု,ဝါယောမှု နှစ်ချက်နှင့် ဆိုင်၏၊

www.dhammaransi.com



ထိုရခံမှု၌ခက်မာ ခန့်ကျန်းမှုတရ, ထောက်ကန်တောင့်တင်းမှုတရ ဤနှစ်ခုဘက်စပ်မှ ရခံမှုဖြစ်နိုင်သည်၊ ထိုနှစ်မှုတို့တွင် ခက်မာ ခန့်ကျန်းမှုကိုပင် ပရမတ်မြေဆိုသည်၊ ထောက်ကန် တောင့်တင်းမှုကိုပင် ပရမတ်လေဆိုသည်၊ထိုနှစ်မှုတို့တွင် ထောက်ကန်တောင့်တင်းမှုဟူသော လေဓာတ်သည် ခက်မာ ခန့်ကျန်းမှုဟူသော မြေဓာတ်ကိုမှီရသည်၊ မြေဓာတ်ကိုလွှတ်၍ မိမိအလိုအလျောက်ဖြစ်နိုင်သည်မဟုတ်၊ခက်မာခန့်ကျန်းမှုနှင့်ထောက်ကန် တောင့်တင်းမှုကို ခြားနားအောင်ကြည့်လေ၊

ဤသို့လျှင် ထိုဆိုအပ်ခဲ့ပြီးသော ရေ,လေတို့၌ ခက်မာ ခန့်ကျန်းမှုဟူသော ပရမတ်မြေ ထင်ရှားရှိကြောင်းကို ထိုရေ,လေတို့၌ ရေအားလျော်စွာ, လေအားလျော်စွာ ကက္ခဠလက္ခဏာ ရှိသည်ကို မြင်၍ သိအပ်၏၊ဆိုအပ်ခဲ့ပြီးသောနေရောင်-စသည်, ခေါင်းလောင်းသံ-စသည်,အမွှေးနံ့-စသည်တို့၌ကား ထိုထိုဝတ္ထုအားလျော်စွာ ခက်မာ ခန့်ကျန်းမှု အသီးအသီး ပါရှိကြငြားသော်လည်း အလွန်တရာ အားနည်းလှသောအမှု ဖြစ်ချေ၍ လက္ခဏာယုတ္တိနှင့် မပြသာချေ၊ ကျမ်းဂန်ယုတ္တိနှင့်သာ ပြသာချေသည်၊ ဤကြည်လှစွာသော ရေ, လေ, လရောင်၊ အသံ,အနံ့တို့ကို ပြဆိုလိုက်သည်မှာ ကက္ခဠကိရိယာ ခက်မာ ခန့်ကျန်းမှုဟူသော အမှုအရာသက်သက်သည်သာလျှင် ပရမတ်မြေ အစစ်အမှန်ဖြစ်ကြောင်း၊ ပရမတ်မြေအစစ်မည်သည် အဏုမြူမျှကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်ခန့်မျှ အခန်အခဲ အထည်ဝတ္ထုမရှိကြောင်းကို ထင်သင်းစေခြင်းငှါ ပြဆိုလိုက်သည်၊ အထည်ဝတ္ထုဟူ၍မရှိ၊ ခက်မာသော အမှုအရာသက်သက်မျှသာဖြစ်သော ထိုမြေဓာတ်သည်လည်း လွန်ကဲသော ခက်မာမှုကို ထောက်၍ နူးနူးသော ခက်မာမှုကို နူးညံ့သည်ဟုဆိုရသည်၊ ထို့ကြောင့် ဝဇိန်ကျောက်သွား၌ ရှိသော ခက်မာမှုကိုအလွန်ဆုံးထား၍ လရောင် ကလာပ်၌ရှိသော ခက်မာမှုကို အနုနုဆုံးထား၍ စပ်ကြား၌ ခက်မာမှု အဆင့်ဆင့်, နူးညံ့မှု

အဆင့်ဆင့်ဖြစ်၍နေသော ထိုမြေခတ်၏ အသားကို သိရမည်၊ ဤမြေခတ်၌ ခက်မာခြင်းလက္ခဏာရှိသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်၊ ပကတိလူတို့၏ အမှတ်သညာနှင့် မကြည့်ရ၊ ပကတိလူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော် လရောင်-စသည်တို့၌ ခက်မာသောအမှုကို မတွေ့နိုင်ရှိလိမ့်မည်၊

ထိုခက်မာသော အခြင်းအရာ သဘောသက်သက်မျှသာ ဖြစ်သော ပရမတ်မြေခတ်သည် အာပေါဟူသော ပရမတ်စေးဖွဲ့စည်းမှုကြောင့် မြေခတ်ပေါင်း-ကုဋေ,သိန်း,သောင်း, ပေါင်းဖွဲ့မိသည်ရှိသော် အဏုမြူတခုဟူသော ဝတ္ထုအထည် ဒြဗ်ဖြစ်၏၊ အဏုမြူပေါင်း-ကုဋေ,သိန်း,သောင်း,ပေါင်းဖွဲ့မိသည်ရှိသော် သန်း,ကြမ်းပိုးဖြစ်၏။ ထိုမှအဆင့်ဆင့်ပွါး၍ သတ္တဝါတွင် ယူဇနာ လေးထောင်ရှစ်ရာရှိသော အသူရိန်နတ်ကြီး တိုင်အောင် ဗဟိဒ္ဓ သန္တာန်တွင် ယူဇနာ ရှစ်သောင်း လေးထောင်-နှစ်ပြန် ဆောင်သော မြင့်မိုရ်တောင်ကြီး, နှစ်သိန်း လေးသောင်းအထုရှိသော မဟာပထဝီမြေကြီးတိုင်အောင်သိလေ၊

သန်း-အစရှိသောအဏုမြူ-အစရှိသော သက်ရှိ,သက်မဲ့ ရုပ်ရု, ရုပ်ခဲဟူသမျှတို့၌ ခက်မာခြင်းဟူသော ဤမြေခတ်သည် အထည်ခံ, အသားခံ ဖြစ်သတည်း၊ ဤမြေခတ်မှတပါး အထည်ဝတ္ထု ရကောင်းသောခတ်မရှိ၊ ရေခတ်, မီးခတ်, လေခတ်တို့သည်လည်း မြေခတ်၌ တွယ်ကြာရကုန်သည်။ ဤသို့မြေခတ်၏ကိစ္စကြီးကျယ်ဟန်ကိုသိရမည်။

မြင့်မိုရ်တောင်ကြီး တခုလုံး၌ရင်း, မဟာပထဝီမြေကြီး တခုလုံး၌ရင်း-ပရမတ် မြေခတ်သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမျှ အထည်ဒြဗ်မရှိ၊ ခက်မာသော အခြင်းအရာ ကြီးသာ သဘောသက်သက်ကို ကွက်ခြား၍ ကြည့်ရသည်၊ အဏုမြူမျှ အထည်ဒြဗ်မရှိတဲ့ မှန်ထဲ၌ထင်သော အရိပ်ကြီးကဲ့သို့ ရေထဲ၌ထင်သောအရိပ်ကြီးကဲ့သို့မြင်လိမ့်မည်၊ ၊အဏုမြူမျှလောက် အရှည်,

www.dhammaransi.com



အတို,အကြီး,အငယ်၊အခဲ,အမာထင်၍လာလျှင် ပရမတ်မြေအစစ်
မဟုတ်ပြီ၊သဏ္ဌာနပညတ်ဖြစ်အထည်နှင့် ရောမိပြီ၊ သဏ္ဌာနပညတ်
ဖြစ်အထည်နှင့်ရောခဲ့လျှင် ဖြစ်မှု,ပျက်မှုကို ရှုသောအခါ မထင်နိုင်
ဘဲ နေတတ်သည်၊ဤခေတ်ကမ္ဘာဌာန်း၌ ရှင်အာနန္ဒာကို အရှင်ပုဏ္ဏ
မထေရ်ဆုံးမသောအခါ မှန်ရိပ်ဥပမာနှင့် ဆုံးမသည်၊ ဤမှန်ရိပ်
ဥပမာနှင့်ပင်ရှင်အာနန္ဒာသောတာပန်ဖြစ်လေသည်၊မြင့်မိုရ်တောင်
မဟာပထဝီမြေကြီးတို့ကို အကုန်ချုံ၍ကြည့်သောအခါ၌ပင် အခဲ,
အကြိတ်,အထည်ဝတ္ထု-အဏုမြူမျှရောမယှက်ဘဲ ပရမတ်အစစ်
အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဓာတ်သက်သက်ကို ထင်
မြင်အောင် ရှုနိုင်သောသူအား ထို့အောက်ငယ်သောသက်ရှိ,သက်
မဲ့တို့၌ ပရမတ်အစစ်ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင်ရှုရန်
အလွန်လွယ်လှပေသည်၊ မှန်၌ထင်သောအရိပ်, ရေ၌ထင်သော
အရိပ်,သစ်ပင်ရိပ်, တောင်ရိပ်-အစရှိသော အရိပ်တို့သည် မြင့်မိုရ်
တောင်မျှပင် ကြီးမားစွာ ထင်မြင်ငြားသော်လည်း အဏုမြူမျှ အ
ထည်ဖြစ်ရှိသည့် အတွက်ကြောင့် ပျောက်ခွင့်, ပျက်ခွင့်ဆိုက်ခဲ့
လျှင် မျက်တောင်တခတ်၊လျှပ်တပြက်အတွင်းမှာပင်အကြိမ်တရာ
မက ပျောက်နိုင်,ပျက်နိုင်သကဲ့သို့ ထို့အတူ ထိုမြင့်မိုရ်တောင်နှင့်
အချွ ပြန့်နှံ့ကြီးကျယ်၍နေသော ထိုပရမတ် မြေဓာတ်သည်လည်း
တရတည်းသော ပရမတ်စိုင်, ပရမတ်ခဲဟူ၍ အဏုမြူမျှမရှိသည့်
အတွက် မျက်တောင်တခတ်၊ လျှပ်တပြက်အတွင်းမှာပင် အကြိမ်
တရာမက ပျောက်ပျက် ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်
နိုင်လိမ့်မည်၊မိမိကိုယ်၌ ထိုပရမတ်စစ်ဖြစ်သော မြေဓာတ်ကို အ
လင်း ပေါက်အောင် ကြည့်ရှုသောအခါ ဥာဏ် ငုံနိုင်လောက်ရုံ,
ဥာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍,ပိုင်း၍ကြည့်၊ ဦးခေါင်းကို ပိုင်း၍
ကြည့်သောအခါ အတွင်း, အပြင် မခြား မနား ထုတ်ချင်းပေါက်
အောင်ကြည့်။ မြေဓာတ်မဟုတ်သော အဆင်းခေတ်ရခံ၍ နေတတ်
သည်၊ သဏ္ဌာနပညတ်ဖြစ်အထည်ကြီးသည်းရခံ၍ နေတတ်သည်၊
ဥာဏ်ကိုကြပ်ကြပ်လှုပ်၍ပေးလေ၊

www.dhammaransi.com



ခြေဘဝါးတိုင်အောင် အောက်အတွဲရကိုလည်း ဦးထုပ်နှင့်ရုံ့၊ နှင့်ရုံလောက် ပိုင်း၍ ကြည့်၊ တကိုယ်လုံးစပ်မိသောအခါ ဦးထုပ်ကို ဦးထိပ်က နေ၍ ခွယ်လိုက်လျှင် ခြေဘဝါးတိုင်အောင် ထုတ်ချင်း ဘောက်ထွင်း၍ သွားလိမ့်မည်။ မိမိ ကိုယ်ခန္ဓာ တရုန်ကိုက် ခေါတ်ပေါက်အောင် မြင်ခဲ့လျှင် စကြဝဠာအနန္တ, ကမ္ဘာအနန္တတို့ နှိုက် ရှိသမျှသော သတ္တဝါခန္ဓာရ၊ အကုန်လုံး ခေါတ်ပေါက်ပြီးဖြစ်တော့သည်၊ ။ဤ ပရမတ် မြေခေါတ်တရ ပေါက်၍ သွားလျှင် ကြွင်းသော ရေခေါတ်, လေခေါတ်, မီးခေါတ်ရတို့ကိုလည်း အလွန် လွယ်လှတော့သည်၊ ။ပထဝီခေါတ်ခွဲနည်း အပြွက် ပြီး၏၊

---

## အာပေါခေါတ်ကို ခွဲ၍ ပြဆိုခဏ်း။။

၂ ပရမတ်နှစ်၊ ရေအစစ်ကား-တွယ်မှု, ကပ်မှု, ဖွဲ့စည်းမှု သည်သာလျှင် ပရမတ်ရေခေါတ်အစစ်တည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှု-ဟူသော ပရမတ် ရေခေါတ်သည် ထက်သန်ခြင်းသို့ ရောက်သည့် ရှိသော် စိုစွတ်ခြင်း, ယိုစီးခြင်း-ဟူသော ပဿရဏ ရေခေါတ် ဖြစ်လေ၏။ ထိုတွယ်မှု,ကပ်မှု, ဖွဲ့စည်းမှု-ဟူသောအာ ဗန္ဓနကိုရိယာသက်သက်မျှသာ ဖြစ်သော ပရမတ်ရေခေါတ်အစစ် သည်သည်း အကျမြူကို အစိတ်တသိန်း စိတ်သော်လည်းတစိတ် စာမျှ အခဲ,အကြိတ်, အဆန့်,အမာ, အထည် ဒြပ် ဟူ၍ မရှိ၊ တွယ် ကပ် ဖွဲ့စည်းခြင်း ကြိယာ-အမူအရာ သက်သက်မျှသာတည်း၊ ထိုတွယ်ကပ် ဖွဲ့စည်းမှု ဟူသောပရမတ်ရေခေါတ်သည်မြေခေါတ်, မီးခေါတ်, လေခေါတ် သုံးပါးတို့ကို တရုတ်, တသားတဲကဲ့သို့ နေအောင် ဖွဲ့နှောင် စည်းကြပ်ပေသည့် ဖြစ်၍ ကလာပ်တူ မဟာ ဘုတ်တို့သည် တပါးကိုတပါးအား ပြုခွင့်ရကြကုန်သည်၊ တပါး ကိုတပါး ထောက်ပံ့ခွင့် ရကြကုန်သည်။ ဖွဲ့နှောင် စည်းကြပ် ချုပ်ထိန်း၍ နေသော ရေခေါတ် ချုပ်ကွယ် ပျောက်ပျက် ခဲ့သည့် ရှိသော် ထိုခေါတ်ကြီး သုံးပါးတို့သည်အစည်းပြယ်ပျက်၍ခဏခြင်း

www.dhammaransi.com



ပျောက်ပျက်ကွယ်ဆုံးကြလေကုန်၏၊ ဤကား ကလာပ်တရတည်း နှိုက် ရေဓာတ်၏ ကျေးဇူးကို ဆိုသော စကားတည်း၊ လောကဋ္ဌ. ပရမာဏုမြူမှ စ၍ သဏ္ဌာဝါနှိုက် အသူရိန် နတ်ကြီးဟု ဆိုအပ်သောရုပ်တုံး ရုပ်ခဲကြီးတိုင်အောင် ဗဟိဒ္ဓနှိုက် မြင့်မိုရ်တောင်ကြီး, စကြဝဠာတောင်ကြီး, မဟာပထဝီမြေကြီး တိုင်အောင် သဏ္ဌာန်ကြီးငယ်အထည် ဒြပ်အနေနှင့်ရုပ်တရားတို့အကြိတ်အခဲ,အတုံးအခဲ ဖြစ်၍ နေကြမှုသည်လည်း ဤရေဓာတ်၏ကျေးဇူးပင်တည်း၊ ဤရေဓာတ်မှတပါး အကြိတ်အခဲ ဖြစ်အောင်ဖွဲ့စည်းသော ဓာတ်ဟူ၍ မရှိပြီ၊ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏခြင်းပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင့်မိုရ်တောင်ကြီးသည် ယခုခဏခြင်းကွယ်ပျောက်ရာ၏၊ ရှစ်သောင်းနှစ်ထောင် နှစ်ပြန်ဆောင်သော စကြဝဠာတောင်ကြီး၌ ဖွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုစကြဝဠာတောင်ကြီးသည် ယခုခဏခြင်းကွယ်ပျောက်ရာ၏၊ မဟာပထဝီမြေကြီး၌ရှိသော ဖွဲ့စည်းမှုသည်ယခုခဏခြင်းပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ မဟာပထဝီ မြေကြီးသည် ယခုခဏခြင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏၊ အဘယ့်ကြောင့်နည်း ဟူမူ၊ ဖွဲ့စည်းမှုဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် မြင့်မိုရ်တောင်, စကြဝဠာတောင်, သီလာပထဝီဖြစ်၍ နေသော တခဲနက်သော ပရမတ်မြေ, ပရမတ်ရေ, ပရမတ်မီး, ပရမတ်လေတို့သည် တပါးကို တပါးထောက်ပံ့မှု,မှီတွယ်မှုအစည်းအရုံးခဏခြင်းကင်းလွတ်ကြလေကုန်၏၊

နိဗ္ဗာန်မှတပါးသော သင်္ခတသဘောအရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ပံ့မှု, မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တခတ်, လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော မည်သည်မရှိလေကုန်၊မြင့်မိုရ်တောင်ကြီး, စကြဝဠာတောင်ကြီး, မဟာပထဝီမြေကြီးတို့၌ ပရမတ်ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည့်ရှိသော်ခက်မာမှုဟူသော မြေဓာတ်နှင့် မရောစေမူ၍ဖွဲ့စည်းမှု

www.dhammaransi.com



ဟူသောရေဓာတ်သက်သက်ကို ခွက်ခြား၍ကြည့်ရသည်၊ အဆင်း သဏ္ဌာန်အထည်ဒြပ်ပုချခံ၍ နေတတ်သည်၊ ကြည့်ရှုသော ဓမ္မ ဝဝဏ္ဏာနုဉာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြပ်ချခံ၍ နေခဲ့လျှင် နောက်၌ဖြစ်မှု,ပျက်မှုကို ရှုသောအခါ မထင်နိုင်တဲ့ နေတတ်သည်၊ ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်ကို မြင်နိုင်သည်၊

မြေဓာတ်၌ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှု သက်သက်ဟုဆိုအပ်သော ရေဓာတ်အမြင်စင်ကြယ်သောအခါ မြင့်မိုရ်,မဟာပထဝီတခုလုံး၌ အကြိတ်, အခဲ, အဆန့်,အမာမရှိသည့် အတွက် မှန်ထဲ, ရေထဲမှာ, ထင်မြင်ရသော မိုးယံရိပ်, တိမ်ရိပ်, နေဝန်း, လဝန်းအရိပ်, သစ်ပင်ရိပ်တို့ကဲ့သို့ ဖွဲ့စည်းမှု-ဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်၊ မြင့်မိုရ်တောင်, မဟာ ပထဝီတို့၌ထင်မြင်နိုင်သောအခါ လူ,နတ်,ဗြဟ္မာ-သတ္တဝါခပ်သိမ်း တို့၌ထင်မှု, မြင်မှု-အလွန်လွယ်လှတော့သည်၊ သတ္တဝါသန္တာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်၊ မြင့်မိုရ်,မဟာပထဝီတို့က ချဲ၍ပြ လိုက်သည်မှာ သတ္တဝါ သန္တာန်၌ ထင်လွယ်, မြင်လွယ်အောင် ချဲလိုက်သည်၊ မိမိသန္တာန်၌ ဦးခေါင်း,ခြေဘဝါး-ထုတ်ချင်းပေါက် အောင် ထင်လင်းပြီးမှ သူတပါး သန္တာန်ရကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင်ရှုလေ၊

အာပေါဓာတ်ပေါက်အောင် ခွဲ၍ ပြဆိုခဏ်းပြီး၏၊

## တေဇောဓာတ်ကို ခွဲ၍ ပြဆိုခဏ်း။

ပူမှု, အေးမှု-ဟူသော အမူအရာ ကြိယာမှု သက်သက်သည် ပရ မတ်နှစ် မျိုးအစစ်မည်၏၊ ပူမှု, အေးမှု-ဟူသည်လည်း ကလာပ်တူ မဟာဘုတ် သုံးပါးတို့ကို ရင့်မာ သန့်စွမ်းအောင် ပေါင်းခွေးမှုပေ တည်း၊ အပူစွမ်း, အအေးစွမ်း-နှစ်ပါးရှိသည့် ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင်, ထက်သန်အောင်, အသီးအသီး

www.dhammaransi.com



အစွမ်းသတ္တိနှင့် ပြည့်စုံကြအောင် ပေါင်းနွှေးမှု ရှိသည်ချည်း ဖြစ်သည်၊အမိဝမ်းမှ ဥ၍ ဖြုံ၍ တည်ရှိသောကြက်ဥတို့သည် အမိဖြစ်သူ, ကြက်မက မပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဘွားနိုင်သည်။ အမိကြက်မက မဝပ်ဘဲ, အငွေ့မပေးဘဲ နေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ၊အမိဝမ်းတွင်းက ထုံခဲ့သောအငွေ့ အကုန်တွင် ပုပ်ခြင်းသို့ရောက်လေတော့သည်၊ ဤအတူ ထေဇော ဟူသော ဤဓာတ်မီးသည် အမိ, ကြက်မနှင့်တူသည်၊ အတူတကွ ဖြစ်သော မြေဓာတ်, ရေဓာတ်, လေဓာတ်–ဤဓာတ်ကြီးသုံးပါးတို့ သည် ကြက်ဥနှစ်တို့နှင့်တူကုန်သည်၊ မီးဓာတ်နှင့်အတူ တွဲဘက်ရမှ မြေဓာတ်ဟူသော ခက်မာမှုသည် အောင်မြင်စွာ ဖြစ်နိုင်သည်၊ ရေဓာတ်ဟူသော ဖွဲ့စည်းမှုသည်လည်းအောင်မြင်စွာဖြစ်နိုင်သည်၊ လေဓာတ်ဟူသော အဝှန်အဝှာမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်၊ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာမဖြစ်နိုင်ကြကုန်၊မဟာသမုဒ္ဒရာရေ,သီတာရေ,ကမ္ဘာကို ခံသောရေတို့သည်လည်း သီတဓာတ်မီး၏အစီးအပွါးတို့သည်သာတည်း၊သီတဓာတ်မီး၏ခုင်စိုးချက်နှင့် ဆက်သက်ဖြစ်ပွါးကာ နေကြရကုန်သည်၊မြင့်မိုရ်တောင်, စကြဝဠာတောင်,မဟာပထဝီမြေကြီးတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွါး တို့သည်သာတည်း၊ တပါးသော ဓာတ်တို့နှင့် မရောမနှောစေဘဲ မီးဓာတ်သက်သက်ကို ရှုသောအခါ ဧးသော ဝတ္ထုတို့၌ ဧးမှုသက်သက်ကို ရှုရမည်၊ ပူသောဝတ္ထုတို့၌ ပူမှုသက်သက်ကို ရှုရမည်၊ အဆင်းသဏ္ဌာန် အထည်ဒြပ်ပညပ်နှင့် ရောနှော၍မနေစေနှင့်၊ ပူမှု,ဧးမှု–ဟူသောဤပရမတ်ဓာတ်မီး၏အကျုံမြူမှုအဆန်, အမာ, အထည်ဝတ္ထု မရှိကြောင်းကား ထင်ရှားပါ၏၊ အဆန်, အမာ, အထည်ဝတ္ထုဟူ၍ အကျုံမြူမှု မရှိသည့် အတွက်ကြောင့် ဤဓာတ်မီးကိုအမြင်စင်ကြယ်သောအခါလည်း ရေကြည်, မှန်ကြည်–စသည်တို့၌ နေဝန်း,လဝန်းတို့ အရိပ်, တိမ်ရိပ်, မိုးရိပ် တို့ကဲ့သို့ ဥဒါတ်အမြင်မှာသာကြီးကျယ်၍အထည်ဒြပ်မရှိကြောင်း

www.dhammaransi.com



ထင်ရှားလိမ့်မည်၊ မိမိကိုယ်ကို ရှုသောအခါ ဉာဏ်မြင်နိုင်ရုံ ပိုင်း၍ ပိုင်း၍ ရှု၊ မိမိကိုယ်မှာ အလင်းထင်မြင်နိုင်လျှင် သတ္တဝါ အနန္တမှာပင် ထင်တော့သည်၊

တေဇောဓာတ်ကို ခွဲ၍ ပြဆိုချက်း ပြီး၏၊

---

## ဝါယောဓာတ်ကို ခွဲ၍ ပြဆိုချက်း။

မီးတောက်,မီးခိုး၏ အတွင်း၌ မီးဓာတ်၏အာနုဘော်ကြောင့် မီးခက်ကိုပင် အစဉ်ဖြစ်ပွါး၍ သွားနိုင်အောင် လှုံ့ဆော်ချိပင့်မှုဟူသော ဝါယောသည် ပါရှိ၏၊ထိုဝါယောအတွက်ကြောင့် မီး၏ ပြန့်ပွားခြင်း, မီးရှိန်၏ ပြန့်ပွားခြင်း, မီးရောင်၏ ပြန့်ပွားခြင်း, မီးတောက်၏ လူလူတက်ပွားခြင်း, အခိုးထွက်ခြင်း, အဆင့်ဆင့် မီးကူးခြင်း- အစရှိသော မီးဓာတ်၏ ပြန့်ပွား စည်ကားမှုတို့သည် ထင်ရှား ဖြစ်ကုန်ကြသကဲ့သို့ ထို့အတူ ဝါယော မည်သော ဤလေဓာတ်သည်ပူမှု,အေးမှု-ဟူသောမီးဓာတ်၏အရှိန်အဟုန်ပေတည်း၊ မီးစာရှိရာ၌ အနည်းငယ် ချထားသောမီးသည် ထိုအရှိန်, အဟုန်ကြောင့် မီးစာရှိသမျှ အကုန် ပြန့်ပွားနိုင်သည်၊ မီး၌ အတွင်းက အရှိန်အဟုန် ညံ့၍ မပွားတဲ့နိုင်, မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့် ယပ်၍ ပြောင်းနှင့်မှုတ်၍ အပက အရှိန်အဟုန် ကူရသေးသည်၊ ပူမှု ရှိလျှင် ပူရှိန်,ပူဟုန်ရှိမြဲ၊ အေးမှုရှိလျှင် အေးရှိန်,အေးဟုန်ရှိမြဲ။ ပူမှု, အေးမှုကား တခြား။ အရှိန်အဟုန်ကား တခြား၊ ပူမှု,အေးမှုကား ပရမတ် မီးဓာတ်တည်း၊ အရှိန်အဟုန်ကား ပရမတ် လေဓာတ်တည်း၊ထိုရှိန်အဟုန် ဟူသောလေဓာတ်သည်ကလာပ်တူဖြစ်သောမြေဓာတ်, ရေဓာတ်, မီးဓာတ်တို့၏ အားခွန်ဗလသည်း မည်၏၊ ထိုအဟုန် အဟုန်ပွားရာ ကလာပ်တူ မဟာဘုတ် ရုပ်ကလာပ်တို့သည် ဖြစ်ပေါ်၍ လိုက်ရကုန်၏။ ထို အဟုန် အဟုန်သည် အလွန် ထက်သန်သည်ရှိသော် လေပြင်းမုန်တိုင်း ဖြစ်သော၏၊ ထို အဟုန်အဟုန်သည် လေမွှေရာ,လေခေါင်းအုံး စသည်တို့၌ကဲ့သို့ ထောက်ကန် တောင့်

www.dhammaransi.com



တင်းမှု, ချုပ်ပင့်ထမ်းဆောင်မှုဖြစ်၍ဝိတ္ထမ္ဘနလက္ခဏာဟု ကျမ်းဂန်တို့၌ဆိုပေသည်။ မြင့်မိုရ်တောင်, စကြဝဠာတောင်, သီလာပထဝီ-စသည်တို့၌ရှိသော သိတ ဓာတ်မီးသည် ထိုအဟုန်အဝှန် ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွားများ၍ ကမ္ဘာ ပျက်သည့်တိုင်အောင် ရုပ်ကလာပ် အဆက်ဆက်တို့ကို ပွားများ စေနိုင်သည်။ ။(မြင်အောင်ကြည့်)

ဟဒယဝတ္ထု၌ ဖြစ်ပေါ်သော တရုတရုသောစိတ်ကြောင့် ခဏခြင်း, ခဏခြင်း တကိုယ်လုံး စိတ္တဇရုပ်ကလာပ် ပြန့်နှံ့ ပြန့်ပွားမှု, ဥတုဇရုပ်ကလာပ်တို့ ပြန့်နှံ့ ဖြစ်ပွားမှု, ဝမ်းထဲသို့ ရောက်သော အစာအာဟာရဓာတ်တို့၏ တကိုယ်လုံးအနှံ့ အပြားပြန့်နှံ့ ဖြစ်ပွားမှု, ကလလရေကြည်မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွား စည်ကားမှု, အညွန့်အညှောက် ပေါ်ပေါက်သည်မှစ၍ သစ်ပင်, ချုံ မြက်တို့၏ အစဉ်အတိုင်း တိုးပွား စည်ကားမှုတို့သည်လည်း ဝါယောလှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း၊ မြင့်မိုရ်တောင်, စကြဝဠာတောင်, မဟာပထဝီမြေကြီးမှစ၍ သက်ရှိ, သက်မဲ့ အလုံးစုံတို့ကို ဖွဖွ,ဖွဖွ ထင်အောင်ကြည့်လေ၊ မိမိကိုယ်မှစ၍အကုန်လုံး နှံ့အောင်ကြည့်။ ဦးထိပ်မှစ၍ ခြေဘဝါးတိုင် အလင်း ပေါက် အောင်ကြည့်၊ ဤဓာတ်လည်း ဆိုခဲ့ပြီးသော ဓာတ်တို့နည်းတူ အဆန်, အမာဟူ၍ အနှိုမြှု မရှိသည့်အတွက်ကြောင့် ရေထဲ, မှန်ထဲ၌ ထင်သော လူရိပ် စသည်ကဲ့သို့ ထင်မြင်လိမ့်မည်၊ မျက်စိတွင် မြင်နေကြဖြစ်သော အဆင်းသဏ္ဌာန် အထည်ဒြပ်ပညပ်ကြီး ခံ၍ နေတော်သည်၊ အဟုတ်မရှိသော ထိုပညပ်ကို ဉာဏ်ဖြင့် မှုတ် လွှင့်၍ပစ်လေ၊

ဝါယောဓာတ်ကို ခွဲ၍ ပြဆိုခဏ်း ပြီး၏၊

www.dhammaransi.com



## ဓါတ်ကြီးလေးပါးတို့ အဖြစ်,အပျက်ကိုဂြုဆိုခဏ်း။

ခက်မာမှု-၁၊ဖွဲ့စည်းမှု-၁၊ပေါင်းနွေးမှု-၁၊အရှိန်အဟုန်မှု ၁-၊ ဤလေးခုသော အခြင်းအရာ, အမှုအရာ ကြီးသာကြီးတို့သည် သဘောလက္ခဏာအားဖြင့် အသီးအသီး ထင်ရှားကြကုန်၏။ တည်ရာဌာနအားဖြင့် ခက်မာမှုကို မ,တည်ပြု၍ တခုတည်း ကဲ့သို့ တည်ကြကုန်၏၊ ဖြစ်အတူ,ပျက်အတူ, တည်အတူတို့သာတည်း၊ ခက်မာမှုဟူသော မြေဓါတ် ပျက်ဆုံးလျှင် တည်ရာမရှိသည်ဖြစ်၍ ကြွင်းသောဓါတ်သုံးပါးလည်း ပျက်ဆုံးရတော့သည်၊ ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓါတ်ပျက်ဆုံးလျှင်လည်း အဖွဲ့အစည်းပျက်သဖြင့် တပါးနှင့်တပါး ထောက်ပံ့မှု ကင်းကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်၊ပေါင်းနွေး၍ ထက်သန်အောင်ပြုမှု ဟူသော သော မီးဓါတ် ပျက်ဆုံးလျှင်လည်း ကြွင်းသော ဓါတ် သုံးပါးတို့သည် မိမိတို့ သဘောအတိုင်း ပြည့်စုံစွာ မတည်နိုင်ကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်၊ ကြံ့ခိုင်တောင့်တင်းမှု ဟူသော လေဓါတ်ပျက်ဆုံးလျှင်လည်း ကြွင်းသော ဓါတ်တို့သည်လည်း အားပြတ်၍ ပျက်ဆုံးကြရကုန်တော့သည်၊မီးဟူသော ပူမှု,နွေးမှုတို့ ဆောင်၍ တလူလူဆောင်ရွက်ခြင်း ဟူသော လေဓါတ်နှင့် တွဲရမှ ဖြစ်နိုင်သည်၊ လေဓါတ်မရှိလျှင် အားပြတ်၍ ခဏခြင်း ကွယ်ဆုံးလေ၏၊ ထိုအတူ ခက်မာမှု ဟူသော မြေဓါတ် သည်လည်း ခက်မာခြင်း ကြီးသာကို ကြံ့ခိုင်တောင့်တင်းအောင် ချိပင့်သော လေဓါတ် မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏၊ ဖွဲ့စည်းခြင်းဟူသော ရေဓါတ်သည်လည်း ဖွဲ့တွယ်ခြင်းကြီးသာကို ကြံ့ခိုင်တင်းရင်းအောင် ချိပင့်သော လေဓါတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏၊ ဤကား အခြင်းအရာလေးပါးတို့၏ အချင်းချင်းမှီတွယ်ကြပုံ, တပါးပျက်လျှင် အကုန်လုံးပျက်ကြပုံကို ပြဆိုလိုက်သော အချက်တည်း၊

ထိုဓါတ်ကြီးလေးပါးတို့၏ သက်ရှိ,သက်မဲ့-သန္တာန် နှစ်ပါးတို့၌ ဖြစ်ပုံ ဆန်းကြယ်မှု သည်လည်း အစိန္တေယျအရာဖြစ်၍ ကြီ

www.dhammaransi.com



အပ်,မကြိရာ ကြီးကျယ်လှစွာ၏၊ ထိုဓာတ် လေးပါးတို့၏ တန်းခိုး ဇ္ဈာန္တိပါဒ်သည်လည်း မကြိအပ်,မကြိရာကြီးကျယ်လှစွာ၏၊ ဤဓာတ် လေးပါးကို ဘုရား၏ နည်းလမ်းနှင့် အထင်အမြင် ထိုးထွင်း၍ ထ မြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် နိဗ္ဗာန ပဋိဝေဓဉာဏ် အလင်းသို့ ပေါက်ရောက်နိုင်၏၊ လောကုတ္တရာ ဝိဇ္ဇာဉာဏ်ပေါက် ၏၊ လောကီ ဝိဇ္ဇာတို့၏ နည်းလမ်းနှင့် ထမြောက် ပေါက်ရောက် အောင် လုပ်ကြံနိုင်လျှင် လောကီဝိဇ္ဇာလမ်းပေါက်၏၊ အလတ်သော လောကီ နည်းလမ်းနှင့် ထမြောက် ပေါက်ရောက်အောင် လုပ်ကြံ နိုင်လျှင် ဆေးလမ်း, ဓာတ်လမ်း, စက်ကြံသာလမ်း ပေါက်၏၊ ထို ဓာတ်လေးပါးတို့၌ အချုပ်အချာ ဦးစီး ဦးကိုင်ကား တေဇောပေ တည်း၊ စကြဝဠာ ကမ္ဘာ မြေ,ရေနှင့် တကွ ရုပ်သဏ္ဍာန်နှင့် စပ် သော သက်ရှိ,သက်မဲ့-အလုံးစုံသည် တေဇော၏ အစိုးအပွားချည်း တည်း၊ ဓာတ်မီး၏ အစိုးအပွားချည်းတည်း၊ တေဇော ဟူသော ဓာတ်မီး၏ ဇ္ဈာန္တိပါဒ် တန်းခိုးအကျိုးအသွားကို ဘုရားသဗ္ဗညုတို့၏ ဉာဏ်တော်သည်သာ မှီနိုင်ရာသတည်း၊

ဤတွင် ဓာတ်လေးပါးတို့၏ဖြစ်ပုံ,ပျက်ပုံကိုပြဆိုခဏ်းပြီး၏၊

---

## အာကာသဓာတ်ကို ပြဆိုခဏ်း။

ဤပြဆိုခဲ့ပြီးသော ပထဝီဓာတ်,အာပေါဓာတ်,တေဇောဓာတ်, ဝါယော ဓာတ်-တည်းဟူသော မြေ,ရေ,လေ,မီး,ဓာတ်ကြီးလေးပါး တို့သည် ကံကြောင့်ဖြစ်သော ဓာတ်ကြီးလေးပါး, စိတ်ကြောင့်ဖြစ် သောဓာတ်ကြီးလေးပါး,ဥတုကြောင့်ဖြစ်သောဓါတ်ကြီးလေးပါး, အာဟာရကြောင့်ဖြစ်သောဓာတ်ကြီးလေးပါး-ဟူ၍ အသီး,အသီး အကြောင်းအား လျော်စွာ သူ့အကြောင်းနှင့် သူ့ဓာတ်ကြီးလေး ပါးတစု,လေးပါးတစုစီ တသွားသွား ဖြစ်ပေါ်၍ နေကြကုန်၏၊ထို ဓာတ်ကြီးလေးပါး တစုကို ကလာပ်တခု,တစုကိုကလာပ်တခုဟု ဆိုရ၏၊ထိုရုပ်ဓာတ်ကြီး ကလာပ်တခုနှင့် ကလာပ်တခုကို မရော

www.dhammaransi.com



နှောစေခြင်းငှာ အခြားအခြားဖြစ်သော ပရိစ္ဆေဒရုပ်ကို အာကာသဓာတ်ဟု ဆိုရသည်၊ ဆိုအပ်ခဲ့ပြီးသော ဓာတ်ကြီးလေးပါးတို့သည် ဖြစ်အတူ,ပျက်အတူ-ဖြစ်ကြသော်လည်း ဤအာကာသဓာတ်ကြီးခြား၍ နေသည့်အတွက် ကလာပ်တူဓာတ်ကြီးတို့သာ ဖြစ်အတူ, ပျက်အတူ-ဖြစ်နိုင်၏၊ ပကတိမျက်စိအမြင်အထင်မှာ သတ္တဝါသန္တာန်၌ရင်း, ဗဟိဒ္ဓရုပ်ခဲ, ရုပ်ရဲ၌ရင်း၊ တလုံးတည်း, တခဲတည်းကဲ့သို့ ထင်မြင်၍ နေကြသည်၊အာကာသဓာတ်ကို မထင်မမြင်ကြ၊ ထိုမြေ,ရေ,လေ,မီးဓာတ်ကြီးလေးပါးတို့၏ပုံးပါင်း၍ နေသော မြင့်မိုရ်တောင်ကြီး,စကြဝဠာတောင်ကြီး,မဟာပထဝီမြေကြီးစသော ဗဟိဒ္ဓအထည် ဝတ္ထုတို့၌ ရုပ်ကလာပ်တို့၏ အကြားအကြား အာကာသဓာတ်ကြီး,ခြားလျက်ရှိ၏၊ ရုပ်ကလာပ်တခုနှင့် ရုပ်ကလာပ်တခုအကြား၌ ကောင်းကင်ကြီးရှိ၏ဟုဆိုလိုသည်၊ထိုကောင်းကင်တည်းဟူသော အာကာသဓာတ်ကြီးကို ပိုင်ပိုင်ကြီး သိရှိမှ ရုပ်ကလာပ်တခုစီ,တခုစီ အသိဉာဏ်ကွဲလိမ့်မည်၊ ထိုတခုစီ, တခုစီ ရုပ်ကလာပ်အသိဉာဏ်ကွဲမှ လက္ခဏာတ္တယဉာဏ်, အလင်းကြီးသို့ပေါက်ရောက်အောင်ပြုလုပ်အားထုတ်ရာသလက္ခဏာတ္တယဉာဏ်, အလင်းသို့ ပေါက်နိုင်, ရောက်နိုင်မည်၊ ရုပ်အထည် ဝတ္ထုရှိသော သက်ရှိ,သက်မဲ့-အလုံးရုံတို့၌ ဤအာကာသဓာတ်ကြီးကို ထင်မြင်အောင် ကြည့်လေ၊ ဤအာကာသ ဓာတ်ကြီးသည် ဥပါဒ်ဓာတ်ရှိသော ဓာတ်မျိုးမဟုတ်၊ ဥပါဒ်ဓာတ်ရှိသောရုပ်ကလာပ် ဓာတ်ကြီးလေးပါးတို့၏ အကြား ကောင်းကင်ကြီးဖြစ်၍ အနိစ္စသဘောလက္ခဏာ, ဒုက္ခသဘောလက္ခဏာ, အနတ္တသဘောလက္ခဏာ-ဉာဏ်ပေါက်အောင် ကြည့်ရှုရန်မလို၊ လက္ခဏာတ္တယ ဉာဏ်ဖြင့် ထိုအာကာသဓာတ်ကို မရှုရပြီ၊ မြေ,ရေ,လေ,မီး-ဓာတ်ကြီးလေးပါးတို့ကို လက္ခဏာတ္တယဉာဏ်ပေါက်ရောက်အောင် ရှုရာမှာသာ ထင်လျှား ပေါ်လွှင်ရန် ဤအာကာသ ဓာတ်ကို ပေါက်ရောက်အောင် သိရှိရလေသည်၊

အာကာသဓာတ်ကြီးကို ပြဆိုခဏ်း ပြီး၏၊

www.dhammaransi.com



## ဝိညာဏဓာတ်ကို ပြဆိုခန်း။

ဝိညာဏဓာတ်ဆိုသည်ကား-ထိုထို အာရုံကို သိသော အသိ ဓာတ်ကိုဆိုသည်၊ ထိုအသိဓာတ်သည် စက္ခုဝိညာဏ်အသိဓာတ် တမျိုး, သောတဝိညာဏ် အသိဓာတ်တမျိုး, ဃာနဝိညာဏ် အသိ ဓာတ်တမျိုး, ဇိဝှါဝိညာဏ် အသိဓာတ်တမျိုး, ကာယဝိညာဏ် အသိဓာတ်တမျိုး, မနောဝိညာဏ် အသိဓာတ်တမျိုး-ဟူ၍ အသိ ဓာတ်ဝိညာဏ်ခြောက်မျိုးရှိ၏၊

၁ ထိုတွင် ထိုထိုအဆင်းတည်းဟူသော ရူပါရုံနှင့် ဆုံမိသော အခါ မျက်စိထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ်ဝိညာဏ်သည် စက္ခုဝိညာဏ်မည်၏၊

၂ ထိုထိုအသံတည်းဟူသော သဒ္ဒါရုံနှင့် ဆုံမိသောအခါ နား ထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ် ဝိညာဏ်သည် သောတ ဝိညာဏ်မည်၏၊

၃ ထိုထို အနံ့တည်းဟူသော ဂန္ဓာရုံနှင့် ဆုံမိသောအခါ နှာ ခေါင်းထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ်ဝိညာဏ်သည် ဃာန ဝိညာဏ်မည်၏၊

၄ ထိုထိုအရသာ တည်းဟူသော ရသာရုံနှင့် ဆုံမိသောအခါ လျှာပေါ်မှာ ဖြစ်ပေါ်လာသော အသိဓာတ် ဝိညာဏ်သည် ဇိဝှါ ဝိညာဏ်မည်၏၊

၅ ထိုထို အထိ အတွေ့ တည်းဟူသော ဖေါဋ္ဌဗ္ဗာရုံနှင့် ဆုံမိ သောအခါ တကိုယ်လုံးမှာ ထိုထိုနေရာနိုက် ဖြစ်ပေါ်လာသော အ ကြည် ဝိညာဏ်ဓာတ်သည်ကား ကာယဝိညာဏ်မည်၏၊

၆ သဒ္ဓါ, သီလ, သုတ, စာဂ-အစရှိသော လောဘ, ဒေါသ, မောဟ-အစရှိသော ကောင်း မကောင်းသော ထိုထို ဓမ္မာရုံနှင့် ဆုံမိသောအခါ နှလုံးခေါ်သော ဟဒယဝတ္ထုမှာ ဖြစ်ပေါ်လာသော အမျိုးမျိုးသောအသိဝိညာဏ်သည် မနောဝိညာဏ်မည်၏၊

www.dhammaransi.com



မျက်စိဖြင့် ထိုထို အဆင်းသဏ္ဍာန်ကို မြင်သောအခါ ငါမြင်သည်ဟု မှတ်ထင်စွဲလမ်းကြသည်ကား စက္ခုဝိညာဏ်ကို စွဲလမ်းသော ဒိဋ္ဌိတည်း၊ ဉာဏ်ဖြင့် ထိုထို မြင်မှုကို ဓာတ်တရ အသီးအခြားဖြစ်သည်ဟု ပိုင်နိုင်စွာသိရာ၏၊

နားဖြင့် ထိုထိုအသံကို ကြားသောအခါ, နှာခေါင်းဖြင့် ထိုထို အနံ့ကို နံသောအခါ, လျှာဖြင့် ထိုထို အရသာကို ခံစားသောအခါ, ကိုယ်အင်္ဂါအစိတ်ဖြင့်ထိုပူမှု,အေးမှု,အနူ့,အကြမ်းကိုထိမှန်းသိသော အခါတို့၌လည်း ထိုနည်းတူ ဓာတ်အသီးအခြားကိုသိလေ၊

မနောသက်သက်ဖြင့် ထိုထိုအာရုံဝတ္ထုအမှုအခွင့်ကို တွေတွေလာလာ ကြံတန်သောအခါ,သိသောအခါ ငါကြံတန်သည်, ငါသိသည်ဟု မှတ်ထင်စွဲသမ်းမှုကား သက္ကာယဒိဋ္ဌိတည်း၊ ဉာဏ်ဖြင့် ထိုကြံတန်မှု, သိမှုတို့ကို ဓာတ်အမှု ဖြစ်သည် ဟု ပိုင်နိုင်စွာ သိရာ၏၊

သိပုံကား— ရူပကာယကြီးသည် အနာပုပ်ကြီးနှင့်တူ၏၊အသိဝိညာဏ် ခြောက်ပါးသည် အနာပုပ် ကြီးမှာ ထိုထို နေရာ ကျ၍တရွရွ နေကြသော သံသေဒဇ ပိုးငယ်တွေနှင့် တူ၏၊ ဝိညာဏ်မည်သည် နာမ်တရားဖြစ်၍ အထည်ဝတ္ထုမရှိကောင်းသော်လည်း မျက်စိ အစရှိသော ရုပ်အပြင်မှ အသီးအခြား တပါးသော အခြင်းအရာဖြင့် ဉာဏ်မျက်စိတွင် ထင်သာ, မြင်သာ ရှိအောင် မှန်းခြေထား၍ ပိုင်းခြားရမည်၊

စက္ခု,သောတ-အစရှိသော ရုပ်ရကို အလွန် ကြည်လှစွာသော ရေပွက်ကလေးတွေအနေ ထား၍ ဝိညာဏ်ခြောက်ပါးကို ထိုရေပွက်ကြည်ကလေးတွေမှာ ပေါ်ရှိ၍ နေသော အရိပ်ကလေးတွေကဲ့သို့ မှန်းခြေထား၍ ပိုင်းခြားရသည်၊

နောက် ဆင်ခြင်ခြင်း, ရှုမြင်ခြင်းများ၍ ဉာဏ်သိမ်မွေ့၍ လာသောအခါ နာမ်အခြင်းအရာအတိုင်းပင် ထင်မြင်နိုင်လတ္တံ့၊ ထိုသို့ပင် မထင်နိုင်မူ၍ အရိပ်အခြင်းအရာ, ရေပွက်ငယ် အခြင်းအရာ, နှင်းပေါက်ငယ်အခြင်းအရာမျိုးအနေပင် ထင်မြင်သော်သည်း ကိစ္စ

www.dhammaransi.com



မရှိ၊ မြင်မှု,ကြားမှု, နံမှု,လျက်မှု, တွေ့ထိမှု,သိမှု, ကြံဘန်မှု တို့ကို အသိဉာဏ်မှာ ငုံမိ,ခြုံမိ,သိမ်းပိုက်မိလျှင် ပြီးတော့သည်၊ မှန်းခြေ ထား၍ ကြည့်ရှုသော ဝိပဿနာက တခြားနေ၍ မြင်မှုမှာ ငါမြင်သည် ဟူသော သက္ကာယဒိဋ္ဌိ၏ လက်ထဲက မလွတ်ဘဲ နေခဲ့လျှင်မူကား ဓမ္မဝိစယသမ္ဗောဇ္ဈင်ဉာဏ် အလင်းသို့ မရောက်သေး၊ ငါမြင်သည် ဟူသော ထင်မြင်မြဲတိုင်းသော သက္ကာယဒိဋ္ဌိ၏ လက်မှ လွတ်၍ ဉာဏ်၏ လက်တွင်းမှာ ဆုပ်မိ, ကိုင်မိ, ငုံမိ,ခြုံမိ, သိမ်းပိုက်မိလျှင် ပြီးတော့ သည်။

နိဒ္ဒေသပါဠိ,ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ "ဝိဇ္ဇုပ္ပါဒါဝ အာကာ သေ၊ ဥပ္ပန္နဝိဂတ ဝယန္တိ ဇ" ဟူ၍ ဟောတော်မူသဖြင့် လျှပ်စစ်နွယ် ပန်း၏ ဖြစ်ခြင်း, ပျက်ခြင်း လျင်မြန်သကဲ့သို့ မျက်တောင် တခတ် အတွင်း၌သည်၌ အလျင်အမြန် ဖြစ်နိုင်,ချုပ်နိုင်သော အခြင်းအရာ ကို ထင်မြင်စေရမည်။

အနိစ္စ, ဒုက္ခ, အနတ္တ ရှုမှုသည် နိစ္စသညာ, သုခသညာ, အတ္တ သညာ, သတ္တပုဂ္ဂလဇီဝသညာ တို့ကို ဖျက်ဆီးမှု ပေတည်း။ ။ လျှပ်စစ်ကဲ့သို့ဖြစ်မှု, ပျက်မှုမြန်သည်ကိုထင်မြင်နိုင်လျှက်ပင် ခိုကိုး ရာ မဟုတ်သော အနိစ္စအဖြစ်, ဒုက္ခအဖြစ်, အနတ္တအဖြစ်, သတ္တ ပုဂ္ဂလဇီဝ မဟုတ်သောအဖြစ် ထင်ရှားလှလေပြီ၊ ထိုအဖြစ် ထင် ရှားလျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဉာဏ် အလင်းကြီး ကိစ္စ ပြီး စီး နိုင်တော့ သည်ဖြစ်၍ လျှပ်စစ်ရောင် ဥပမာကို ပြတော်မူကြပေသည်၊ နာမ်, ရုပ်တရားတို့၏ ဖြစ်မှု, ပျက်မှုတို့သည်ကား လျှပ်တပြက် အတွင်း မှာ အကြိမ်တရာ, တထောင်မက ဖြစ်နိုင်, ပျက်နိုင်သည်၊ ထိုသို့ သော ခဏိက အချက် ဖြစ်မှု, ပျက်မှုတို့သည်ကား-သတ္တဝါတို့၏ ဉာဏ်အမြင်မှာ ပိုင်းခြား၍ ထင်မြင်နိုင်သောအရာမှ မဟုတ်ကုန်ပြီ၊ မထင်မြင်နိုင်သော အရာကို ဝိပဿနာ၏ အချက် အကွက် ပြု၍ ရှုသည် ရှိသော် အနှစ် တရာ, အနှစ် တထောင်ပင် ရှုသော်လည်း ဝိပဿနာဉာဏ် ဒဿန အခွင့်မရှိမှု ဖြစ်ခွင့် မရှိ၊ သမ္မောဟဒုက္ခသာ ဖြစ်ခွင့်ရှိလေသည်၊ အဘယ့်ကြောင့်နည်းဟူမူ၊ နာမ်တရားတို့မှာ

www.dhammaransi.com



မျက်တောင်တခတ်, လျှပ်တပြက်, လက်ဖစ်တတွက်ခန့် ကာလအတွင်းမှာ ကုဋေအသိန်းမက ဖြစ်မှု,ပျက်မှု မြန်သည်ဟု ကျမ်းဂန်တို့မှာလာသည်၊ ပကတိ လူတို့မှာ မျက်တောင်တခတ် ဆိုလျှင်ပင်အသွန်မြန်လှလေပြီ၊ ကျမ်းဂန်အဆိုအတိုင်း ကျနလေအောင် မျက်တောင်တခတ်မှာ အချက်ပေါင်း ကုဋေတသိန်း ထင်မြင်နိုင်အောင်ရှုသည့်ဟု ကြံစည်ခြင်းငှါပင် မထိုက်လေသောကြောင့်တည်း၊ ထို့ကြောင့် ဆိုခဲ့ပြီးသောအတိုင်း ခိုကိုးရာ မရှိအောင် ဖြစ်မှု, ပျက်မှုမြန်သည်ကို ထင်မြင်နိုင်သည်သာ ပမာဏ ဟု မှချ ယုံကြည်ရမည်၊

သဗ္ဗညုတ ဉာဏ်တော်အရာနှင့် အဘိဓမ္မာကျမ်းဂန်တို့၌ပြဆို၍ထားသော အရာအချက်များကို နားယောင်၍ စက္ခုဒွါရတဝိထိအတွင်းမှာ ဖြစ်မှု,ချုပ်မှုများကို လက္ခဏာရေးတင်သည်ဟု ပြောဆိုကြသော အရာများသည် ယောင်ယမ်းကာသာဖြစ်၏၊ ဝိပဿနာဉာဏဒဿနအစစ်ဖြစ်နိုင်ရန်အခွင့် အလွန်ဝေးလှ၏ဟုမှတ်လေ၊

ဝိညာဏဓာတ်ကို ပြဆိုခဏ်း ပြီး၏၊

## ဗုဒ္ဓဘာသာ ပဌမအလင်းကြီးကို ပြဆိုခဏ်း။

ဤသို့ မြေ, ရေ, လေ, မီးဓာတ်ကြီးလေးပါး, အာကာသဓာတ်တပါး, ဝိညာဏဓာတ်တပါး ဤဓာတ်ခြောက်ပါးတို့ကို ဆိုခဲ့ပြီးသည့်အတိုင်း မြင့်မိုရ်တောင်, စကြဝဠာတောင်, မဟာပထဝီ, သမုဒ္ဒရာ ခေ-စသော ဗဟိဒ္ဓသန္တာန်၌ရှင်း၊ လူ, သတ္တဝါ, နတ်, ဗြဟ္မာ-စသော ပုဂ္ဂိုလ်သန္တာန်၌ရှင်း၊ ထိုက်သည့် အားလျော်စွာဓာတ်ပေါက်အောင် ကြည့်ရှုမှ ပိုင်နိုင်ပါလျှင် ဗုဒ္ဓဘာသာ ပဌမအလင်းကြီးဟု ဆိုအပ်သော ဓမ္မဝဝတ္ထာနဉာဏ်,အလင်းကြီး ပိုင်နိုင်လေတော့သည်။ ဤအဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန်တို့၌ ဤဓာတ်ခြောက်ပါး မပေါက်မရောက် မလင်းမခြင်းခဲ့လျှင် ဗုဒ္ဓဘာသာပဌမအလင်းကြီးကိုမျှ မရတဲ့ ဓမ္မသမ္မောဟ,အမိုက်မှောင်ကြီး၏ အတွင်း၌သာ

www.dhammaransi.com



နှစ်မြှုပ်၍ ငုတ်တုတ်နေရလေ၏၊ သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်ကျိုး, တွေ့ကျိုးနပ်စေခြင်းငှါ ဤခုတ်ခြောက်ပါးကို ပိုင်နိုင်အောင်အားထုတ်သင့်လှပေ၏၊

ဗုဒ္ဓဘာသာ ပဋ္ဌမအလင်းကြီး ပြီး၏၊

## ပစ္စယပရိဂ္ဂဟဉာဏ်,အလင်းကြီးကိုအကျယ် ပြဆိုခဏ်း။

၂ ပစ္စယပရိဂ္ဂဟဉာဏ်,အလင်းကြီး၌ အကျဉ်းဆုံးသောအားဖြင့် အဘယ်မျှသောက်သော ပစ္စယဓမ္မတို့ကို ဉာဏ်အမြင်ပေါက်ရောက်မှ ဤပစ္စယပရိဂ္ဂဟဉာဏ်,အလင်းကိုပေါက်ရောက်သနည်း၊ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ-ဟူသော ရုပ်ဓာတ်ငါးပါးတို့၌ ကံ,စိတ်,ဥတု,အာဟာရ-ဟူသော အကြောင်းတရားလေးပါး, ဝိညာဏ်ဟူသော နာမ်ဓာတ်တပါး, ဝတ္ထုအာရုံဟူသော အကြောင်းတရား နှစ်ပါး-ဤဓာတ် ခြောက်ပါးတို့၏ အကြောင်းတရားခြောက်ပါးတို့ကို ဉာဏ်အမြင် ပေါက်ရောက်သည်ရှိသော် ဤပစ္စယပရိဂ္ဂဟဉာဏ် အလင်းသို့ ပေါက်ရောက်၏၊

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူသော ဤဓာတ်ကြီးလေးပါးတို့သည် ၁-ကံကြောင့် ဖြစ်သည်လေးပါး, ၂-စိတ်ကြောင့် ဖြစ်သည် လေးပါး, ၃-ဥတုကြောင့်ဖြစ်သည်လေးပါး, ၄-အာဟာရကြောင့်ဖြစ်သည် လေးပါး-ဟူ၍ လေးပါး လေးလီရှိကုန်၏၊

အာကာသဓာတ်မှာ ဥပါဒ်ဇာတိရှိသော တရားမျိုး မဟုတ်၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ကြကုန်သော ရုပ်ကလာပ်တို့၏ အကြားမျှသာဖြစ်၍ အကြောင်းအသီးအခြား မရှိပြီ၊ ပစ္စယဓမ္မကို အာကာသဓာတ်ပေါ်မှာ မခွဲမရှာရပြီ၊

၁၊ ထိုအကြောင်းတရား လေးပါးတို့တွင် ကံဆိုသည်ကား-ရှေးဘဝတို့၌ ပြုခဲ့ကြသော ဒါန, သီလ-စသော ကုသိုလ်ကံမျိုး, ပါဏာတိပါတ, အဒိန္နာဒါန-စသော အကုသိုလ်ကံမျိုး-ဟူ၍ နှစ်

www.dhammaransi.com



မျိုးရှိ၏၊ ကံကြောင့်သာ ဖြစ်ကောင်းသော ရုပ်မျိုးကား အသက်ခေါ်သော ဇီဝိတရုပ်, နှလုံးခေါ်သောဟဒယဝတ္ထုရုပ်,မိန်းမသညာဒ်ဖြစ်ပေါ်ရန် အကြောင်း ဖြစ်သော ဣတ္ထိဘာဝ ရုပ်, ယောကျ်ားသညာဒ်ဖြစ်ပေါ်ရန် အကြောင်းဖြစ်သော ပုမ္ဘာဝရုပ်တို့နှင့် စက္ခုအကြည်ရုပ်,သောတ အကြည်ရုပ်, ဃာန အကြည်ရုပ်, ဇိဝှါ အကြည်ရုပ်, ကာယအကြည်ရုပ်တို့တည်း၊ ဤရုပ်တို့ကား- ရှေးကံဟောင်းကြောင့်သာဖြစ်ကုန်၏၊ ထိုငကား မှန်၏၊အသက်ခေါ်သော ဇီဝိတရုပ်သည် တဘဝတွင် တကိုယ်လုံး၌ တကြိမ် ပျက်ဆုံးခဲ့သော် ဥတု,အာဟာရ ဆေးဝါး ခတ်စာတို့နှင့် တဘန် အသစ်ဖြစ်ပေါ်ရန် ပြုပျိုးထောင်၍မရပြီ၊ ဤကိုယ်ခန္ဓာ ပျက်ဆုံးရတော့သည်၊ဘဝတပါးပြောင်းသွားရတော့သည်၊ နှလုံးခေါ်သော ဟဒယဝတ္ထု ပျက်ဆုံးရာ၌လည်း ထို့အတူ ဖြစ်၏၊ စက္ခု အကြည်ရုပ်ပျက်ဆုံးခဲ့သော် ဆေးဝါး ခတ်စာနှင့် ကုသသော်သည်း မရပြီ၊ မျက်စိပျက်ရတော့သည်၊ သောတအကြည်, ဃာနအကြည်, ဇိဝှါအကြည်, ကာယ အကြည် တို့၌သည်း ထို့အတူဖြစ်၏၊ထိုကြောင့် ထိုရုပ်တို့သည် ပဋိသန္ဓေအခါမှစ၍ သူ့အစဉ်နှင့်သူအလျှင်မပြတ်ဖြစ်ခွင့်ရမှ ဖြစ်နိုင်ကြကုန်၏၊ အလျှင်တကြိမ် ပြတ်ခဲ့သော် ယခုဘဝအကြောင်းရှုနှင့် ပြုပျိုးထောင်၍ မရကြကုန်ပြီ၊ ကမ္ဘာ့ခေတ်ကြီးလေးပါးတို့သည်း ထိုနည်းတူမှတ်လေ၊

၂၊ စိတ်ဆိုသည်ကား-အကုသိုလ်စိတ်တမျိုး, ကုသိုလ်စိတ်တမျိုး, အဗျာကတစိတ်တမျိုး-ဟူ၍ သုံးမျိုးရှိ၏၊အကုသိုလ်စိတ်တမျိုးသည် လောဘစိတ်မျိုး,ဒေါသစိတ်မျိုး, မောဟစိတ်မျိုး,မာနစိတ်မျိုး, ဣဿာ စိတ်မျိုး, မစ္ဆရိယ စိတ်မျိုး, ကုက္ကုစ္စ စိတ်မျိုး, ဗျာပါဒစိတ်မျိုး-စသည် များပြား၏၊

ကုသိုလ်စိတ်မျိုးသည် ဒါနစိတ်မျိုး,သီလစိတ်မျိုး,မေတ္တာစိတ်မျိုး, ကရုဏာစိတ်မျိုး,.မုဒိတာစိတ်မျိုး, ဥပေက္ခာစိတ်မျိုး, သဒ္ဓါစိတ်မျိုး, ပညာစိတ်မျိုး, ဈာန်စိတ်မျိုးစသည် များပြား၏၊

www.dhammaransi.com



အဗျာကတစိတ်မျိုးသည်လည်း ဝိပါက်စိတ်မျိုး, ကြိယာ စိတ်မျိုး, အိပ်ပျော်သော စိတ်မျိုး, ပဋိသန္ဓေစိတ်မျိုး, ဘဝင်စိတ်မျိုး, အာဝဇ္ဇန်းစိတ်မျိုး, သန္တီရဏစိတ်မျိုး,သမ္ပဋိစ္ဆိုင်းစိတ်မျိုး,တဒါရုံစိတ်မျိုး, ဇဝနစိတ်မျိုး စသည်များပြား၏၊

တနည်း၊ ၊ကာယကံစိတ်မျိုး,ဝစီကံစိတ်မျိုး,မနောကံစိတ်မျိုး-ဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ကာယကံစိတ်မျိုးသည်လည်း သွားစိတ်, ရပ်စိတ်,ထိုင်စိတ်,ကွေးစိတ်, ဆန့်စိတ်-စသည်များပြား၏၊ သွားစိတ်ဆိုသည်ကား သွားခြင်း-ဣရိယာပုထ်ကို လှုံ့ဆော်၍ ဖြစ်ပေါ်သော စိတ်တည်း၊ ပထမခြေလှမ်းကို လှုံ့ဆော်သော စိတ်, ဒုတိယ ခြေလှမ်းကို လှုံ့ဆော်သော စိတ်-စသည်ဖြင့် သွားစိတ်အစဉ်မပြတ်မစဲသမျှကာလပတ်လုံး သွားမှု, ခြေလှမ်းမှု-မပြတ်မစဲဖြစ်၏၊ ဤသို့စသည်ဖြင့် ကိုယ်အင်္ဂါလှုပ်ရှားမှုအမျိုးမျိုးတို့၌ သူ့စိတ်နှင့် သူ့အမှု, အသီး, အသီး ဖြစ်ကြ၏၊ ဥပမာကား မီးရထားကြီးတခုမှာ၊ ရေနွေးအိုးကြီးမှ အခိုးတသုတ်တသုတ်မှုတ်လျှင် စက်ကြိယာ တခါ,တခါလည်၏၊ ခေါင်းတိုင်သို့ အခိုးတသုတ်တသုတ် ထွက်၏၊ သူ့မှုတ်ချက်နှင့် သူ့စက်ကြိယာလည်ချက်,သူ့အခိုးထွက်ချက် အသီးအသီးဖြစ်ကြ၏၊ စက်ရုံကြီး, စက်သင်္ဘောကြီးတို့၌သည်း သူ့အခိုး မှုတ်ချက်, သူ့စက်ကြိယာလည်ချက်, သူ့အခိုးထွက်ချက် အသီးအသီးရှိကြသည်ကို မြင်ရလေ၊ ထို့အတူ သွားခြင်း-ဣရိယာပုထ်မှာလည်း သူ့ခြေလှမ်းရုပ်နှင့် သူ့စိတ်အသီးအသီး ဖြစ်ကြ၏၊ ပထမခြေလှမ်းကို လှုံ့ဆော်သောစိတ်သည် ပထမခြေလှမ်း ရုပ်ဆုံးရာ၌ ချုပ်ဆုံး၏၊ ဒုတိယခြေလှမ်းကို လှုံ့ဆော်သောစိတ်မျိုး ဖြစ်ပေါ်၏၊ ဒုတိယခြေလှမ်း၏ဆိုင်ရာရုပ်လည်းတမျိုးဖြစ်ပေါ်ပြန်၏၊ ဒုတိယ ခြေလှမ်းရုပ် ဆုံးရာ၌ ထိုစိတ်သည်း ချုပ်ဆုံး၏၊ ဤနည်းတူ အလှမ်းတရာ သွားခဲ့လျှင် စိတ် အကြိမ်ပေါင်းတရာ, ရုပ် အကြိမ်ပေါင်းတရာ-ချုပ်ဆုံး၏၊ အလှမ်းတထောင်သွားခဲ့လျှင် စိတ်အကြိမ်ပေါင်း တထောင်, ရုပ်အကြိမ်ပေါင်းတထောင်-ချုပ်ဆုံး၏၊ ရှေးရှေးခြေလှမ်း၏ ဆိုင်

www.dhammaransi.com



ရာဖြစ်သော စိတ်ရ, ရှေးရှေးခြေလှမ်းခေါ်သော ရုပ်ရသည့် နောက်နောက်ခြေလှမ်းသို့ မရောက်နိုင်။ သူ့ခြေလှမ်းနှင့်သူ အသီး အသီး ချုပ်ဆုံးလေ၏၊ ခြေလှမ်းမှု၌ မိမိတို့ကိုယ်ခန္ဓာတခုလုံးမှာ အမျိုးမျိုးသောလှုပ်ရှားမှုအသစ်အသစ်တို့သည် ဖြစ်ပေါ်ကုန်၏၊ စိတ်အသစ်အသစ်တို့ကြောင့် ဖြစ်ပေါ်သော ရုပ်အသစ် အသစ် တို့ပေတည်း၊ တနေ့တနေ့ အတွင်းမှာ ဦးခေါင်း, ခြေ, လက်-စသော ထိုထို အင်္ဂါကြီးငယ်တို့ အထွေထွေ အသာလာ လှုပ်ရှားမှု, ထွက်သက် ရှူမှု, ဝင်သက်ရှိုက်မှု, မျက်တောင်ခတ်မှု, ပါးစပ် လှုပ်မှု-အစရှိသော အမျိုးမျိုးသောကိုယ်အင်္ဂါလှုပ်ရှားမှုတို့မှာလည်း သူ့လှုပ်ရှားမှုနှင့်သူ့စိတ်အသီးအသီးမှတ်လေ၊ ။ဤကား ကာယကံစိတ်အမျိုးမျိုးတို့ကြောင့် ကာယကံရုပ်အမျိုးမျိုးတို့ဖြစ်ပေါ် ၍နေပုံတည်း၊

ဝစီကံ စိတ်အမျိုးမျိုးတို့ကြောင့် ဝစီကံ ရုပ်အမျိုးမျိုး ဖြစ်ပုံမှာ ပြောမှု, ဆိုမှု, ငိုမှု, ရယ်မှု, အော်မှု, ဟစ်မှု-စသည်တို့၌ သူ့အက္ခရာနှင့်သူ့ စိတ်အသီးသီးဖြစ်ကြ၏၊ ဥပမာကား-ဣတိပိ သော ဘဂဝါ အရဟံသမ္မာသမ္ဗုဒ္ဓေါ-ဟူ၍ ရွတ်ဆိုရာ၌၊ 'ဣ'အက္ခရာကိုလှုံ့ဆော်သော စိတ်တခြား, 'တိ'အက္ခရာကို လှုံ့ဆော်သောစိတ်တခြား, 'ပိ'အက္ခရာကို လှုံ့ဆော်သော စိတ်တခြား-စသည်ဖြင့် အက္ခရာတလုံးကို လှုံ့ဆော်သောစိတ်တခြားတခြား-စသည်ဖြင့်ရင်း၊ မြတ်စွာဘုရားအား ရှိခိုးပါ၏ဟု ဆိုရာ၌ 'မြတ်'သည် အက္ခရာတလုံး, 'စွာ'သည် အက္ခရာတလုံး, 'ဘု'သည် အက္ခရာတလုံး, 'ရား'သည် အက္ခရာတလုံး-'မြတ်'ကို လှုံ့ဆော်သောစိတ်တခြား, 'စွာ'ကိုလှုံ့ဆော်သော စိတ်တခြား, 'ဘု'ကို လှုံ့ဆော်သော စိတ်တခြား, 'ရား'ကို လှုံ့ဆော်သောစိတ်တခြား-စသည်ဖြင့်ရင်း၊ သူ့အက္ခရာနှင့် သူ့စိတ်အသီး, အသီးဖြစ်ပုံကိုသိလေ။ သူ့အက္ခရာ ချုပ်ဆုံးကွယ်ပျောက်ရာ၌ သူ့စိတ်ချုပ်ဆုံးကွယ်ပုံကိုလည်း သိလေ၊ ။ ဤကား ဝစီကံစိတ် အမျိုးမျိုးတို့ကြောင့် ဝစီကံရုပ် အမျိုးမျိုးတို့ဖြစ်ပုံတည်း၊

www.dhammaransi.com



မနောကံ စိတ်အမျိုးမျိုးကြောင့် မျက်စိ, မျက်နှာ-ကိုယ်အင်္ဂါ တို့၌ ရုပ်အမျိုးမျိုး ဖြစ်ပေါ်ပုံမှာလည်း ဒေါသစိတ် ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး,မေတ္တာစိတ်,သဒ္ဓါစိတ်ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး, ဒေါမနဿစိတ်ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး, သောမနဿစိတ်ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး စသည်ဖြင့် သူ့စိတ်နှင့် သူ့ရုပ် အသီးအသီးဖြစ်ပုံ, ပျက်ပုံကို အကုန်သိမြင်လေ၊

ဤကား စိတ်ကြောင့် ရုပ်ဓာတ်ကြီးလေးပါးကို ဖြစ်ပေါ်ရာ၌ တနေ့, တရက်-အတွင်းမှာပင် တဦးတယောက်သော သူမှာ အထောင်, အသောင်းမကသော စိတ်အမျိုးမျိုးတို့ကြောင့် အထောင်, အသောင်းမကသော ရုပ်အမျိုးမျိုးတို့ ဖြစ်ပေါ်ပြောင်းလဲ၍ နေပုံကို ပြဆိုချက်တည်း၊

သွားစိတ်ကြောင့်သွားရုပ်ဖြစ်ရာ၌ ပုဂ္ဂိုလ်သွားသည်,သတ္တဝါ သွားသည်, မိန်းမ သွားသည်, ယောကျ်ား သွားသည်, သူသွားသည်,ငါသွားသည်, သွားတတ်သူရှိမှ သွားရုပ် ဖြစ်နိုင်သည် ဟု ထင်မြင် စွဲလမ်း၍နေကြသည်ကား အမိုက်မှောင်ကြီးတည်း၊

သွားရန် ကိစ္စ၌လှုံ့ဆော်သောစိတ်သည်လည်းပုဂ္ဂိုလ်,သတ္တဝါ မဟုတ်, မိန်းမ, ယောကျ်ားမဟုတ်, သူမဟုတ်, ငါမဟုတ်, လူမဟုတ်, နတ်မဟုတ်, စိတ် ဟူသော ဓာတ်တမျိုး ပေတည်း၊ ထို ဝိညာဏ်စိတ်ဓာတ်ကြောင့်ဖြစ်ပေါ်သော တလှုပ်လှုပ်တရွရွ သွားလာမှုသည်လည်း ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝ,မိန်းမ,ယောကျ်ား, လူ,နတ် မဟုတ်,ငါမဟုတ်,သူမဟုတ်၊ ထိုတလှုပ်လှုပ်,တရွရွ သွားလာမှုကို ပြုလုပ်တတ်သူဟူ၍မရှိ၊ သွားတတ်သူ ဟူ၍ မရှိ၊ လာတတ်သူဟူ၍ မရှိ၊ ရပ်တတ်သူဟူ၍ မရှိ၊ ထိုင်တတ်သူဟူ၍ မရှိ၊ အိပ်တတ်သူဟူ၍မရှိ၊ပြောတတ်သူ,ဆိုတတ်သူဟူ၍မရှိ၊ ကာရက ပုဂ္ဂိုလ်ဟူ၍မရှိ၊ ကတ္တားပုဂ္ဂိုလ်ဟူ၍မရှိ၊ ပြုလုပ်ဘန်ဆင်းတတ်သောသူမရှိ၊ စိတ်တည်းဟူသော အကြောင်းတရား၏ အာနုဘော်ကြောင့် သွားရုပ်,လာရုပ်,ထိုင်ရုပ်,ပြောရုပ်, ဆိုရုပ်တို့၏ ဖြစ်ပေါ်

www.dhammaransi.com



ခြင်းမျှသာတည်း ဟု ရှင်းလင်းစွာ မြင်သော ဉာဏ်သည် ပစ္စယ ပရိဂ္ဂဟဉာဏ်အလင်းကြီးမည်၏၊

## ၀ိညာဏ်စိတ်ကြောင့် ဓာတ်ကြီးလေးပါးဖြစ်ပုံ ပြီး၏၊

---

၃၊ ဥတုကြောင့် ဓာတ်ကြီးလေးပါး- ရုပ်တရားဖြစ်ပေါ်ရာ၌ ဥတုဆိုသည်ကား-သီတတေဇောနှင့် ဥဏှတေဇောကိုခေါ်သည်၊ ဧးချမ်းသော ဥတုကြောင့် ဧးချမ်းသော ရုပ်ပုဖြစ်ပွား၏၊ ပူအိုက်သောဥတုကြောင့် ပူအိုက်သော ရုပ်ပု ဖြစ်ပွား၏၊ ဆောင်းရာသီ၌ သီတဥတုကြောင့် သီတခန္ဓာ ဖြစ်ပွား၏၊ နွေရာသီ၌ ဥဏှ ဥတုကြောင့် ဥဏှခန္ဓာဖြစ်ပွါး၏၊ မိုးရာသီ၌ သီတ,ဥဏှ ရောနှောလျက်ရှိ၏၊ တနေ့အတွင်း ညအခါ၌ သီတခန္ဓာ ဖြစ်ပွါး၏၊ နေ့အခါ၌ ဥဏှခန္ဓာဖြစ်ပွါး၏၊ နေတက်၌ ဥဏှခန္ဓာဖြစ်ပွါး၏၊နေကျ၌ သီတခန္ဓာဖြစ်ပွါး၏၊ နေပူ၌ ဥဏှခန္ဓာဖြစ်ပွါး၏၊ တကိုယ်လုံးပူ၏,အိုက်၏, ချွေးထွက်၏၊ အရိပ်၌ သီတခန္ဓာဖြစ်ပွါး၏၊ အပူအအိုက် ငြိမ်း၏၊ သာယာဧးချမ်းရှိ၏၊အိပ်ခြင်း,ထိုင်ခြင်းတို့၌ သီတခန္ဓာဖြစ်ပွါး၏၊ ရပ်ခြင်း,သွားခြင်းတို့၌ ဥဏှခန္ဓာဖြစ်ပွါး၏၊ ၀န်ထမ်းမှု,တူးမှု, ဆွမှု, ခုတ်မှု, ထစ်မှု, ဖြတ်မှု, ခွဲမှု-စသည့်တို့၌ ဥဏှခန္ဓာဖြစ်ပွါး၏၊ ၎င်းအမှုတို့မှ နားနေမှုတို့၌ သီတခန္ဓာ ဖြစ်ပွါး၏၊ ဤသို့လျှင် တနေ့အတွင်း တဦးတယောက်သော သူမှာ ထိုထို အခိုက်အတန့် အလှည့်ကျ အားလျော်စွာ အခါပေါင်း အထောင်မျှ မက သီတဥတုကြောင့် သီတရုပ် အခါခါ ဖြစ်ပေါ်မှု, ဥဏှ ဥတုကြောင့် ဥဏှရုပ်အခါခါဖြစ်ပေါ်မှုတို့ကို မိမိတို့ကိုယ်ခန္ဓာကို ရှေ့ရှုံစွာသိကြ,မြင်ကြလေကုန်၊

ဤကား-ဥတုကြောင့် ဥတုဇဓာတ်ကြီးလေးပါး ရုပ်တရားတို့ဖြစ်ပွါးပုံတည်း၊

သီတရုပ်-သီတခန္ဓာ, ဥဏှရုပ်-ဥဏှခန္ဓာတို့ အလှည့်အလည်အားဖြင့် ဖြစ်ပေါ်ဆဲ အခါတို့၌ သီတဥတုကြောင့် သီတရုပ် ဖြစ်

www.dhammaransi.com



ပေါ်သည်, ဥတုဥတုကြောင့် ဥတုရုပ် ဖြစ်ပေါ်သည်ဟု မသိခြင်းသည် ပစ္စယသင်္ဂဟ အမိုက်မှောင်ကြီးမည်၏၊ ထိုအမိုက်မှောင်ကြီးမှ ကာရကဒိဋ္ဌိသည်ဖြစ်ပွါး၏၊ ဝေဒကဒိဋ္ဌိသည်ဖြစ်ပွါး၏၊ ဧးလိုလျှင်လည်း ဧးအောင်ငါလုပ်တတ်၏၊ ပူလိုလျှင်လည်း ပူအောင်ငါလုပ်တတ်၏ဟု ယူခြင်းသည် ကာရကဒိဋ္ဌိတည်း။ ငါ့ကိုယ်ကို ငါဧးအောင်လုပ်၍ ဧးမှုကို ငါခံစံရ၏၊ ငါ့ကိုယ်ကို ငါပူအောင်လုပ်၍ ပူမှုကို ငါခံစံရ၏ဟု ယူခြင်းသည် ဝေဒကဒိဋ္ဌိတည်း၊ ဈေးဘဝတို့၌ကောင်းမှုတို့ကို ငါပြုခဲ့၍ ယခုဘဝ၌အမျိုးမြတ်ခြင်း, အဆင်းလှခြင်း,ဥစ္စာ ဓနတို့နှင့်ပြည့်စုံခြင်း-စသောကောင်းကျိုးကို ငါစံစားရသည်၊ ရှေးရှေးဘဝတို့၌ မကောင်းမှုတို့ကို ငါပြုခဲ့၍ ယခုဘဝ၌ အမျိုးယုတ်ခြင်း, အဆင်းမလှခြင်း, အနာများခြင်း, ဘုန်းတန်းခိုးငယ်ခြင်း,ဥစ္စာရှားပါးခြင်း-စသောမကောင်းကျိုးတို့ကို ငါခံစံစားရသည်၊ သူပြုလျှင် သူခံရသည်,ငါပြုလျှင် ငါခံစားရသည်-ဟူသော စကားမျိုးတို့၌ ငါပြုသည်, သူပြုသည်-ဟူသောအယူသည် ကာရကဒိဋ္ဌိတည်း၊ ငါခံစားရသည်,သူခံစားရသည်-ဟူသောအယူသည် ဝေဒကဒိဋ္ဌိတည်း၊ ငါလယ်လုပ်နိုင်၍ ငါထမင်းစားရသည်-စသည်တို့၌လည်း ငါလုပ်နိုင်သည်ဟု ယူသည်ကား ကာရကဒိဋ္ဌိတည်း၊ သူ့ဥတုကြောင့်သူ့ရုပ်အသီးအသီးဖြစ်သည်ဟု ရှင်းလင်းစွာ ထင်မြင်သောဉာဏ်သည် ပစ္စယပရိဂ္ဂဟအလင်းကြီးမည်၏၊ ထိုအလင်းကြီး ပေါက်ခဲ့လျှင် ငါပြုသည်, သူပြုသည်-ဟူသော ကာရကဒိဋ္ဌိ၊ ထာဝရဘုရားဘန်ဆင်းသည်ဟူသောကာရကဒိဋ္ဌိကြီးတို့ ပျောက်ကင်း၏၊

ဥတုကြောင့် ခေတ်ကြီးလေးပါး ရုပ်တရားဖြစ်ပုံ ပြီး၏၊

---

၄ အာဟာရကြောင့် ခေတ်ကြီးလေးပါး-ရုပ်တရား ဖြစ်ပေါ်ရာ၌ အာဟာရဆိုသည်ကား-စားသောက်မျိုသွင်းအပ်သော ကဗဠီကာရအာဟာရကို ခေါ်သည်၊ တနေ့တနေ့လျှင် နှစ်ကြိမ် နှစ်ကြိမ်

ထမင်းအာဟာရစားမှု,နွား,ကျွဲ,ဆင်, မြင်း-စသည်တို့၌ နေ့စဉ်အစာအာဟာရ စားကြမှုတို့ကိုစေ့စုံစွာမြော်ရှု၍ အာဟာရပြတ်လပ်ခဲ့လျှင် ဘယ်ရုပ်ခန္ဓာမျိုးဖြစ်ပေါ်တတ်သည်၊ စားပြီးအချိန်မှာ စားခဲ့မျိုခဲ့လျှင် ဘယ်ရုပ်ခန္ဓာမျိုး ဖြစ်ပေါ်တတ်သည်ဟု ကိုယ်တွေ့မျက်မြင်ဖြစ်၍ ထင်ရှားလှလေပြီ၊ ဝမ်း၌အစာမရှိလျှင် ညှိုးနွမ်းလျော့ပါးသော ရုပ်ခန္ဓာမျိုးဖြစ်ပေါ်လာမြဲ၊ ဝမ်း၌အစာရှိခဲ့လျှင် ရွှင်လန်းတောင့်တင်းသော ရုပ်ခန္ဓာမျိုး ဖြစ်ပေါ်လာမြဲ၊အစာမှား၍ဖျားရုပ်,နာရုပ်,ဖြစ်ပေါ်မှု, ဆေးဝါးဓာတ်စာ စား၍ မာရုပ်, ကျန်းရုပ်ဖြစ်ပေါ်မှုတို့မှာ ဥတုအာဟာရအကြောင်းနှစ်ပါးနှင့်ဆက်ဆံ၏၊

လောက၌ အစာငတ်၍ရင်း,စားချိန်၌မစားရ၍ရင်း,ဆာလောင်မွတ်သိပ်သောအခါ ညှိုးရုပ်,နွမ်းရုပ်,ပန်းရုပ်,ပြော့ရုပ်, ခွေရုပ်တွေဖြစ်ပေါ်လာ၏၊ အစာအာဟာရကိုစားသွင်း မျိုသောက်လိုက်လျှင်ဆာလောင် မွတ်သိပ်ခြင်းမှပျောက်၍ တောင့်ရုပ်,တင်းရုပ်,မာရုပ်,လန်းရုပ်ခန္ဓာတို့ဖြစ်ပေါ်လာကြပေသည်ဟု သိကြကုန်သော်လည်း ငါ စား၍ ငါ ဝသည်, ငါ အားရှိသည်, ငါ တောင့်တင်းသည်, ငါ ကျန်းမာသည်,ငါ အဆာပြေသည်ဟု ငါကို အကြီးအမှူးပြု၍စွဲယူမှုဖြစ်သောကြောင့် အမိုက်မှောင်ကြီးမှ မလွတ်သေး၊

ငါကို အကြီးအမှူးမပြုတဲ့ ဤဓာတ်ကြီးလေးပါးအစ ရုပ်ခန္ဓာကြီးသည် အာဟာရကြောင့်ဖြစ်သော အာဟာရနှင့်ဆိုင်သော ရုပ်တို့ချုပ်ကွယ်ပျောက်ပျက် လေသောကြောင့် နွမ်းရုပ်,နယ်ရုပ်,ညှိုးရုပ်,ပြော့ရုပ်တို့ဖြစ်ပေါ်၏၊ အာဟာရမျိုသွင်းစားသောက်ခဲ့မှ အာဟာရနှင့်ဆိုင်သောအာဟာရနှင့် ဆက်ဆံသော အာဟာရကြောင့်ဖြစ်သော တောင့်ရုပ်, တင်းရုပ်, လန်းရုပ်,ဆန်းရုပ်, ရွှင်ရုပ်တို့ဖြစ်ပေါ်လာကြကုန်၏ဟု ရုပ်ဓာတ်ကြီးလေးပါးတို့၏ အကြောင်းကိုသိခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်,အလင်းကြီးသို့ပေါက်၏၊

ဤတွင် ကံ,စိတ်, ဥတု, အာဟာရ-တည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် ပထဝီ,အာပေါ,တေဇော,ဝါယော-ဟူသော ဓာတ်ကြီးလေးပါးဖြစ်ပေါ် ပုံ ပြီး၏၊

www.dhammaransi.com



## ဝတ္ထုအာရုံအကြောင်းတရား နှစ်ပါးတို့ကြောင့် ဝိညာဏ် ဟူသော နာမ်ဓာတ်ကြီး ဖြစ်ပေါ်ရာနိုက်-

၁ ဝတ္ထုဆိုသည်ကား မျက်စိ၌ အကြည်ဓာတ်ဟုဆိုအပ်သော စက္ခုဝတ္ထုတပါး၊

၂ နား၌ အကြည်ဓာတ်ဟုဆိုအပ်သော သောတဝတ္ထုတပါး၊

၃ နှာခေါင်း၌ အကြည်ဓာတ် ဟု ဆိုအပ်သော ဃာနဝတ္ထု တပါး၊

၄ လျှာ၌ အကြည်ဓာတ်ဟုဆိုအပ်သော ဇိဝှါဝတ္ထုတပါး၊

၅ ကိုယ်၌ အကြည်ဓာတ် ဟု ဆိုအပ်သော ကာယဝတ္ထု တပါး၊

၆ ရင်တွင်း၌ နှလုံးခေါ်သော ဟဒယဝတ္ထု တပါး-အားဖြင့် ခြောက်ပါးရှိ၏၊

### အာရုံဆိုသည်ကား-

၁ အဆင်းဝဏ္ဏဟုဆိုအပ်သော မျက်စိဖြင့်မြင်အပ်သောရူပါရုံ တပါး၊

၂ အသံသဒ္ဒ ဟု ဆိုအပ်သော နားဖြင့်ကြားအပ်သော သဒ္ဒါရုံ တပါး၊

၃ အနံ့ဂန္ဓဟု ဆိုအပ်သော နှာခေါင်းဖြင့်နံအပ်သော ဂန္ဓာရုံ တပါး၊

၄ အရသာရသဟုဆိုအပ်သော လျှာဖြင့်လျက်အပ်သောရသာ ရုံတပါး၊

၅ အပူ, အအေး, အနူ, အကြမ်း-ဖေါဋ္ဌဗ္ဗဟုဆိုအပ်သော ကိုယ် ဖြင့် တွေ့ထိအပ်သော ဖေါဋ္ဌဗ္ဗာရုံ တပါး၊

၆ ထွေထွေလာလာ ထိုထိုဓမ္မဟုဆိုအပ်သော မနောစိတ်ဖြင့် သာသိအပ်သော ဓမ္မာရုံတပါး-အားဖြင့် ခြောက်ပါးရှိ၏၊

www.dhammaransi.com



## ထိုဝတ္ထုအာရုံနှစ်ပါးကို စွဲ၍ ဝိညာဏခေတ် ဖြစ်ပေါ်ရာနိုက်-

၁ စက္ခုဝတ္ထုနှင့် ရူပါရုံနှစ်ပါး တရုံကြောင့် စက္ခုဝိညာဏ ခေတ် ဖြစ်ပေါ်ခြင်း၊

၂ သောတဝတ္ထုနှင့် သဒ္ဒါရုံနှစ်ပါးတရုံကြောင့် သောတဝိညာ ဏခေတ် ဖြစ်ပေါ်ခြင်း၊

၃ ဃာနဝတ္ထုနှင့် ဂန္ဓာရုံနှစ်ပါး တရုံကြောင့် ဃာနဝိညာဏ ခေတ်ဖြစ်ပေါ်ခြင်း၊

၄ ဇိဝှါဝတ္ထုနှင့် ရသာရုံနှစ်ပါး တရုံကြောင့် ဇိဝှါဝိညာဏ ခေတ်ဖြစ်ပေါ်ခြင်း၊

၅ ကာယဝတ္ထုနှင့် ဖောဋ္ဌဗ္ဗာရုံ နှစ်ပါး တရုံကြောင့် ကာယ ဝိညာဏခေတ်ဖြစ်ပေါ်ခြင်း၊

၆ ဟဒယဝတ္ထုနှင့် ထိုထို ဓမ္မာရုံနှစ်ပါး တရုံကြောင့် မနော ဝိညာဏခေတ် ဖြစ်ပေါ်ခြင်း၊ ဤအရာ၌ မနောခေတ်သည် မနောဝိညာဏခေတ်၌ အတွင်းပါလေ၏၊ ဤသို့ အကျဉ်း မှတ်၊

**ဥပမာနှင့်တကွ အကျယ်ကား။** ။စက္ခုဝတ္ထုနှင့် ရူပါရုံတို့၏ ထိခိုက်မှု ဒဏ်ချက်ကြောင့် ထိုထို အဆင်းကို မြင်ခြင်း ဟူသော စက္ခုဝိညာဏခေတ်ဖြစ်ပေါ်၏၊ (ဥပမာကား) မှန်ပြင်၌ လူ၏ မျက်နှာရိပ်ပေါ်သကဲ့သို့တည်း၊ မှန်အပြင်နှင့် မျက်လုံးအိမ်အတွင်း မှာ ရှိနေသော စက္ခုဝတ္ထုပသာဒရုပ်အကြည် တူ၏၊ လူ၏မျက်နှာ နှင့် ထိုထိုအဆင်းမျိုးရူပါရုံ တူ၏၊ မှန်အပြင်နှင့် လူ၏မျက်နှာ ဆုံ မိဆဲအခါ၌ မှန်အပြင်မှာ မျက်နှာရိပ် ပေါ်သကဲ့သို့ မျက်လုံးအိမ်အ တွင်းမှာ ရှိနေသော စက္ခုဝတ္ထုပသာဒရုပ် အကြည်နှင့် မျက်စိ၏ ဥပစာမှာရှိနေသော ထိုထို အဆင်းသဏ္ဍာန်နှင့် ဆုံမိကြသောအခါ ၌ စက္ခုဝတ္ထုပသာဒရုပ်အကြည်မှာ စက္ခုဝိညာဏ် ဟူသော အ မြင်ခေတ်ဖြစ်ပေါ်၏၊ မှန်အပြင်နှင့် လူ၏ မျက်နှာ လွှဲပြန်လျှင် ထို

www.dhammaransi.com



မျက်နှာရိပ် ပျောက်ဆုံးပြန်သကဲ့သို့ မျက်နှာလွှဲပြန်လျှင် မျက်လုံးအိမ်တွင်းမှာ ပေါ်ရှိသော စက္ခုဝိညာဏ်အမြင်ခဝတ် ပျောက်ဆုံးရပြန်၏၊ မမြင်ဘူးဟူ၍ ဖြစ်ရပြန်၏၊ ထိုထိုအဆင်းရှိရာသို့ အခါခါ မျက်နှာလှည့်ပြန်လျှင် မျက်လုံးအိမ်တွင်းမှာ ထိုထိုအဆင်းကို မြင်သော စက္ခုဝိညာဏ် အမြင်ခဝတ် အခါခါဖြစ်ပေါ်ပြန်၏၊ မျက်နှာလွှဲပြန်လျှင် အမြင်ခဝတ် ကွယ်ပျောက်မြဲ ကွယ်ပျောက်ပြန်၏၊ ဤသို့ စက္ခုဝိညာဏ်စိတ်ခေါ်သောအမြင်ခဝတ်ဖြစ်ပေါ်မှုသည်စက္ခုဝတ္ထုရုပ်နှင့်ထိုထိုအဆင်းရူပါရုံတို့တွေ့ဆုံ၍ နေဆဲအခါ၌သာဖြစ်ပေါ်နိုင်၏၊မတွေ့ဆုံလျှင် ထိုအမြင်ခဝတ်မဖြစ်နိုင်၊ မမြင်ဘူးဟု ဖြစ်ပြန်၏၊ ထို့ကြောင့် ထိုထို အဆင်းမျိုးကို မြင်မှုဟူသော စက္ခု ဝိညာဏ်ခဝတ်သည် စက္ခုဝတ္ထု နှင့် ရူပါရုံ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်မြဲဓမ္မတာဖြစ်၏၊ စက္ခုဝတ္ထု, စက္ခုပသာဒ မရှိပြန်လျှင် မြင်မှုမရှိ၊ ကြည့်ရှုရန် ရူပါရုံမျိုး မျက်နှာဥပစာအနီးမရှိပြန်လျှင် ထိုအမြင်ခဝတ် မပေါ်နိုင်ပြီ၊ဤသို့လျှင် စက္ခုဝိညာဏ်ဟူသော အမြင်ခဝတ်သည် စက္ခုဝတ္ထု, ရူပါရုံနှစ်ပါး ပေါင်းဆုံမှုကြောင့် မျက်လုံးအိမ်တွင်းမှာ ရံခါရံခါ ဖြစ်ပေါ်လာသော အာဂန္တုကခဝတ်သက်သက်သာတည်း၊

နားအိမ်တွင်း၌ ရှိသော သောတပသာဒဝတ္ထုနှင့် ထိုထိုအသံမျိုး ဟူသော သဒ္ဒါရုံ တွေ့ဆုံမှုကြောင့် နားအိမ်တွင်းမှာ အကြားခဝတ်–ဟူသော သောတဝိညာဏ်စိတ် ရံခါ,ရံခါ ဖြစ်ပေါ်မှု၊

နှာခေါင်းအိမ်တွင်း၌ရှိနေသောဃာနပသာဒဝတ္ထုရုပ်နှင့်ထိုထိုအနံ့မျိုး–ဟူသောဂန္ဓာရုံ တွေ့ဆုံမှုကြောင့် နှာခေါင်းအိမ်တွင်းမှာ အနံ့ခဝတ်–ဟူသောဃာနဝိညာဏ်စိတ် ရံခါ,ရံခါဖြစ်ပေါ်မှု၊

လျှာအပြင်၌ ရှိနေသော ဇိဝှါပသာဒဝတ္ထုရုပ်နှင့် ထိုထို အချိုအချဉ်–စသော အရသာခဝတ်မျိုး တွေ့ဆုံမှုကြောင့် လျှာအပြင်မှာ အရသာကို သိမှု–ဟူသောဇိဝှါဝိညာဏ် ရံခါ,ရံခါ ဖြစ်ပေါ်မှု၊

အောက်၌ ခြေဘဝါးအပြင်မှစ၍ အထက်၌ ဦးထိပ်အပြင်တိုင်အောင် အတွင်း,အပဖြစ်သော ထိုထို ကိုယ်အင်္ဂါတို့၌ရှိသော ကာ

www.dhammaransi.com



ယပသာဒဝတ္ထုရုပ်တို့နှင့် အကြမ်း,အနု,အပူ,အေး-စသော ထိုထို ဖေါဋ္ဌဗ္ဗာရုံတွေ့ဆုံမှုကြောင့်အရေပေါ်,အရေတွင်း အသားပေါ်, အသားတွင်း-စသောထိုထိုနေရာမှာ နာမှု,ကျင်မှု,ပူမှု,အေးမှု,ယားယံမှု-စသော ကာယဝိညာဏ်စိတ် ရံခါ,ရံခါ ဖြစ်ပေါ်မှု၊

ရင်တွင်းရှိ-နှလုံးအိမ်တွင်း၌ရှိနေသောဟာဒယဝတ္ထုရုပ်နှင့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟူသော အာရုံဟောင်း, ယခုဘဝတွင် အသစ်အသစ် တွေ့ဆုံရသော လောဘအာရုံ,ဒေါသအာရုံ-စသော ထိုထိုအာရုံသစ်တို့ကို အစွဲပြု၍ နှလုံးအိမ်တွင်းမှာ ရံခါဘဝင်စိတ်, ရံခါလောဘစိတ်, ရံခါဒေါသစိတ်, ရံခါမောဟစိတ်, ရံခါဣဿာစိတ်, ရံခါမစ္ဆရိယစိတ်, ရံခါကုသိုလ်စိတ်, ရံခါသဒ္ဓါစိတ်, ရံခါပညာစိတ်,ရံခါဝိတက်စိတ်-စသည်ဖြင့် မနောဝိညာဏ်စိတ်အမျိုးမျိုးဖြစ်ပေါ်မှု ဤဝိညာဏ်ငါးပါးတို့၏ ဖြစ်ပေါ်မှုတို့မှာလည်း စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်မှုမှာကဲ့သို့ မှန်ဥပမာ,မျက်နှာဥပမာ,မျက်နှာရိပ်ဥပမာတို့နှင့်တကွ အလုံးစုံကို အကုန်သိမြင်ကြလေ၊

ဝိညာဏ်ခြောက်ပါးတို့၌ ကိုယ်ခန္ဓာတခုလုံးကို ခြောက်ဌာနပြု၍ သူ့ဌာန,သူ့ဌာနတို့မှာ သူ့အာရုံ, သူ့အာရုံတွေ့ဆုံသဲအခါ သူ့ဝတ္ထု,သူ့အာရုံကို စွဲ၍သူ့ဝိညာဏ် ရံခါ,ရံခါ ဖြစ်ပေါ်မှုကို မသိခြင်း၊ မျက်စိမြင်မှု, နားကြားမှု, နှာခေါင်းနံမှု, လျှာအရသာသိမှု,ကိုယ်အင်္ဂါတို့မှ အတွေ့အထိသိမှု, စိတ်မနောမှာ တွေတွေလာလာ ကြံမှု,သိမှု-ဟူသောဝိညာဏ်ခြောက်ပါးတို့ကိုခတ်အသီးအခြား,ဓမ္မအသီးအခြားဟူ၍ မသိခြင်းသည်ဝိညာဏ်၌ ဓမ္မသမ္မောဟ ပဌမမှောင်ကြီး မည်၏၊ ထိုဝိညာဏ် ခြောက်ပါးတို့သည် ဝတ္ထု အာရုံတို့ကြောင့် ဖြစ်ပေါ်ကြကုန်သည်ဟု အကြောင်း တရားကို မသိခြင်းသည် ပစ္စယသမ္မောဟ ဒုတိယမှောင်ကြီးမည်၏၊ထိုမှောင်ကြီးမှ ကာရကဒိဋ္ဌိသည် ပွါး၏၊ ကာရကဒိဋ္ဌိဆိုသည်ကား ပြုတတ်သူ ရှိမှ ဖြစ်ကြသည် ဟူ၍ ယူခြင်းတည်း၊ ငါပြုတတ်သည်, သူပြုတတ်သည်-ဟူ၍ ယူခြင်းတည်း၊ပြုတတ်သော ငါရှိ၏,သူရှိ၏-ဟူ၍ ယူခြင်းတည်း၊ ငါမြင်တတ်သည်, သူမြင်တတ်သည်,သူကြား

www.dhammaransi.com



တတ်သည်–ဟု စသည်ဖြင့် ယူခြင်းတည်း။ ငါမြင်မှုကို ငါပြုမှ ဖြစ်သည်၊ သူမြင်မှုကို သူပြုမှဖြစ်သည်၊ ငါကြားမှုကို ငါပြုမှဖြစ်သည်၊ သူကြားမှုကိုသူပြုမှဖြစ်သည်ဟုစသည်ဖြင့် တခြားတပါးသော အကြောင်းကြောင့် ဖြစ်သည် မဟုတ်ဟု ယူခြင်းတည်း၊ ဤသို့သော အယူဟူသမျှကို ကာရကဒိဋ္ဌိဟု ဆိုသည်၊

ကြားမှု, နံမှု, လျက်မှု, တွေ့ထိမှု, ကြံမှု, သိမှု–တို့၌လည်း ဝတ္ထုအာရုံတို့ကြောင့် ဖြစ်ကုန်သည်ဟု မယူမူ၍ ပုဂ္ဂိုလ်, သတ္တဝါ–တို့ပြုလုပ်၍ဖြစ်ကုန်သည်။ ပုဂ္ဂိုလ်, သတ္တဝါတို့ပြုလုပ်ခြင်းကြောင့်ဖြစ်ကုန်သည်ဟု ယူခြင်းကို ကာရကဒိဋ္ဌိကြီးဟု ဆိုသည်၊

ဝတ္ထုအာရုံတို့ကြောင့် မြင်မှု,ကြားမှု,နံမှု,လျက်မှု,တွေ့မှု,ထိမှု, ကြံမှု, သိမှု-ဟူသော ဝိညာဏ်ခြောက်ပါးတို့၏ ဖြစ်ပေါ် ခြင်းကို ထင်လင်းစွာ ထင်ပေါ်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟ, ဒုတိယ အလင်းကြီးမည်၏၊ ထိုအလင်းကြီးပေါက်သျှင် ပစ္စယသမ္မောဟ, အမိုက်ကြီးနှင့်တကွကာရကဒိဋ္ဌိကွယ်ပျောက်လေ၏၊ ထိုဝိညာဏ် အသိစိတ်ခြောက်ပါးတို့သည် ဝတ္ထုအာရုံနှစ်ပါးတို့ကို စွဲ၍ ဖြစ်ပေါ်သည်ဟု မယူသိမြင်တဲ ထာဝရဘုရားဘန်ဆင်း၍ ဘုရားပေး၍ မြင်ရသည်, ကြားရသည်-စသည်ဖြင့် ယူခြင်းသည်လည်း ကာရကဒိဋ္ဌိပင်တည်း၊ ။ဉာဏ်ရှိကြစေ။

ပစ္စယပရိဂ္ဂဟဉာဏ် အလင်းကြီး
အကျယ်ပြဆိုခဏ်း ပြီး၏၊

---

## လက္ခဏာတ္တယပဋိဝေဓဉာဏ် အလင်းကြီးနိုက် အကျယ်ပြဆိုခဏ်း။

၃ လက္ခဏာတ္တယ ပဋိဝေဓဉာဏ် အလင်းကြီး၌ အကျဉ်းဆိုးသောအားဖြင့်အဘယ်မျှလောက်သော တရားတို့၌ လက္ခဏာရေးသုံးပါး အလင်းပေါက်ခဲ့သော် လက္ခဏာတ္တယဉာဏ် အလင်းကြီးပေါက်လေသနည်း၊

www.dhammaransi.com



ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓါတ်-ဟူသောပြဆိုခဲ့ပြီးသောဓါတ်ကြီး ခြောက်ပါးတို့၌ လက္ခဏာရေးသုံးပါးအလင်းပေါက်ခဲ့သော် လက္ခဏာတ္တယဉာဏ်အလင်းကြီးပေါက်၏။

ရုပ်ဓာတ်ကြီးငါးပါးတို့တွင်လည်းပထဝီဓာတ်ကြီးတခုသည့် လိုရင်းတည်း၊အကြောင်းမူကား၊မဟာပထဝီမြေကြီးသည် တိုင်းပြည်, မြို့ရွာ, သမုဒ္ဒရာ, တော,တောင်-စသော ကမ္ဘာအဆောက်အဦးတို့၏ တည်ရာဖြစ်၏၊ မဟာပထဝီပြိုပျက်ခွင့်ကို မြင်သည်ရှိသော် တိုင်းပြည်,မြို့ရွာ-စသည်တို့၏ ပြိုပျက်ခွင့်ကို တခြားရှာဘွယ်မရှိ၊ အပြီးမြင်တော့သည်၊ ထို့အတူ ပရမတ္ထ မြေဓာတ်ကြီးသည့်လည်း ရေဓာတ်,လေဓာတ်,မီးဓာတ်-စသောရုပ်ဓာတ်အပေါင်းတို့၏တည်ရာဖြစ်၏၊မြေဓာတ်ကြီး ခဏ,ခဏ ပျက်ဆုံးမှုကိုမြင်သည်ရှိသော် ကြွင်းသော ရုပ်ဓာတ်အပေါင်းတို့၏ ခဏ,ခဏ ပျက်ဆုံးမှုကို တခြား ရှာဘွယ်မရှိ၊အပြီးမြင်တော့သည်၊

လက္ခဏာရေးသုံးပါးတို့တွင် အနိစ္စလက္ခဏာ ဆိုသည်ကား-ခယဋ္ဌေန အနိစ္စံ-ဟူသည်နှင့်အညီ ခဏခဏဖြစ်ပေါ်ပြီးလျှင် ခဏခဏပျောက်ပျက်,ကုန်ဆုံးသည့်ကို ဆိုသည်၊

ဒုက္ခလက္ခဏာ ဆိုသည်ကား-ဘယဋ္ဌေန ဒုက္ခံ-ဟူသည်နှင့်အညီ၊ ကြောက်မက်ဘွယ် ကောင်းလှသော ဘေးဘယသဘောကိုဆိုသည်၊အနာကြီး-ရောဂါကြီးစွဲရှိသော သူတို့သည် အရသာအလွန်ကောင်းသော-စားသောက်ဘွယ်-ဘောဇဉ်တို့ကိုအလွန် ကြောက်ကြရကုန်၏၊ စားသောက်ပါဟု ပေးလာငြားသော်သည်းမစားဝံ့, မသောက်ပံ့ဟု ငြင်းပယ်ကြရကုန်၏၊ ထို့အတူလူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့သည် ကိလေသာရောဂါ, ဇရာမရဏရောဂါတို့ကို လွန်စွာဖြစ်ပွါးစေတတ်ကုန်သည်ဖြစ်၍အလွန်ကြောက်မက်ဘွယ်ကောင်းလှသောကြောင့် ဒုက္ခမည်ကုန်၏ ဟူလိုသည်၊

အနတ္တလက္ခဏာ ဆိုသည်ကား-အသာရကဋ္ဌေန အနတ္တာ-ဟူသည်နှင့်အညီ၊ ပုဂ္ဂိုလ်၏အနှစ်, အသားမဟုတ်, သတ္တဝါ၏အနှစ်,

www.dhammaransi.com



အသားမဟုတ်သော သဘောကိုဆိုသည်၊ ဓမ္မဝဝတ္ထာနဉာဏ်, အလင်းကြီးတွင် ပြဆိုခဲ့သော အိမ်, ကျောင်း, တန်ဆောင်း, ဇရပ်, မဏ္ဍပ် ဥပမာ၌ အဘိဓမ္မာနည်း အလိုအားဖြင့် သစ်ဝါးတို့တည်း၊ အိမ်မဟုတ်,ကျောင်းမဟုတ်,တန်ဆောင်းမဟုတ်, ဇရပ်မဟုတ်, မဏ္ဍပ်မဟုတ်ကုန်သကဲ့သို့ အိမ်၏ အနှစ်အသား,ကျောင်း၏အနှစ်အသား,မဟုတ်ကုန်သကဲ့သို့ရုပ်ဓာတ်တရား,နာမ်ဓာတ်တရားတို့သည် ပုဂ္ဂိုလ်မဟုတ်ကုန်၊ သတ္တဝါမဟုတ်ကုန်၊ ပုဂ္ဂိုလ်၏အနှစ်အသား မဟုတ်ကုန်၊ သတ္တဝါ၏ အနှစ်အသား မဟုတ်ကုန်သောကြောင့် အနတ္တမည်ကုန်၏ ဟူလိုသည်၊

ထိုလက္ခဏာရေးသုံးပါးတို့တွင်ဒုက္ခလက္ခဏာသည်ကား-အရဟတ္တမဂ်ဉာဏ်သို့ရောက်မှ ကိစ္စပြီးစီး၏၊ကျန်ရှိသောလက္ခဏာရေးနှစ်ပါးတို့မှာ အောက်မဂ်သို့ ရောက်လျှင်ပင် ကိစ္စပြီးစီး၏၊ ထိုနှစ်ပါးတို့တွင်လည်း ပုထုဇန် သတ္တဝါတို့မှာ သက္ကာယဒိဋ္ဌိကိုပယ်သတ်ခြင်းငှါ အနတ္တလက္ခဏာသာ လိုရင်းဖြစ်၏ ၎င်းအနတ္တလက္ခဏာသည်လည်း(အနိစ္စသညာနောမေဃိယအနတ္တသညာသဏ္ဌာတိ) ဟူသောပါဠိတော်နှင့်အညီ အနတ္တလက္ခဏာတွင် အတွင်းဝင်၏၊ ထို့ကြောင့်အနိစ္စလက္ခဏာကိုထင်ရှားစွာဖော်ပြ၍အနတ္တဉာဏ်အလင်းကို ထင်ရှားအောင် ပြဆိုပေအံ့၊

ဓမ္မဝဝတ္ထာနဉာဏ်အလင်းကြီး၌ ဖော်ပြခဲ့ပြီးသော ဓာတ်ကြီးခြောက်ပါးတို့တွင် တေဇောဓာတ်ကြီး၏ အနိစ္စလက္ခဏာ,အနတ္တလက္ခဏာတို့ကို ရှေးဦးစွာ ဖော်ပြဆိုရာ၏၊ တေဇော ဟူသော မီးဓာတ်ကြီးသည် သီတမီးဓာတ်,ဥဏှမီးဓာတ်-ဟူ၍နှစ်မျိုးရှိ၏၊ လောက၌ ချမ်းအေးခြင်းအမှုကြီးတပါး, ပူနွေးခြင်း အမှုကြီးတပါး-ဟူ၍ မီးဓာတ်ကြီး နှစ်မျိုးရှိ၏ဟု ဆိုလိုသည်၊ အအေးနှင့်အပူသည် ရန်သူ,ရန်ဘက်ဖြစ်ကြ၏၊အအေးဖြစ်ပေါ်လျှင် အပူကွယ်ပျောက်ရ၏၊ အပူဖြစ်ပေါ်လျှင် အအေး ကွယ်ပျောက်ရ၏၊လောက၌ ပကတိလူတို့ ထင်မှတ်ကြသောပုဂ္ဂိုလ်, သတ္တဝါမည်သည် တဘဝမှာ ပဋိသန္ဓေအခါ၌ တကြိမ်သာ ဖြစ်ပေါ်၍ ဘဝအဆုံး၌ တကြိမ်သာသေမြဲဖြစ်

www.dhammaransi.com



၏၊ တဘဝအတွင်းမှာ ပုဂ္ဂိုလ်သတ္တဝါ-အခါခါ ဖြစ်ပေါ်သည်, အခါခါ သေပျောက်သည်-ဟူ၍မရှိ၊ ကိုယ်ခန္ဓာတို့၌ အဇေး, အပူ ဟူသောတေဇောဓာတ်ကြီးသည် တနေ့တရက်အတွင်းမှာပင် အခါခါဖြစ်ပေါ်၍ အခါခါပျက်ဆုံး၏၊ အပူ, အဒိုက် ပျောက်ငြိမ်းပြီ၊ အေးလာပြီ ဟူ၍၎င်း, အချမ်း, အဇေး ပျောက်ငြိမ်းပြီ, ပူလာပြီ, နွေးလာပြီ ဟူ၍၎င်း-တနေ့ တရက် အတွင်းမှာပင် အခါခါ ပြောဆိုကြရ၏၊ ထိုသို့ဖြစ်ခဲ့သော် အပူ, အဇေး-ဟူသော တေဇောဓာတ်ကြီးဖြစ်မှု,ပျက်မှုကား တလမ်း, ပုဂ္ဂိုလ်သတ္တဝါ၏ ဖြစ်မှု, ပျက်မှုကား တလမ်း-နေကြ၏၊ ပူမှု,အေးမှုကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ငါပူသည်,သူပူသည်,ငါအေးသည်, သူအေးသည်-ဟု စွဲလမ်းချက်, ပြောဆိုချက်များသည် အတိဝမ္ဘာနည်းအလိုအားဖြင့်အမှားစင်စစ်ဖြစ်၏၊ ပူမှု,အေးမှုကို ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်အသားလုပ်၍ သူပူသည်, ငါပူသည်,သူအေးသည်,ငါအေးသည်-ဟု စွဲလမ်းချက်,ပြောဆိုမှတ်ထင်ချက်များသည် အမှားစင်စစ်ဖြစ်၏၊

ဤသို့ တသမ်းစီ ဖြစ်၍ နေသောကြောင့် ပူမှု,အေးမှုသည် ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, ပုဂ္ဂိုလ်သတ္တဝါ-ဟူသော စကား၏အနက် မဟုတ်၊အကယ်၍ ပူမှု,အေးမှုသည် ပုဂ္ဂိုလ်ဟုတ်ခဲ့အံ့၊ သတ္တဝါဟုတ်ခဲ့အံ့၊ ပုဂ္ဂိုလ်သတ္တဝါ၏ ဖြစ်မှု, ပျက်မှုနှင့် တေဇောဓာတ်၏ ဖြစ်မှု, ပျက်မှုသည် တူကြရာ၏၊ ပုဂ္ဂိုလ်သတ္တဝါသည် တခုသောဘဝမှာ တခါဖြစ်,တခါသေသာ ရှိသကဲ့သို့ ပူမှု,အေးမှုသည်သည်း တဘဝမှာတခါဖြစ်,တခါသေသာရှိရာ၏၊ထိုသို့ကားမဟုတ်တနေ့တရက်အတွင်းမှာပင် ပူမှု,အေးမှုသည် အခါခါ ဖြစ်၏၊ အခါခါ ပျက်၏၊ ထို့ကြောင့် ပူလျှင်,ပူသည်ဟု သိကြ၏၊ အပူ ပျောက်ငြိမ်းလျှင် ပျောက်ငြိမ်းပြီဟု သိကြ၏၊ အေးလျှင်,ချမ်းလျှင် အေးသည်,ချမ်းသည် ဟုသိကြ၏၊ အေးမှု,ချမ်းမှု ပျောက်ငြိမ်းလျှင် အဇေး ပျောက်ငြိမ်းပြီ, အချမ်း ပျောက်ငြိမ်းပြီဟု သိကြ၏၊ အကယ်၍ ပူမှု,အေးမှုနှင့်ပုဂ္ဂိုလ်သတ္တဝါ တူခြားအံ့၊ တနေ့အတွင်းမှာပင် ပူမှု,အေးမှု အခါခါ ဖြစ်တိုင်း, ပျက်တိုင်း ပုဂ္ဂိုလ်သတ္တဝါသည်း အခါခါ ဖြစ်သည်, အခါခါပျက်

www.dhammaransi.com



သည်ဟု မှတ်ယူကြကုန်ရာ၏၊ ထိုသို့ကားမဟုတ် တနေ့ အတွက်မှာ ပူမှု,ဧးမှု-အခါခါ ဖြစ်သည့်,အခါခါ ပျက်သည်ဟု သိမြင်ကြ၏၊ ပုဂ္ဂိုလ်သတ္တဝါကိုမူကား တနေ့အတွက်မှာ အခါခါဖြစ်သည့်,အခါခါ ပျက်ဆုံးသည် ဟူ၍မယူကြ၊ တဘဝမှာအစဉ် တခါသာပျက်သည်ဟုမှတ်ယူသိမြင်ကြ၏၊ ထို့ကြောင့် ပူမှု,ဧးမှုကား-တခြား,ပုဂ္ဂိုလ်သတ္တဝါကား တခြားဟု ထင်လျှားပါ၏။ ပူမှု,ဧးမှုသည်,ပုဂ္ဂိုလ်သဝါ၏ အနှစ်အသားမဟုတ်ဟုထင်လျှား၏၊ ထို့ကြောင့် ပူ,ဧးမှု ဟူသော တေဇောခတ်ကြီးကို အနတ္တ ဆိုပေသည်၊ ဤကား တေဇောခတ်ကြီး၏ အနိစ္စလက္ခဏာ, အနတ္တလက္ခဏာတို့ကို ပြဆိုခြင်းတည်း၊ တနေ့,တရက် အတွက်မှာပင် အခါခါပျက်သည်ကို အနိစ္စလက္ခဏာဆိုသည့်,အခါခါပျက်ခြင်းကြောင့် ပုဂ္ဂိုလ်၏ အနှစ်အသားမဟုတ်,သတ္တဝါ၏အနှစ်အသားမဟုတ်,ပုဂ္ဂိုလ်၏အထည်ခံအမာခံမဟုတ်, သတ္တဝါ၏ အထည်ခံ, အမာခံ မဟုတ်သည်ကို အနတ္တလက္ခဏာ ဆိုသည်၊ အနှစ် အသားမဟုတ်, အထည်ခံ, အမာခံ မဟုတ်-ဟူသောစကား၌ ပုဂ္ဂိုလ်ဟူသည် ဤပူမှုပင်တည်း,ဤဧးမှုပင်တည်း, သတ္တဝါဟူသည်ဤပူမှုပင်တည်း, ဤဧးမှုပင်တည်း-ဟုမှတ်ယူပြောဆိုခဲ့သော် ပူမှု,ဧးမှုကို ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်အသားပြု၍ မှတ်ယူခြင်း, ပြောဆိုခြင်း-ဖြစ်၏၊ ပုဂ္ဂိုလ်သတ္တဝါ၏အမာခံ, အထည်ခံပြု၍ မှတ်ယူခြင်း, ပြောဆိုခြင်း-ဖြစ်၏၊ အတ္တဆိုသောစကားနှင့် အနှစ်အသား, အမာခံ, အထည်ခံဆိုသော စကားနှင့်အဘူတူ၊ ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ, အထည်ခံ-မှန်ခဲ့သော် တရသောပူမှု, တရသော ဧးမှုသည် ပုဂ္ဂိုလ်သတ္တဝါ အသက် ရှည်သမျှ မလှုပ်မရှား မပြောင်းမလဲတဲ ခိုင်မြဲ၍ လိုက်ပါရမည်။ ထိုသို့မလိုက်မူ၍ တနေ့, တရက်မှာပင် အခါခါ ပျက်ဆုံးလျက်နေသော ပူမှု,ဧးမှုသည် တဘဝမှာ တခါသာ ပျက်ဆုံးမှုရှိသော ပုဂ္ဂိုလ်သတ္တဝါ၏အနှစ်အသား မဟုတ်နိုင်သောကြောင့် ပူမှု, ဧးမှုသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမဟုတ်,အနတ္တသာဖြစ်လေသတည်း၊ပုဂ္ဂိုလ်သတ္တဝါသည် အချို့အနှစ်တရာအသက်ရှည်၏၊ထိုသူ့သန္တာန်မှာရှိသော

www.dhammaransi.com



တရသောပူမှု,တရသော အေးမှုသည် တောက်ပြန် ပြောင်းလဲခြင်းမရှိ တဲ့ အနှစ်တရာ ခိုင်မြဲ၍ လိုက်နိုင်သည်မရှိ၊ အနှစ်တရာ မဆိုထား နှင့်ဦး၊ အနှစ်ကိုးဆယ်,ရှစ်ဆယ်,ခုနစ်ဆယ်၊ လ၊ဆယ်နှစ်,ငါးနှစ်, လေးနှစ်,တနှစ်-ခိုင်မြဲ၍ လိုက်နိုင်သည်မရှိ၊ ထို့ကြောင့် ပူမှု,အေးမှု-ဟူသော တေဇောဓာတ်မျိုးသည် ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ, အ ထည်ခံ-အနှစ်သာရ အတ္တမဟုတ်, အနတ္တသာအမှန် ဖြစ်လေသ တည်း၊ အလွန်နက်နဲလှသော အရာဖြစ်၍ အခါခါ အထပ်ထပ်ပြဆို ရချေသည်။ ဉာဏ်ဖြင့် ရှုးရှုးစိုက်စိုက် အားထုတ်၍ ပိုင်နိုင်အောင် ကြည့်ရှုလေ၊ ၊တေဇောဓာတ် ပြီး၏၊

---

ဤ၌ ဓာတ်ကြီးလေးပါးလုံး ပေါင်းရ၍ အဖြစ်ဓာတ်နှင့် တကွ လက္ခဏာတ္တယဉာဏ်ပေါက်အောင် ပြဆိုအံ့၊ ၊ဤ မြေ,ရေ, လေ, မီး-ဓာတ်ကြီး လေးပါးတို့ကို မှန်၌ ထင်သော အရိပ် ဥပမာ, စို့, သက်တံ ဥပမာ, ကံ-စသော အကြောင်းတရားရှု့နှင့် ဓါတ်မီးဓါတ် ဆိတ်ရှုပြင်ရာ ဖြစ်ခါ,ပျက်ခါ နေရသော အချက်ရကို စေ့ရုံစွာ မြင် နိုင်ပါလျှင် ဤခန္ဓာကိုယ်ကြီးမှာ မျက်တောင်တခတ်, လျှပ်တပြက် မျှ အသစ်ဖြစ်ပေါ်ခြင်းမှကင်းသော အကွက် မရှိ၊ ဖြစ်ပေါ်ရာ၌ တ ဖြုတ်ဖြုတ် ပျက်ခြင်းမှ လွတ်သောအကွက် မရှိ၊ ကျိုက်ကျိုက်ဆူ နေသော ရေနွေးအိုးကြီးအတွင်း၌ ဆူဆူတက် ဖြစ်ပေါ်မှု, တဖြုတ် ဖြုတ် ပျက်ကွယ်မှု ထွေးယှက်၍ နေကြကုန်သော ရေပွက်, ရေစီ ပေါင်းတွေကဲ့သို့ ကံ-စသောအကြောင်းတရားနှင့် ဓာတ်မီး,ဓာတ် ဆိတ်ရှုအတွက် ဓာတ်ကြီးလေးပါးတို့၏ ဖြစ်မှု,ပျက်မှုတွေ ပွက်ပွက် ဆူနေကြပုံကို မြင်လိမ့်မည်၊

ကံ, စိတ်, ဥတု,အာဟာရ-တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် တကိုယ်လုံး၌ မာမှု-ဟူသော ပထဝီမြေဓာတ် ကြီးသည် ဖြစ်ပေါ်၏၊ ဖွဲ့စည်းမှု ဟူသော အာပေါ ရေဓာတ်ကြီး သည် ဖြစ်ပေါ်၏၊ပေါင်းနွေးမှုဟူသော တေဇောမီးဓါတ်ကြီးသည် လှုပ်ရှားထောက်ကန်မှု-ဟူသော ဝါယော လေဓာတ်ကြီးသည်

www.dhammaransi.com



တဘွားဘွား ဖြစ်ပေါ်၏၊ ထိုမြေ,ရေ,လေ,မီး-ဓာတ်ကြီး လေးပါးတို့သည် အဆန့်,အမာ,အကြိတ်,အခဲ,အထည်ဒြပ်-ဟူ၍ အဏုမြူမျှ ရှိသည်မဟုတ်၊ အခြင်းအရာ ကြိယာသာသက်သက်မျှသာ ဖြစ်၏၊ ထို့ကြောင့် ထိုမာမှု,ဖွဲ့စည်းမှု,ပေါင်းနွေးမှု,ထောက်ကန်မှုတို့သည် ဓာတ်မီးကြီး၏အဟုန်ကြောင့် ခဏခြင်းပျက်ဆုံးရ၏၊ မျက်တောင်တခတ်မျှအသက်ရှည်၍ တည်နေနိုင်သည်မဟုတ်၊ ပထဝီပျက်ဆုံးလျှင်လည်း ထိုပထဝီမှာ တွယ်တာခဲ့သော ဖွဲ့စည်းမှု, ပူမှု, ဧးမှု, တောင့်တင်းကြွရွမှုစသည်လည်း အတူပါခဲ့လေ၏၊ (တကိုယ်လုံး နှံ့အောင်ကြည့်လေ)၊

ပျက်ဆုံးသမျှနေရာမှာလည်း အစားထိုက်ထူသောအားဖြင့် အပြည့်အပြည့် ဖြစ်ပေါ်ပြန်၏၊ ဤသို့လျှင်မျက်တောင်တခတ်,လျှပ်တပြက်အတွင်းမှာပင် ဖြစ်မှု,ပျက်မှုအဆက်အသက်တရာ,တထောင်မက ပြောင်းလဲနေသည်၊ ထိုဖြစ်မှု,ပျက်မှုများကို မျက်စိနှင့် ကြည့်၍ မြင်နိုင်ကောင်းသည်မဟုတ်၊ အထက်ကပြဆိုခဲ့ပြီးသော သဘာဝ အခင်းရနှင့် ကြည့်ရှုမှ ဥာဏ်နှင့်သာ မြင်ကောင်းသော အမှုရပေတည်း၊ လှုပ်လှုပ်ရွရွ ထင်သမျှသည် အဟောင်းပျက်မှု,အသစ်ပေါ်မှုချည်းသာဖြစ်၏၊ မျက်စိအမြင်မှာကား တခုတည်းသော အဆင်းသည်ပင်လျှင် လှုပ်သည်, ရွသည်ဟု ထင်မြင်၍နေ၏၊ မျက်မြင်ကို အဟုတ်ထင်လျှင် ပရမတ်သဘောကို မရှုနိုင်ပြီ၊ သတိကြပ်ကြပ် ပြုလေ၊

ကံ-စသော လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်သမျှသော မာမှု,ဖွဲ့စည်းမှု-စသော ပရမတ် ဓာတ်မြေ, ဓာတ်ရေ စသည်တို့သည် အတူတကွ ဖြစ်ပေါ်သော ဓာတ်မီး၏ အဟုန်ကြောင့် ခဏခြင်း, ခဏခြင်း ပျက်ဆုံး ကွယ်ပျောက်ရကုန်သည်-ဟူသော စကား၌ရှုချဦးအံ့၊

လောဘဂ္ဂမီးတို့မည်သည့်အကြောင်းဝတ္ထုကိုမှီတွယ်၍ဖြစ်ပွား၏၊ ထိုမှီတွယ်သောဝတ္ထုကိုလောင်မြိုက်မွှတာဖြစ်သည်နှင့်အညီ ထိုပရမတ်ဓာတ်မီးသည်လည်း မိမိနှင့်အတူဖြစ်ပေါ်သော မာမှု,ဖွဲ့စည်း

မှု,တင်းရင်းမှု-ဟူသော ခေတ်ကြီးသုံးပါးတို့ကို ခဏခြင်း, ခဏ
ခြင်း ကွယ်ဆုံးအောင် လောင်သည်သာဖြစ်၏၊ အမှိုက်မှဖြစ်သော
မီးသည် ထိုအမှိုက်ကို ခဏခြင်းကုန်အောင်စား၏၊ ဆီမှထသော
မီးသည် ထိုဆီကိုစား၏၊ ရေနံမှ ထသောမီးသည် ထိုရေနံကိုစား
၏၊ ထိုထိုအဆီမှ ထသောမီးသည် ထိုထိုအဆီကို ခဏခြင်းကုန်
အောင်စား၏၊ ထို့အတူ သတ္တဝါတို့၏ကိုယ်၌ ကိုယ်နှင့်အပြည့်၊
တရှိန်ရှိန် မပြတ်မစဲ ထ၍နေသော ခေတ်မီးသည်သည်း အတူတ
ကွ ဖြစ်ပေါ်သောခေတ်တို့ကို ခဏခြင်း,ခဏခြင်းကုန်အောင် စား
သည်သာလျှင်ဖြစ်၏၊ အထူးအားဖြင့် ခေတ်ဆီ ဟူသမျှကို ခဏ
ခြင်း ကုန်အောင်စား၏၊ ထိုကြောင့် ဖြစ်ပေါ်သမျှသော ခပ်သိမ်း
သော ပရမတ်မြေ,ရေ စသော ခေတ်တို့သည် မျက်တောင်တခတ်
လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သည်မရှိကြကုန်၊ မျက်
တောင်တခတ်အတွင်းမှာပင် အကြိမ် တရာ, တထောင်ကော တ
ကိုယ်လုံးအကျွတ် ကွယ်ဆုံးလေ၏၊ ထိုသို့ ကွယ်ဆုံးသော်လည်း
အသစ်အသစ် အစားထိုးအောင် ထူထောင် ဘန်ဆင်းကြသော အ
ကြောင်းတရားပေါ အလွန် များပြားလှ၍ ငယ်ရွယ်စဉ် အခါ၌ ခဏ
တိုင်း,ခဏတိုင်း တိုးတက် ကြီးပွား၍ပင် လာနိုင်ပြန်သတည်း။မိမိ
ကိုယ်တကိုယ်လုံး ခဏစဲ ကြေပျက် ကွယ်ဆုံးမှုကိုလည်း မြင်
အောင်ကြည့်၊ကွယ်ဆုံးကြေပျောက်မှုကို စိပ်စိပ်မြင်လျှင် တကိုယ်
လုံးနှင့် အပြည့်,အပြည့်, အသစ်,အသစ် ဆက်လက်ဖြစ်ပေါ်မှုဟူ
သော ဓာတ်အချက် တဖြုတ်ဖြုတ်ပျက်ကွက်သော အနိစ္စအချက်
ကို စိပ်စိပ်ကြီး မြင်လိမ့်မည်၊ ရေနံဆီဘီပီသာ၌ တောက်သော
မီးသည် ထိုရေနံဆီကို အတွင်ကုန်အောင် စား၏၊ ရေနံဆီကို မ
လျော့ရအောင် လောင်းသောသူက လောင်းနိုင်သမျှကာလပတ်လုံး
ရေနံဆီသည်းလျော့သည်မထင်ရ၊ မီးလည်း လျော့သည်မထင်ရ။
မထင်သော်သည်း နှစ်ပါးလုံးပင် ခဏစဉ်အတိုင်း ကုန်ကြ,ဆုံးကြ
သည်သာဖြစ်၏၊ အကယ်၍ မကုန် မဆုံးကြသည် ဖြစ်ခဲ့အံ့၊ ရေနံ
ဆီအသစ်လောင်းဘွယ်ကိစ္စ မရှိရာပြီ၊ တညလုံးမှာ အခါခါသောင်

www.dhammaransi.com



ရသည့်အတွက် အချိန့် အခွက်ငါးဆယ် ကုန်လျှင် မိုးစား၍ အခွက် ငါးဆယ်ကုန်ကြောင်း ထင်ရှား၏၊ စေ့စေ့ကြည့်၍နေလျှင်လည်း သူ့ ဆိန္နင့် သူ့ မီး ခဏခြင်း,ခဏခြင်းကုန်ဆုံး၍သွားသည်ကို မြင်ရပေါ ၏၊ ဆီရော,မီးတောက်ရောလျော့ပါး၍သွားသည်ကိုလည်း မြင်သာ ပါ၏။ တညတွင်းလျှင် ရေနံဆီအချိန်များစွာကုန်သည်ဟု သိလည်း သိကြပါ၏၊ ၊ဤအဘူ တကြိမ်စားသော အာဟာရအတွက် နာရီ ပေါင်း မည်၍မည်မျှသာ ဤကိုယ်ခန္ဓာ ပြည့်ပြည့်ဖြိုးဖြိုး နေနိုင်သည် အစာအာဟာရ လျော့ပါး၍ သွားလျှင် ဤခန္ဓာ လျော့ပါး၍ သွား သည်။ အစာအာဟာရပြတ်၍သွားလျှင် ဤခန္ဓာမတည်နိုင်ပြီ၊ ဤ ကိုယ်ခန္ဓာတို့၏ပျက်ဆုံးမှု မြန်လှ,အားကြီးလှသည့်အတွက်ကြောင့် ကိုယ်ခန္ဓာအသစ်အသစ်အလျှင်ဆက်လက်မှုမြန်လှ, အားကြီးလှ၏၊ ကိုယ်ခန္ဓာ အသစ်အသစ် အလျှင်ဆက်လက် ထူထောင်မှု မြန်လှ, အားကြီးလှသည့် အတွက်ကြောင့် လောက၌ အသက်မွေးမှု-ဟူ သော အလုပ်ကြီးသည် အကြီးကျယ်ဆုံး, အကြပ်တည်းဆုံး, မလွဲ သာဆုံး,မနေသာဆုံးဖြစ်လေသတည်း၊

ဇမ္ဗူဒိပါမြေ၌ တနှစ်,တနှစ်တွင်ဖြစ်ပွါးသော စပါးမျိုး,ပြောင်း, ပဲ,လူး,ဆတ်-အစရှိသောအစာအာဟာရမျိုးသည် မည်ရွေ့,မည်မျှ များပြားလိမ့်မည်၊ တနှစ်အတွက်,တလအတွက်,တရက်အတွက် စားသော် ၍ မည်ရွေ့, မည်မျှ ကုန်လိမ့်မည်ဟု မှော်လိုက်လျှင် ခန္ဓာသစ် ဆက်လက်တည်ထောင်မှု,အသစ်,အသစ် ဆက်လက်တည်ထောင် မှု-ကြီးကျယ်ပုံကိုမြင်လိမ့်မည်၊ နေ့စဉ်အသစ်, အသစ်ခန္ဓာအလျှင် ဆက်လက်မှု, အသက်မွေးမှု-ကြီးကျယ်ကြပ်တည်း၍ နေကြပုံကို မြင်နိုင်လျှင် ဤခန္ဓာ,ဤအသက်ရ ပျက်မှု,ဆုံးမှု, ပျောက်ကွယ်မှု-မြန် ကြောင်း, အားကြီး ကြောင်းကိုလည်း မြင်လိမ့်မည်၊ ရေသတ္တဝါ, ကုန်းသတ္တဝါတို့, အသက်မွေးမှု, အစာရှာမှု, ဥစ္စာ,စီးပွါးမှုနှင့် နေ့ နေ့,ညည,ပုပု,ရှရှ, လုလု,ယက်ယက်, လုပ်ကြ, ကိုင်ကြ,ထမ်းကြ, ပိုးကြ,သွားကြ,လာကြ, ပြောကြ,ဆိုကြ,ကြံကျ, စည်ကြ,ကြောင့် ကြစိုက်ကြ,အားထုတ်ကြ, စိုးရိမ်ကြ, ပူပန်ကြ, စောင့်ရှောက်ကြ.

www.dhammaransi.com



ထိန်းကျောင်းကြ,ငြင်းခုံကြ,ခိုက်ရန်ဖြစ်ကြသမျှ-အလုံးစုံတို့ကို အရင်းသို့ ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤကိုယ်ခန္ဓာ အဟောင်း အသစ် အလျဉ်ဆက်လက်မှု, အသက်အဟောင်း, အသစ် အလျဉ်ဆက်လက်မှု, ကြပ်တည်းလှသည့်, အတွက်ကြောင့်ဟု မြင်လိမ့်မည်၊ အသစ်,အသစ် ဆက်လက်မှု ထူထောင်မှု, ကြပ်တည်းပုံကို မြင်လျှင်လည်း အဟောင်း,အဟောင်း ပျက်ဆုံး ပြောင်းလဲမှု မြန်ကြောင်း, မမြဲကြောင်း, အနှစ်မရှိကြောင်း, အစိုးမရကြောင်းကို ကောင်းကောင်းကြီး မြင်လိမ့်မည်။

ဤကိုယ်ခန္ဓာခေတ်ကြီး,ခေတ်ငယ်တို့ပျက်မှု,ဖြစ်မှု မြန်လှသည့် အတွက်ကြောင့် လေးကဍ္ဍ ကြောင့်ကြစိုက်ဘွယ် အနန္တ ဖြစ်ပွါး၍ နေသည်ဟု ဆိုလိုပါသတည်း၊ ဤကားပကတိဓာတ်နှင့် ပကတိ အနိစ္စ,အနတ္တကို မြင်တို့ အချက်တည်း၊

ခန္ဓာကိုယ် တွယ်တာ,ခင်မင်သည့်အတွက် အသက်တရော, အသက်တထောင်-ရှည်ရှည်နေလို၍ အသစ်အသစ်သောဓာတ်တို့ကို ခဏမစဲ အစဉ်စပ်မိအောင်,အလျှင်ဆက်မိအောင် ထူထောင်မှုဟု ဆိုအပ်သော အသက်မွေးမှုအတွက်နှင့် ကိုယ်ခန္ဓာ၌ ပကတိဓာတ်မှ ခဏမစဲ အသစ်အသစ်ဖြစ်၍ နေချက်ကို မြင်နိုင်ပါလျှင် ပကတိပျက်မှုအနိစ္စ၊ ပကတိ, အနှစ်မရှိသော အနတ္တကို မြင်နိုင်ပါလျှင် ဝိကတိဓာတ်, ဝိကတိအနိစ္စ၊ ဘိဇ္ဇန, ခယ, ဝယ,ဝိကတိ အသာရတို့ကိုလည်း မြင်နိုင်လတ္တံ့။

ဝိကတိဓာတ်ဆိုသည်ကား-အနာ, အမျိုးမျိုးဖြစ်ပေါ်မှု,ရောဂါ အမျိုးမျိုးဖြစ်ပေါ်မှု-ဘေးအမျိုးမျိုးဖြစ်ပေါ်မှု, ရန်အမျိုးမျိုးဖြစ်ပေါ်မှု, ဒဏ်အမျိုးမျိုးဖြစ်ပေါ်မှု, ဥပဒ်အမျိုးမျိုးဖြစ်ပေါ်မှုတို့ ပေတည်း၊ ထိုထိုဆိုခဲ့သော အမျိုးမျိုးဥပဒ်,ဘေး,ဒဏ်,ရန်အပေါင်းတို့ကြောင့် ခဏမစဲ တသဲသဲ ရပ်သိမ်း၍ တဖြုတ်ဖြုတ်, တရှာ်ရှာ် ပျက်သည်,ဆုံးသည်,ကုန်သည်-ဟူသောဝိကတိအနိစ္စသဘောကိုရင်း၊ ခဏခဏမစဲ တသဲသဲ ပျက်ဆုံးချုပ်ကွယ်ရာ အနှစ်သာရမရှိသော အဖြစ်ဟူသော ဝိကတိ အနတ္တကိုရင်းသိရမည်၊ ၊ခဏခြင်းစပ်မိ

www.dhammaransi.com



အောင်, ဆက်မိအောင်, အစဉ်မပြတ်, အလျဉ်မပြတ်အောင်, အသစ်အသစ်ဖြစ်ပေါ်၍နေသော ဓာတ်မှုအမြဲရှိသည့်အတွက်ကြောင့် ယခုခဏ ရုပ္ပရုပ်ကိုယ်ခန္ဓာ, ယခုခဏအတွင်း အနိဋ္ဌရုပ်ကိုယ်ခန္ဓာ-စသည်ဖြင့် ပြောင်းလဲ၍,ပြောင်းလဲ၍ ဖြစ်မှု,ပျက်မှုမစဲဖြစ်နိုင်သည်၊ ပျက်ကွက်မှုမြန်သည့်အတွက်ကြောင့် ဣဋ္ဌရုပ် ခန္ဓာကိုယ်, အနိဋ္ဌရုပ် ခန္ဓာကိုယ်, သုခရုပ် ခန္ဓာကိုယ်, ဒုက္ခရုပ် ခန္ဓာကိုယ် ပြောင်းလဲလိုလျှင် ခဏခြင်းပြောင်းလဲနိုင်သည်၊တယ်အခါ၌ အနိဋ္ဌရုပ်ခန္ဓာကိုယ် ဓာတ်မျိုး, ဣဋ္ဌရုပ်ခန္ဓာကိုယ် ဓာတ်မျိုး, သုခရုပ်ခန္ဓာကိုယ်ဓာတ်မျိုး, ဒုက္ခရုပ်ခန္ဓာကိုယ်ဓာတ်မျိုး ဖြစ်နိုင်,မပေါ်နိုင်သော ခဏဟူ၍ မပျက်နိုင်,မဆုံးနိုင်သော ခဏဟူ၍ မရှိပြီ၊ ခဏတိုင်းမှာပင် ဖြစ်နိုင်, ပျက်နိုင်၏၊ ဓာတ် ဟူသည်ကား-ဖြစ်ပေါ်မှုတည်း၊လောက၌ မျက်စိနာဖြစ်သည်, နားနာဖြစ်သည်-အစရှိသည်ဖြင့် ခေါ်ဝေါ်ကြသော 'ဖြစ်'ဟူသော အချက်ရသည့် ဓာတ်ချည်းတည်း၊ အနိစ္စ ဟူသည်ကား-ပျက်စီး ပျောက်ကွယ်ခြင်းတည်း၊ လောက၌ အချမ်း ပျောက်ကွယ်ပြီ, အအေး ပျောက်ကွယ်ပြီ-စသည်ဖြင့် 'ပျောက်'ဟူသော စကား 'ပျက်' ဟူသော စကားမျိုးတည်း၊ အနတ္တဟူသည်ကား-အရှည်မတည်တန့်သောအမှုတည်း။လောက၌ ချမ်းဆိုသည်ခဏသာတည်း၊အေးဆိုသည် ခဏသာတည်း၊ လှဆိုသည်, တောင့်ဆိုသည်,တင်းဆိုသည် ခဏသာတည်းဟု ခေါ်ဝေါ်ကြသော'ခဏ'ဟူသောစကားရတည်း၊

ဤကိုယ်ခန္ဓာ၌ အနိဋ္ဌ ဓာတ်ရုပ် ခန္ဓာမျိုး, ဣဋ္ဌ ဓာတ်ရုပ် ခန္ဓာမျိုးတို့ ပျက်ဆုံးရန် တရားရသည် အတွင်း သန္တာန်ကလည်း အသင်္ချေ အနန္တ များပြား၏၊ အပသန္တာန်ကလည်း အသင်္ချေအနန္တများပြား၏၊ ဤကိုယ်ခန္ဓာ၌ တကိုယ်လုံး၏ အမာခံ အထည်ခံဖြစ်သော 'မာမှု' ဟူသော ပထဝီ မြေခဲကို ကဋ္ဌမချာ မြွေဟူ၍ ဟောတော်မူ၏၊ ခြေဖျား၌ အဆိပ်ထန်သော မြွေကိုက်ရာ ဦးခေါင်းတိုင်အောင် ခဏခြင်း အဆိပ်နှံ့၍ သူမှန်းမသိဖြစ်ရာ၌ တကိုယ်လုံး ခဏခြင်း ရုပ်ပြောင်း၍ကုန်၏၊ ပကတိ နဂိုကိုယ်

www.dhammaransi.com



ရုပ်ရ အကုန်ကွယ်ပျောက်၍၊လောင်မီးအရှနှင့်တူသော ရုပ်ရသည့် ခဏခြင်းတည့်ထောင်၍။ တကိုယ်လုံးမှာ နကိုယ်ပကတိရုပ်ဟူ၍ အဏုမြူမျှ အကြွင်းအကျန်မရှိပြီ။ တကိုယ်လုံးသည် လောင်မီးအလားတူ ရှိသော ရုပ်သစ်တွေသာ အတိပြည့်၍။ ။ဥပမာကား- ချိန်ဝင်ပိသာ ငါးဆယ်ခန့်ရှိသောအလွန်ထက်လှစွာသောယမ်းဖြင့် ပြည့်သော မီးရှုန်းကြီးကို စနက်ပေါက်မှ နှမ်းစေ့ခန့်ရှိသော အနည်းငယ်သောမီးပေါက်မီးပွားထိပါးခဲ့သည့်ရှိသော် ချိန်ဝင်ပိသာ ငါးဆယ်ခန့်ရှိသောယမ်းခဲကြီးသည် အကုန်လုံး ခဏခြင်း မီးအတိ ဖြစ်လေသကဲ့သို့တည်း။ ဤမွေကိုက်သော သူ၌ တကိုယ်လုံး ရုပ် သစ်ပြောင်းပုံ,ရုပ်ဟောင်းကွယ်ပျောက်ပုံကား ခြေဘဝါး အထည့် ဒြပ် ဖြစ်၍နေသော နကိုယ်ရုပ်ရကား-သာယာချမ်းမြသော ဇာဠရုပ် ရဖြစ်ကြောင်းကို အများသူပင် သိ၍၊ မွေကိုက်၍ မွေဆိပ် ပြန့်နှံ့ သည့်အတွက် နကိုယ်က မရှိသော ပူမှု,နာမှု,အောင့်မှု,အင့်မှု,ထိုး ကျင်မှု,ထုံမှု,ကျင်မှု,ကိုက်မှု,ခဲမှု,တောင့်မှု,တင်းမှု-စသော မချမ်း သာမှု,မသက်သာမှုရသည် ယခုမွေကိုက်သည်နှင့်တပြိုင်နက် ယခု မှဖြစ်လာသည်ဟု ထင်ရှားပါ၍၊ မေးမြန်းလျှင်လည်း ယခုမှဖြစ် လာသော အမှုပါဟု ပြောကြလတ္တံ့။ ထိုသို့ ပြောကြသော်လည်း ဇာတိသစ်, ရုပ်သစ်, ကလာပ်သစ်, ခဏတ်သစ်-ဟူ၍ မသိကြလေ။ အဟောင်း,အဟောင်း ဖြစ်သော နကိုယ် ရုပ်ကလာပ် ခဏတ်တို့၏ ပျက်မှု မပြီချက်ကို မရိပ်မိကြ,မသိကြလေ၊ ။ကိုယ်ခန္ဓာအတွင်း၌ ယခုဘာဖြစ်သည်, ဘယ်လိုဖြစ်သည်, ပေါက်သာသည်, ပေါ်လာ သည်, ဘယ်ရောဂါ ဖြစ်သည်, ဘယ်အနာ ဖြစ်သည်-စသည်ဖြင့် ဖြစ်လုံး, ပေါ်လုံး, ပေါက်လုံး နှင့် ပြောကြသမျှသော အမှုရသည် ဇာတိသစ်,ရုပ်သစ်,ခဏတ်သစ်, ကလာပ်သစ်,ပရမတ်သစ်ချည်းဟူ ၍မှတ်၊ ။ထိုဖြစ်လုံး,ပေါ်လုံး,ပေါက်လုံး ပြောဆိုရသမျှ အဟောင်း, အဟောင်း ရုပ်ခဏတ်ကလာပ်ပရမတ်တို့ ချုပ်ဆုံးကွယ်ပျောက်၍သာ ပေါ်လာနိုင်သည်၊ထိုရုပ်ဟောင်း, ကလာပ်ဟောင်း,ခဏတ်ဟောင်း ပရမတ်ဟောင်းတို့ ကွယ်ပျောက်ချုပ်ဆုံးချက်မှုအရသည်ပင်အနိစ္စ

www.dhammaransi.com



အချက်စုတို့ကိုသိရသည့်ချည်းတည်း။ ။မိမိကိုယ်ခန္ဓာတွင်တရတရသော နေရာ၌ရင်း, တကိုယ်လုံး၌ရင်း, ယခုပူ၍လာသည်ဟုသိလျှင် ယခုမှ ပေါ်သော ဓာတ်အသစ်ပေတည်း။ အသစ်ပေါ်လျှင် ထိုပေါ်ရာမှာ အဟောင်းပျောက်မြဲ။ တကိုယ်လုံးမှာ ယခုပူ၍လာသည်ဟု သိသာခြားနားရှိလျှင် တကိုယ်လုံးရှိ ရုပ်ဟောင်း, ဓာတ်ဟောင်း, ကလာပ်ဟောင်းစု ကွယ်ပျောက်၍ကုန်ပြီဟု သိရသည်။ ပြောင်းလဲပုံမြန်လှ၍သော ပြောင်းလဲမှန်း သိနိုင်ကြသည်။ ယခုအေး၍လာသည်, နာ၍လာသည်, ကျင်၍လာသည်, ထုံ၍, ကိုက်၍, ခဲ၍, ညောင်း၍, ညာ၍, တောင့်၍, တင်း၍, အောင့်၍, အင့်၍, ယား၍, ယံ၍လာသည်၊ ကျိန်း၍စပ်၍ လာသည်-စသည်ဖြင့် ကိုယ်သန္တာန်အတွင်း, အပ၌မခံသာသော အမှုခပ်သိမ်းဖြစ်မှု, ပေါ်ပေါက်မှုရသည် ဖြစ်မှန်း သိသာရာ, ပေါ်ပေါက်မှန်း သိသာရာ ကိုယ်အင်္ဂါ တရလုံး၌ ရုပ်ဟောင်း ကွယ်ဆုံး၍သော ဓာတ်သစ်, ရုပ်သစ် ပေါ်လာသည် မှတ်လေ။ ဤဝိကာတိဓာတ်, ဝိကာတိအနိစ္စအချက်အလက်နှင့်မကွာဖြစ်နေသည့် တွက်တာကြောင့် စိတ်အလိုရှိတိုင်း မနေသာ, မသွားသာ, မလာသာ, မပြုသာ, မကျင့်သာ၊ ဘေးဖြစ်ရန်အခွင့်, ရန်ဖြစ်ရန်အခွင့်, ဒဏ်ဖြစ်ရန်အခွင့်, ကိုယ်တွင်း အန္တရာယ်ဖြစ်ရန် အခွင့်, ကိုယ်ပအန္တရာယ်ဖြစ်ရန်အခွင့် အလုံးစုံမျိုးတို့ကို ကြောက်ရ, ရွံ့ရ, ထိတ်ရ, လန့်ရ, စိုးရိမ်ရ, ကြောင့်ကြရ, ပူပန်ရ, ရှောင်ရ, ရှားရ, ရပ်ရွာဖွဲ့စည်း၍နေရ, အိမ်ယာ, ဝင်းခြံ, အဝတ်, အစာနှင့် နေခြင်း-စသည်ဖြင့် ကြပ်တည်းကြရသေးသည်။ ထိုသို့ ကြပ်တည်းသော အမှုခပ်သိမ်းကို မြင်လျှင် ကိုယ်ခန္ဓာကြီး၏ ဒုက္ခအချက်ကို အကွက်ကျမြင်နိုင်လတ္တံ့။ ဤကား-မြွေကိုက်သောသူ ဥပမာ, ယမ်းမီးရုန်းကြီးဥပမာတို့ဖြင့် တကိုယ်လုံး၏ အမာခံဖြစ်သော ခက်မာမှု ဟူသော ကမ္ဘာမြေဟူ၍ ဟောတော်မူသော မြေဓာတ်၏ ခဏခြင်းဖောက်ပြန်မှု, ပြောင်းလဲမှုတွေ အလွန်မြန်လှကြောင်းကို ဆိုသော စကားရတည်း။

ထိုမြေဓာတ်ကို သိရလျှင် ဖြစ်အတူ ပျက်အတူ ဖြစ်သော ရေ

www.dhammaransi.com



ခေတ်,မီးခေါ်,လေခေတ်တို့လည်းအတွင်းပါဝင်တော့သည်ဟူ၍ သိလေ၊

ချဉ်ဦးမည်၊ ။အလွန်မာ၍ နေသော လူပမာဏရှိသော ချိပ်ခဲကြီး,ဖယောင်းခဲကြီး,အဆီခဲကြီးများကို ခဏခြင်း အတွင်းအပြင်နှံ့ပြားအောင် မီးရှိန် သင့်လေသောအခါ၊ ခဏခြင်း မာမှု အဆင့်ဆင့် ပြိုပျက်၍၊ ပြော့မှု အဆင့်ဆင့် တိုးတက်၍လာပုံ, မီးနှင့်ဝေး၍ ဒေးပြန်သောအခါ၊ ပြော့မှု အဆင့်ဆင့်ကွယ်ပျောက်၍ မာမှုအဆင့်ဆင့်တိုးတက်၍ သွားပုံများနှင့် အသားတူ မြင်အောင်ကြည့်လေ၊ မာမှု အဆင့်ဆင့်ပြိုပျက် ကွယ်ပျောက်၍ သွားသည်ကိုအတိမ္မော၌ မြေခေတ် အဆင့်ဆင့် ချုပ်မှု, ဆုံးမှု, ကွယ်ပျောက်မှု,သေမှုဆိုသည်၊ ၎င်းကိုပင် သုတ္တန်ဒေသနာ,အတိမ္မောဒေသနာတို့၌ နိရောဓ, ဘင်္ဂ,ခယ,ဝယ,အတ္တ,မရဏ, အနိစ္စဟူ၍ဟောတော်မူသည်၊ ။နိရောဓ၊ချုပ်၊ဘင်္ဂ၊ကွဲ၊ခယ၊ကုန်၊ဝယ၊ပျက်၊အတ္တ၊ကွယ်၊မရဏ၊ သေ၊ အနိစ္စ၊ မမြဲ၊ ။ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့သည် ထိုအမှုကို ဒိဋ္ဌပစ္စက္ခမြင်အောင် ရှုကြရကုန်သည်၊ ထိုအမှုကို မြင်သောဉာဏ်ကို ဟက္ခဏာတ္တယဉာဏ်,အလင်းကြီးဆိုသည်၊ ။ကဋ္ဌမုခမြွေ ဟူ၍ ဟောတော်မူသော မြေခေတ်ပထဝီ၏ အနိစ္စကို မြင်နိုင်လျှင် ပုတိမုခမြွေ ဟူ၍ ဟောတော်မူသော ရေခေတ်, အဂ္ဂိမုခမြွေ ဟူ၍ ဟောတော်မူသော မီးခေတ်, သတ္ထမုခမြွေ ဟူ၍ ဟောတော်မူသော လေခေတ်၊ ဤခေတ်ကြီးသုံးပါးတို့၏ ဖောက်ပြန်ပြိုပျက်ဆုံးကွယ်မှု၊ အသစ်,အသစ် ဖြစ်ပေါ်ပြောင်းလဲမှုတို့ကိုလည်း မြင်နိုင်လတ္တံ့၊ ။ရေခေတ်နိုက် ဖွဲ့စည်းမှု အဆင့်ဆင့် အားကြီး၍ သွားမှု အဆင့်ဆင့် ရော့ရဲ ပြေပျက်၍ သွားမှုသည် အဆင့်ဆင့် ချုပ်မှု နိရောဓ,ဘင်္ဂ,ခဏ,ဝယ,အတ္တ,မရဏ,အနိစ္စ-ပေတည်း၊

မီးခေတ်၌ ပူမှု အဆင့်ဆင့် တိုးတက်ချက်, ဆုတ်ယုတ်ချက်သည် ဒေးမှုအဆင့်ဆင့် တိုးတက်ချက် ဆုတ်ယုတ်ချက်သည် အဆင့်ဆင့် ချုပ်မှု-နိရောဓ, ဘင်္ဂ, ခဏ, ဝယ,အတ္တ, မရဏ,အနိစ္စ ပေတည်း၊

လေခေတ်၌တောင့်တင်း သန့်မာမှု အဆင့်ဆင့် တိုးတက်ချက်, ဆုတ်ယုတ်ချက်ရသည့် အဆင့်ဆင့် ချုပ်မှု-နိရောခ, ဘင်, ခဏ, ဝသ,အဏ္ဏ,မရဏ,အနိစ္စ ပေဘည်း။

ဤသို့သော အနိစ္စကို မြင်မှ လက္ခဏာတ္တယဉာဏ်,အလင်းသို့ ပေါက်ရောက်သည်။ ဝိပဿနာဉာဏ်အစစ် ဖြစ်သည်ဟု ဆိုလိုသည်၊လောက၌ သေချိန်ကျ သေရချေ့၊ အိုချိန်ကျ အိုရချေ့၊ ပျက်ချိန်ကျ ပျက်ရချေ့ဟု ရှုကြ မြင်ကြသော အရာသည် ဝိပဿနာဉာဏ်ပင် မဟုတ်၊ လက္ခဏာတ္တယဉာဏ် မဟုတ်၊ ကုလား,တရုပ်, ချင်း, ကရင်တို့သည်း မြင်ကြသော အမှုပင် ဖြစ်သတည်း။

ဤသို့ခန္ဓာကိုယ်၌၊ခေတ်ကြီးလေးပါးတို့၌သက္ခဏာတ္တယဉာဏ် အသင်းသို့ ပေါက်ရောက်အောင် ကြည့်နည်းတည်း၊

---

## ဝိညာဏ်ခြောက်ပါးတို့၏ အနိစ္စလက္ခဏာကို ပြဆိုခြင်း။

ထိုဝိညာဏ်ခြောက်ပါးတို့တွင် အရာကျယ်သောကြောင့်ရင်း, ငရဲမီးအသိုက်အအုံ အသွန်ကြီးလှသောကြောင့်ရင်း-မနောဝိညာဏ်ကို ရှေးဦးစွာပြရာ၏၊မနောဝိညာဏ်မည်သည် နေ့နေ့,ညည၊ခဏမစဲ၊ နှလုံးထဲမှာ တရှိန်တည်း, တဆက်ဘည်း, တရဘည်း-ဖြစ်၍ အမြဲတည်နေသည်ဟု စွဲလမ်း၍ နေကြ၏၊ငါထိသည်, ငါကြိုသည်, ငါ တွေးသည်, ငါ ဆသည်-အစရှိသည်ဖြင့် သက္ကာယဒိဋ္ဌိ-ငရဲ မီးတောက်, မီးလျှံမစဲ ထ၍ ထ၍နေ၏၊ ထိုမနောဝိညာဏ်ရ၏ ဖြစ်ပေါ်ရန် ဌာနကား နှလုံးအိမ်တည်း၊ ထို နှလုံးအိမ်တွင်းမှာလည်း သွေးသည် တသက်ဘက်ခွဲခန့်ရှိ၏၊အောက်၌တည်ရှိသော ပါစကဝမ်းမီး-တကိုယ်လုံးတွင် ထက်သန်းကျင်မှာ တည်ရှိသော‘ဥသ္မာ’ ခေါ်သော ကိုယ်စောင့် ခေတ်မီးတို့ကြောင့် ထို နှလုံးသွေးသည် စမ်းချေပွက်မှာ စမ်းပွက်ရကဲ့သို့ အခါခပ်သိမ်း ဆူဆူတက်ပွက်၍ နေသောအခြင်းအရာရှိ၏၊ မနောဝိညာဏ်၏ မှီရာဟာဒယဝတ္ထုရုပ်ရသည့် ထိုသွေးမှာ အသိန်း,အသန်းခက တည်ရှိ၏၊ထိုဟာဒယဝတ္ထုရုပ်ရသည်း နှလုံးသွေးမှာ လှိုင်းစီး၍ တည်နေ၏။ မနော

www.dhammaransi.com



ဝိညာဏ် ဟူသမျှသည် ထိုဒဟာယဝတ္ထုရုပ်ပေါ်မှာ တသွားသွား ဖြစ်ပေါ်၏၊ ပြိုးပြိုးပြက် ရှိုးရှိုးရက် တလက်လက်,တသင်းလင်းနေ၏၊ ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ-ဟူ၍၎င်း, ပဏ္ဍရံ စိတ္တံ-ဟူ၍၎င်း-ဟောတော်မူ၏၊

ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဒံစိတ္တံ၊ ဤစိတ် ဝိညာဏ်မည်သည်၊ ပဘဿရံ၊ ပြိုးပြိုးပြက် ရှိုးရှိုးရက်၊ တလက်လက် တသင်းလင်းရှိ၏၊ စိတ္တံ၊ စိတ်ဝိညာဏ်သည်၊ ပဏ္ဍရံ၊ ဆွတ်ဆွတ်ဖြူ၏၊

မျက်မြင်မျိုးမဟုတ်၊ ဉာဏ်မြင်မျိုးပေတည်း၊ မျက်မြင်မျိုး အသွင်မှန်း၍ ဉာဏ်မျက်စိနှင့်ကြည့်သော်သည်း ကိစ္စမရှိ၊ ၊ဝိဇ္ဇုပြပါဒ်၊ ၀ အဓာကာသေ ဥပ္ပဇ္ဇိတွာ ဝယန္တိ-ဟူသည်နှင့် အညီ၊ လျှပ်၏ ဖြစ်ခြင်း,ပျက်ခြင်း-မြန်ပုံကဲ့သို့ ထင်မြင်၍ ဥဒယစွန်း,ဝယစွန်း-ဤ အစွန်းနှစ်ခုကို ဉာဏ်ဖြင့် ထိထိမိမိ အားရ, ပါးရမြင်နိုင်မှုသည်သာ ပမာဏတည်း၊ တသိမ့်သိမ့်, တအိမ့်အိမ့်ကဲ့သို့ နေသော ထိုနှလုံး သွေးမှာလည်း ဖြစ်ပေါ်ရာ ဌာနအများ ကွက်ဘော်၍ ကြည့်၊ အလယ်၌ပေါ်သော အခါလည်း ရှိသည်၊ ရှေ့အဘို့ အစွန်းအနား၌ ပေါ်သောအခါလည်းရှိသည်၊ နောက်အဘို့ အစွန်းအနား၌ပေါ်သော အခါလည်းရှိသည်၊ လက်ျာဘက် အစွန်းအနား၌ ပေါ်သော အခါ လည်းရှိသည်၊ လက်ဝဲဘက် အစွန်းအနား၌ ပေါ်သောအခါလည်း ရှိသည်-ဤသို့စသည်ဖြင့် ဖြစ်ပေါ်ရာ ဌာနအကွက်သည် အရာမက များ၏၊ ပေါ်ရာ,ပေါ်ရာဌာနမှာ ချုပ်ပျောက်မြဲဓမ္မတာတည်း၊

နှလုံးတွင်းခန့် ပမာဏရှိသော မျက်လုံးသားအပြင်-အစရှိသော ထိုထိုကိုယ်အင်္ဂါအကွက်မှာ မြဲမြဲထက်သောအပ်ဖျားနှင့် တချက် တနေရာထိုး၍ သွားလျှင် နာမှု ဟူသောနာမကက္ခန္ဓာအပုသည် ထိုထို အချက်မှာ အသီးအသီးဖြစ်ပေါ်၍ ဖြစ်ပေါ်ရာဌာနမှာ အသီးအသီး ကွယ်ပျောက်၍ သွားသည်ကို ထင်ရှား သိနိုင်, မြင်နိုင်သကဲ့သို့ သူ့အကွက်နှင့်သူ၊ အသီးအသီးဖြစ်မှု,ပျက်မှုကို ထိထိ,မိမိ မြင်နိုင်, ထင်နိုင်စေ၊ ဥပမာကား တရသောပုသင်းငယ် အတွင်းမှာ တ လက်ဘက်၏ ထက်ဝက်ခန့် ပမာဏရှိသော ခြင်းခြင်းနီသော မှန်

www.dhammaransi.com



ကဲ့သို့ ကြည်လင်လှစွာသော ထိုထိုဝတ္ထုကို အလွန်မြန်မြန်ကြီး ကုန်ပျောက်အောင် စားနိုင်သော ဆေးရည်သည် ရှိရာ၏။ အလွန်နူးညံ့လှစွာသော အလွန်လည်း သိမ်မွေ့ သေးငယ်လှစွာသော ဆွတ်ဆွတ်ဖြူသော အပြေးအသွားလည်း အလွန် မြန်ထက်သော သံသေဒ ပိုးငယ်မျိုးဘမျိုးသည် ထိုဆေးရည်ထည်းမှာ ထိုထို နေရာ၌ ခုတင်ရ, ခဏမစဲဖြစ်ပေါ်၏။ ထိုထိုပေါ်သော နေရာမှာပင် အပြေးအမြန်လောက်လက်၍ ဆေးရည်၏စားချက်ဖြင့်မျက်တောင် တခတ်အတွင်းမှာ လျင်မြန်စွာ ကုန်ပျောက်ကွယ်ဆုံး၍, ကွယ်ဆုံး၍ သွားသည်ကို မျက်စိမှာ ထင်ရှားစွာ မြင်ရာ၏၊ ဤဥပမာနှင့် အလွန်တူစွာ မြင်စေရမည်၊

စိတ်ဝိညာဏ်၏ အဖြစ်, အပျက်-အပြောင်း အလဲ၊ မြန်လှမှု ကြောင့်လည်း နှလုံးသွေးတခုလုံးမှာ ဘယ်နေရာမှာမဆို ကြည့်လိုက်တိုင်း, ကြည့်လိုက်တိုင်းမှာပင် ရှရှ ရှရှအနေနှင့် မြင်လတ္တံ့။ ငါသိသည်ဟူ၍, ငါကြီးသည်ဟူ၍-ခဏမစဲ အမြဲ ထင်မြင်၍နေကြသော စိတ်ဝိညာဏ်အကြီအသိရနှင့် ထိုထိုရှရှထင်မြင်ရသော အချက်ရသည် တခုတည်း,တချက်တည်း-ထင်မြင်၍ သွားမှ နေရာကျသည်၊ နှလုံးသွေးထဲမှာ ရှရှ, ရှရှ ခုတင်ရ၊ ဖြစ်ပေါ်မှု, ပျောက်ပျက် ကွယ်ဆုံးမှုကိုပင် ထင်မြင်ပါသော်သည်း ကြီးမှု,သိမှုတွေက တခြားနေသျှင် နေရာမကျ၊ ငါကြီးသည်, ငါသိသည်-ဟူသောငရဲမီးကို မထိ၊ ရှုမှု, ထင်မှု,မြင်မှု-ထဲမှာ ထိုငရဲမီးမပါဘဲ လွတ်၍ မနေစေနှင့်၊ ရှုသောဉာဏ်,မြင်သောဉာဏ်, ထင်သောဉာဏ်ရကိုလည်း တလှည့် တလှည့်ပါလေအောင် ချပ်၍ ကြည့်ရမည်၊ ။ဖေဏပိဏ္ဍူပမံ ကာယဉ္စမံ ဝိဒိတွာ၊ မရီစိဓမ္မံ အဘိသမ္ဗုဒ္ဓါနော။(ဓမ္မပဒပါဠိတော်) ဤပါဠိတော်မှာ ရုပ်ခန္ဓာကိုရေမြှုပ်စိုင် ရေမြှုပ်ခဲကဲ့သို့ နာမ်ခန္ဓာရကို တံလျှပ်မြှင်တွေ, တံလျှပ်ရောင်တွေကဲ့သို့ ထင်မြင်နိုင်ပါလျှင် သေမင်း မမြင်နိုင်သော နိဗ္ဗာန်သို့ ရောက်၏ ဟု ဟောတော်မူရာ၌လည်း အနှစ်သာရမရှိမှု သဏ္ဍာန်အသွင် ထင်မြင်မှု နှစ်ချက်စီရသော ဥပမာစုပင်မှတ်ရမည်။

www.dhammaransi.com



တံလျှပ်ဆိုသည်ကား-မိုးဦး, နွေလအခါ၌ ရေမရှိဘဲ ခြောက်သွေ့၍ နေသောအင်းပြင်ကြီးများမှာ မွန်းတည့်,မွန်းတိမ်းနေပူအား ကောင်းတုန်းအခါတွင်မလှမ်းမကမ်းကနေ၍ အင်းပြင်ကြီးကိုကြည့် မျှော်သောအခါ အင်းပြင်မှာ–လျှမ်းလျှမ်း, လျှမ်းလျှမ်းထ၍ နေသည် ကို မြင်ရ၏၊နွေအခါ ရေငတ်လှ၍ ရေရှာကြသောငါးရာ,တထောင်-စသောတောသမင်တို့သည် ထိုတံလျှပ်တွေကို မြင်ကြလျှင် ရေတွေ ထင်၍ သောက်ချင်အားကြီး ပြေးကြ၏၊အင်းအပြင်သို့ ဆင်းမိကြ လျှင် ထိုနေရာမှာ ကွယ်ပျောက်၍အင်းအလယ်မှာမြင်ရပြန်၏၊ အင်း အလယ်သို့ ရောက်ပြန်လျှင် ထိုနေရာမှာ ပျောက်၍ဟိုဘက်အင်း ကမ်းနားမှာ ထင်ရ၏၊ ထိုနေရာသို့ ရောက်ပြန်လျှင် ပျောက်ပြန်၏၊ အင်းလယ်မှာ မြင်ပြန်၏၊ ပြေး၍ ရောက်လျှင်ပျောက်ပြန်လေ၏၊ရှေ့ တဖူ ကမ်းနားမှာ ထင်ပြန်၏၊ပြေး၍ ရောက်လျှင် ပျောက်ပြန်၏၊ တဘန် အင်းလယ်မှာ ထင်ရ၏၊ ပြေးရင်းနှင့်ပင်မောပန်း၍ အင်း အပြင်မှာပင် သေဆုံးကြရကုန်၏၊

ဤ၌ တံလျှပ်ဆိုသည်ကား–အင်းပြင်, မြေထဲမှာ မိုးရွာ၍ တက်သော ရေအခိုးစုပေတည်း၊အပေါ်တည့်တည့်က ကျသောနေရောင် ခြည်စုပေတည်း၊ ထိုအခိုးတို့မှ ကြောက်လေ၍ ရေခိုး, နေရောင် ခြည်စုပေတည်း၊ ထိုအခိုးတို့မှ ကြောက်လေ၍ ရေခိုး,နေရောင်-နှစ် ချပ်ကို တံလျှပ်ခေါ်သတည်း၊ အလွန်နီးကပ်သော နေရာကကြည့် လျှင်မမြင်ရ၊ ပျောက်ကွယ်၍ ကုန်သကဲ့သို့ ထင်ရ၏၊ နေရောင်နှင့်ပ ဏာရသော နေရာက ကြည့်မှ မြင်ရသည်၊ ကိုယ်တွင်းမှာ ခဏခဏ အာရုံရှိရာသို့ ရှေ့ရှုဖြစ်ပေါ်၍ နေသော နာမ်ခန္ဓာစုကို တံလျှပ်မြင်, တံလျှပ်ရောင်တွေနှင့် အတူထင်မြင်စေရသည်ဟုဆိုလိုသည်၊ အဖြစ် အချုပ်ကို ပိုင်းခြားနိုင်သည်သာ ပမာဏတည်း။ ။အနိစ္စဆိုသည် ကား,အဖြစ်,အချုပ်ကို အမိဘမ်းမှုပေတည်း၊

ပြဆိုခဲ့ပြီးသောအတိုင်း ဝိညာဏ်ခြောက်ပါးတို့၏ တရားကိုယ် နှင့်တကွ ဖြစ်မှု,ပျက်မှုကို ထင်မြင်သောအခါ အာရုံခြောက်ပါးနှင့် စပ်၍ ထို ဝိညာဏ်ခြောက်ပါးတို့၏ ပရိစ္စသမုပ္ပါဒ်အစုကို ကြည့်

10

ရှုရာ၏၊ ဤအနိမ့်အချက်၌ ထင်မြင်ပါသျှင် အနတ္တအတွင်းဝင်တော့ သည်၊

---

## စက္ခုဝိညာဏ်စိတ်ကို ပြခြင်း။

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ ။ ပဋ္ဌာန်းပါဠိတော်၊ ။ရူပေစ၊ ထိုထိုရူပါရုံတို့ကိုလည်း၊ ပဋိစ္စ၊ အစွဲပြု၍၊ စက္ခုဉ္စ၊ စက္ခုပသာဒရုပ်ကိုလည်း၊ ပဋိစ္စ၊ အစွဲပြု၍၊ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ အသစ်,အသစ် ဖြစ်ပေါ်၏။ ။ထိုထိုရူပါရုံ ဆိုသည်ကား-အဘိဓမ္မာ ဝေါဟာရမျိုးတည်း၊ ရူပါရုံ၏ မှီရာ အဋ္ဌကလာပ်ဩဇဝဏ္ဏနှင့်တကွ ကိုင်၍ပြမှ သာ၍ထင်ရှားသည်၊ လူ၏အဆင်း, နွား၏အဆင်း, တုံး၏အဆင်း, တိုင်၏အဆင်း-ဟု ပြောဆိုသည်ကားအဘိဓမ္မာဝေါဟာရမျိုးတည်း၊ လူကိုမြင်သည်, နွားကိုမြင်သည်, တုံးကိုမြင်သည်, တိုင်ကိုမြင်သည်-ဟု ပြောဆိုကြသော ဝေါဟာရမျိုးကား-မျိုကြ, စားကြသော ထမင်း, ခဲဖွယ်, ဘောဇဉ်ဟုကို ကဗဠီကာရ အာဟာရပြောဆိုကြသကဲ့သို့ သဝဏ္ဏက ကထာမျိုးတည်း၊ အဘိဓမ္မာ ပါဠိတော်ကြီးများမှာပင် သဝဏ္ဏက ကထာမျိုး, ပရမတ္ထကထာမျိုး-ဟု နှစ်မျိုး လာရှိ၏၊ မျိုကြ,စားကြသော ဘောဇဉ် ခဲဖွယ်ဝတ္ထု ဩဇတို့ကို ကဗဠီကာရ အာဟာရဟု ခေါ်ဝေါ်မှုကား- ဩဇဝဏ္ဏနှင့်တကွ ကိုင်၍ပြသော ဝေါဟာရကထာမျိုးတည်း၊ ဩဒနော,ကုမ္မာသော,သတ္တု,မစ္ဆော, မံသံ" အစရှိသည်ဖြင့် ဓမ္မသင်္ဂဏီ ပါဠိတော်များမှာပင် ထိုဝေါဟာရလာပါ၏၊ မျိုအပ်သောထမင်းမှာ အဋ္ဌကလာပ်ရုပ်ရှစ်ခု ရှိ၏၊ ထိုရှစ်ခုအတွင်းမှာ 'ဩဇာ' ဟူသော အာဟာရရုပ်ပါရှိ၏၊ ထိုရုပ်ကို အသီးအခြားထုတ်၍ ကဗဠီကာရ ဝေါဟာရ ခေါ်သည်ကား နိပ္ဖတ္တိက-ပရမတ္ထဝေါဟာရတည်း၊ ထိုနှစ်ပါးတွင် ထင်ရှားစေခြင်းငှါ ဤအရာ၌ သဝဏ္ဏက ဝေါဟာရကိုပြဆိုပေအံ့၊ ရူပေ၊ ထိုထိုရူပါရုံတို့ကိုအစွဲပြု၍ စက္ခုဝိညာဏ်စိတ် အသစ်အသစ် ဖြစ်ပေါ်

မှုဆိုသည်ကား- နံနက်အခါ၌ အိပ်ရာက ထသည်မှစ၍ ညဉ့်အခါ အိပ်ရာသို့ဝင်သည့်တိုင်အောင် တနေ့လုံး၌ ပဌမဘယ်ဟာကို မြင်သည်, ဒုတိယ ဘယ်ဟာကိုမြင်သည်-အစရှိသည်ဖြင့်အစဉ်ရှိသည်သာ ဖြစ်၏၊ ထိုသို့ စီစဉ်၍မှုကား-ပြောခြင်းငှာ မတတ်နိုင်အောင် အချက်များလျက်ရှိ၏၊ ပဌမ လူကိုမြင်သည်, ဒုတိယ နွားကို မြင်သည်-အစရှိသည်ဖြင့်၎င်း၊ လူကိုမြင်ရာ၌လည်း ကျောက်ကုန်းကို ပဌမမြင်သည်, ၎င်းနောက် ဦးခေါင်းကို ဒုတိယမြင်သည်-စသည်ဖြင့်၎င်း အစဉ်အတိုင်း မြင်သွားရသော များပြား လှစွာသော အဆင်းသဏ္ဍာန် အထည်ဝတ္ထုမျိုးတွေကို ရည်၍-ရူပ၊ ထိုထိုရူပါရုံတို့ကို ဟု ဆိုသတည်း၊ ထိုထိုဝတ္ထု ဒြဗ်ကိုမြင်ရာ၌ သူ့ဝတ္ထုဒြဗ်နှင့် သူ့စက္ခုဝိညာဏ် အသစ်, အသစ် ဖြစ်၍ မြင်သည် ဟူလိုသတည်း၊

ထိုစကားကို ထင်ရှားရုံချဲပြီးအံ့၊ ၊တုံးနှင့်မျက်နှာ တယ်မိကြသည်နှင့်တပြိုင်နက် တုံးရိပ်သည် စက္ခုပသာဒရုပ်မှာ ထင်၏၊ ထိုတုံးရိပ် ထင်မှုသည် ပရမတ္ထသဘာဝအရာ၌ စက္ခုပသာဒရုပ်မှာ မိုးစင်းကြီး ကျသကဲ့သို့ အဟုန်နှင့်တကွ ခိုက်တိုက်၍ ပသာဒရုပ်ကြည့်တွင် တုံးရိပ်ထင်ပေါ်မှုဖြစ်သတည်း၊ ထိုတုံးရိပ်ခိုက်မှုဒဏ်ချက်ကြောင့် ထိုအရိပ် ထိခိုက်ပေါ်ရှိ၍နေရာမှာ တုံးကို မြင်သော စက္ခုဝိညာဏ် ဖြစ်ပေါ်လေသတည်း၊ မီးခတ်မှာ ကျောက်ထိခိုက်ရာ၌ ထိခိုက်မှုဒဏ်ချက်ကြောင့် မီးပွင့်တွေ တဖွားဖွားပေါ်ဘိသကဲ့သို့တည်း၊ မျက်တောင်တခတ်သျှင် ခတ်တိုင်း,ခတ်တိုင်း ထိုတုံးရိပ်ကွယ်ပျောက်၏၊ တုံးရိပ်ကွယ်ပျောက်တိုင်း,ကွယ်ပျောက်တိုင်း သူ့တုံးရိပ်နှင့် သူ့စက္ခုဝိညာဏ် အပြီးချုပ်ပျောက်ရပါလေ၏၊ တခြားတပါးကို မျက်နှာလွှဲရာ၌ ဆိုဘွယ်မရှိ၊မျက်တောင်ကို တွေ့ချိပြန်လျှင် တွေ့ချိတိုင်း,တွေ့ချိတိုင်း တုံးရိပ် အသစ်, အသစ် ခိုက်ပေါ်မှ စက္ခုဝိညာဏ် အသစ်, အသစ်ဖြစ်ပေါ်မှုကိုလည်း သိလေ၊ တုံးကိုလွှတ်၍ တိုင်ကိုမြင်သောအခါ၌လည်း ဤနည်းအတိုင်းပင်၊ တိုင်ကိုလွှတ်၍တရုံဘရကိုမြင်ပြန်ရာ၌လည်း ဤနည်းအတိုင်းပင်၊

www.dhammaransi.com



ထို့ကြောင့် ထိုထိုဝတ္ထုဒြဗ်ကို မြင်ရာ၌ သူ့ဝတ္ထုဒြဗ်နှင့်သူ့ စက္ခုဝိညာဏ် အသစ်,အသစ် ဖြစ်ပေါ်မှုကို သိအပ်သတည်း။

တုံးရိပ်, တိုင်ရိပ်-စသည့် ခိုက်မှု, တိုက်မှု, ဒဏ်ရမှုသော ထိုဝိညာဏ် ဖြစ်ပေါ်နိုင်လေရကား-ရှုပေါ်ထိုထို ရူပါရုံတို့ကို အစွဲပြု၍ ဖြစ်ရာ၌ အစွဲပြု ဟူသော အချက်ပေါ်လေသတည်း၊ ထိုသို့ထိုထို တုံး,တိုင်-စသော ရူပါရုံ ဝတ္ထုဒြဗ်တို့၏ ထိခိုက်မှုနှင့်သာဖြစ်ပေါ်ရ လေသောကြောင့်၊ တုံးကိုမြင်သောအခါ မျက်စိမှာ ဖြစ်ပေါ်သော စက္ခုဝိညာဏ်သည် တုံးက လုပ်၍ ပေးသော စက္ခုဝိညာဏ်ပေတည်း၊ တုံးက လုပ်၍,ဘန်ဆင်း၍ပေးသောစက္ခုဝိညာဏ်နှင့်တုံးကိုမြင်ရသည်၊ ၊တိုင်က လုပ်၍ ပေးသော စက္ခုဝိညာဏ်နှင့် တိုင်ကို မြင်ရသည်- အစရှိသည်ဖြင့် အကုန်သိလေ၊ ဥပမာကား အသက် တသိန်း တန်းမှာ တနှစ်,တနှစ်လျှင် လင်တယောက်, တယောက်သေ၍ နှစ်စဉ်အတိုင်း လင်အသစ်,အသစ် တယောက်,တယောက်ယူရ၍ အနှစ်ငါးသောင်း ကာလပတ်လုံး သားပေါင်း ငါးသောင်း ဘွားမြင်ရာ၏။ ထိုသားတို့ကား-အဘအသီး အသီးတည်း၊ သားတို့ကို ကွဲပြားအောင်ပြောလိုသျှင်အမိနှင့်ပြော၍ မကွဲပြားနိုင်၊ အဘနှင့်ပြောမှ ဤသူကား မည်သူ၏သား တည်း,ဤသူကား မည်သူ၏ သားတည်းဟု ကွဲပြားရာ၏၊ စက္ခုပသာဒရုပ်သည် ထိုအမိ မိန်းမနှင့် တူ၏၊ တုံး,တိုင်-စသော ရူပါရုံ ဝတ္ထုဒြဗ်တို့သည် အဘ ငါးသောင်းနှင့်တူ၏၊အသစ်,အသစ်ဖြစ်၍သွားသောစက္ခုဝိညာဏ် စသည်သည် သားငါးသောင်းနှင့် တူ၏၊ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" စသည် ဟောတော်မူသော ပါဠိတော်ကို ထောက်လေ၊

တုံး,တိုင်-စသည်ကိုအစဉ်အတိုင်းအိပ်ရာဝင်သည်တိုင်အောင် တနေ့လုံး၌ မြင်၍သွားသော ထိုပုဂ္ဂိုလ်သည် တုံး၏သား ဖြစ်သော စက္ခုဝိညာဏ်နှင့် တုံးကို မြင်သည်၊ တိုင်၏ သားဖြစ်သော စက္ခုဝိညာဏ်နှင့် တိုင်ကို မြင်သည်-အစရှိသည်ဖြင့် ဆိုထိုက်လေသတည်း၊

www.dhammaransi.com



ဥပမာတနည်းကား၊ ဝဲယာ နှစ်ဘက်၌ လူတရပ်ခန့် အမြင့်ရှိသောသစ်ပင်ပေါင်းတထောင်စိတန်းလျက် ရှိနေသောလမ်းတခုမှာ ဖန်တုံးကြီးတခုကိုပင့်မြှောက်ယူဆောင်၍အပြေးသွားရာ၌ ထိုထိုသစ်ပင် ဥပစာသို့ ရောက်လေရာ, ရောက်လေရာ ဖန်တုံးကြီးမှာ အရိပ် အသီး,အသီး ပေါ်လေရာ၏၊ ဖန်တုံးကြီးနှင့် စက္ခုပသာဒ၊ ထိုထိုသစ်ပင်နှင့် ထိုထို ရူပါရုံ ဝဏ္ဏဓာတ်, ထိုထိုသစ်ပင်ရိပ်နှင့်ထိုထိုစက္ခု ဝိညာဏ်တို့၏၊ ဖြစ်ပေါ်မှု ကွယ်ပျောက်မှုလည်း အသီး,အသီးတို့ကြ၏၊ ။စက္ခုဝိညာဏ်ပြီး၏။

ထိုထိုအသံမျိုးတို့နှင့် သောတဝိညာဏ်, ထိုထို အနံ့မျိုးတို့နှင့် ဃာနဝိညာဏ်,ခံတွင်းမှာရောက်လာသော ထိုထိုရသာရုံဝဏ္ဏဓာတ်မျိုးတို့နှင့် ဇိဝှါဝိညာဏ်,ကိုယ်အင်္ဂါ အတွင်း,အပမှာ ထိခိုက်လာသော ထိုထိုဖေါဋ္ဌဗ္ဗာရုံ ဝဏ္ဏဓာတ်မျိုးတို့နှင့် ကာယဝိညာဏ်-ဤဝိညာဏ်တို့ကိုလည်း စက္ခုဝိညာဏ်အတိုင်း သိလေ၊

မနောဝိညာဏ်မှာမူကား-အာရုံမျိုးအလွန်အထွေအပြားများလှ၏။ကုသိုလ်စိတ်မျိုး,အကုသိုလ်စိတ်မျိုး,စက္ခုဝိညာဏ် အစရှိသော အဗျာကတ စိတ်မျိုး, ထိုစိတ်မျိုးတို့မှာ ယှဉ်သော လောဘတရား, ဒေါသတရား,မောဟတရား-အစရှိသောအကုသိုလ်တရားစု,သဒ္ဓါ ပညာ,သတိ-အစရှိသောကုသိုလ်အဗျာကတ ဓမ္မစု,ဖဿ,ဝေဒနာ သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဝိတက်, ဝိစာရ,အဓိမောက္ခ,ဝီရိယ,ပီတိ,ဆန္ဒ-ဟူသော ဓမ္မစု၊ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါး-အစရှိသောဓမ္မစု၊ အာပေါဓာတ်, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထု, ဇီဝိတ, အာဟာရ, ဇာတိ,ဇရာ,မရဏ-အစရှိသောဓမ္မစု-ဤအလုံးစုံသည်ဓမ္မာရုံမည်၏။ ရူပါရုံ, သဒ္ဒါရုံ-အစရှိသော ပဉ္စာရုံတို့သည်လည်း မနောဝိညာဏ်နှင့် ဆိုင်ကြကုန်သေး၏၊ မနောဝိညာဏ်၏ အာရုံမှာ အာရုံခြောက်ပါးလုံးပင်အာရုံရ၏။ထိုခြောက်ပါးသည် အမိဝမ်းကတွင်းမြင်သည်မှစ၍ယခုနေ့,ယခုနာရီတိုင်အောင် အတိတ်,နှစ်,လ,နေ့,ရက်တို့က တသက်လုံးခဏ မစဲ တွေ့ကြုံခဲ့ဘူးသမျှသော အာရုံခြောက်ပါး,ယ

www.dhammaransi.com



ချနာဂါရီမှ နောက်ခဏ နောံကာလတို့မှာယချနာဂရိကမြှော်မြင်၍သိနိုင်ရသောအာရုံခြောက်ပါး, နောက်နောက်ဘဝတို့ကို လှမ်း၍ ယခုကမြှော်ရသော အာရုံခြောက်ပါး, ကျမ်းဂန်အဆို ထိုထို လူပြော,ရှင်ပြောနှင့်သိနိုင်ရသော ခပ်သိမ်းသော အာရုံခြောက်ပါးပ-ဤအလုံးစုံသည်မနောဝိညာဏ်၏အာရုံပချည်းဘည်း၊ မစဲ ဖြစ်၍နေသောစိတ်အကြီအစည်ပတွင် အိပ်ပျော်စဉ် ဘဝင်ကိစ္စနှင့် ခဏမစဲဖြစ်၍နေသော မနောဝိညာဏ်ပမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟူသောအာရုံပကို အာရုံပြုသည်၊ အိပ်ရာက နိုး၍ လာသည့်မှစ၍ အိပ်ရာဝင်၍ အိပ်ပျော်သည့်တိုင်အောင် ပြဆိုခဲ့ပြီးသော အာရုံပတွင် အကြောင်းအခွင့် ဆိုက်တိုက်ရာ တခုခုသော အာရုံကို ၎၍ ထင်မြင်သည့်မှ ခဏအစဉ့်အတိုင်း သူတလဲ,ငါတလဲ၊ မစဲအောင်ထင်လေတော့သည်၊ ဤ ဝိထိမနောဝိညာဏ်ပမှာသည်း ပြဆိုခဲ့ပြီးသော အာရုံပတွင်အကြောင်းအခွင့်ဆိုက်တိုက်ရာ တခု,တခုသော အာရုံသည်ဘဝင်ခွဲ၍တိုက် လှုံ့ဆော်၍ ပေးပြီးမှ၊ ထိုလှုံ့ဆော်သော တခု,တခုသော အာရုံကိုအာရုံပြု၍ သိမှု,ကြံဘန်မှု-ဟူသောမနောဝိညာဏ်တခုခု နှလုံးထဲမှာ ဖြစ်ပေါ်လေသည်၊ တွေ့ကြုံဆိုက်တိုက်သော အကြောင်းမျိုး,အခွင့်မျိုးသည်း ဘယ်ခဏမှာမှ မလပ်၊ ဗိုင်းလျက်,အုံလျက်၊ တရုံးရုံးတွေ့ကြုံ,ဆိုက်တိုက်မှုမစဲပြီ၊ ဆိုက်တိုက်သောအခွင့်နှင့်စပ်လျဉ်းသော တမျိုး, တမျိုးသော အာရုံသည်း ဘဝင်မှာ ထင်မှု,ခိုက်မှု,လှုံ့ဆော်မှု မစဲပြီ၊ ထိုထိုအာရုံလှုံ့ဆော်တိုင်းဟဒယဝတ္ထု၊ အတွင်းမှာဖြစ်ပေါ်ကာ, ဖြစ်ပေါ်ကာ နေရသော အမှု, တသုတ်,တသုတ် ချုပ်ပျောက်ကာ, ချုပ်ပျောက်ကာ နေရသော အမှုသည်း မစဲပြီ၊

မစဲပြီဆိုသည်ကား-သူသူ, ငါငါ-သတ္တဝါတို့၏ အထင်အမြင်အတိုင်းဆိုသည်။ မချအားဖြင့်သော်ကား-စေတသိက်,စိတ်နာမက္ခန္ဓာလေးပါးတို့ခည်သည် စက္ခုမှာဖြစ်ပေါ်ခိုက်စက္ခုမှာသာရှိကြကုန်သည်၊ ကြွင်းသော တကိုယ်လုံးမှာ မရှိကြကုန်။ သောတမှာ ဖြစ်ပေါ်ခိုက်သောတမှာသာရှိကြကုန်သည်၊ ဃာနမှာဖြစ်ပေါ်ခိုက်ဃာနမှာ

www.dhammaransi.com



သာရှိကြကုန်သည်၊ ဗိုက်မှာဖြစ်ပေါ်ခိုက်ဗိုက်မှာသာရှိကြကုန်သည်၊ ကိုယ်အင်္ဂါတခုခုမှာဖြစ်ပေါ်ခိုက် ထိုနေရာမှာသာရှိကြကုန်သည်၊ နှလုံးထဲမှာ ဖြစ်ပေါ်ခိုက် နှလုံးတွင်းမှာသာ ရှိကြကုန်သည်၊ ထိုမှ ကြွင်းသောကိုယ်မှာမရှိကြကုန်၊ မျက်တောင်တခတ်အတွင်းမှာပင် အခါပေါင်းကုဋေ တသိန်းမျှတိုင်အောင်အဖြစ်, အပျက်မြန်လှသည့် အတွက်ကြောင့် တကိုယ်လုံးမှာပင် ပြိုင်လျက် ဖြစ်နေသကဲ့သို့ထင် ရသည်၊ မျက်စိနှင့်တယ်ဘာကို ငါမြင်သည်ဟု ထင်၍ နေဆဲမှာပင် စက္ခုဝိညာဏ်အစဉ်၏အကြား,အကြားမှာ ဟဒယဝတ္ထုန္ဒိမနောဝိ ညာဏ်ပေါင်းမစဲအောင်ပင်ဖြစ်နိုင်,ချုပ်နိုင်သည်၊ သောတဝိညာဏ် စသည်တို့လည်း သူတို့အာရုံ ခိုက်မှုရှိလျှင် မစဲအောင်ပင်ဖြစ်နိုင်ချုပ် နိုင်သည်၊ ထို့ကြောင့် မျက်စိနှင့် ကြည့်ရှုဆဲ,မြင်ဆဲမှာပင် နှလုံးက လည်းကြံ၏,သိ၏,နားကလည်းအသံတခုခုကိုကြား၏ စသည်ဖြင့် သတ္တဝါတို့၏စိတ်မှာ ထင်ကြရသည်၊ ကြွင်းသောဝိညာဏ်တို့ဖြစ်မှု မှာလည်း ဤနည်းတူ သိလေ၊

မနောဝိညာဏ်မှာလည်း ကိုယ် အမူအရာကို ပြုပြင်သော ဝိညာဏ်ပ ဖြစ်၍နေစဉ် နှုတ်အမူအရာကို ပြုပြင်သော ဝိညာဏ် မျိုးမဖြစ်နိုင်၊ နှုတ်အမူအရာကို ပြုပြင်သောဝိညာဏ် ဖြစ်၍နေစဉ် ကိုယ်အမူအရာကို ပြုပြင်သော စိတ်မရှိနိုင်၊ သို့သော်လည်း အလဲ အလှယ်မြန်လှသည့်အတွက်ကြောင့် သွားဆဲမှာပင် စကားပြောနိုင် ၏၊ စကားပြောဆဲမှာပင် ကိုယ်အင်္ဂါလှုပ်ရှားနိုင်၏၊ထိုထိုအဆင်း ကိုမြင်နိုင်၏၊ ထိုထိုအသံကို ကြားနိုင်၏၊ ဤသို့ဖြစ်မှုကား-မြန်လှ သည့်အတွက်ကြောင့် တမျိုးတမျိုး အစဉ်၏အကြားမှာ အမျိုးမျိုး ကြားချုပ်မှုပေတည်း၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်မှာမူကား-ဤသို့ ဖြစ်၍နေကြရာမှာအလုံးစုံခြုံမိ, ဖုံမိလောက်သော အချက်ကို ရှာ၍ ဝိညာဏ်ဝီထိ ဝါရပေါင်း တသိန်း,တသန်းမက ကုဋေမကကိုပင် တဝိညာဏ်တည်း, တချက်တည်းပြု၍ ဥဒယမှု, ဝယမှုကို ရှုရ သည်၊ ဖြစ်ခြင်း, ပျက်ခြင်းကို ရှုသောဉာဏ်မှာ အကုန် ပါစေနိုင် သည့်သာ ပမာဏတည်း၊ ငါမြင်သည်,ငါကြားသည်,ငါနံ့သည်,

www.dhammaransi.com

ငါအရသာကို သိသည်, ကိုယ်အင်္ဂါမှာ ထိသည်ကို ငါသိသည်, ငါတွေ့တွေ့လာ ကြံဘန်သည်-ဟုဖြစ်သော ငရဲမီးခြောက်မျိုး ,ငါပြောသည်, ငါဆိုသည်, ကိုယ်အင်္ဂါကိုငါလှုပ်ရှားသည်, ငါသွားသည်, ငါလာသည်-စသည်ဖြင့် ဖြစ်သောငရဲမီးမျိုး အကုန် ကွယ်ပျောက်စေနိုင်သည်သာ ပမာဏတည်း။ ၊ငါမြင်သည်, ငါကြားသည်-စသည်ဖြင့် ငါလုံးဖုံးအုပ်၍နေသော လက္ခဏာတ္တယ သမ္မောဟ အမိုက်မှ အလင်းဉာဏ် ပေါက်သည်သာ ပမာဏတည်း၊ ကိုယ်တွင်းမှာ စက္ခု, သောတ, ဃာန,ဇိဝှါ,ကာယ, ဟဒယ-ဟူသော ခြောက်ဌာနကို ထိထိ, မိမိ ဆုပ်ကိုင်၍ ဖြစ်မှု, ပျက်မှုကို ကောင်းစွာ ထင်မြင်နိုင်လျှင် ထိုအလုံးပုံသော အတွေ့ အလာတို့သည် အတွင်းဝင်ပါလေကုန်တော့သည်၊

ဤသို့ပြဆိုခဲ့ပြီးသော မြေ,ရေ,လေ,မီး, ဓာတ်ကြီးလေးပါး,အာကာသဓာတ်,ဝိညာဏဓာတ်ဟုဆိုအပ်သောဓာတ်ကြီးခြောက်ပါးတို့၏ဖြစ်မှု,ပျက်မှုအရုပ်ကိုရေပွက်ပမာ စသောဥပမာတို့နှင့်မခြားတသွားသွား,တရှုရှု နေ့မစဲ, နာရီမစဲ,ခဏမစဲ၊ ဇာတိမှု,မရဏမှု, အနိစ္စမှုတို့ကို ရှုကြည့်၍ ထင်မြင်သော ဉာဏ်အလင်းကြီးသည် လက္ခဏာတ္တယဉာဏ်အလင်းကြီးမည်၏၊

ဤသို့ လက္ခဏာတ္တယ ဉာဏ်အလင်းကြီးကိုပေါက်ရောက်လျှင် မဂ်လေးပါး, ဖိုလ်လေးပါးသို့ ရောက်၏၊ ထိုသို့ရောက်သော မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးတို့သည် စင်စစ် နိဗ္ဗာန်ကို သိသော ဉာဏ်တို့ဖြစ်ရကား-ထိုမဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့သည် မချအားဖြင့် နိဗ္ဗာန ပဋိဝေဓဉာဏ်အလင်းကြီးမည်၏၊

လက္ခဏာတ္တယပဋိဝေဓဉာဏ် အလင်းနှင့် နိဗ္ဗာနပဋိဝေဓ
ဉာဏ်နှစ်ပါးကို ပြဆိုခဏ်း ပြီး၏၊

အလင်းကျမ်းပြီး၏၊

www.dhammaransi.com



# ပဋိစ္စသမုပ္ပါဒ် အကျဉ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

## ၁-အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

### ဆောင်ပုဒ်။

ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်း ပတ်သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား။ ကြိုဒွါရ၊ ရှိဦးခလျက်၊ ဘဝသုံးပါး၊ ဟုံးဟုံးသွားသည့်၊ ရထားသံသာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ္ပတ်၊ သမုပ္ပါဒ်ကို၊ အတတ်သိရန်၊ နိဒါန်းပြန်ပိမ့်၊ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံး၄က်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျ၍၊ ဘဝမြုံသိုက်၊ ရှိန်ရှိန်,အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြီးကြီး,ပမ်းပမ်း၊ နေ့စဉ်ထမ်းသည့်၊ ပယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝနောင်ခါ၊ သံသရာ၌၊ လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ ဂတိနောင်ကို၊ ကောင်းစေလို၍၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနေဉ္ဇဟု၊ ဘဝနှိုးရင်း၊ ပွားတုံလျှင်းသည်။ ။ ဝဋ်ခွင်း,ဝဋ်နွယ် ရှည်သုတည်း။

ဤသင်္ခါရပုဒ်၌။ ။'ဗောဓိရတနာ၊ ယာဉ်စကြာ'ဆိုသည်ကား- သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်သော အရဟတ္တမဂ်ဉာဏ် တော်ကြီးကို ဆိုသည်၊ ဘဝသုံးပါး ဆိုသည်ကား-ကာမ ဘဝ,

www.dhammaransi.com



ရူပဘဝ, အရူပဘဝ-ဤသုံးပါးကို ဆိုသည်၊ ခြင်းရာထုပ္ပတ်ဆိုသည်ကား-ဖြစ်ပုံအခြင်းအရာ အဇ္ဈုပ္ပတ္တိကိုဆိုသည်၊

'အမှန်လေးချက်၊သဘောနက်ကို၊ ဖုံး၍ကွယ်ကာ၊အဝိဇ္ဇာ' ဆိုရာ၌-ဒုက္ခသစ္စာ,သမုဒယသစ္စာ,နိရောဓသစ္စာ,မဂ္ဂသစ္စာ-ဤလေးပါးကို အမှန်လေးချက်ဆိုသည်၊ထိုလေးပါး၏သဘောသည် အလွန်နက်နဲ၏, သိနိုင်ခဲ၏, မြင်နိုင်ခဲ၏၊ ထိုသို့ နက်နဲသော သဘော လေးချက်ကို အဝိဇ္ဇာသည် ဖုံးလွှမ်း၍နေ၏, သို့၍ကွယ်ကာ၍နေ၏၊ ထိုသို့နေသောအဝိဇ္ဇာကို မဟာတမဆိုသည်၊ အထုအထည် ကြီးကျယ်လှစွာသော မှောင်လုံး,မှောင်ခဲကြီးဆိုလိုသည်၊ သတ္တဝါတို့၏ စိတ်အစဉ်၌ ထိုမှောင်လုံး, မှောင်ခဲကြီး ကိန်းဝပ်၍ နေသည်ကို မှောင်ကြီးကျ၏ ဟုဆိုသတည်း။ပုထုဇဉ်သတ္တဝါတို့၏ စိတ်ထဲမှာ ထိုမှောင်ခေတ်ကြီး ကိန်းဝပ်တည်ထောင်၍ နေသောကြောင့် အပုညာဘိသင်္ခါရ, ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ-ဟုဆိုအပ်သောသင်္ခါရတရားသုံးပါးဖြစ်ပွားကာနေကြသည်၊'ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊မွေညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးငမ်းငမ်း၊နေ့စဉ်ထမ်းသည်၊ပါယ်လမ်းဗိဇ၊အပုညနှင့်' ဤ-၁၃-ပုဒ်ဖြင့် အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံကို ပြသည်၊

'ဘဝနောင်ခါ၊ သံသရာ၌၊လ၊ ဆယ်ပါးပုည၊ အာနေဉ္ဇဟု' ဤ ၁၄-ပုဒ်တို့ဖြင့် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ-နှစ်ပါးဖြစ်ပွါးပုံကိုပြသည်၊အဝိဇ္ဇာကြောင့် ထိုသင်္ခါရသုံးပါးတို့၏ ဖြစ်ပွားပုံကို အကျဉ်းအားဖြင့်၎င်း,အလတ်အားဖြင့်၎င်း, အကျယ်အားဖြင့်၎င်း ထင်ရှားသိသာအောင်ပြပေအံ့၊ ၊ယခုမျက်မြင် ထင်ရှားရှိနေသော ကိုယ်ခန္ဓာစုသည် ဒုက္ခသာအမှန်ဖြစ်၏၊ ၊ ထိုသို့ဖြစ်သော်သည်း အဝိဇ္ဇာ ဟူသောမှောင်ခေတ်ကြီး ဖုံးပိတ်ကွယ်ကာ၍ ထားသောကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင်ကြ, မမြင်နိုင်ကြ၊သုခအနေအားဖြင့်သာ ထင်ကြ, မြင်ကြသည်။ သုခအနေအားဖြင့်သာ ထင်ကြ,မြင်ကြသောကြောင့်၊ငါ့ကိုယ်,ငါ့ကိုယ်ဟူ

www.dhammaransi.com



ခင်ကြ,မင်ကြ,စွဲလမ်းကြသောကြောင့် ယခုမျက်မြင်ထင်ရှား ရှိနေသော ဤကိုယ်ခန္ဓာအတွက်နှင့် သူ့အသက်ကို သတ်ခြင်း,သူ့ဥစ္စာကိုခိုးယူခြင်း-အစရှိသော ဒုစရိုက်ဆယ်ပါးကိုပြုနိုင်ကုန်ကြသည်၊ ထိုဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို အပုညာဘိသင်္ခါရဆိုသည်၊ ၊အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရတရား ဖြစ်ပွါးပုံအကျဉ်းပြချက်ပြီး၏၊

နောင် အနာဂတ်ဘဝ၌ ဖြစ်ရလတ္တံ့သော လူ့ခန္ဓာ, နတ်ခန္ဓာရသည်လည်း ဒုက္ခသာအမှန်ဖြစ်၏၊ ထိုသို့ ဖြစ်သော်လည်း အဝိဇ္ဇာဟူသော မှောင်မိုက်ကြီး ဖုံးပိတ်ကွယ်ကာ၍နေသောကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင်ကြ, မမြင်နိုင်ကြ၊ သုခ အနေအားဖြင့်သာထင်ကြ,မြင်ကြရသည်၊သုခအနေအားဖြင့်သာ ထင်ကြမြင်ကြသောကြောင့် ယခုခန္ဓာပျက်ဆုံးလျှင် ကောင်းမြတ်ရာ ဘုံဘဝ၌ အသစ်သော လူ့ခန္ဓာ,နတ်ခန္ဓာကိုရလိုသောအတွက်ကြောင့် ဒါန, သီလ-အစရှိသော သုစရိုက် ဆယ်ပါး-ကုသိုလ်တရား တို့ကို ကြိုးကြိုး,စားစား အားထုတ်ကြကုန်သည်၊ ထိုသုစရိုက်ဆယ်ပါး-ကုသိုလ်တရားတို့တွင် ကာမကုသိုလ်တရား, ရူပကုသိုလ် တရားတို့ကိုပုညာဘိသင်္ခါရဆိုသည်၊အရူပကုသိုလ်တရားတို့ကို အာနေဉ္ဇာဘိသင်္ခါရဆိုသည်၊အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရတရား,အာနေဉ္ဇာဘိသင်္ခါရတရား-နှစ်ပါးတို့ ဖြစ်ပွားပုံကို အကျဉ်းပြချက် ပြီး၏၊

ယခုမျက်မြင်ထင်ရှားရှိနေသော ဤကိုယ်ခန္ဓာရမှာ ဒုက္ခအချက်အနက်လေးပါး ထင်ရှားရှိပေ၏၊ ၊ပိဠနဋ္ဌော၊ ပဋိသန္ဓေ တည်နေသည့်မှ သေနေ့ကျအောင်အဇ္ဈတ္တဘေးရန်,ဗဟိဒ္ဓ ဘေးရန်တို့သည်တရံမစဲ၊ အမြဲကျဉ်းကြပ်၊ ညှဉ်းပန်းအပ်သော ဒုက္ခသဘော၊ သင်္ခတဋ္ဌော၊ ဝတ်မှု,စားမှု အရေးတို့ဖြင့် ပြုပြင်မွမ်းမံရသော ဒုက္ခသဘော၊ သန္တာပဋ္ဌော၊ ဩောင်းမှု,ညာမှု,နာမှု,ကျင်မှုအရေးတို့ဖြင့် တရံမစဲ၊ အမြဲပူပန်သော ဒုက္ခသဘော၊ဝိပရိဏာမဋ္ဌော၊ ယနေ့တပုံ၊နက်ဖြန်တကွဲ၊ အနှံ့နှံ့လျှင်၊ ဖေါက်လဲ, ဖေါက်ပြန် ဖြစ်တတ်သော ဒုက္ခသဘော၊ ဤကား-သူသူ, ငါငါ ကိုယ်ခန္ဓာ၌ သိသာ ထင်ရှားသော

www.dhammaransi.com



ဒုက္ခအချက် အနက်လေးပါးပေတည်း၊ ၊လွန်လေပြီးသောခန္ဓာစု, နောင်ဖြစ်လတ္တံ့သောခန္ဓာစုတို့မှာလည်း ပြဆိုခဲ့ပြီးသောဒုက္ခအချက် အနက်လေးပါး ထင်ရှားရှိကြသည်သာတည်း။

မိမိသန္တာန်တွင် ထင်ရှားရှိနေသော လောဘတဏှာမှာ သမုဒယအချက်အနက်လေးပါး ထင်ရှားရှိပေ၏၊ ၊အာယူဟနဋ္ဌော၊ ဒုက္ခဝဋ္ဋ,ဒုက္ခမှုတို့ကို ပွါးထက်,ပွါးအောင်,များထက်,များအောင်၊ အားထုတ် စုဆောင်းခြင်း-ဟူသော သမုဒယသဘော၊ နိဒါနဋ္ဌော၊ ဒုက္ခဝဋ္ဋ,ဒုက္ခမှုတို့ကို မပြတ်မစဲ အမြဲဆောင်နှင်းခြင်း-ဟူသော သမုဒယသဘော၊ သံယောဂဋ္ဌော၊သူသူ,ငါငါ၊သတ္တဝါနှင့်၊ သံသရာစီးပွါး၊ ဤနှစ်ပါးကို၊ အခိုင်အမြဲယှဉ်တွဲ ဖွဲ့နှောင်ခြင်း-ဟူသော သမုဒယသဘော၊ပလိဗောဓဋ္ဌော၊ဒုက္ခဝဋ်မှလွတ်ရအောင်နှောင့်ယှက်တားသော သမုဒယသဘော၊ ။လောဘတရားမှာ ထင်ရှားရှိနေသော သမုဒယအချက်အနက်လေးပါးပြီး၏။

ဒုက္ခ အချက်အနက်လေးပါးကို ကောင်းကောင်းမြင်မှ ဤကိုယ်ခန္ဓာကို စွန့်ပစ်နိုင်သည်၊သမုဒယအချက်အနက်လေးပါးကိုကောင်းကောင်းမြင်မှ တဏှာလောဘကိုပယ်နိုင်သည်၊ ဒုက္ခအချက်အနက်လေးပါးထင်ရှားရှိနေသောကြောင့် ဤကိုယ်ခန္ဓာကို'ဘဝမြို့သိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ဤခန္ဓာ'ဟု ဆိုပေသည်၊ ဤကိုယ်ခန္ဓာ၌၊ ဒုက္ခအချက် အနက်လေးပါးကို ထင်ရှားအောင် မမြင်ကြသောကြောင့် ဤကိုယ်ခန္ဓာ အတွက်နှင့် နှစ်ချိုက် ဆယ်ပါး-အကုသိုလ်တရားတို့ကို ပြုနိုင်ကြသည်၊ နောက်ဘဝ၌ ဖြစ်ရလတ္တံ့သော လူ့ခန္ဓာ,နတ်ခန္ဓာတို့၌ ဒုက္ခအချက်အနက်လေးပါး ထင်ရှားရှိနေသောကြောင့်'ဘဝနောင်ခါ၊သံသရာ၌၊ လူ့ရွာ,နတ်ငြိမ်း၊စည်းစိမ်သွမ်း'ဟု ဆိုပေသည်၊ ၊အသတ်ပြချက်ပြီး၏၊

ဤကိုယ်ခန္ဓာ၌ စက္ခုဟူသော အမြင်ဓာတ် တခု, သောတဟူသောအကြားဓာတ်တခု, ဃာနဟူသော အနံ့ဓာတ်တခု, ဇိဝှါဟူသောအရသာကိုသိမှုဓာတ်တခု, ကာယဟူသောအတွေ့,အထိကို သိမှုဓာတ် တခု, မနောဟူသော အကြံ အစည်ဓာတ် တခု-

ဤခြောက်ရသော ဓာတ်တို့သည် အသီး,အသီး ဒုက္ခအချက်အနက် လေးပါးစီ ရှိကြကုန်၏၊ ငါမြင်သည်ဟု ဖြစ်သော တဏှာသည် စက္ခု၌တွယ်တာသောတဏှာမည်၏၊ ငါကြားသည်ဟု ဖြစ်သော တဏှာသည်သောတ၌တွယ်တာသောတဏှာမည်၏၊ ငါနံသည်ဟု ဖြစ်သောတဏှာသည် ဃာန၌တွယ်တာသော တဏှာမည်၏၊ ငါ အရသာကိုခံစားသည်ဟု သိသောတဏှာသည် ဇိဝှါ၌ တွယ်တာသော တဏှာမည်၏၊ ငါတွေ့သည်,ငါထိသည်ဟုဖြစ်သောတဏှာသည် ကာယ၌တွယ်တာသော တဏှာမည်၏၊ ငါကြံသည်, ငါသိသည်ဟုဖြစ်သော တဏှာသည် မနော၌ တွယ်တာသောတဏှာမည်၏၊ ဤခြောက်ပါးသော တဏှာတို့သည်အသီး,အသီးသမုဒယအချက်အနက် လေးပါးစီ ရှိကြကုန်၏၊ ရှေးရှေး၌ တွယ်လွန်ခဲ့ပြီးသော ခန္ဓာ၅, တဏှာ၅၊ နောက်နောက်၌ဖြစ်လတ္တံ့သော ခန္ဓာ၅, တဏှာ၅တို့မှာလည်း ဒုက္ခအချက်,သမုဒယ အချက်အနက်လေးပါးစီ ရှိကြကုန်၏၊ ဒုက္ခအချက် အနက်လေးပါးကို ကောင်းစွာမြင်မှ စက္ခုမှုကို ကြောက်ဘွယ် ထင်နိုင်သည်, သောတမှုကို ကြောက်ဘွယ်ထင်နိုင်သည်, ဃာနမှုကိုကြောက်ဘွယ်ထင်နိုင်သည်, ဇိဝှါမှုကိုကြောက်ဘွယ်ထင်နိုင်သည်,ကာယမှုကိုကြောက်ဘွယ်ထင်နိုင်သည်, မနောမှုကို ကြောက်ဘွယ်ထင်နိုင်သည်။ စက္ခု, သောတ-စသော ထိုခြောက်ပါးကို ကြောက်ဘွယ်,လန့်ဘွယ်ဟု ထင်နိုင်မှ ထိုခြောက်ပါးကို တွယ်တာသော တဏှာ ခြောက်ပါးကိုလည်း ကြောက်ဘွယ်, လန့်ဘွယ် အနေ ထင်နိုင်သည်။ ယခုမျက်မြင်တွင် ထင်ရှားရှိသော ဓာတ်ခြောက်ပါး,တဏှာခြောက်ပါးတို့၌ ဖုံးလွှမ်းကွယ်ကာသော အဝိဇ္ဇာ အတွက်ကြောင့် စက္ခု-စသော ဓာတ်ခြောက်ပါးကို ခင်တွယ်၍ ပါဏာတိပါတ-စသော အပုညာဘိသင်္ခါရတို့ကို ပြုကြသည်၊ အနာဂတ်ဓာတ်ခြောက်ပါးကိုခင်တွယ်၍ နောက်နောင် အသစ်ဖြစ်ပွါးရခြင်းအကျိုးငှါ ဒါန,သီလ-စသော ပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရများကို အားထုတ်ကြသည်၊ အကျယ်ပြချက်ပြီး၏။

www.dhammaransi.com



## ၂-သဉ်္ခါရပစ္စယာ ဝိညာဏံ၊

## ဆောင်ပုဒ်။

ဝဋ္ဋခင်း, ဝဋ္ဋနွယ်၊ ရှည်ကြောင်းရှယ်သား၊ ဆယ်ဖြာပုည၊ အပုည
နှင့်၊ ဘဝနီးရင်း၊ ပွါးတုံလျှင်းသော်။ လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊
ဗြဟ္မာလူနတ်၊ ဘုံသုံးရပ်နိုက်၊ ခါတ်ပဓာန၊ ပြဓာန်းလှသား၊ ဒွါရသခင်၊
ခြောက်ဝိညာဉ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၍၊ ကိုယ်တွင်းကိုယ်
ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန်တန်
လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်
လျှင်၊ ထက်မျက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါ, သူသူ၊ လူဘဲနတ်ဘဲ။
အထင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်လျှင်၊ ဝဋ္ဋနွယ်ရှည်လျား၊
တမားမားသည်။ ။ခြောက်ပါးဝိညာဏ်စွမ်းရည်တည်း။ ။

ဒုစရိုက်ဆယ်ပါး တည်းဟူသော အပုညာဘိ သင်္ခါရတရား ပွါးများသည့် အတွက်ကြောင့် နောင်ဘဝ၌ အပါယ်လေးဘုံတွင် ဝိညာဏ်ဟူသော ပဓာနဓာတ်တရ ဖြစ်ပေါ်မြဲ၊ သုစရိုက်ဆယ်ပါး တည်းဟူသော ပုညာဘိသင်္ခါရတရား ပွါးများမှုကြောင့် နောက်ဘဝ၌ လူ့ဘုံ, နတ်ပြည်ခြောက်ထပ်, ရူပဘုံဆဲ့ငါးဘုံ-ဧကဉ်နှစ်ဆဲ့နှစ်ဘုံတွင် ဝိညာဏ် ဟူသော ပဓာနဓာတ် တရ ဖြစ်ပေါ်မြဲ၊ အရူပကုသိုလ် လေးခုဟူသော အာနေဉ္ဇာဘိသင်္ခါရတရား ဖြစ်ပွါးမှုကြောင့် နောက်ဘဝ၌ အရူပလေးဘုံတွင် အရူပဝိညာဏ် ဟူသော ပဓာနဓာတ်တရ ဖြစ်ပေါ်မြဲ၊ စိတ်ကိုပင်ဝိညာဏ်ခေါ်သည်၊ ထိုဝိညာဏ်ကိုပင်လျှင် စက္ခု, သောတ-အစရှိသော ဒွါရခြောက်ပါးတို့၌ အကြီးအကဲဖြစ်ပေ၍ 'ဒွါရသခင်၊ ခြောက်ဝိညာဏ်'ဆိုသည်၊ 'အရှင်ဓာတ်မင်း' လည်းဆိုသည်၊ ထိုဝိညာဏ်ကိုပင်လျှင် ဖဿ, ဝေဒနာ-စသော နာမ်အပေါင်း, ရုပ်အပေါင်းတို့ ဝန်းရိုင်းခြံရံကြရကုန်သည်၊ ထိုဝိညာဏ်ဟူသော အရှင်သခင် ဓာတ်မင်းသည်ပင်လျှင် မြင်ခြင်း,ကြားခြင်း-အစရှိသော အမှုမျိုးတို့ကို အုပ်စိုး,ဆောင်ရွက်ပေသည်။ ထိုဝိညာဏ်ဟူသော ဓာတ်မင်းသည်ပင်လျှင် တရရသော ကိုယ်အကောင်အတွင်း၌ လျှမ်းလျှမ်း,ထက်မြက်သော တန်းခိုးတေဇာ

www.dhammaransi.com



အချိန်အခါတို့ဖြင့်သွားခြင်း,လာခြင်း,ပြောဆိုခြင်း,ပြုခြင်း,မှုခြင်း-အစရှိသော ကိစ္စတို့ကို ပြည့်စုံ ပြီးစီးစေသည် ဖြစ်၍ ၀ုဋ္ဌုလ်တဲ့, သဏ္ဌာဝါတဲ့,ငါတဲ့,သူတဲ့,မိန်းမတဲ့,ယောက်ျားတဲ့-အစရှိသည်ဖြင့် အထင်အယူ မှောက်မှား၍အပါယ်လေးပါးမှ မလွတ်နိုင်၊ သံသရာမှ မလွတ်နိုင်၊၀ဋ်နွယ်ရှည်လျား၊တမားမားနေကြရသည်ဟုလိုသည်၊

ဝိညာဏ်ခြောက်ပါးဆိုသည်ကား-စက္ခုဒွါရမှာ ဖြစ်ပေါ်သော စက္ခု ဝိညာဏ်တပါး, သောတဒွါရမှာ ဖြစ်ပေါ်သော သောတ ဝိညာဏ်တပါး, ဃာနဒွါရမှာဖြစ်ပေါ်သော ဃာနဝိညာဏ်တပါး, ဇိဝှါဒွါရမှာဖြစ်ပေါ်သော ဇိဝှါဝိညာဏ်တပါး, ကာယဒွါရမှာ ဖြစ် ပေါ်သော ကာယဝိညာဏ်တပါး, ဟဒယဝတ္ထုမှာ ဖြစ်ပေါ်သော မနောဝိညာဏ်တပါး-ဤခြောက်ပါးတည်း၊

## ၃-ဝိညာဏပစ္စယာ နာမရူပံ၊

### ဆောင်ပုဒ်။

ခြောက်ပါးဝိညာဉ်၊စွမ်းရည်အင်ကြောင့်၊မိတွင်ရှိန်ဝါ၊ ထက်ကြပ် ပါသို့၊ မက္ကာတူကျ၊ ဖြစ်ပေါ်ကြသား၊ ဖဿ,ဝေဒနာ၊ စေတနာနှင့်၊ သညာ,ဝိတက်၊ ရောင်စုံယှက်သည့်၊ အမျက်ကြောင်ဝယ်၊ ကြိုးစုံခြယ် သို့၊ အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယ နှင့်။ဘူတဟူပေ၊ မြေ,ရေ,လေ,မီး၊ဓာတ်ကြီးလေးတန်၊ အမာခံလျက်၊ အရံရုပ်သေး၊နှစ်ဆဲ့လေးနှင့်၊ပေါင်းထွေးမျှညီ၊အင်္ဂါစီသ၊ရုပ်ကာယဟု၊ နာမရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍၊ နာနာကာယ၊ အနန္တလျှင်၊ရုပရုပ်ဟန်၊သဏ္ဌာန်အမူ၊ ဇာတ်မတူသည့်၊ လူအရပ်ရပ်၊ နတ်အထွေထွေ၊ ရေမျိုး,ကုန်းမျိုး၊ ကောင်း,ဆိုးယုတ်ညံ့၊ အကန့်ကန့်လျှင်၊ခြားသန့်ပေါ်ယယ်၊ သောသော ကြွယ်သည်။ ၊နှစ် သွယ်နာမ်ရုပ်စွမ်းရည်တည်း။ ။

နောင်အာဝဇ္ဇ ဝိညာဏ်ဟူသော ပဋိသန္ဓေ စိတ်မင်းဖြစ်ပေါ်လျှင် ဖဿ,ဝေဒနာ,စေတနာနှင့်သညာ,ဝိတက်-အစရှိသောစေတသိက် တရားတည်းဟူသော နာမ်, မဟာဘုတ်လေးပါး-အစရှိသောရုပ်-

ဤနာမ်,ရုပ်တရားနှစ်ပါးတို့သည် ထိုဝိညာဏ်နှင့်ပင်ထက်ကြပ်တူ ကွ ပေါ်ကုန်ကြသည်။ ။ဥပမာကား-ကြီးစွာသော မီးတောက် ကြီးတခုတောက်လိုက်လျှင်ထိုမီးတောက်မှအဝေးအနီးထွက်သော အရှိန်,အရောင်,အဝါတို့သည် ထိုမီးတောက်နှင့်တပြိုင်နက် ဖြစ်ပေါ် သကဲ့သို့တည်း။ တပြိုင်နက်ဖြစ်ပေါ်ပုံဥပမာ-'အမျက်ကြောင်စယ်၊ ကြိုးစုံခြယ်သို့'ဟူသောဥပမာ၌ ဝေပုလ္လတောင်ရှိ ကျောက်မျက်၌ ကျောက်ကြီးမှာ အနီ,အဝါ-စသော ကြိုးပေါင်း-အရာမက ခြယ် လယ်လျက် ရှိသကဲ့သို့ စိတ်ဝိညာဏ်မှာလည်း စေတသိက်နာမ် တည်းဟူသောကြိုးတို့ဖြင့် ခြယ်လှယ်သည်။ ။'အသွယ်,အသွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယ' ဆိုသည်ကား- ဖဿ,ဝေဒနာ-စသော၊ဝိတက်,ဝိစာရ-စသော၊လောဘ,အဟိရိက- စသော၊ သဒ္ဓါ, သတိ-စသော စေတသိက်တို့ကိုပင် နာမ်ကာယဆို သည်။ ။'အရုံရုပ်သေး၊နှစ်ဆဲ့လေး'အရကို ရုပ်ပိုင်းအတိုင်း ဥပါဒါ ရုပ်နှစ်ဆဲ့လေးကိုပင် ဆိုသည်၊ဘူတရုပ် လေးခု,ဥပါဒါရုပ် နှစ်ဆဲ့ လေးခု, ပေါင်းရုပ်အဋ္ဌဝီသကို ရုပ်ကာယ ဆိုသည်၊ ဤရုပ်ကာယ ထင်ရှားပေါ်သောအတွက်ကြောင့်ကိုယ်အမျိုးမျိုး,ခေါင်းအမျိုးမျိုး အစရှိသော ရေနေသတ္တဝါ အနန္တ, မြေနေသတ္တဝါ အနန္တ,ကောင်း ကင်နေသတ္တဝါအနန္တ-ဟုရှိနေကြရမည်၊ သဒ္ဓါ, သတိ-အစရှိသော ကောင်းမြတ်သောနာမ်ရ, လောဘ,အဟိရိက-အစရှိသောမကောင်း သောနာမ်ရ-ထင်ရှားပေါ်သောအတွက်ကြောင့်သူကောင်း,သူယုတ် ဟူ၍ရှိကြသည်၊သဒ္ဓါ,သတိ,ဟိရိဩတ္တပ္ပ-အစရှိသောကောင်းသော နာမ်တရား ဖြစ်ပွါးတည်နေသော သူကို သူတော်ကောင်း, သူမြတ် လောင်း-ခေါ် ကြရသည်၊ လောဘ, အဟိရိက, အနောတ္တပ္ပ-အစရှိ သော မကောင်းသော နာမ်တရားဖြစ်ပွါးတည်နေသော သူကိုသူ ယုတ်,သူဆိုး,သူမကောင်းဆိုသည်၊

www.dhammaransi.com



## ၄-နာမရူပပစ္စယာ သဠာယတနံ။

### ဆောင်ပုဒ်။

ထင်ရှားစေ့စုံ၊ အဖုံဖုံလျှင်၊ တည်တုံ နာမ်ရုပ်၊ ကိုယ်သမုတ်သား၊ အထုပ်အထယ်၊ ကြီးငယ်ကာယ၊ ပေါ်ပြန်ကလည်း။ ဒွါရတွင်မည့်၊ ဘိတ်ဘိတ်လည်သည်။ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်၊ အရိုးစီစဉ်၊ အမြင်စက္ခု၊ ကြားမှုသောတ၊ ဃာနအနံ၊ လျှာဟ်ရန်ဇိဝှါ။ ကာယာတွေ့ထိ၊ အသိမနော။ မရောမရှက်၊ တလက်လက်လျှင်၊ အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍၊ ဤရှင့်၊ ဤလူ၊ ဤမူနေ့လ၊ ရူပသဏ္ဌာန်၊ အသံအမျိုး၊ အခိုးလှိုင်ပျံ့၊ ရနံ့ထိုထို၊ အချိုအချဉ်၊ ဤလျှင်အပူ၊ ဤမူအေး၊ အဲ့တွေ့အသိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ ငါမင်းပျိုဟု၊ အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားဘို့၊ တံခါး ခြောက်သင်း၊ ကိုယ်လုံးလင်းသည်။ ။ခြောက်သင်းဓာတ်မှန် စွမ်းရည်တည်း။

စေတသိက်အပေါင်းအစု ဟူသော နာမကာယ, မြေဓာတ်,ရေဓာတ်,မီးဓာတ်,လေဓာတ်-အစရှိသောရုပ်အပေါင်းဟုဆိုအပ်သော ရူပကာယ—ဤနာမကာယ,ရူပကာယနှစ်ပါး ဖြစ်ပေါ်၍ အကောင်အထယ် ကြီးငယ်ကာယ ဖြစ်ပြန်သော အခါ ထိုကာယတို့ကိုတန်ဆာ ဆင်ဘိသကဲ့သို့ အာရုံခြောက်ပါးတို့ခံစားစံစားခြင်း၌ ဒွါရခြောက်ပါးဟု ဆိုအပ်သောအာယတနခြောက်ပါး ထင်ရှားဖြစ်ပေါ်ရပြန်၏၊ စက္ခုဟူသော အကြည်တပါး,သောတ ဟူသောအကြည်တပါး, ဃာနဟူသော အကြည်တပါး, ဇိဝှါဟူသော အကြည်တပါး, ကာယ ဟူသော အကြည်တပါး, မနော ဟူသောအကြည်တပါး—ဤ- ၆-ပါးကို ဒွါရ ၆-ပါးလည်း ဆိုသည်။ ဒွါရဆိုသော်သည်း-အာကာသ တံခါးပေါက်မျိုး ဖြစ်၍ဆိုသည် မဟုတ်,ဖန်တံခါး, မှန်တံခါးများကဲ့သို့ ဘိတ်ဘိတ်လည်သော အကြည်တံခါးမျိုးသာဖြစ်ပေသည်၊ ထို့ကြောင့် "အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့" ဟုဆိုပေသည်၊ စက္ခုအကြည်ကား-မျက်လုံးအိမ်တွင်းမှာ ပေါ်သည်။ သောတအကြည်ကား-နားအိမ်တွင်းမှာပေါ်သည်၊ ဃာနအကြည်ကား-နှာခေါင်းအိမ်တွင်းမှာပေါ်သည်၊ ဇိဝှါအကြည်ကား-လျှာအပြင်မှာ

www.dhammaransi.com



ပေါ်သည်၊ ကာယအကြည်ကား-တကိုယ်လုံးမှာ အနှံ့အပြားပေါ်သည်။မနောအကြည်ကား-ရင်တွင်းရှိ နှလုံးအိမ်တွင်းမှာပေါ်သည်၊ ရွှေအကြည်ငါးပါးကား-ရုပ်အကြည်ရုပ်တည်း၊မနောအကြည်မှုကား-နာမ်အကြည်ပေတည်း၊ အတုမရှိ လျှမ်းလျှမ်းတောက်သောအကြည်ပေတည်း၊ ၊နေဝန်းသဏ္ဌာန်, လဝန်းသဏ္ဌာန်-စသောအဆင်းသဏ္ဌာန်ဟူသမျှသည်စက္ခုအကြည်,မနောအကြည်-ဤအကြည်နှစ်ချက်၌ တပြိုင်နက်အရိပ်,အသွင်တင်ပြရသည်၊ထိုသို့တင်ပြသောအခါ ဤသည်ကား—နေဝန်းတည်း, ဤသည်ကား-လဝန်းတည်း-စသည်ဖြင့် မြင်ကြ, သိကြရသည်၊ မိုးသံ, လေသံ, စည်သံ, ဝေါင်းသံ-အစရှိသောအသံမျိုး ဟူသမျှသည် သောတအကြည်,မနော အကြည်၊ ဤအကြည် နှစ်ချက်မှာ တင်ပြရသည်။ စံပယ်, စကား-အစရှိသော အနံ့မျိုး,ငွေးပုပ်,လူပုပ်-အစရှိသောအနံ့မျိုး-ဟူသမျှသည်ဃာနအကြည်, မနောအကြည်-ဤအကြည်နှစ်ချက်မှာတင်ပြရသည်၊အချို,အချဉ် စသော အရသာမျိုး ဟူသမျှသည် ဇိဝှါအကြည်၊မနောအကြည်-ဤအကြည်နှစ်ချက်မှာ တင်ပြရသည်၊အပူ, အချမ်း,အကြမ်း, အနု-ဟူသော ဖေါဋ္ဌဗ္ဗာရုံမျိုး ဟူသမျှသည် ကာယအကြည်,မနောအကြည်ဤအကြည်နှစ်ချက်မှာတင်ပြရသည်၊ကြွင်းသမျှသောကုသိုလ်,အကုသိုလ်စိတ်, စေတသိက်-အစရှိသောဓမ္မာရုံနှင့်အာရုံခြောက်ပါးဟူသမျှသည် မနောအကြည်သက်သက်မှာအရိပ်အသွင်တင်ပြရသည်၊ထိုသို့ တင်ပြသောအခါမှ မည်သည့်ဝတ္ထုကို ငါသိသည်,မည်သည့် အမှုကို ငါသိသည်-ဟုဖြစ်ကြသည်၊ထိုသို့ဖြစ်ကြသည်ကိုစွဲ၍ဒေါသတရား,မာနတရားတို့ဖြင့်ငါ,ငါ,ငါ,ငါ ဟု ထောင်ထောင် လွှားလွှား ဖြစ်ပွါးကြရသည်၊

---

၅-သဠာယတနပစ္စယာ ဖဿော၊

**ဆောင်ပုဒ်။**

ဓာတ်မှန်အကြည်၊ခြောက်မျိုးတည်က၊ ခြောက်မည်အာရုံ၊အလုံးစုံလည်း၊ ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်၍၊ ဝိညာဉ်ခြောက်

www.dhammaransi.com



ဆင့်၊ဖွါးဖွါးပွင့်က၊ နှိုင်းသင့်တူမျှ၊ပမာပြမူ၊သိကြွေးစက်ရှိန်၊ လက်လက် ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ်ဝါးသို့၊ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထဲ၍၊ ရသခြောက်မည်၊ အာရုံရည်ကို၊ကြိတ်နည်သောအား၊ တွေ့ထိငြားက၊ ဤကားဇာ္ဈ၊ အနိဋ္ဌနှင့်၊ဤမျှမကောင်း၊ဤမျှကောင်းဟု၊အကြောင်းသွေး ဆော်၊ အရေးပေါ်လျက်၊ခြောက်ဘော်အာရုံ၊ရသဂုဏ်တို့၊ အကုန်ပေါ် ထွက်၊ ရှန်းရှန်းဘက်၍၊ မက်ဘွယ်,မုန်းဘွယ်၊ အနှုန်းချယ်သည်။ ၊ ခြောက်သွယ်ဖဿ စွမ်းရည်တည်း။

ဗဟိဒ္ဓဖြစ်သောပဿာတိဗန်ကြည့်,မှန်ကြည့်တို့၌နေဝန်းသဏ္ဌာန်, လဝန်းသဏ္ဌာန်-စသည်တို့သည် တင်ပြရကုန် သကဲ့သို့ ဤကိုယ် ခန္ဓာ၌ ရှိသော စက္ခု စသော ကမ္မဇခေတ်မှန် အကြည်ခြောက်ပါး တို့၌သည်း နေဝန်းသဏ္ဌာန်, လဝန်းသဏ္ဌာန်, မိုးသံ, လေသံ-အစ ရှိကုန်သော အာရုံခြောက်မျိုးတို့၏ အသွင်သဏ္ဌာန် တို့သည် တင် ပြရကုန်သည်၊ ခိုက်တိုက်ကြကုန်သည်ရှိသော် တင်ပြ, ခိုက်တိုက် ကြရာ ဌာန၌ ဝိညာဏ်တို့သည် ဖြစ်ပေါ်ကြကုန်၏၊ တိမ်တိုက်နှစ်ခု တို့ ခွပ်ကြရာ၌ လျှပ်ရောင် ဖြစ်ပေါ်ကြသကဲ့သို့၎င်း, ကျောက်နှင့် မီးခတ် ခတ်ရာ၌ မီးပွင့်,မီးပွား ဖြစ်ပေါ်သကဲ့သို့၎င်း မှတ်၊ အတွင်း ခေတ်မှန်အကြည်-၁၊ ထိုခေတ်မှန် အကြည်တွင် တင်ပြသောအပ အာရုံ-၁၊ ထိုနှစ်ပါး အထိအခိုက်တွင်ဖြစ်ပေါ်သော ဝိညာဏ်-၁၊ ထိုသုံးပါးတို့ စည်းဝေးမှုကြောင့် ဖဿခြောက်ပါး ဖြစ်ပေါ်သည်၊ စက္ခုမှာ ဖြစ်ပေါ်သော စက္ခုသမ္ဖဿ, သောတမှာ ဖြစ်ပေါ်သော သောတသမ္ဖဿ, ဃာနမှာ ဖြစ်ပေါ်သော ဃာနသမ္ဖဿ, ဇိဝှါမှာ ဖြစ်ပေါ်သော ဇိဝှါသမ္ဖဿ, ကာယမှာ ဖြစ်ပေါ်သော ကာယ သမ္ဖဿ, မနောမှာ ဖြစ်ပေါ်သော မနောသမ္ဖဿ-ဤကား ဖဿ ခြောက်ပါး၊ ထိုဖဿသည် မိမိနှင့် ပေါင်းဆုံမိသော အဆင်း, အသံ-အစရှိသော အာရုံခြောက်ပါးတို့၏ ကောင်းသော ရသဂုဏ်,မ ကောင်းသော ရသဂုဏ်တို့ကို ဖွါးဖွါး ပေါ်ထွက်အောင် ကြိတ်ဝါး ထိခိုက်ပေ၏၊ ၊သည်ကို ရည်၍-'သိကြွေး စက်ရှိန်၊ လက်လက် ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ်, ဝါးသို့'ဟု ဆိုပေသည်၊ 'ရသ, ခြောက်မည်၊ အာရုံရည်'ဟူသည်ကား- အဆင်း ဟူသော ရူပါရုံ

www.dhammaransi.com



မှာလည်းကောင်းသော ဣဋ္ဌာရုံ, မကောင်းသောအနိဋ္ဌာရုံရှိသည်၊ ထိုရသကိုပင် အာရုံရည့်ဟု ဆိုသည်၊ အသံဟူသော သဒ္ဒါရုံ, အနံ့ဟူသော ဂန္ဓာရုံ, အရသာ ဟူသော ရသာရုံ, အပူ, အချမ်း၊ အကြမ်း, အနူ, တွေ့ထိမှုဟူသော ဖောဋ္ဌဗ္ဗာရုံ, ကုသိုလ်, အကုသိုလ်–အစရှိသော ဓမ္မာရုံတို့မှာသည်း ထိုက်သည်အားလျော်စွာ ကောင်းသောရသ, မကောင်းသောရသ ရှိကြကုန်သည်၊ ဖဿ ကြိတ်နယ်၍ အာရုံ၏ ရသာ ပေါ်ထွက်သောအခါမှ ကောင်းသည့်, မကောင်းသည့်ကို စွဲ၍ ချစ်ခြင်း, သာယာခြင်း, မုန်းခြင်း, မသာယာခြင်း ဟူသော အမှု ဖြစ်ပွါးလေသည်၊

---

၃–ဖဿပစ္စယာ ဝေဒနာ၊

## ဆောင်ပုဒ်။

ဖဿခြောက်မည်၊သူ့စွမ်းရည်ဖြင့်၊ ကြိတ်နည်သောအား၊ စက်ရှိန်ဝါး၏၊ခြောက်ပါးအာရုံ၊ မြွေမြွေတုန်လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌဟူသည်၊အရည်ဓာ်းဓာ်း၊ယိုထွက်စီးသော်၊ခေတ်သီးခြောက်ဖြာ၊ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊ ခြောက်ဦး ရွှန်းစည်၊အာရုံရည်ကို၊ မည်မည်,ရရ၊ခံစံကြမှ၊သုဘ သုဘာ၊သာ,မသာနှင့်၊ ထွေလာများတောင်း၊ ကောင်း,မကောင်းလည်း၊ ထောင်းထောင်း ငေါ်ငေါ်၊ သိထင်ပေါ်၍၊ကောင်းသော်စိတ်ဝမ်း၊ ဘိတ်ဘိတ်လျှမ်းလျှင်၊ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏၊ မုန်းဘွယ်တွေ့က၊ ခြောက်သွေ့ နွမ်းညှိုး၊ နှလုံးဆိုး၍။ အခိုးလူလူ၊ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်၊မရွှင်မလန်း၊ စိတ်ကုန်ခန်း၏၊ချမ်းသာသုခ၊တခုမျှ၌၊လောကအထု၊ အကုန်စု၏၊ ပုပုရွရွ၊မြင်သမျှလည်း၊သုခတို့ချည်း၊ လုံ့လ သည်း၏၊ အရည်းသူမြတ်၊ပရမတ်ကို၊ ချန်လှပ်ထား၍၊အများလောက၊ရှိသမျှကို၊ဒုက္ခပွါးမှု၊များစွာပြုသည်။ ။ သုခဝေဒနာ စွမ်းရည်တည်း။

ဖဿခြောက်ပါးတို့ ကြိတ်နယ်မှုကြောင့် အာရုံ့ခြောက်ပါးတို့မှ ရသခြောက်ပါးပေါ်ထွက်သော အခါ ထိုရသကို ခံစားသောဝေဒနာ ခြောက်ပါးဖြစ်ပေါ်သည်၊ စက္ခုသမ္ဖဿဇာ ဝေဒနာ တပါး, သောတသမ္ဖဿဇာ ဝေဒနာတပါး, ဃာနသမ္ဖဿဇာ ဝေဒနာတ

www.dhammaransi.com



ပါး,ဇိဝှါသမ္ဖဿဇာဝေဒနာ တပါး, ကာယသမ္ဖဿဇာ ဝေဒနာ တပါး, မနောသမ္ဖဿဇာဝေဒနာ တပါး၊အဆင်းအရောင်ဟူသော ရူပါရုံ၌ ကောင်းသော ဣဋ္ဌာရုံ,မကောင်းသော အနိဋ္ဌာရုံနှစ်ပါးရှိသည်၊ထိုနှစ်ပါးကိုဝေဒနာသည် ခံစား၍ ကောင်းသည်ဟုထင်ရှား ပေါ်လာ၏၊မကောင်းသည်ဟုထင်ရှား ပေါ်လာ၏၊ထိုသို့ ထင်ရှား ပေါ်လာသည်ကို ဝေဒနာခံစားချက်ဆိုသည်၊သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့၌ဤနည်းတူတည်း၊ ၊အကြွင်း သိသာပြီ၊ 'ချမ်းသာသုခ၊တရုမ္မွ၌၊လောကအထု၊ အကုန်ရ၏, ဆိုသည်ကား-လောက၌အလုံးစုံသောသတ္တဝါအပေါင်းတို့သည်သုခကိုသာတောင့်တကြ၏၊ သုခဝေဒနာကိုရလိုသော ဆန္ဒတရမှာ အကုန်ဆုံမိကြ,ရမိကြ၏ ဆိုလိုသည်။ "ပုပ္ဖုဠ္ဌ၊ မြင်သမျှလည်း၊ သုခတို့ချည်း၊လုံ့လသည်း၏" ဆိုသည်ကား,လောက၌ ကိုယ်အမှု, နှုတ်အမှုတို့နှင့် နေ့နေ့,ညည,လုံ့လဥဿာဟပြုပြုသမျှသည်သုခတို့ချည်းအမှန်ဖြစ်၏၊ သုခကို ရလို၍ အသည်းအထန်ကြောင့်ကြစိုက်ကြ၏ ဟုလိုသည်၊ သစ္စာလေးပါး, ကိုသိမြင်ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို "အရည်းသူမြတ်ပခုမတ်"ဆိုသည်၊သုခဝေဒနာသည် အရိယာပုဂ္ဂိုလ်တို့ကို ချန်လှပ်၍ ပုထုဇဉ်သတ္တဝါအပေါင်းတို့အား ဒုက္ခတရား ပွါးများမှုကို ပြု၏၊မိမိကိုယ် ချမ်းသာလိုသော အတွက်ကြောင့် သူ့အသက်ကို သတ်၍အပါယ်၌ကျကြရသည်၊ လောက၌လည်း သုခကို လို၍ လှေထိုး,လှော်တိုက်-စသော ဒုက္ခကို ခံကြရသည်၊ သုခဝေဒနာသည် နောက်ပုဒ်၌လာသတ္တံ့သော တဏှာဖြစ်ပွါးကြောင်းအားကြီးသော တရားဖြစ်၍ 'ချမ်းသာသုခ၊ တရုမ္မွ၌၊လောက အထု၊ အကုန်ရ၏' အစရှိသော နောက်စကားရပ်ကို ဆိုပြန်ရသည်၊

---

၇-ဝေဒနာပစ္စယာ တဏှာ၊

## ဆောင်ပုဒ်။

သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရွှန်း၊ အစိမ့်မွှန်းက၊ သွန်းသွန်းဆူကြွ၊ထိုသုံခ၌၊ မိုယဟူသား၊ အချစ်ပွါး၍၊ခြောက်ပါး ဝေဒနာ၊

www.dhammaransi.com



မြိန်ယှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးသည့်၊ သေဋ္ဌေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်, မြေ-လုပ်ခင်း၊ ထမင်း,ဘောဇဉ်၊ သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏာ၊စသည်အပုံ၊ ပဉ္စာရုံနှင့်၊ ခြောက်စုံဖလား၊ စက္ခုစသား၊ ဒွါရခြောက်မည့်၊အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နှ၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏာ၊ ကာမဝတ္ထု၊ အစုအပုံ၊ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တမြားမြား၊ နေ့စဉ်ပွါး၍၊ တရားအချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊ ကာမထောင်တွင်း၊ခန္ဓာကင်းသည်။ ။ခြောက်သင်းတဏှာစွမ်းရည်တည်း။

သုခဝေဒနာ ဖြစ်ပေါ်လာသော အခါ ထိုသုခဝေဒနာ၌၊သာယာ ခင်မင်သောတဏှာခြောက်ပါးသည် ဖြစ်ပွါး၏။ ရူပတဏှာတပါး, သဒ္ဒာတဏှာ တပါး,ဂန္ဓတဏှာ တပါး,ရသတဏှာတပါး,ဖောဋ္ဌဗ္ဗ တဏှာတပါး,ဓမ္မတဏှာတပါး၊ ‘ကြင်မယားနှင့်၊ဝတ်စားရွှေငွေ၊ လယ်မြေ လုပ်ခင်း၊ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ပန်းမျိုးနံ့သာ, အစရှိသောအာရုံငါးပါး၊ ဖဿခြောက်ပါး, ဝေဒနာခြောက်ပါး,စက္ခု-စသော ဒွါရအကြည် ခြောက်ပါး, ထိုမှ တွင်းသောသဒ္ဒါ,စေတနာ, ပညာ, သတိ-အစရှိသော ဓမ္မာရုံ ၏အာရုံ ခြောက်ပါးသည် သုခဝေဒနာကို လိုတိုင်း ပေးနိုင်သော သေဋ္ဌေးရတနာတွေနှင့် တူပေ၏၊ ထို့ကြောင့် သုခဝေဒနာကို သာယာလိုသော အတွက်ကြောင့် ထိုအာရုံ ခြောက်ပါးကိုပင် ခင်မင်တွယ်တာ ရှာဖွေရးဆောင်းကြရသည်၊ထိုပဉ္စာရုံနှင့်ဓမ္မာရုံ၏အာရုံခြောက်ပါးကိုပင် ကာမဝတ္ထုအစု အပုံဆိုသည်။ ။အကြွင်း သိသာပြီ၊

---

## ၈-တဏှာပစ္စယာဥပါဒါန်၊

## ဆောင်ပုဒ်။

တဏှာ ခြောက်မည်၊ အရင်း တည်၍၊ အရှည် များလျား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အနုဗ္ဗဏှင့်၊ ကာမအာရုံ၊အလုံးစုံကို၊ အကုန်နှီးရင်း၊အစွဲပြင်း၏၊ အသင်းပွားများ။ သား,မယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်း

www.dhammaransi.com



ပြသည်၊ ကာမုပါဒါန်၊ တဘန်ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်း
ဘောက်၊အယူမှောက်သည်၊ ခြောက်ဆဲ့နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ၊ တစိ
ထိုမှ၊ ဂေါသီလကို၊ ဝဋ်မှထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါ
ဒါန်၊ ခန္ဓာငါးပါး၊ တရားအရ၊ ဓာတ်အနုကို၊ ကိုယ်ဟုစွဲကပ်၊ အမြဲ
မှတ်သည်၊ အတ္တဝါဒုပါဒါန်၊ အထန်အပြင်း။ အယူတင်း၍၊ ဝဋ်ခင်း
ဝဋ်နွယ်၊ ဝဋ်ပင်လယ်မှ၊ လွတ်ဘွယ်မအား၊ တမားမားသည်။ ။
လေးပါးဉပါဒါန် စွမ်းရည်တည်း။

တဏှာအစွဲအလမ်းသန်လှ၍ ဉပါဒါန်လေးပါးဖြစ်ပွားရသည်၊ ဉပါဒါန်လေးပါး-ဟူသည်ကား-ကာမုပါဒါန်တပါး, ဒိဋ္ဌုပါဒါန်တပါး, သီလဗ္ဗတုပါဒါန်တပါး, အတ္တဝါဒုပါဒါန် တပါး-ဤလေးပါးကို ဆိုသည်၊ထိုလေးပါးတို့တွင် ကာမုပါဒါန် ဟူသည်ကား-'ခန္ဓာကာယ၊ အစွန်အစွန်နှင့်၊ ကာမအာရုံ၊ အလုံးစုံ၌၊ အကုန်နှိုးရင်း၊ အစွဲပြင်း၏။အသင်းပွားများ၊ သားမယားက၊ စသည့်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ကာမုပါဒါန်' ဟူသည်နှင့်အညီ မိမိ-မိမိတို့၏ကိုယ်ခန္ဓာနှင့် တကွပစ္စည်းဉစ္စာ,ရတနာ ရွှေငွေ,လယ်မြေ,ကျွဲ,နွား, သား,မယား စသော ကာမဝတ္ထုတို့၌အပြင်း,အထန် စွဲလမ်းသော တဏှာသည် ကာမုပါဒါန်မည်၏၊ အပြင်း,အထန် စွဲလမ်းသော ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်မည်၏၊ နွားတို့၏ အလေ့အကျက်,ခွေးတို့၏ အလေ့အကျက်-စသည်တို့ကို သံသရာမှ လွတ်ကြောင်းဖြစ်၏ဟု စွဲလမ်းမှုသည်သီလဗ္ဗတုပါဒါန် မည်၏၊ မိမိ၏ခန္ဓာငါးပါးရုပ်,နာမ်တရားတို့ကို ငါ့ကိုယ်,ငါ့ကိုယ်-ဟု စွဲလမ်းမှုသည် အတ္တဝါဒုပါဒါန်မည်၏၊ တဏှာဖြင့် သံသာမှ ရှိခြင်းကြောင့် ဤဉပါဒါန်တရားလေးပါး ဖြစ်ပွါးလေသတည်း။

---

## ၉-ဉပါဒါနပစ္စယာ ဘဝေါ၊

## ဆောင်ပုဒ်။

စွမ်းရည်ပြင်းထန်၊ ဉပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊အစွန်အစွဲ၊ မြဲကြီး,မြဲ၍၊ ရဲရဲ,ရက်ရက်၊ ကိုယ် အတွက်ကြောင့်၊ သက်သတ်,ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ကမ္မဆယ်တန်၊ အပြစ်လျှံ၏။ တဘန်

www.dhammaransi.com



နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မြော်လျက်၊ သူတော်ခေလေ့ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဉ္စင်္ဂနှင့်၊ အင်္ဂအင်္ဂ၊ ဒသင်္ဂ တည့်။ လေးလီဗြဟ္မ၊ ဝိဟာရချွန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းမှုပွားဧ။ နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘာဝ၊ ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွါးသည်။ ။ နှစ်ပါးဘာဝ စွမ်းရည်တည်း။

ဤလင်္ကာပုဒ်၌၊ ၊အကုသလကမ္မပထဆယ်ပါး,ကုသလကမ္မပထဆယ်ပါးကို ဘာဝဆိုသည်၊

---

## ၁၀-ဘာဝပစ္စယာ ဇာတိ၊

### ဆောင်ပုဒ်။

ဘာဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်၊ သမ္ဘဝသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘာဝ၊ ဆုံးပြန်ကလည်း၊ ဧကေ,စတု၊ ငါးခုခန္ဓာ၊ ကံချရာ၌၊ ဓမ္မတာစစ်၊ သစ်တလဲလဲ၊ အနဲနဲလျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍၊ တြိဘုံပြင်၊ နယ်တခွင်၌၊ အစဉ်ပြည့်ပွါး၊ အစားစားလျှင်၊ မားမား,မတ်မတ်၊ ဇာတ်အမျိုးမျိုး၊ တန်းခိုးထင်တိမ်၊ ဂုဏ်သိမ်နိမ့်မြင့်၊ အကျင့် ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု၊ နာနာကာယ၊ ဖြစ်ပြန်ကြသည်။ ။ လေးဝဇာတိ စွမ်းရည်တည်း။

ဤလင်္ကာပုဒ်၌၊ ဥ၌ကိန်းသောအဏ္ဍဇမျိုး၊ သားအိမ်၌ ကိန်းသောဇလာဗုဇမျိုး၊အညှိ,အပုပ်,အစေး,အကျိ၌ ကိန်းသောသံသေဒဇမျိုး၊ ကိုယ်ထည်အပြီးဖြစ်ပေါ်သော ဩပပါတိကမျိုး၊ ဤလေးမျိုးကို လေးဝဇာတိ ဆိုသည်၊

---

## ၁၁-ဇာတိပစ္စယာ ဇရာမရဏံ၊

### ဆောင်ပုဒ်။

သန္ဓေဇာတိ၊ တဘန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူ,နတ်နတ်၊ မတ်မတ်,မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ အလယ်,အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချိကာ၊ နာရီဆင်သင့်၊ အဆင့်ဆင့်လျှင်၊

www.dhammaransi.com



ရင့်မြဲ,ရော်မြဲ၊ တသဲသဲတည့်။ မစဲနေ့,ည၊ တရွရွလျှင်၊ ခဏသန္တတိ၊ ဇဂ္ဂဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်,ညီး၍၊ အကြီး, အငယ်၊ အရွယ် ခြားနား၊ အစားစားလျှင်၊ အသွား,တွင်တွင်၊ မစဲနိုင်၏။ လေးအင် သေမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊ နှီးနွယ်ရှုံးစည်း၊ တလုံးတည်းလျှင်၊ ကြီးကြီး,ငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်။ ။ဇရာမရဏ စွမ်းရည်တည်း။

ဤလက်ာပုဒ်၌၊ ။ခဏိကဇရာ, သန္တတိဇရာ-ဟူ၍ဇရာနှစ်ပါး၊ ။အသက်တမ်းကုန်၍ သေရခြင်း, ကံကုန်၍သေရခြင်း, အသက်တမ်း,ကံကုန် နှစ်ပါးဆုံ၍သေရခြင်း,ဥပစ္ဆေဒက ကံဖောင်း သတ်၍သေရခြင်း-ဟူ၍သေရခြင်းမရဏဘရားလေးပါး၊

## ၁၂-သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာ,သမ္ဘဝန္တိ၊

### ဆောင်ပုဒ်။

သန္ဓေဇာတိ၊ ခန္ဓာရှိက၊ ဉာတိဗျသန၊ စသည်သင်းပင်း၊ ကွေကွင်း ခြင်းနှင့်၊ မကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောက၊ ယူတ ငိုကြွေး၊ သက်မွေးဝန်ထမ်း၊ ပူချမ်းဒုက္ခ၊ အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည်ငင်ရှိုက်၊ အလှိုက် အလှဲ၊ ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်၊ ကျယ်ပွါးအနန္တ၊ တွေ့ကြုံရသည်။ ။မူလဇာတိအနွန်းတည်း။

## ၁၃-ဝေမေတာဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊

### ဆောင်ပုဒ်။

ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သူငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော့၊ အရင်း အ ဝိဇ္ဇာ၊ ဟိုမှဖြာ၍၊ ဇရာမရဏ၊ အဆုံးကျသည်၊ မမွှအပြား၊ ဆဲ့နှစ်ပါးကို၊ ဤကားလှုပင်၊ ဤလျှင်နတ်ဘဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ္ဋနွယ် စည်၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက် ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ဓာတ်မှန်ရသည်၊ ။ဘဝဤကိုယ် ဖြစ်ထုံး တည်း။ ။

www.dhammaransi.com



မုံရွာမြို့၊ လယ်တီတောရကျောင်းဆရာ၊ မဟာဗောဓိသို့ကြွ ရာ၊ မန္တလေးမြို့တော်မှ၊ ၁၂၅၇-ခု၊ တပို့တွဲလပြည့်ကျော် (၃)ရက် ရန်ကုန်ထွက်မီးရထားပေါ်တွင်၊ စီစဉ်ရေးသားသော ပဋ္ဌာနသရုပ်ပြ ပါဠိ အကျဉ်းသက်၁ ၁၃ ပုဒ်ပြီး၏။ ။ပဋ္ဌာနသရုပ်ပြ ပါဠိအကျဉ်းပြီး၏။

---

## ဆုံးမစာ။

ဆိုဖိမ့်မည်၊ ခွေစေ့နာလော့၊ ဝဂ်သြမျှ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာ, နတ်၌၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ရီးတီး ယောင်တောင်၊ ခုတိုင်အောင်တည့်။ ၁—သန်းခေါင်, လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင် ကား ရာ, ထောင်၊ မကမှောင်၏။ ၂—လူ့ဘောင်, လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလွှေမလွဲ၊ အများနဲလျှင်၊ မိုက်မြဲနှင့်နှင့်၊ မိုက်စရှင် ၏။ ၃—မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာ ကင်း၏။ ၄—သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏။ ၅—နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်, နင့်နာမ်၊ နင့်သန္တာန် ကို၊ နင့်ဥာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူး, မေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့ တုံပြီ။ ၆—အာရုံတွေ့ပျ၊ မီးစာစုကို၊ မှုမှု, ရရ၊ နင်အားကျလည်း၊ ဒါးမြ သေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။ ၇-ရီးတီး ရားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားရာလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်, ငြိုငြို၊ ဆင်းရဲပို လျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အများထုံးတည်း၊ အနှုန်းမပျက်၊ အောက်နု ရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်။ ။ နင်လိုလူမိုက် သွားလမ်းတည်း။

၎င်းဆုံးမစာ၌ 'မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်'ဆိုသည်ကား-တမိုးလုံး မိုး တိမ်တိုက်ကြီး ပြည့်၍နေ၏။ လျှပ်ပြက်သော အခါ၌လည်း မကြုံကြိုက် ဆိုလို သည်။ 'မိုက်မြဲနှင့်နှင့်'ဆိုသည်ကား-အမိုက်လက်စမသိမ်း ဆိုလိုသည်။ 'နင့် ကိုယ်ထင်၏'ဆိုသည်ကား—၎င်းပိုင်သော ကိုယ်ဟု မှတ်ထင်၏ဟု ဆိုလိုသည်။ 'အထုပ်ငယ်လျက်'ဆိုသည်ကား-ကောင်းမှုကုသိုလ်, မျိုးရိက္ခာထုပ် သေးငယ် သည်ကိုဆိုလိုသည်။ 'အောက်နုရက်'ဆိုသည်ကား—ငရဲဘုံကို 'နုရက်'ဆိုသည်။ နုရက်ဆိုသော စကားနှင့် ငရဲဘုံဆိုသော စကား အတူတူမှတ်လေ။

ဆုံးမစာ ပြီး၏။

www.dhammaransi.com



# ဂေါတမသုရာဒီပနီကျမ်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အထက်အောက် မြန်မာနိုင်ငံရှိ အမြို့မြို့ အရွာရွာ ဗုဒ္ဓဘာသာဝင် ရှင်,လူအပေါင်း သူတော်ကောင်းတို့အား ကြားသိကြစေရန် သုတ္တနိပါတ် ပါဠိတော်အတွက် အနက်အဓိပ္ပါယ်တို့ကို ဘော်ပြလိုက်အံ့၊

၁ လူတို့၏အကျိုး, စီးပွါးတို့ကို အမြဲနိစ္စ ဆောင်ရွက်ကြပေကုန်သော ကျွဲ,နွား-သတ္တဝါအပေါင်းတို့သည် လူတို့၏အမိနှင့် တူကုန်သည်, အဘနှင့်တူကုန်သည်, အစ်ကို,ညီသား, မောင်ဘားတသင်း၊ သားချင်း, သွေးချင်း, ဆွေမျိုးချင်းနှင့် တူကုန်သည်-ဟူ၍ ဟောတော်မူသည်တရပ်၊

၂ လူအပေါင်းတို့သည် ကျွဲ,နွား-သတ္တဝါတို့၏ လုပ်စာ-ထမင်း-အာဟာရ အတွက်နှင့် အသက် ရှည်၍ တည်နေနိုင်ကြကုန်သည်ဖြစ်ရကား၊ ကျွဲ,နွား-သတ္တဝါတို့သည် အာယု, ဝဏ္ဏ, သုခ, ဗလ-ဟူသော ကောင်းကျိုးကြီးလေးပါးတို့ကို လူသတ္တဝါအပေါင်းတို့အား နေ့စဉ်ပေးအပ် ချီးမြှောက် ထောက်ပံ့လျက် ရှိနေကြပေကုန်သည်ဟု ဟောတော်မူသည်တရပ်။

၃ ကျွဲ,နွား-သတ္တဝါတို့ကို လူသတ္တဝါတို့က မိ,ဘ, ဆွေမျိုးတို့နှင့်အတူ ကြည်ဖြူကြသောအခါ၌ သမ္မာဒေဝ နတ်အပေါင်းတို့

www.dhammaransi.com



သည် လူသတ္တဝါတို့ကို ဆွေမျိုးဉာတကာတို့နှင့် အတူ ကြည်ဖြူလေးမြတ် စောင့်ကြပ်,ကြည့်ရှုကြပေကုန်၏၊ လူတို့၌ရင်း၊ကျွဲ,နွားသတ္တဝါတို့၌ရင်း-ရောဂါဆိုး,ကပ်, ဥပဒ်မျိုးတို့ကို မပေါ်မပေါက်မကျရောက်နိုင်အောင် စောင့်ရှောက်ကြ ပေကုန်၏-ဟူ၍ ဟောတော်မူသည့်တရပ်၊

၄ အကြင်အခါ၌ လူသတ္တဝါတို့သည် ကျွဲ,နွား-သတ္တဝါမျိုးတို့၌ ကတညုတာ, မေတ္တာ, ကရုဏာ-တရား နည်းပါးကြကုန်၏၊ အဆမတန် စည်စားကြကုန်၏၊ အကျွေး,အမွေး နည်းပါးကြကုန်၏၊ ပြင်းထန်စွာ ရိုက်နှက် ညှဉ်းပန်းကြကုန်၏၊ သတ်ဖြတ် စားသောက်ကြကုန်၏၊ထိုအခါ၌ သမ္မာဒေဝ နတ်အပေါင်းတို့သည် လူသတ္တဝါတို့၌ မေတ္တာ,ကရုဏာတရား ကင်းရှင်းကြကုန်၏၊ ကိုယ်စောင့်နတ်တို့သည် ကိုယ်ကို မုန်းကြကုန်၏၊ အိမ်စောင့်နတ်တို့သည် အိမ်သူ, အိမ်သားတို့ကို မုန်းကြကုန်၏၊ ရွာစောင့်နတ်တို့သည် ရပ်သူ,ရွာသားတို့ကို မုန်းကြကုန်၏၊ မြို့စောင့်နတ်တို့သည် မြို့သူ,မြို့သားတို့ကို မုန်းကြကုန်၏၊ တိုင်းစောင့်နတ်, ပြည်စောင့်နတ်တို့သည် တိုင်းသူ, ပြည်သားတို့ကို မုန်းကြကုန်၏၊ ကြည့်ရှုခြင်း,စောင့်ရှောက်ခြင်းတို့ကို မပြုကြကုန်ပြီ၊ ထိုအခါ၌ ဘီလူး, သမ္ဘက်-စသော မိစ္ဆာနတ်ဆိုးတို့သည် အခွင့်ရကြကုန်၏၊ ရောဂါဆိုး,အနာဆိုး,ကပ်,ဥပဒ်မျိုးတို့သည် လူတို့၌ရင်း၊ကျွဲ,နွား-သတ္တဝါတို့၌ရင်း-ပေါ်ပေါက်ကျရောက်ကြကုန်၏ ဟူ၍ဟောတော်မူသည့်တရပ်၊ ဤကား-သုတ္တနိပါတ်ပါဠိတော်မြတ်၏ နိတတ္ထ, နေယျတ္ထ အနက်အဓိပ္ပါယ်တည်း၊

၅ ကျွဲ,နွားသတ္တဝါတို့ကိုအရှယ်ရှိစဉ်အခါ၌ကောင်းစွာမွေးမြူ၍,မေတ္တာ,ကရုဏာ-အလိမ္မာတို့နှင့် တိုင်းတာ၍ စည်စားခိုင်းစေမှုတို့ကို ပြုပြီး၍ အရွယ်လွန်သော အခါ၌ အစာ,ရေစာ ဝစွာ ကျွေးမွေး၍ ပင်စင်အငြိမ်းစား ချမ်းသာစွာထားရမည်-ဟူ၍နာရဒဇာတ်ပါဠိတော်မြတ်၌ ဟောတော်မူသည်၊ ဤကား-နာရဒဇာတ် ပါဠိတော်မြတ်၏ နိတတ္ထ,နေယျတ္ထ အနက်အဓိပ္ပါယ်တည်း၊

www.dhammaransi.com



၆ လူဖြစ်သော သူတို့မှာ-လူတို့၏ ဆိုင်ရာဖြစ်သော ငါးပါးသောသိက္ခာပုဒ်, ရဟန်းဖြစ်သော သူတို့မှာ ရဟန်းတို့၏ ဆိုင်ရာဖြစ်သော ၂၂၇-ပါးသော သိက္ခာပုဒ်တို့ကို လုံခြုံစွာ စောင့်ထိန်း၍ ကိုယ်အမူ, နှုတ်အမူ-စင်ကြယ်မှုသည် သီလနှင့် ပြည့်စုံသော သီလဝန္တ၏ပဓာနအင်္ဂါတည်း။ ၊လူဖြစ်စေ,ရှင်ဖြစ်စေ သူတပါးတို့အား အသိအလိမ္မာ ပညာတိုးပွားအောင် တရားကျမ်းဂန်နှင့် ညီညွတ်စွာ ပြောဟောပြသဆုံးမ သွန်သင်နိုင်ခြင်းသည် ပဏ္ဍိတဟု ဆိုအပ်သော ပညာရှိ၏ ပဓာနအင်္ဂါတည်း၊ ၊မိမိကိုယ်၌ သူတပါးတို့ပြုဘူးသောကျေးဇူးဂုဏ်ကို မမေ့မပျောက် တတ်ငွမ်း သလောက် ထင်ရှားအောင် ပြုနိုင်ခြင်း, ဂုဏ်ရှိသော သူတို့၏ ဂုဏ်ကို ကြည်ညိုရှိခိုးပင့်နိုင်ခြင်းသည် သပ္ပုရိသဟု ဆိုအပ်သော သူတော်ကောင်း၏ပဓာနအင်္ဂါတည်း၊ ၊ဤပဓာနအင်္ဂါနှင့်တကွ နူးညံ့ ပြေပြစ် စိတ်နှလုံးကောင်းသည်ကို သူတော်ကောင်းဆိုသည်၊ ၊ဗုဒ္ဓဘာသာသာသနာ၌ ဝိနည်းပိဋကတ်တော်သည် သီလဝန္တ၏ ပဓာနအင်္ဂါတည်း။ အဘိဓမ္မာ ပိဋကတ်တော်သည် ပညာရှိ၏ပဓာနအင်္ဂါတည်း၊သုတ္တန်ပိဋကတ်တော်သည် သူတော်ကောင်း၏ပဓာနအင်္ဂါတည်း၊ဤလောက၌ အချို့သောသူတို့သည် သီလဝန္တသာဖြစ်ကုန်၏၊ ပညာရှိမဟုတ်ကုန်, သူတော်ကောင်း မဟုတ်ကုန်၊ ၊အချို့သောသူတို့သည် ပညာရှိသာ ဖြစ်ကုန်၏၊ သီလဝန္တ မဟုတ်ကုန်, သူတော်ကောင်း မဟုတ်ကုန်၊ ၊အချို့သောသူတို့သည် သူတော်ကောင်းသာဖြစ်ကုန်၏၊ သီလဝန္တမဟုတ်ကုန်, ပညာရှိမဟုတ်ကုန်၊ ၊အချို့သောသူတို့သည် သီလဝန္တ, ပညာရှိဖြစ်ကုန်၏၊ သူတော်ကောင်းမဟုတ်ကုန်၊ ၊အချို့သောသူတို့သည် သီလဝန္တ,သူတော်ကောင်းဖြစ်ကုန်၏၊ပညာရှိမဟုတ်ကုန်၊ ၊အချို့သောသူတို့သည် ပညာရှိ,သူတော်ကောင်း ဆိုရကုန်၏၊ သီလဝန္တမဟုတ်ကုန်၊ ၊အချို့သောသူတို့သည် သီလဝန္တ,ပညာရှိ,သူတော်ကောင်းအင်္ဂါသုံးမျိုးနှင့်ပြည့်စုံကုန်၏၊ ၊အချို့သောသူတို့သည် သီလဝန္တ,ပညာရှိ, သူတော်ကောင်းအင်္ဂါ

www.dhammaransi.com



သုံးမျိုးလုံးမှ ကင်းကုန်၏၊ ။အင်္ဂါသုံးမျိုးလုံးနှင့် ညီညွတ်သော သူကား အသွန်ရှား၏၊ ။ဤကား သရဘင်္ဂဇာတ်ပါဠိတော်မြတ်၏ နိတတ္ထ,နေယျတ္ထ-အနက်အဓိပ္ပါယ်တည်း၊

၇ အကြွင်သစ်ပင်၏ အရိပ်၌ခိုရှ ထိုင်ဘူး၏, အိပ်ဘူး၏၊ ထို သစ်ပင်သည် ထိုသူ၏ကျေးဇူးရှင် မိတ်ခင်ပွန်းဖြစ်၏၊ ထိုသူသည် ထိုသစ်ပင်ကို မကောင်းသောစိတ်ဖြင့် အကိုင်း,အခက်ကိုမျှ မချိုး ရာ၊ ။ချိုးခဲ့သော် ခင်ပွန်းပြစ်မှားရာရောက်၏, သူတော်ကောင်း အင်္ဂါပျက်၏ဟူ၍ တေမိဇာတ်ပါဠိတော်မြတ်၌ဟောတော်မူ၏၊

အသက်မရှိသောသစ်ပင်ကို ချတ်ချိုင်ချိုးဖျက်၍ အကုသိုလ်အ စစ်မဖြစ်သော်လည်း ကတညုတာဟူသော သူတော်ကောင်းအင်္ဂါ ကို အသက်မရှိသော သစ်ပင်မှာပင် မပျက်စေရ၊ အလွန်အလေးပြု ထိုက်သောအင်္ဂါဖြစ်၏၊ ။အလေးမပြုခဲ့သော် အသက်မရှိသော သစ်ပင်အတွက်နှင့်ပင် သူတော်ကောင်းသက္ကဏာပျက်၏,သူယုတ် မာသက္ကဏာသက်၏၊ အသက်ရှိသော သတ္တဝါတို့အတွက်မှာ ဆို ဘွယ်ရာမရှိဟုပါဠိတော်၏အဓိပ္ပါယ်ကိုဘော်ဆိုရမည်၊ ။ဤကား သုတ္တန်ပါဠိတော်တို့၏အနက်အဓိပ္ပါယ်ကိုဘော်ပြချက်တည်း၊

၈ မဟာဗောဓိဇာတ်တော်၌ ခေတ္တဝိဇ္ဇာဒိဋ္ဌိခေါ်သော မိစ္ဆာ ဒိဋ္ဌိတမျိုးသာရှိ ၍၊ အကြွင်သစ်ပင်၏အရိပ်၌ ခို၍အိပ်ဘူး၏, ထိုင် ဘူး၏၊အကျိုးတပါးရှိမည်ဖြစ်ခဲ့သော် ထိုသစ်ပင်ကိုအမြစ်ပါ တူး ဖြိုဖျက်ဆီးရာ၏ဟု မိစ္ဆာဒိဋ္ဌိတမျိုးလာ၏။ အကျိုးတပါးရှိမည်ဆို လျှင် 'ဘ၏နဖူးမှာ သိုက်တူးရာ၏' ဟူသော လောကစကားများ သည် ထိုဒိဋ္ဌိမျိုးမှလာသောစကားတည်း၊

၉ ကတညုတာပုဒ်၌ ကတဆိုသည်ကား ပြုဘူးသောကျေးဇူး မှုပေတည်း၊ ထိုကျေးဇူးမှုသည် ဂုဏ်ရှိသောသူက ပြုဘူးသော ကျေးဇူးမှု, ဂုဏ်ခဲ့သောသူက ပြုဘူးသောကျေးဇူးမှု-ဟူ၍ နှစ်မျိုး ရှိ၏၊

ဤလောက၌ အချို့သောသူတို့သည် ဂုဏ်ရှိသောသူက ပြုဘူး သောကျေးဇူးဖြစ်ခဲ့ခံ့၊ တကျပ်တန်မျှကိုပင် တရာတန်,တထောင်

www.dhammaransi.com



တန်ပြု၍ ပြောဆိုလေ့ရှိကြကုန်၏၊ ဂုဏ်မရှိသောသူက ပြုအပ်သော ကျေးဇူးဖြစ်ခဲ့အံ့၊ တရာတန့်၊ တထောင်တန်ကိုပင် တကျပ်တန်မျှမှ မပြောချင်ကြကုန်။ အလောင်းအလျာမဟုတ်သော လူနုပ်, လူဖွဲ့, လူစဉ်းလဲတို့၏ လမ်းတည်း။ ဂုဏ်ရှိသောသူ၏ ကျေးဇူးဖြစ်ခဲ့အံ့။ တကျပ်တန်ကို တဆယ်တန်မက တရာတန်မကပြု၍ ပြောနိုင်ရာ၏၊ ဂုဏ်မဲ့သောသူ၏ ကျေးဇူးဖြစ်ခဲ့အံ့၊ တကျပ်တန်ကို တထောင်တန်မက တသောင်းတန်မကပြု၍ပြောနိုင်ရာ၏၊ ကျွတ်တမ်းဝင်ကြသော သူတော်ကောင်း, သူမြတ်လောင်းတို့၏လမ်းပေတည်း။

၁၀ ဘွားမြင်စကာသန္ဓေ အမိ၏ဝါးဖတ်ထမင်းကို မျိုရသော နေ့မှစ၍ ကျွဲ, နွား, သတ္တဝါတို့သည် လူတို့အား တနေ့ထနေ့လျှင် နှစ်ကြိမ်, နှစ်ကြိမ်အသက်ဇီဝကို ပေးကြပေကုန်၏။ ထိုနေ့မှစ၍ လူတို့သည် ကျွဲ, နွားတို့၏အသက်နှင့် အသက်ရှည်ကြရကုန်၏၊ ဆန်စပါးပေါများသည့်အတွက် သေဗ္ဗး, သူကြွယ်, ဘုရားတည်, ကျောင်းဆောက် ချမ်းသာမြောက်အောင် ကျွဲ, နွားတို့သည် လူတို့အား စည်းစိမ်ချမ်းသာ ဥစ္စာဓနတို့ကို နှစ်စဉ်ထာဝရလုပ်ဆောင်၍ ပေးကြပေကုန်၏။ ဤသို့လျှင် လူသတ္တဝါတို့အား ကျွဲ, နွားတို့၏ ကျေးဇူးသည် အလွန်ကြီးကျယ်လှ၏၊ အမိကျေးဇူး, အဘကျေးဇူးနှင့် အလားတူ၏။ "မာတာပိတုဂုဏော အနန္တော" ဆိုသကဲ့သို့ "ဂေါမဟိံသဂုဏော အနန္တော"ဟုအနန္တတပါးဆိုထိုက်၏၊ မျက်မြင်ဒိဋ္ဌ ပေတည်း၊ ထိုကြောင့် ကျွဲ, နွားတို့သည် လူတို့၏ အမိနှင့်တူကုန်သည်, အဘနှင့် တူကုန်သည်-ဟု ၁-ဂဏန်းအချက်မှာပါဠိတော်အနက်ကိုပြဆိုခဲ့ပေသတည်း။

၁၁ ၎င်း ၁-ဂဏန်းအချက်၌အစ်ကို, ညီသား, မောင်ဘွား, တသင်း, သားချင်း, သွေးချင်း, ဆွေရင်း, မျိုးရင်းတို့နှင့် တူကုန်သည်ဟု ဟောတော်မူရာ၌ထိုဆွေရင်း, မျိုးရင်းတို့ကို မိမိကိုယ်တိုင်နှိပ်စက်ညှဉ်းပန်းမည်ကိုဝေးလေစွ၊ သူတပါးတို့ နှိပ်စက်ညှဉ်းပန်းပြုလုပ်သည့်ကိုသိရ, မြင်ရလျှင်ပင်မခံမရပ်နိုင်ရှိကြ၏၊ ထိုဆွေရင်း, မျိုးရင်းတို့ကိုမိမိကိုယ်တိုင်သတ်နိုင်မည်ဝေးလေစွ၊ သူတပါးတို့သတ်သည့်

www.dhammaransi.com



ကိုသိရ, မြင်ရလျှင်ပင်မခံမရပ်နိုင်ရှိကြ၏၊ ထိုအခါ ကျွဲ, နွား-သတ္တဝါ တို့လည်း မိမိကိုယ်တိုင် ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်နိုင်မည်ဝေးစွ၊ သူတပါးတို့ညှဉ်းဆဲ နှိပ်စက်သတ်ဖြတ်သည်ကို ကြားသိရလျှင်ပင် ရင်ထုမနာ-မသက်သာကြီးဖြစ်ကြမြဲ ဓလေ့အရိုးအစဉ်ရှိသည်ကိုရင်း, သူတပါးသတ်ဖြတ်၍ထားသော ဆွေရင်း, မျိုးရင်းတို့၏ အသားကို တွေ့လျှင် စားသောက်လိုသော တဏှာရာဂ ဖြစ်နိုင်မည်ဝေးစွ၊ မမြင်စံ့ဘဲ နှလုံးကွဲ၍ သဲစွာငိုရလိမ့်မည်ဖြစ်သကဲ့သို့ သတ်၍ထား သောနွားသား, ကျွဲသား, များကို တွေ့ရလျှင် စားသောက်လိုသော တဏှာရာဂဖြစ်နိုင်မည်ဝေးစွ၊ ရင်ထုမနာ မသက်သာကြီး ဖြစ်ကြ မြဲ ဓလေ့အရိုးအစဉ်ရှိသည်ကိုရင်း၊ ထိုပါဠိတော်၌ပြတော်မူပေ၏၊

၁၂ သုတ်တော်ကောင်း၏ ပဓာနအင်္ဂါ ကတညုတာတရားကို နတ်သိကြားတို့ အလွန်အလေးပြုကြကုန်၏၊ အမိ, အဘတို့နှင့် အ လားတူ မျက်မြင်ဒိဋ္ဌကျေးဇူး ဂုဏ်ကြီးကျယ်လှသော ကျွဲ, နွား သတ္တဝါတို့ကို သတ်နိုင်ကြသောသူ, ကျွဲ, နွားသတ္တဝါတို့၏ အသား ကို စားသောက်နိုင်ကြသော သူတို့၌ ကတညုတာ ဟူသော သု တော်ကောင်းတရားပျက်ပြားမှုသည် အလွန်နက်နဲလှ၏၊ ထိုကြောင့် ကျွဲနွားသတ္တဝါတို့၏ အသားကို စားသောက်ကြသော လူတို့ကို သမ္မာဒေဝနတ်တို့သည် အလွန်မုန်းကြကုန်သည်ဟု ၃-ဂါထာနှင့်အ ချက်မှာပြဆိုခဲ့ပေသည်၊

လောက၌ အစိုးရမင်းမရှိခဲ့လျှင် ထိုနိုင်ငံမှာခိုးသူထားပြသောင်း ကျန်း၏၊ အစိုးရမင်း အုပ်ချုပ်လျက်ရှိသောအခါ၊ ထိုထိုမြို့ရွာ၌ရှိနေ သော လူဆိုးတို့သည် မခိုးသာ, မတိုက်သာ ငြိမ်ဝပ်စွာနေကြကုန် ၏၊ အစိုးရမင်းမရှိမှု၍ မင်းမဲ့တိုင်းပြည်ဖြစ်နေသောအခါ ထိုထိုမြို့ရွာ ရှိ လူဆိုး, သူဆိုးတို့သည် ထကြွသောင်းကျန်းကုန်၏၊ ထိုအတူ လူ့လောကကိုသမ္မာဒေဝနတ်တို့ ကြည်ညို, လေးမြတ်, စောင့်ကြပ်, ကြည့်ရှု၍နေကြသောအခါ လောက၌ရှိနေကြသော ဘီလူး, သဘက် အစရှိသော နတ်ဆိုး နတ်ဝါးတို့သည် မသောင်းကျန်းသာ ငြိမ်ဝပ် စွာနေကြကုန်၏၊ လူတို့ကို အလွန်မုန်းကြသဖြင့် သမ္မာဒေဝနတ်တို့

www.dhammaransi.com



မကြည့်,မရှုပစ်ထားကြသောအခါ လောကနှင့်အပြည့်ရှိနေကြကုန်သော ထိုနတ်ဆိုး,နတ်ဝါးတို့သည် ထကြွသောင်းကျန်းကြကုန်၏၊ ထိုထိုရောဂါဆိုး, အနာဆိုး ကပ်, ဥပဒ်အမျိုးမျိုးတို့ကို ဖြစ်စေ၍၊ လူတို့၏ အသိ,အသွေး ကျွဲ,နွားသတ္တဝါတို့၏အသိ,အသွေးတို့ကို စားသောက်ကြကုန်၏၊ ထိုကြောင့် ၃-ဂါထာ အချက်၌ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်-အစရှိကုန်သော သမ္မာဒေဝနတ်တို့သည် လူ့လောကကို မကြည့်,မရှုကြကုန်သဖြင့် မိစ္ဆာနတ်ဆိုးတို့ ထကြွသောင်းကျန်းကြကုန်သည့် အတွက် လူတို့၌ရင်း၊ ကျွဲ,နွားသတ္တဝါတို့၌ရင်း၊ရောဂါဆိုး,အနာဆိုး, ကပ်ဥပဒ်အမျိုးမျိုးတို့,ပေါ်ပေါက်ကျရောက်ရှိနေကြောင်းကိုပြဆိုခဲ့ပေသည်၊

၁၃ ကျွဲ,နွားဖြင့်အသက်မွေးကြကုန်သောလယ်သမား,ယာသမား လှည်းသမားတို့၌ ရှိကြသော ဥစ္စာခနတို့မှ ထက်ဝက် ထက်ဝက်သောဥစ္စာခနတို့သည် ကျွဲ,နွားတို့အားထိုက်တန်ကုန်၏၊လယ်ယာမှ စပါးလုပ်ခွန်တရာထွက်လျှင် လူနှင့် ကျွဲ,နွား ငါးဆယ်စီ ထိုက်တန်၏၊လှည်းတိုက်ရာမှ ငွေဒင်္ဂါးတကျပ်ရခဲ့လျှင် လူနှင့် ကျွဲ,နွား ငါးမူးစီထိုက်တန်၏၊ အိပ်ရာ,နေရာကောင်းစွာထား၍အစာရေစာဝစွာကျွေးမွေး၍ အားခွန်ဗလနှင့်တိုင်းတာ၍ နံနက်ခင်းညနေခင်း၌ ဖြည်းညှင်းသာယာ‌ေမာင်းနှင်၍ မိမိအစ်ကိုညီသားကဲ့သို့ မေတ္တာကရုဏာ တရားနှင့် ခိုင်းစေကြကုန်မှသာလျှင် ကျွဲ,နွားတို့အတွက် တဝက်သော ဥစ္စာကို သုံးစားထိုက်ကြကုန်၏၊ ထိုအတူ အရွယ်လွန်သော ကျွဲ,နွားတို့ကို မစေမခိုင်းမရောင်းမချတဲ ပင်စင်အငြိမ်းစား ချမ်းသာစွာ ထားနိုင်ကြကုန်မှသာ ကျွဲ,နွားတို့ကြွေးမြီမှကင်းလွတ်ကြကုန်ရာ၏၊ထိုကြောင့် ၄-ဂါထာအချက်၌ ပင်စင်အငြိမ်းစားဒေသနာကို နာခုဒ္ဒဇာတ်တော်မှ ထုတ်ဆောင်၍ပြခဲ့ပေသည်၊ ၊

ဆိုခဲ့သည့်အတိုင်းမပြုတဲ ကျွဲ,နွားတို့အားထိုက်သောအတိုကိုသုံးစားသောသူတို့မှာ ကျွဲ,နွား သတ္တဝါတို့၏ သံသရာကြွေးသည်တင်ရှိ၏၊ သံသရာကြွေးမည်သည် အဆထောင်သောင်းတိုးပွါး၏၊ သံသရာ၌ရှိ

www.dhammaransi.com



သော ဗာလ, ပါပ, ဒုသီလတို့၏လက်သို့ရောက်ကြရသော ကျွဲ, နွား သတ္တဝါများသည် ငရဲထိန်း, ငရဲခွေးတို့၏လက်သို့ရောက်ကြရသော ငရဲသူ, ငရဲသားတို့နှင့် အလားတူလေ၏ ပညာ, သတိရှိကြစေကုန်၊

၁၄ တကြိမ်တခါမျှအရိပ်ခို၍ထိုင်ဘူး, အိပ်ဘူးသော အသက်မရှိသော သစ်ပင်ကိုပင် အရိပ်ခိုခို အခက်ချိုးချိုး မပြုရာ, ပြုခဲ့လျှင် ခင်ပွန်းပြစ်မှားရာကျ၏, သူတော်ကောင်း လက္ခဏာ ပျက်၏ဟု ဟောတော်မူသောဘုရားတော်သည် ဗုဒ္ဓဘာသာမှာ နေ့, လ အလွင် အလွန် ထင်ရှားလျက်ရှိသောကြောင့် လူတို့၏ အသက်သခင်, စည်းစိမ်သခင် အရည်ဘာဝရဖြစ်ကုန်ကြ၍ မြင်းမိုရ်တောင်ကြီးအလွင် ထင်ရှားသော ကျေးဇူးဂုဏ်ရှိသော ကျွဲ, နွားတို့၏ အသားကို မြိန်မြိန်ရှက်ရှက် နှစ်နှစ်သက်သက် စားသောက်နိုင်ကြသော သူတို့မှာ ကတညုတာဟူသော သူတော်ကောင်းအင်္ဂါကြီးအပျက်ကြီးပျက်၏၊ ကျွဲ, နွားသတ္တဝါတို့က လူတို့အား နေ့စဉ် အသက်ကို ပေးကြပေကုန်၏။ လူတို့က ကျွဲ, နွား သတ္တဝါတို့အား နေ့စဉ်အသက် သေဘေးကြီးကိုပေးကြကုန်၏။ သတ္တနိရယ်ကြီးကို ဖြစ်စေကြကုန်၏၊ ၊သတ္တနိရယ်-ဆိုသည်ကား ရှမ်းပြည်, ရှမ်းရွာတို့နှင့် တကွ အထက်နိုင်ငံ, အောက်နိုင်ငံတို့၌ တနေ့, တနေ့လျှင် သတ်နွားကောင်ရေပေါင်း တထောင်ကျထား၍ ရေတွက်သည့်ရှိသော် တလတသမှာ နွားပေါင်းသုံးသောင်း-သုံးသောင်းသေဆုံး၏၊ တနှစ်တနှစ်မှာ နွားပေါင်းသုံးသိန်းခြောက်သောင်း, သုံးသိန်းခြောက်သောင်းသေဆုံး၏၊ ဆယ်နှစ် ဆယ်နှစ်မှာ နွားပေါင်းသုံးသန်းခြောက်သိန်း, သုံးသန်းခြောက်သိန်းသေဆုံး၏၊ ဤကား မြန်မာနိုင်ငံမှာ ကျွဲ, နွားသတ္တဝါတို့ ၌သတ္တနိရယ်ကြီး နေ့မစဲ, ညမစဲ တိုက်၍ နေပုံတည်း၊ ကျွဲ, နွားတို့အပေါ်၌ ထားမိုး, လှံမိုးကြီး နေ့မစဲ, ညမစဲရွာ၍ နေပုံတည်း၊ ကြေးငွေပေး၍ စားကြသူတို့၏ကြေးငွေများသည် နွားသတ်ကုလားတို့လက်သို့ရောက်သောအခါ သတ်နွားဝယ်ယူရန် အရင်းအနှီးဖြစ်၏၊ ထိုကြေးငွေများနှင့် ကျွဲ နွားတို့ကိုဝယ်ယူ၏၊ စားသူရှိ၍သတ်သူရှိသည်အမှန်ဖြစ်၏၊ စားသူတို့က ကြေးငွေပေးကြ၍နွားသက်ရုံတည်

www.dhammaransi.com



နိုင်သည်အမှန်ဖြစ်၏၊ ရှမ်းပြည်ရှမ်းရွာတို့နှင့်တကွအထက်အောက် မြန်မာနိုင်ငံ၌ နွားသတ်ရုံပေါင်းတထောင်မကများပြား၏၊ တနှစ်ဘ နှစ်သျှင် နွားကောင်ရေပေါင်း အသိန်းများစွာသေဆုံး၏၊ ဝယ်၍စား သူတို့၏ ကြေးငွေနှင့် သေဆုံးရသော အမှုအမှန်ဖြစ်၍ တနိုင်ငံလုံးမှာ ဤနွားသတ္တဝါတို့၌ နေ့မစဲ ညမစဲတိုက်၍နေသော သတ္တန္တရကပ် ကြီးသည်နွားသားစားသူတို့ကထူထောင်၍ထားကြသောကပ်ဥပဒ် ကြီးပင်ဖြစ်သတည်း၊ ၊ ကျွဲ နွားသတ္တဝါတို့က လူသတ္တဝါတို့ကို ဒုဗ္ဘိက္ခန္တရကပ်ကြီး မထိမခိုက်ရအောင် အမြဲ စောင့်ရှောက်၏၊ လူသတ္တဝါတို့က ကျွဲ နွား သတ္တဝါတို့ကို နေ့မစဲ ညမစဲ သတ္တန္တရ ကပ်ကြီးနှင့် အတွင် တိုက်သတ်၏၊ တနေ့ တနေ့လျှင် နွားသတ္တဝါ ပေါင်း အထောင်မက သေဆုံးရကြ၏၊

၁၅ ဝိနည်းတော်၌ နွားသား ကျွဲသားကို မစားအပ် ဟု ပညတ်တော်မရှိ၊ ရဟန်းတော်တို့အတွက်သတ်သည်ကိုမြင်မှု ကြားမှု ယုံမှားမှုမရှိ၍ 'တိကောဋိ ပရိသုဒ္ဓ' ဖြစ်ခဲ့သော် နွားသား ကျွဲသား ကို စားအပ်၏၊ အာပတ်မရှိ၊ အာပတ်မရှိရုံမျှနှင့် သူတော်ကောင်း အင်္ဂါပြည့်စုံသေးသည်မဟုတ်၊ ဝိနည်းတော်မည်သည် အလွန်ရုန့် ရင်းသော ကာယကံ ဝစီကံတို့ကိုသာ ပယ်၏၊ စတုပါရိသုဒ္ဓိသီလ လေးမျိုးတို့တွင် ပါတိမောက္ခ သံဝရ သီလ တမျိုးသာ လုံခြုံ၏၊ ကြွင်းသော ပါရိသုဒ္ဓိသီလ သုံးမျိုးတို့သည်မူကား သုတ္တန်ဒေသနာ တော်နှင့် ညီညွတ်မှ လုံခြုံကုန်၏၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံရုံ ရှိသောသူသည် သီလဝန္တ အင်္ဂါနှင့် ညီညွတ်ရုံသာ ရှိသေး၏၊ ကတညုတ, ကတဝေဒီ-အမည်ရှိသော မနုဿကံ အရာဖြစ်သော မိတ် နှလုံးကောင်းမှု သပ္ပုရိသအင်္ဂါ လိုသေး၏၊ အဘိဓမ္မာကျမ်းဂန်တတ် ၍ ဓမ္မဒိန္နယဉာဏ်နှင့် ပြည့်စုံရုံရှိသော သူသည် ပဏ္ဍိတအင်္ဂါ နှင့် ညီညွတ်ရုံသာ ရှိသေး၏၊ ပြဆိုခဲ့ပြီးသော သပ္ပုရိသအင်္ဂါ လို သေး၏၊ ဤလောက၌ အချို့သော ရဟန်းသည် ဝိနည်း တတ်၏၊ သိက္ခာပုဒ်ကို အလေးပြု၏၊ သီလဝန္တ ဖြစ်၏၊ နှလုံးကျုန်း၏၊ မာန ခက်ထန်၏၊ ဆရာကိုလှန်၏၊ ဆင်းရဲသော အမိ အဘကိုလုပ်ကျွေး

www.dhammaransi.com



တမူမပြု၊ မြည်တွန် ဝေါက်ငမ်းလေ့ရှိ၏၊ ပညာရှိတပါး၏ ဂုဏ်ကို ပြုံရုံ၏၊ ပုတ်ခတ်၏၊ ကုလမစ္ဆေရ, လာဘမစ္ဆေရ, ဝဏ္ဏမစ္ဆေရ-အားကြီး၏၊ ပညာမဲ့၍ သဒ္ဓါလွန်သူ လူတို့ကြည်ညိုဘွယ်ဖြစ်သော အပေါ်ရံအမူအရာတို့ကို တမ်းခွန်ပြ၍ ဘုန်းတန်းလာဘ်လာဘကိုအားထုတ်၏၊ ပါတိမောက္ခသံဝရသီလ တစိတ်နှင့်ပြည့်ရုံသည်ဖြစ်၍ သီလဝန္တသာဆိုရ၏၊ ကရဏီယမတ္ထ ကုသလေန-အစရှိသော မေတ္တာသုတ်-ပရိတ်တော် ဒေသနာတော်များနှင့် အလွန်ဝေးကွာလျက်ရှိသောကြောင့် ရဟန်းသူတော်ကောင်းမဟုတ်သေး၊ ပဏ္ဍိတအင်္ဂါနှင့် ပြည့်စုံလျက် နှလုံးကြမ်းတန်းခြင်း, မာနခက်ထန်ခြင်း-စသည် ရှိနေသော ရဟန်းကိုလည်း ပညာရှိရဟန်းဟူ၍ ဆိုရ၏၊ ရဟန်းသူတော်ကောင်းမဟုတ်သေး။

လူတို့၌လည်း အချို့သော သူသည် ငါးပါးသီလကို စောင့်ထိန်း၏၊ ပါဏာတိပါတမှ၌ မိမိ၏ ပယောဂကြောင့် သတ္တဝါတပါးသေဆုံးသော်လည်း မိမိက သေစေလိုသော စိတ်စေတနာမရှိခဲ့လျှင် ကံမမြောက်ဟု ဆိုသောကြောင့် သတ္တဝါအများသေဆုံးရန်အခွင့်ကို မြင်သော်လည်း သေစေလိုသော စိတ်စေတနာကိုရှောင်ကြဉ်၍ ကိစ္စတပါးကို အကြောင်းပြုသဖြင့် ထိုထိုပယောဂကို ပြု၏၊ အဘယ်သို့ပြုသနည်း၊ မိမိလယ်တော၌ မြက်တို့ကို ရှင်းလင်းစေရန် အခွင့်ရှိ၏၊ ချုံအမှိုက်တို့ကို ရှင်းလင်းစေရန် အခွင့်ရှိ၏၊ ပိုးမွှားတိရစ္ဆာန် အမြောက်အမြား သေဆုံးရမည်ကိုလည်း မြင်၏၊ ပိုးမွှားတိရစ္ဆာန်တို့ကို သေစေလို၍ ပြုသည်မဟုတ်၊ မြက်,ချုံ,အမှိုက်တို့ကိုရှင်းလင်းစေလို၍ ပြုပါသည်ဟု မိုးတိုက်လေ၏၊ အသိန်းအသန်းပင် သေသော်လည်း ထိုသူမှာကံမမြောက်, ပါဏာတိပါတသိက္ခာပုဒ်မပျက်, ဒုဿီလမဖြစ်, သီလဝန္တပင်ဖြစ်၏၊ မိုးတိုက်မှုပယောဂကို ငါပြုလိုက်သည်ရှိသော် ပိုးမွှားတိရစ္ဆာန် အမြောက်အမြား ဧကန်သေလိမ့်မည်ဟု သိမြင်လျက်နှင့် ကရုဏာ မရှိသည့်အတွက် မိုးတိုက်နိုင်လျက် ရှိသောကြောင့် ထိုသူကို သူတော်ကောင်းဟူ၍ကား မဆိုရ။ အချို့သောသူသည်ငါးပါးသီလကိုလုံခြုံ

www.dhammaransi.com



စွာ ထိန်းသိမ်း၏၊ ဆင်းရဲသော မိဘကို ပစ်ထား၏၊ မိဘကို အရိုအသေမရှိ၊ လုပ်ကျွေးတမှု မပြု၊ ပညာရှိကို ပုတ်ခတ်၏၊ မျက်နှာကြီးငယ်လိုက်၏၊ အောက်လူကို နှိပ်စက်၏၊ ထိုသူသည် ငါးပါးသီလလုံခြုံသည်ဖြစ်၍ သီလဝန္တ ဟုတ်၏၊ ကတညုတ-စသော သူတော်ကောင်းအင်္ဂါမရှိသောကြောင့် သူတော်ကောင်းဟူ၍ကား မဆိုရ၊

လူတို့က ကြေးငွေပေး၍ နွားသား ကျွဲသားတို့ကို စားကြသည့်အတွက် နွားသတ်ရုံပေါင်း တထောင်မကတည်ရှိ၍ နေ့မစဲ ညမစဲ ကျွဲ နွားသတ္တဝါပေါင်း သိန်း သောင်းများစွာ သေကြေ ပျက်စီး၍ နေသည်ကို ကြောင်ကြောင်ကြီး သိမြင်ကြပါကုန်လျက် ကြေးငွေကို အတွင်ပေး၍ အတွင်စားသောက်၍ နေကြသော သူတို့မှာ တိုကောဒိုပရိသုဒ္ဓရှိနေသည့်အတွက် သီလကား မပျက်၊ ခြွက် ချုံ့ အမှိုက်တို့ကို မိးတိုက်သောသူနှင့် အလားတူကြကုန်၏။ ကတညုတာ ကရုဏာဟူသော သူတော်ကောင်းတရားနှင့် အလှန်ဝေးကွာလျက်ရှိကြ၏။ စားမှုပယောဂထက် အခဲသည် ကုမ္ပဏီတို့အား ကြေးငွေပေးမှုသည် သာ၍ကက်နဲ၏။ ထိုကြေးငွေကြောင့် နွားသတ်ရုံတွေ နေ့ရှည်လရှည် တည်နေသည် အမှန်ဖြစ်၏။ ထိုကြေးငွေကြောင့် တနေ့တနေ့လျှင် နွားပေါင်း ထောင် သောင်း နေ့မစဲ ညမစဲအမြဲသေ၍နေသည်အမှန်ဖြစ်၏၊ သီလဝန္တပေယလုပ်ယောက်ျား၏ မိးဘေးကြောင့် ပိုးမွှား တိရစ္ဆာန် သတ္တဝါပေါင်း အသိန်း အသောင်းသေဆုံးရသည်နှင့် အလားတူ၏၊

ဝိနည်းပညတ်တော်မည်သည် သဗ္ဗညုတ ဖြစ်စွာဘုရားတို့၏ အာဏာမှုကြီးဖြစ်၏၊ လွန်ကျူးသောသူတို့မှာ အာဏာ ဝိတိက္ကမန္တရာယ်ကြီး ထိုက်၏၊ ရဟန်းတို့မည်သည် လူတို့လှူဒါန်းရာကို စားသောက်ကြရကုန်သည်ဖြစ်၍ လူတို့နှင့် အိုးစားမကွဲသာရှိကြကုန်၏၊ လောက၌ သက်သတ်ရှောင်သောလူမျိုး နွားသား ကျွဲသားရှောင်သောလူမျိုးနည်းပါး၏၊ အာပတ်ကိုပညတ်ခဲ့သည်ရှိသော် မရှောင်နိုင်သူတို့မှာ အာဏာဝိတိက္ကမန္တရာယ်မှ အလွန် များပြားရာ၏၊

www.dhammaransi.com



ရှောင်သူတို့မှာလူတို့နှင့်အိုးစားကွဲလျက်ရှိသောကြောင့် စားရေး, သောက်ရေး အသက်မွေးမှုကြပ်တည်း၍နေရာ၏၊ ထိုကြောင့်ဝိနည်းတော်၌ အာပတ်ကို ပညတ်တော်မမူပေသတည်း၊ ဒုစ္စရိုက် ဆယ်ပါးတို့တွင် သီလ၏နယ်သည့် ကာယဒုစ္စရိုက်ကြမ်း, ဝစီဒုစ္စရိုက်ကြမ်းတို့ကိုသာခြုံမိ၏၊ မနောဒုစ္စရိုက်သို့မရောက်။

သုရာနှင့် ဒေသနာသည် မနောဒုစ္စရိုက်ကိုခြုံမိ၏၊ မနောဒုစ္စရိုက်ကင်းရှင်းမှ သူတော်ကောင်းဖြစ်၏၊ ကတညုတာတရား, ဖြူစင်မိုက်ရဲ တရားတို့သည် မနောဒုစ္စရိုက်ကင်းရှင်းသူမှာမှ ဖြစ်နိုင်ကြကုန်၏၊ ထိုကြောင့် ၆-ဂဏန်းအချက်မှာ သီလဝန္တအင်္ဂါ, ပဏ္ဍိတအင်္ဂါ, သူတော်ကောင်းအင်္ဂါ-ဟုပဓာနအင်္ဂါတခြားစီဖြစ်ကြောင်းပြဆိုခဲ့ပေသတည်း။ ။ပညာ,သတိရှိကြစေကုန်။

၁၄ မိမိကိုကျွေးမွေးသောသူ၏ ဂုဏ်ကျေးဇူးကိုတိရစ္ဆာန်သတ္တဝါတို့ပင် သိကြကုန်၏၊ ရိုင်းစိုင်းလှသော တောတိရစ္ဆာန်တို့သည်ပင်လျှင် ကျွေးမွေးသောသူကို ယဉ်ကြကုန်၏၊ ခင်မင်ကြကုန်၏၊ ကျေးဇူးသိကြကုန်၏၊ ကျွဲသား,နွားသားကို စားသောက်ကြသောလူတို့သည် မိမိတို့ကို နေ့ညဉ့် ကျွေးမွေးကြပေကုန်သော ကျွဲ,နွား သတ္တဝါမျိုးတို့ကို မယဉ်နိုင်ကြကုန်၊ မခင်မင်နိုင်ကြကုန်၊ ကျေးဇူး မသိနိုင်ကြကုန်၊ အံ့သြဖွယ်ကြီးကောင်းလှ၏၊ မိမိကို ကျွေးမွေးသူ၌ ဖြစ်ပွါးတတ်သော ကတညုတာတရား, မေတ္တာ, ကရုဏာတရားများသည် ရိုင်းစိုင်းလှစွာသော ခြင်္သေ့,သစ်,ကျား, မြွေ,နဂါး-စသော တောတိရစ္ဆာန်တို့မှာပင် တည်ရှိကြကုန်၏၊ ရွာတိရစ္ဆာန်တို့၌ ဆိုဖွယ်မရှိ၊ ဗုဒ္ဓဘာသာဆိုသူလူတို့၌ ထိုတရားသုံးပါး မကပ်နိုင်ရှိနေသည်ကား အလွန်အံ့သြဖွယ်ကောင်းလှ၏၊ ကျွဲ,နွားတို့၏ လုပ်စာထမင်း အာဟာရကို စားသောက်ကြသူတို့မှန်လျှင် ကျွဲ,နွားသတ္တဝါမျိုးတို့၌ ထိုတရားသုံးပါးအမြဲတည်ထိုက်လှ၏၊

၁၅ ကတညုတာတရားသည် သဒ္ဓါနည်းပါး၍ အမိုက်တရားအားကြီးသူတို့၌ ဂုဏ်ရှိ,ဂုဏ်မဲ့ သို့လိုက်၍ လှုပ်ရှားတတ်၏၊ ဂုဏ်

www.dhammaransi.com



ရှိ၍နေသော သူပြုသော ကျေးဇူးမှမှာ တမတ်တန်ကို တံရာတန် ပြောချင်တတ်၏၊ ထိုထက် ဂုဏ်ရှိပြန်လျှင် တမတ်တန်ကို တထောင်တန် ပြောချင်တတ်၏။ ကျေးဇူးပြုသူ ဂုဏ်ကြီးလေလေ ကျေးဇူးလုံးကြီးကြီး ဘော်ချင်လေလေ ဖြစ်၏။ ။ဂုဏ်မရှိသော သူပြုသောကျေးဇူးမှမှာ တရာတန်ကို တမတ်တန်မျှ ပြောချင်၏၊ ထိုအောက် ဂုဏ်မဲ့ပြန်လျှင် တထောင်တန်ကို တမတ်တန်မျှ ပြောချင်၏၊ ပြောမှမပြောချင်ဘဲသော်လည်း ရှိတတ်၏၊ ကျေးဇူးပြုသူ ဂုဏ်မဲ့လေလေ ကျေးဇူးကို ချေဖျက်ရှုတ်ချလေလေဖြစ်၏၊ လူ့ အလယ်၌ ကျေးဇူး ဘော်မည်ကိုပင် စိုးရိမ်၏၊ ကျေးဇူး ပြုဘူးသူ ယခုမှုပြစ်ရောက်သည့်, ပျက်စီးသည်ဆိုလျှင် မမိအိမ်သို့ လာမည်ကိုပင် ကြောက်ကြ၏၊သမ်းမှာတွေ့ရမည်ကိုပင် စိုးရိမ်၏။ သေ၍ သွားပြီဆိုလျှင် ဝမ်းမြောက်၏။ အဘယ်ကြောင့်နည်း ဆိုသော်၊ ကျေးဇူးဆပ်ရမည်ကို စိုးရိမ်လျက် ရှိသောကြောင့်တည်း။

ကုလ,ကွေးတို့၏အနှ ကျေးဇူးများကိုမူကား တပဲတန်မျှမမြင်ကြကုန်ပြီ၊ အဘယ်ကြောင့်နည်းဆိုသော်၊ ဂုဏ်မရှိသောကြောင့်၎င်း, ပြန်လှန်၍ မပြောတတ်, မဆိုတတ်သောကြောင်၎င်း တည်း။ ဤသို့လျှင်ကာတည့်တာတရားသည် သဒ္ဓါနည်းပါး၍ အမိုက်တရားအားကြီးလှသော လူတို့၌ လှုပ်ရှားဖြ၏၊ဂုဏ်ရှိ,ဂုဏ်မဲ့ သို့လိုက်၍စောက်ထိုး,ကျွမ်းပြန်မှောက်လှန့်တိမ်းစောင်း၏၊ထိုသို့လှုပ်ရှားတတ်သောကြောင့်မလှုပ်,မရှားထိုက်ကြောင်းကို ထင်ရှားစေခြင်းငှါ ယသာရက္ခသော ဆဝယာသာ-အစရှိသည့်ဖြင့်အသက် မရှိသောသစ်ပင်၏ ကျေးဇူးကိုပင် မချေ ဖျက်ထိုက်, မရှုတ်ချထိုက်ကြောင်းကို အလောင်းတော်ပညာရှိကြီးတို့သည်၎င်း,မြတ်စွာဘုရားတို့သည်၎င်း-ဟောတော်မူကြပေကုန်သည်၊ လောကကျေးဇူးမျိုးတွင်လည်း အသက်ကို မွေးမြူ၍ ပေးသော ကျေးဇူးသည် အကြီးကျယ်ဆုံးဖြစ်၏။ ထိုကြောင့်လူတို့၌နွားတို့၏ကျေးဇူးကို အမိကျေးဇူး,အဘကျေးဇူးနှင့်အလားတူပြု၍ လာပေသည်၊ ထိုကဲ့သို့ ကြီးကျယ်လှသော အသက်သခင်, စည်းစိမ်သခင်မျိုးဖြစ်ကြရာကုန်လျက် ကွဲ့ရှင်,နွားရှင်

www.dhammaransi.com



ဖြစ်သူလူတို့သည် မိမိအိမ်မှာ နှစ်ရှည်လများခိုင်းစေ၍သာခဲ့သော ကျွဲ,နွားတို့၏ အသားကိုပင် စားနိုင်ကြကုန်၏၊ တိရစ္ဆာန် သတ္တဝါတို့မှာပင် ရှိကြသော ကတညုတာတရားသည် ထိုသူတို့မှာ မရှိကြကုန်၊ သဒ္ဓါတရား နည်းပါးမှု, အမိုက်တရား အားကြီးမှုသည် ဤမျှလောက်နက်နဲ၏၊ အသားကိုစားနိုင်ကြသည်ကို မြင်သဖြင့် ကျွဲ,နွားတို့၌ မေတ္တာ, ကရုဏာ မရှိကြကြောင်း ထင်ရှား၏၊ မေတ္တာ, ကရုဏာ မရှိကြသည်ကို မြင်သဖြင့် ကတညုတာ တရားမရှိကြကြောင်းထင်ရှား၏၊ အကယ်၍ ကတညုတာစိတ် ကပ်လာသည်ဖြစ်အံ့၊ မေတ္တာစိတ်,ကရုဏာစိတ်—ဇောနကပ်လာလတ္တံ့၊ အမိအသား, အဘအသားနှင့်အတူ စိတ်မှာ ထင်မြင်လတ္တံ့၊ အစ်ကို,ညီသား,သားချင်း,သွေးရင်းတို့၏ အသားနှင့်အတူ စိတ်မှာ ထင်မြင်လာလတ္တံ့၊ စားနိုင်,မျိုနိုင်မည်ဝေးစွ၊ နှစ်ရှည်လများခိုင်းစေ၍မိမိတို့မှာ ခံစံ၍ လာခဲ့ သော ကျွဲ,နွား၏ ကျေးဇူး ဟောင်းတွေ စိတ်ထဲမှာပေါ်၍ လာသဖြင့်ဝမ်းနဲပက်သက် မျက်ရည်စက်နှင့်လက်နှင့်မျှမတို့ချင်, မြင်နိုင်,ရှုနိုင် ဖြစ်သာလတ္တံ့၊ ထိုသို့ မဖြစ်လာမူ၍ မိမိခိုင်းစေ၍လာခဲ့သော ကျွဲ,နွား၏ အသားကို လှီးဖြတ် စင်းချုတ် ချက်ပြုတ် ကြော်လှော်၍ မြိန်ရှက်နှစ်သက်စွာ စားနိုင်ကြသောသူတို့၌ သေဆုံးရှာသော ကျွဲ,နွားတို့၏အနန္တဂုဏ်ကျေးဇူးသည်တမှုံတန်မျှမပေါ်လာပြီ၊တကျော့အမိုက်တွင်းမှာ မြုပ်ဆုံးလေတော့သည်၊

အရိပ်ခိုဘူးသောသစ်ပင်၏ကျေးဇူးကိုပင် မတိမ်ကောစေရဟု ပြခဲ့သော ဒေသနာနှင့် ထောက်စာ၍ မြော်လိုက်လျှင် ထိုသူတို့၌ ကတညုတာတရား လှုပ်ရှားမှု အလွန်နက်နဲလှ၏၊ ဂ-ဂဏန်း အချက်မှာ ပြခဲ့သော အကျိုးတပါး ရှိခဲ့မည်မှန်လျှင် ဘ၏ နဖူးမှာ သိုက်ဘူးရာ၏-ဟူသော ခေတ္တဝိဇ္ဇာဝိဒ္ဓ အယူရှိသော လူမျိုးတို့နှင့် ထပ်တူကျလေ၏၊ ကတညုတာတရား မလှုပ်ရှားနိုင်အောင်ဟောကြားတော်မူသော ဒေသနာတော် အလိုအားဖြင့် မှကား မိမိတို့၌ ကျွဲ,နွားတို့၏ ကျေးဇူးသည် အဘယ်မျှလောက် ကြီးသည်ဟု အကုန်မြော်ရှု၍ ထားပြီးလျှင် ဤမျှလောက် ကျေးဇူးကို ပြုပေသော

သူသည် ဂုဏ်ရှိသော လူ ဖြစ်ခဲ့အံ့၊ငါသည် ထိုသူ၏ ကျေးဇူးကို အဘယ်မျှလောက် တင်လိမ့်မည်နည်း၊ ထိုသူ၌ မေတ္တာတရား, ကရုဏာတရား-အဘယ်မျှလောက် ကြီးမည်နည်း၊ ထိုသူကို သူတပါးတို့ နှိပ်စက်ညှဉ်းပန်းပြုခဲ့သော်,သတ်ဖြတ်ခဲ့သော် အဘယ်မျှလောက်ကျင်နာလိမ့်မည်နည်း၊သတ်၍သေသောအလောင်းကိုရင်း, လှီးဖျက်ချတ်စဉ်း၍ထားသော ထိုသူ၏ အသားပုံ,အသားစုကိုရင်း တွေ့မြင်ရသော် အဘယ်မျှလောက်ကျင်နာစိတ်ရှိမည်နည်းဟုဆင်ခြင်စဉ်းစား၍ ကျွဲ, နွားတို့မှာ ထိုထက် အဆ ထမ်းပိုး သာသော ကတညုတာစိတ်, မေတ္တာ, ကရုဏာစိတ်ကို ခိုင်မြဲစွာထားရာ၏၊ ဤသို့ ထားနိုင်မှ ‘ယသသရက္ခသာ ဆာယာဿယ’ ဟူသော သူတော်ကောင်းအင်္ဂါနှင့် ကောင်းမွန်စွာ ညီညွတ်ရာသတည်း၊ ထိုကြောင့် ၇-ဂဏန်းအချက်မှာ ထိုဂါထာ၏အဓိပ္ပါယ်ကို အကျယ်ပြထားခဲ့ပေသတည်း၊ပညာသတိ ရှိကြစေကုန်၊

ခွေးသား,ကျီးသားတို့၌ စားစ မရှိသည့်အတွက် မစင်ကို စားသည်ဟု စက်ဆုပ်၏၊ စားစရှိသည့် အတွက် မစင်ကို စားသော ဝက်သား, ကြက်သားတို့၌ မြိန်ရှက်၏။ ထို့အတူ စားစမရှိသည့် အတွက် လူသား၌ စက်ဆုပ်ကြ၏၊ စားစရှိသည့် အတွက် နွားသား,ကျွဲသား၌မြိန်ရှက်ကြ၏၊စားစရှိခဲ့မူ လူသား၌လည်း မြိန်ရှက်ကြကုန်လတ္တံ့၊စားစရှိခဲ့လျှင် မိမိ၏ အမိအသား,အဘအသား၌ပင် မြိန်ရှက်ကြကုန်လတ္တံ့၊ မိမိ၏ သားသမီး၏ အသား၌ပင် မြိန်ရှက်ကြကုန်လတ္တံ့၊စားစရှိခဲ့လျှင် မစင်,ခွေးကောင်ပုပ်တို့၌ပင် မြိန်ရှက်ကြကုန်လတ္တံ့၊တဏှာရာဂတရားမည်သည်ဤမျှလောက်ယုတ်ကန်း, ညစ်ညမ်း၏၊ တဏှာ ရာဂ တရား မည်သည် စည်းကမ်းရှိသော တရားမျိုးမဟုတ်၊ ပေါက်လွှတ် အလိုလိုက်ခဲ့လျှင် ခွေး,ဝက် တို့၏ တဏှာရာဂနှင့်ထင်တူဖြစ်၍သွားလတ္တံ့၊ခွေး,ဝက်တို့၌ ညစ်ညမ်းမှုသည် တဏှာရာဂ၏ အတတ်ပင်တည်း၊တဏှာရာဂကို ပေါက်လွှတ် အလို မလိုက်ကြကုန်ရာ၊ ကတညုတာ ဂေါလာတရားကို

www.dhammaransi.com



ပွဲများ၌ နွားသား,ကျွဲသားတို့၌ မြိန်ရှက်နိုင်သော တဏှာရာဂ တရားကို ဝေးစွာခွါကြကုန်ရာ၏။

ကတညုတာ မင်္ဂလာ တရားကို ပွဲများပုံကား- "ယထာ မာတာ ပိတာ ဘာတာ၊ အညေ ဝါပိ စ ဉာတကာ" ဟူသော သုတ္တနိပါတ် ပါဠိတော်၌ ဟောတော်မူလျက်ရှိ၏၊ အသက်သခင်,စည်းစိမ်သခင်ဖြစ်ပေ၍ ကျွဲ,နွားတို့သည် လူတို့၏ အမိနှင့် တူကုန်၏, အဘနှင့်တူကုန်၏။ လူတို့သည် အမိ,အဘ၏ အသားကို စားနိုင်ကြကုန်လျှင် ကျွဲ,နွားတို့၏ အသားကို စားနိုင်ကြကုန်ရာ၏။ အမိ, အဘတို့၏ အသားကို မစားနိုင်ကြကုန်လျှင် ကျွဲ,နွားတို့၏အသားကိုသည်း မစားနိုင်ကြကုန်ရာ၊ မည်သူသည် အမိ, အဘတို့၏ အသားကို စားသည်ဟု ကြားသိရလျှင် လူမဟုတ်၊ ဘီလူး,သဘက် ခွေး,ဝက်-တိရစ္ဆာန်တကောင်-ဟု တံတွေးထွေးကြကုန်လတ္တံ့၊ ထို့အတူ ကျွဲသား, နွားသားကို စားသည်ဟု ကြားသိရလျှင်ပင် လူမဟုတ်၊ ဘီလူး,သဘက် တကောင်ဟု တံတွေးထွေးထိုက်ကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော် အမိ,အဘတို့လည်း အသက်သခင်, ကျွဲ,နွားတို့လည်းအသက်သခင်မျိုးဖြစ်ကြကုန်သောကြောင့်တည်း။

မည်သူသည် အစ်ကို, ညီသားတို့၏ အသားကို စားသည်, နှမပေါက်ဘော်တို့၏ အသားကို စားသည်, မိမိ သားသ္မီးတို့၏ အသားကိုစားသည်-ဟု ကြားသိရလျှင် ထို့အတူ တံတွေးထွေးကြကုန်လတ္တံ့၊ ကျွဲ,နွားတို့၏ အသားကို စားသည်ဆိုလျှင် ထို့အတူ တံတွေးထွေးထိုက်ကုန်၏၊ အဘယ့်ကြောင့် နည်းဟူမူ၊ အစ်ကို, ညီသား,နှမ ပေါက်ဘော်, သား,သ္မီးတို့လည်း အလွန်ချစ်ခင်,ကြင်နာအပ်သော သူတို့ဖြစ်ကြကုန်၏။ ကျွဲ,နွားတို့လည်း အလွန်ချစ်ခင် ကြင်နာအပ်သော သူတို့ ဖြစ်ကြပေကုန်သောကြောင့်တည်း၊ ။

ကတညုတာ မင်္ဂလာတရား ပွဲများပုံကို ၁၀-ဂဏန်း အချက်၌ လည်း ဘော်ဆိုခဲ့ပြီ။ ဤသို့ အစရှိသည်ဖြင့် ကျွဲ,နွား သတ္တဝါတို့၌ ကတညုတာ မင်္ဂလာတရားကို မျက်မြင်ဒိဋ္ဌ ဉာဏ်ရှိသမျှ ပွဲများ ၌ ကျွဲသား,နွားသားတို့၌ စွဲလမ်းသော တဏှာကို ဝေးစွာ ခွါကြ

www.dhammaransi.com



ကုန်ရာ၏။ သုတ္တနိပါတ်ပါဠိတော်, တေမိဇာတ်ပါဠိတော်,နာရဒ ဇာတ်ပါဠိတော်များကို ထိုကျမ်းဂန်များမှာ ကြည့်ရှု၍ ယူကြ လေကုန်။

နွားတရားပြီး၏။

---

## သေရည်သေရက်တရားကိုအတန်ငယ်ပြဆိုအံ့။

သုရာပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယ သံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ယောစ သဗ္ဗလဟုကော သုရာပါနဿ ဝိပါ ကော၊သော ဥမ္မတ္တကသံဝတ္တနိကော။ ။

ပဉ္စနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကြီး။

ဘိက္ခဝေ၊ရဟန်းတို့၊ သုရာပါနံ၊ သုရာပါနကံသည်၊ အာသေ ဝိတံ၊မှီဝဲသည်ရှိသော်၊ နိသေဝိတံ၊မှီဝဲသည်ရှိသော်၊ နိရယသံဝတ္တ နိကံ၊ ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ တိ ရစ္ဆာန်မျိုး၌ဖြစ်စေတတ်၏၊ ပေတ္တိဝိသယသံဝတ္တနိကံ၊ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊သဗ္ဗလဟုကော၊အလုံးစုံတို့အောက် အပေါ့ဆုံးဖြစ် သော၊သုရာပါနဿ၊သုရာပါနကံ၏၊ ယောဝိပါကော၊အကြင် ဝဋ် ဝိပါက်အကျိုးသည်။ အတ္ထိ၊ ရှိ၏၊ သောဝိပါကော၊ ထိုဝဋ်ဝိပါက် အကျိုးသည်၊ဥမ္မတ္တက သံဝတ္တနိကော၊ အရူးအမျိုးမျိုး,အရိုင်းအမျိုး မျိုး, အကြမ်းအမျိုးမျိုး, အနှမ်းအမျိုးမျိုးကို ဖြစ်စေတတ်၏၊ ။ ပါဠိတော်အနက်၊

သုရာပါနကံ၏ အကျိုးသည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ဟူ၍နှစ်မျိုးရှိ၏၊အပါယ်အကျိုး,ဝဋ်ဝိပါက်အကျိုးဟူ၍လည်းဆိုရ ၏၊ထိုနှစ်မျိုးတို့တွင် အပါယ်အကျိုး ကိုပြတော်မူခြင်းငှါ "နိရယ သံဝတ္တနိကံ,တိရစ္ဆာနယောနိသံဝတ္တနိကံ, ပေတ္တိဝိသယသံဝတ္တ နိကံ" ဟူ၍ ဟောတော်မူ၏။ ဤပါဠိတော်၌ အသုရကာယ်ဘုံ သည် ပြိတ္တာဘုံ၌ အတွင်းဝင်၏။ အပါယ် လေးပါး၌ ဖြစ်စေ

www.dhammaransi.com



တတ်၏ ဟူလိုသည်၊ ဝဋ် ဝိပါက်အကျိုးကို ပြတော်မူခြင်း၌ "ယောစ သဗ္ဗလဟုကော သုရာပါနဿ ဝိပါကော၊သော ဥမ္မတ္တကသံဝတ္တနိကော" ဟူ၍ ဟောတော်မူ၏၊ သုရာပါနကံ၏ ဝဋ် ဝိပါက် အကျိုးကား-အရူးအမျိုးမျိုး, အရိုင်းအမျိုးမျိုး, အကြမ်းအမျိုးမျိုး,အနှမ်းအမျိုးမျိုးကို ဖြစ်စေတတ်၏ဟူလိုသည်၊ ထိုနှစ်မျိုးသောအကျိုးတို့တွင် သုရာပါနကံသည် အပါယ်အကျိုးကို အဘယ်သို့ ဖြစ်စေတတ်သနည်း ဟူမူကား၊ အကုသိုလ်ကံသစ်တို့ကိုဖြစ်စေသော အားဖြင့်၎င်း, အကုသိုလ်ကံဟောင်းတို့ကို အခွင့်ပေးသောအားဖြင့်၎င်း-အပါယ်အကျိုးကိုဖြစ်စေတတ်၏၊

သုရာပါနကံသည် အကုသိုလ်ကံသစ်တို့ကို အဘယ်သို့ဖြစ်စေတတ်သနည်း ဟူမူကား၊ သုရာပါနကံသည် လောဘ, ဒေါသ, မောဟဟူသောအမိုက်တရားတို့ကိုလွန်စွာပွါးစီးစေနိုင်၏၊နီဝရဏတရားတို့ကို လွန်စွာ ပွါးစီးစေနိုင်၏၊ လူမှန်း,သူမှန်း မသိအောင် အလွန်နက်နဲသော အမူး အယစ် အညစ်မှုတို့ဖြင့် စိတ်ကို လောင်ကျွမ်းစေ၏၊ထိုတရားတို့သည် မနောဒုစ္စရိုက်တရားတို့တည်း၊ သေရည်,သေရက် မူးယစ်လျက် ပြုအပ်သော ကိုယ်အမူအရာ ဟူသမျှတို့သည် ကာယဒုစ္စရိုက်တို့သာတည်း၊ သေရည်,သေရက် မူးယစ်လျက် ပြောဆိုသောစကားတို့သည် ဝစီဒုစ္စရိုက်တို့သာတည်း၊ သေရည်,သေရက် ချိုးစွဲသောသူ၏ ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာတို့သည် ယေဘုယျအားဖြင့် ဒုစ္စရိုက်အမှုတို့ သာတည်း၊ တနေ့ထက် တနေ့ အပါယ်ဝန်, သံသရာဝန်လေး၍ သွားတော့သည်၊သေလွန်သောအခါ၌ ထိုဒုစ္စရိုက်တို့တွင် တခုခုသော ဒုစ္စရိုက်သည် ဇနကကိစ္စနှင့် အကြီးအမှူးဖြစ်၍ ကြွင်းသောဒုစ္စရိုက်တို့သည် အားပေးကူညီဖြစ်ကြကုန်၍ ထိုသူသည် အပါယ်ငရဲသို့ မလွဲနိုင်ပြီ။ဤသို့လျှင် သုရာပါနကံသည် အကုသိုလ်ကံသစ်တို့ကိုဖြစ်စေ၍ အပါယ်သို့ချတတ်၏၊

သုရာပါနကံသည် အကုသိုလ် ကံဟောင်းတို့ကို အဘယ်သို့ အခွင့်ပေးသောအားဖြင့် အပါယ်သို့ ချနိုင်သနည်းဟူမူကား၊ သံသ

www.dhammaransi.com



ရာ၌ ကျင်လည်၍ နေကြကုန်သော သတ္တဝါတို့အား သူတော်ကောင်းတရားနှင့် တွေ့ကြုံရသောဘဝ အလွန်နည်းပါးကြ၏၊ဘဝတထောင်မှာ တခါတရံမျှ မတွေ့ကြုံကြရ၊ ဘဝတသောင်းမှာ တခါတရံမျှ မတွေ့မကြုံကြရ၊ဘဝတသိန်းမှာ တခါတရံမျှ မတွေ့မကြုံကြရ၊ ဒုဂ္ဂတိအမိုက်အမဲတို့နှင့် ကုန်ခဲ့သောဘဝတို့သာ အလွန်များကုန်၏၊ တယောက်တယောက်သော သတ္တဝါ၏ သန္တာန်မှာ အပါယ်ငရဲသို့ ပစ်ချရန် အကုသိုလ် ကံဟောင်းတို့သည် အသင်္ချေယျ အနန္တ ပါရှိ၍ နေကြကုန်၏။ သုရာပါနမှုသည် ထိုအကုသိုလ် ကံဟောင်းတို့ကို အားပေး အားမြှောက် အထောက်အကူ ကြီး၏၊အကုသိုလ်ကံဟောင်းတို့သည် အရပ်ရပ် အရွာရွာ၌ ရှိနေကြကုန်သော သူခိုး,ဒါးပြတို့နှင့် အလားတူကုန်၏။ သုရာပါနကံသည် တရသော ရွာအလယ်, ရပ်အလယ်၌ ရှိနေသော သူခိုးလက်ခံကြီး,ဒါးပြလက်ခံကြီးရှိနေသမျှ ကာလပတ်လုံး သူခိုးဒါးပြတို့သည် ထိုရွာ၌ ခိုးခွင့်,တိုက်ခွင့် ကောင်းကောင်း ရကြကုန်၏။ ထိုအတူ သုရာပါနမှုရှိနေသမျှ ကာလပတ်လုံး ထိုသတ္တဝါသန္တာန်မှာ အကုသိုလ် ကံဟောင်းတို့သည် အကျိုးပေးခွင့် ရကြကုန်၏၊ အပါယ်ငရဲသို့ ပစ်ချခွင့် ရကြကုန်၏၊ ထိုသတ္တဝါ သန္တာန်မှာ ကုသိုလ်ကံဟောင်းတို့သည်လျှပ်ခွင့်မရရှိနေကြကုန်၏၊သုရာပါနမှုကို မစွန့်မူ၍ သေခဲ့သည်ရှိသော် ထိုသူသည် ဒုစ္စရိုက်ကံဟောင်းတို့လက်မှ မလွတ်နိုင်ပြီ၊ ဧကန်အပါယ်ငရဲသို့ ကျရောက်သတ္တံ့။ ဤသို့လျှင် သုရာပါနကံသည် အကုသိုလ်ကံဟောင်းတို့ကို အခွင့်ပေးသောအားဖြင့် အပါယ်ငရဲသို့ပစ်ချတတ်၏။

အဘယ်မည်သော အပါယ်ငရဲသို့ ပစ်ချသနည်းဟူမူကား။ရောရုဝငရဲကြီးသို့ပစ်ချ၏၊ ထိုရောရုဝငရဲကြီးသည် ဓာလရောရုဝငရဲကြီး,ဓူမရောရုဝငရဲကြီးဟူ၍ ၂-ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင် ဓာလရောရုဝငရဲကြီးဆိုသည်ကား-ငရဲကြီးရှစ်ထပ်တို့တွင်စတုတ္ထငရဲကြီးပေတည်း၊ ထိုငရဲကြီးသည် ဇမ္ဗူဒီပါကျွန်း၏ အောက်၌ ဤလူ့ပြည်မှသည် ယူဇနာပေါင်း ခြောက်သောင်း ငေးကွာသော

www.dhammaransi.com



အရပ်၌ ဇမ္ဗူဒိပါကဲ့သို့ကျယ်ဝန်းစွာသော မြေပြင်တွင်း၌ တည်ရှိ၏၊ ရဲရဲညိုသော သံမြေအပြင်ရှိ၏၊ ယစ်မျိုးအပေါင်းတို့တွင် အရည်ယစ်မျိုးတို့ကို သောက်မျိုကြ ကုန်သော သူတို့သည် သေသည်၏ အခြားမဲ့၌ ထိုငရဲသို့ ကျရောက်ကြကုန်၏၊ ကိုယ်ကောင်တို့သည် တောင်ပမာဏရှိကြကုန်၏၊ ခံတွင်းပေါက်အစရှိကုန်သောဒွါရကိုးပေါက် တို့သည်ချောင်း,မြောင်း သဏ္ဌာန်ရှိကြကုန်၏၊တောင်တွင်းသို့ စီးဝင်ကုန်သော ချောင်းရေ, မြောင်းရေတို့ကဲ့သို့ မီးတောက်မီးလျှံနှင့်တကွကုန်သောသံပူရေတို့သည်ထိုဒွါရကိုးပေါက်တို့မှကိုယ်ခန္ဓာတွင်းသို့ အမြဲစီးဝင်၍ နေကုန်၏၊ထိုသတ္တဝါတို့သည်အနှစ်တသိန်း-စသည်ဖြင့် ပြင်းထန်လှစွာသော ဒုက္ခဝေဒနာတုံးကြီး ဖြစ်၍ ခံနေကြရကုန်၏၊ ထိုငရဲသို့ကျရောက်သောအခါမှစ၍အသက်တခါ ရှူမျှ သက်သာရာမရကြကုန်ပြီ၊ သေရည်, သေရက်သောက်စားကြ သူတို့သတိမူကြလေကုန်၊

ထိုဇာသရောရုဝငရဲကြီးမှ အောက်၌ ယူဇနာတသောင်း, ငါးထောင်-ကွာခြားသောမြေပြင်ကြီးအတွင်း၌ ရူမရောရုဝငရဲကြီးတည်၏၊ ရဲရဲညိုသောသံမြေအပြင်ရှိ၏၊ယစ်မျိုးငါးပါးတို့တွင်ဘင်း, ဘိန်း-စသော အခိုးအရှူယစ်မျိုးတို့ကို သောက်ရှူကြကုန်သော သူတို့သည် သေသည်၏ အခြားမဲ့၌ ထိုငရဲသို့ ကျရောက်ကြကုန်၏၊ ကိုယ်ကောင်တို့သည် တောင်ပမာဏရှိကြကုန်၏၊ ခံတွင်းပေါက်အစရှိကုန်သော ဒွါရကိုးပေါက်တို့သည် ချောင်း, မြောင်းသဏ္ဌာန်ရှိကြကုန်၏၊ တောင်တွင်းသို့စီးဝင်သော ချောင်းရေ, မြောင်းရေတို့ကဲ့သို့ အလျှံနှင့် တကွသော အလွန်ပူလောင်ခါး, ငံ လှစွာသောအခိုးတို့သည် ထိုဒွါရကိုးပေါက်တို့မှ ကိုယ်ခန္ဓာတွင်းသို့အမြဲစီးဝင်၍ နေကုန်၏၊ ထိုသတ္တဝါတို့သည် အနှစ်တသိန်း-စသည်ဖြင့် အလွန်ပြင်းထန်လှစွာသော ဒုက္ခဝေဒနာတုံးကြီးဖြစ်၍ ခံနေကြရကုန်၏၊ ထိုငရဲသို့ ကျရောက်သောအခါမှစ၍ အသက်တခါ ရှူမျှ သက်သာရာမရကြကုန်ပြီ၊ ၊ဘင်း, ဘိန်း-သောက်ရှူသူတို့သတိမူကြလေ

www.dhammaransi.com



ကုန်၊ ။ဤကား နိရယသံဝဏ္ဏနိကပ်-ဟူ၍ဟောတော်မူသော သုရာ ပါနကံ၏ ပဋိသန္ဓေ အကျိုးကိုပြဆိုခန်းတည်း။

## ယခုအခါ ဝဋ္ဋဝိပါက်အကျိုးကို ပြဆိုအံ့။

ဗုဒ္ဓဘာသာလူမျိုးတို့မှာ ဒါန, သီလ, ဘာဝနာ တရားတို့ကို အားကိုးကြရကုန်၏၊ အဘယ်အကျိုးငှါအားကိုးကြရကုန်သနည်း ဟူမူ၊နေသင်ပွင့်တော်မူလတ္တံ့သော အရှင်မေတ္တေယျမြတ်စွာဘုရား ကြီးကို ကိုယ်တိုင်, ကိုယ်ကြွပ်ဖူးတွေ့ရ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်မြတ်ကို မချွတ်မလွဲ, ဧကန်အမှန်ထုတ်ချောက် ရောက်ပါရခြင်း အကျိုးငှါ ဒါနကိုပြုကြရကုန်၏၊ ဥပုသ်သီလကို စောင့်ထိန်းကြရကုန်၏၊အရှင်မေတ္တေယျ မြတ်စွာဘုရား၏ နောက် မှာ ကမ္ဘာတရာ,ကမ္ဘာတသောင်းအတွင်း၌ဘုရားပွင့်ခြင်း မရှိပြီ။ သုညကမ္ဘာ ခေါ်သော ကမ္ဘာ အရိုက်တောကြီးတွေ သွားတော့ မည် ယစ်မျိုးငါးပါးကိုကြော်ချောင်ကြသောသူတို့သည် မေတ္တေယျ မြတ်စွာဘုရားကို တွေ့မြင် ရလိမ့်မည်ဟု မထင်စားကြရကုန်ပြီ၊ ထိုစကားကို ထင်ရှားအောင်ဘော်ပြအံ့။

ယစ်မျိုးငါးပါးကို စားသောက်မှုမည်သည် မိမိတို့စိတ်ကို အ ရှုးတိုက်မှုသက်သက်,အရိုင်းတိုက်မှုသက်သက်,အနှမ်းတိုက်မှုသက် သက်, အကြမ်းတိုက်မှု သက်သက်သာ ဖြစ်၏၊ နေ့ရှည် ရက်များ, ထုံ၍သွားသည်ရှိသော် ကိုယ်သန္တာန်, စိတ်သန္တာန်နှစ်ပါးတို့တွင် ကိုယ်သန္တာန်တခုလုံးသည် ယစ်မျိုးခိုး, ယစ်မျိုးဆိပြည့်၍ နေ၏၊ ယစ်မျိုးတုံး, ယစ်မျိုးခဲကြီး ဖြစ်၍နေ၏၊ စိတ်သန္တာန်သည် မစင် ဘင်ပုပ်အတွင်းမှ ထွက်သော အခိုးကဲ့သို့ ယစ်မျိုးတုံး, ယစ်မျိုးခဲ ကြီးမှ ထွက်ရသည်ဖြစ်၍ အလွန်ညစ်ထေး၏၊ ကာမဂုဏ်အညစ် တွင်းသို့သာ ညွတ်ကိုင်း၏၊ ရင်တွင်း, ဝမ်းတွင်းမှာ သေရည်ခိုး, သေရက်ခိုး, ဘင်းခိုး, ဘိန်းခိုး,-ပွက်ပွက် ဆူ၍နေမှ စိတ်ကြည်၏၊ ရင်တွင်း,ဝမ်းတွင်းမှာ ထိုအခိုး စဲဘနဲရှိခဲ့လျှင် စိတ်နောက်၏၊ သေ

www.dhammaransi.com



ရည်, သေရက်ကို အမြဲမှီဝဲသော သူတို့မှာ တသက်လုံးပြု၍ ထားသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာ ကုသိုလ်တို့သည် သေရည်,သေရက်မူးယစ်သောအခါ အကျိုးအာနိသင် ယုတ်ညံ့၍ ကုန်ကြကုန်၏၊ အဘယ့်ကြောင့်နည်း ဆိုသော် ထိုကုသိုလ်တို့သည် သွားလေရာရာအစဉ်ပါ၍ ချမ်းသာအမျိုးမျိုးတို့ကို ပေးစေခြင်းငှါ စိတ်အစဉ်၌ အမွန်းတင်၍ ထားကြသော အရည်ကောင်း, အရောင်ကောင်းတို့ပေတည်း၊ သေရည်, သေရက် သောက်စားမှုသည်ကား- စိတ်အစဉ်ကို အညစ်အညမ်း ဖြစ်အောင် ဖျက်ဆီးမှုပေတည်း၊ စိတ်ကို အရူးတိုက်မှု ပေတည်း၊ အရိုင်းတိုက်မှု ပေတည်း၊အနှမ်းတိုက်မှုပေတည်း၊ အကြမ်းတိုက်မှုပေတည်း၊ စိတ်အစဉ်မည်သည် သတ္တဝါတယောက်၏သန္တာန်မှာ နှစ်စဉ်ရှိသည်မဟုတ်၊ တစဉ်သာရှိ၏၊ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတို့သည်လည်းထိုစိတ်အစဉ်၌ရှိနေရကုန်၏၊သောက်သောက်သမျှသောသေရည်သေရက်မှုတို့သည်လည်း ထိုစိတ်အစဉ်ကို ဖျက်ဆီးကုန်၏၊ စိတ်ရူး,စိတ်ရိုင်း,စိတ်နှမ်း,စိတ်ကြမ်းဖြစ်အောင်ပြုရသောမကောင်းမှုကြီးဖြစ်၏၊ထိုကုသိုလ်ကောင်းမှုတို့သည် သေရည်,သေရက်ဖျက်ဆီးမှုကြောင့် အကျိုးအာနိသင် ယုတ်ညံ့၍ကုန်ကြကုန်၏၊

ယုတ်ညံ့ပုံကား-ဥမ္မတ္တကသံဝတ္တနိကော-ဟူသောပါဠိတော်နှင့်အညီ သုရာပါနဖျက်ဆီးမှုကြောင့် ထိုကုသိုလ်တို့သည် လူကောင်းဘဝ,နတ်ကောင်းဘဝကို မပေးနိုင်ကြကုန်ပြီ၊ လူ့ဘဝကိုရသော် လူရူး,လူနှမ်းဘဝကိုပေးကြကုန်၏၊ချင်းရိုင်း,ကချင်ရိုင်း,ကရင်ရိုင်းအစရှိသော လူရိုင်းဘဝကို ပေးကြကုန်၏၊ ထိုသူတို့သည် ထိုကုသိုလ်တို့ကြောင့် တောသူ,တောင်သူ, လူရိုင်းမျိုး,လူကြမ်းမျိုး, သမုဒ္ဒရာ အလယ် ကျွန်းငယ်သူ, လူရိုင်းမျိုး, လူကြမ်းမျိုး ဖြစ်ကြရကုန်၏၊ နတ်ဘဝကိုပေးသည်ရှိသော်သမ္မာဒေဝနတ် ကောင်းဘဝကိုမပေးနိုင်ကြကုန်ပြီ၊နတ်ရူး,နတ်ရိုင်း,နတ်နှမ်း,နတ်ကြမ်းဘဝကိုပေးကြကုန်၏၊ နတ်ရူး,နတ်ရိုင်း,နတ်နှမ်း, နတ်ကြမ်းဆိုသည်ကားလောက၌ အစိမ်း, သူရဲ, သဘက်, တစ္ဆေ, မြေဘုတ်,ကြပ်-အစရှိ

သည် တို့တည်း၊ သမုဒ္ဒရာအလယ် ကျွန်းငယ်တို့၌ ဘိလူးအမျိုးမျိုး,ရက္ခိုသ်အမျိုးမျိုး,ကုမ္ဘဏ်အမျိုးမျိုး,ဂန္ဓဗ္ဗနတ်ကြမ်းအမျိုးမျိုး တို့တည်း၊ ထိုသူတို့သည် ဤကဲ့သို့သော လူရိုင်း,နတ်ရိုင်း၊ လူကြမ်း, နတ်ကြမ်းဘဝတို့မှတဘန်ရွေ့လျောကြကုန်သည်ရှိသော် အပါယ် လေးပါး တို့သို့ ရုံးရုံး မြုပ်ကြ လေကုန်တော့သည်၊ မေတ္တေယျ မြတ်စွာဘုရားနှင့် အဝေးကြီးဝေးကြကုန်တော့သည်၊ အကွာကြီး ကွာကြလေကုန်တော့သည်၊ ဤသို့လျှင်ယခုမျိုးငါးပါးကို မရှောင် ကြဉ်ကြသော ဗုဒ္ဓဘာသာ လူမျိုးတို့သည် မေတ္တေယျ မြတ်စွာ ဘုရားကို တွေ့ကြလိမ့်မည်ဟု မထင်စားကြရကုန်ပြီ၊ မေတ္တေယျ မြတ်စွာဘုရားနှင့် လွဲကြလျှင်လည်း နောက်သံသရာ ဒလဟော- အမိုက်တော၌ မျောမြဲမျော, မြုပ်မြဲမြုပ်, မျောလေ,မြုပ်လေတော့ မည်၊ ဤကား-သုရာပါနကံ၏ဝဋ်ဝိပါက်အကျိုးကိုပြဆိုခန်းတည်း၊

ယခုအခါ၌ သုရာပါနမှုကို မှီဝဲမိကြကုန်သော သူတို့အားထို အကုသိုလ်ဓမ္မကို ပပျောက်စေခြင်းငှါ အားထုတ်ရန်နည်းလမ်းကို ပြဆိုပေအံ့၊

ကြဉ်ရှောင်သောနေ့မှစ၍စိတ်သန္တာန်၌ သမာဒါနဝိရတီတရား ကို နေ့စဉ်ပွါးများစေခြင်းအကျိုးငှါ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-ဟူသော သိက္ခာပုဒ်ဆောက် တည်မှုကို တနေ့,တနေ့လျှင် အခါများစွာ ရွတ်ဆိုဆောက်တည် ရမည်၊ ဤလည်းအားထုတ်ရန်ကိစ္စတပါး၊ ၊သင်္ဂြိုဟ် ၉-ပိုင်း၏ သရုပ်အဓိပ္ပါယ်ကို မြန်မြန်တတ်မြောက် စေတတ်သော ပရမတ္ထ သံခိပ်ကျမ်းကို အကုန်တတ်မြောက်အောင် အားထုတ်၍ အဘိ ဓမ္မာပရမတ်စကားကို များစွာပြောဟောလေ့ရှိစေရမည်၊ ၉-ပိုင်း လုံးမတတ်နိုင်ရှိခဲ့သော် ရှစ်ပိုင်းကိုသော်၎င်း, ၇-ပိုင်းကိုသော်၎င်း, ၆-ပိုင်းကိုသော်၎င်း, ဝီထိပိုင်းကို ချန်လှပ်၍ ရုပ်ပိုင်းထိ ၅-ပိုင်း ကိုသော်၎င်း, စိတ်ပိုင်း, စေတသိက်ပိုင်း, ရုပ်ပိုင်း-ဤသုံးပိုင်းကို သော်၎င်း, အားထုတ်ရမည်၊ သို့မဟုတ်သတိပဋ္ဌာန်ပါဠိတော်ကြီး ကို အရကျက်၍ ဆောင်ရွက်ရမည်၊ သို့မဟုတ် ပဋ္ဌာန်းပစ္စယ

www.dhammaransi.com



နိဒ္ဒေသပါဠိတော်ကြီးကို အရကျက်၍ ဆောင်ရွက်ကြရမည်၊ အသက်အရွယ် ကြီးရင့်၍ မတတ်နိုင်ရှိခဲ့လျှင် ဓမ္မစကြာသုတ်-ပါဌ်၊ အနက်ကိုဖြစ်စေ,အနတ္တလက္ခဏသုတ်ပါဌ်,အနက်ကိုဖြစ်စေ အရကျက်၍ တသက်လုံး ဆောင်ရွက်ရမည်၊ ဤလည်း အားထုတ်ရန်ကိစ္စတပါး၊ ၊ဤကိစ္စနှစ်ပါးတို့ကို အသက်ထက်ဆုံး အားထုတ်နိုင်ပါမူကား ဈေးအခါ၌ သောက်စားခဲ့သော သုရာပါနအကုသိုလ်ဓမ္မသည် ရေနှင့်ဆျော်ဖွပ်၍ ပစ်သကဲ့သို့ ပပျောက်လေ၏၊ သုရာပါနကံသည် ကမ္မပထအမှုရင်းမျိုးမဟုတ်လေသောကြောင့် နေရာကျ ကုစားခဲ့လျှင် ပပျောက်လွယ်သော တရားမျိုးဖြစ်၏၊ပဋိသန္ဓေအကျိုး, ပဝတ္တိဝိပါက်အကျိုးတို့မှ ကင်းလွတ်စေနိုင်ရန် လွယ်သောအခွင့်ရှိ၏၊

သေရည်သေရက်တရားပြီး၏၊

---

## နွားပြိုင်,မြင်းပြိုင်ပွဲတရားကိုပြဆိုလိုက်ဦးအံ့။

အာဂုသော၊ငါ့ရှင်၊ဋ္ဌ၊ဤအရပ်၌၊ အဟံ၊ငါသည်၊ဂိဇ္ဈကူဋပဗ္ဗတာ၊ဂိဇ္ဈကုဋ်တောင်မှ၊ ဩရောဟန္တော၊ဆင်းသက်သည်ရှိသော်၊ ဝေဟာသံ၊ကောင်းကင်၌၊ဂစ္ဆန္တံ၊သွားခဲ့နေသော၊ သုမိလောမံ၊ သံချွန်,သံစူးလျှင်အမွေးရှိသော၊ပုရိသံ၊ယောက်ျားကို၊အဒ္ဒသံ၊မြင်ရ၏၊ တဿ၊ထိုယောက်ျား၏။ ကာယေ၊တကိုယ်လုံး၌၊ တာသုမိယော၊ထိုသံချွန်,သံစူးတို့သည်၊ဉပ္ပတိတွာ ဉပ္ပတိတွာ၊ပျံတက်၍ပျံတက်၍၊ နိပ္ပတန္တိ၊ကိုယ်းပေါ် ၌အမြဲကျရောက်စူးဝင်ကုန်၏၊သော၊ထိပြိဿသည်၊ အဋ္ဌဿရံ၊အပြင်းအထန် ကျင်နာသံကို၊ ကရောတိ၊ပြု၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သော သတ္တော၊ ဤသတ္တဝါသည်၊ ဣမသ္မိံယေဝ ရာဇဂဟေ၊ ဤရာဇဂြိုဟ်ပြည်၌ ပင်လျှင်၊ သာရထိကော၊ မြင်း, နွားတို့ကို သံချွန်,သံစူးဖြင့် ထိုး၍ မောင်းနှင်သောယောက်ျားသည်၊ အဟောသိ၊ဖြစ်၏၊ ၊ဝိနည်းပါဠိတော်၊ ၊ တဿ၊ထိုယောက်ျားအား၊ ပတောဒသုမိယော၊ နှင်တံဖျား၌ တပ်

www.dhammaransi.com



သော သံချွန်, သံစူးဖြင့်၊ ဝိဏ္ဍနဘာဝေါယော ၊ ထိုးသော အခြင်းအရာသည့်ပင်လျှင်၊ နိမိတ္တံ၊ သေခါနီးတွင် နိမိတ်ထင်သည်၊ အဟောသိ၊ဖြစ်သလေ၏၊ တသ္မာ၊ ထို့ကြောင့်၊ သူမိသလာမပေတော၊ သံချွန်,သံဒူး အမွေးရှိသော ပြိတ္တာသည်၊ဇာတော၊ဖြစ်သလေ၏၊ ၊ ပါရာဇိကလက်အဋ္ဌကထာ၊ ၊နွားပြိုင်ပွဲ, မြင်းပြိုင်ပွဲတို့၌ မြင်း,နွားမောင်းနှင်သူတို့ သတိထားကြရန် ကျမ်းဂန်အထွက်ကို ဘော်ပြချက်တည်း၊ တရတရသော ဒုစ္စရိုက်မှု၌ ဒုစ္စရိုက်အပွါး လေးပါး, လေးပါးစီ ထွက်သည်ကို ဒသင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူသည်ကား-

အဏ္ဏနာဝ ပါဏာတိပါတီ ဟောတိ၊ ပရေစ တဏ္ဍသမာဒပေတိ၊ ပါဏာတိပါတဿစ ဝဏ္ဏဝါဒီ ဟောတိ၊ တဏ္ဍစ သမနုညော ဟောတိ၊ ၊ပါဏာတိပါတမှု၌ လေးပါးပွါးပုံပါဠိတော်၊

ထိုအမှုကို ကိုယ်တိုင်ပြုသူတယောက်, ထိုအမှုကို ပြုဖြစ်လေအောင် နှိုးဆော်တိုက်တွန်း ဖိုင်းဝန်းကူညီသူတယောက်, ထိုအမှုကို အလုပ်ကောင်းပြု၍ ချီးမွမ်းစကားနှင့် အားပေးထောက်ပံ့ ပြုသူတယောက်,ထိုအမှုမှာစိတ်တူ,သဘောတူပါဝင်သူတယောက် ဤကား ထိုပါဠိတော်အရ လေးပါးပွား နည်းတည်း၊ ၊နွား,မြင်းတို့ကို အဆမတန် ညှဉ်းဆဲသော နွားပြိုင်ပွဲ, မြင်းပြိုင်ပွဲများသည် ပြဆိုခဲ့ပြီးသော ပါဠိတော်မြတ်၌ တိုက်ရိုက်သက်ရှိသော ဒုစ္စရိုက်မှုကြီးတမျိုးဖြစ်၏၊ နွားလောင်းသူ, မြင်းလောင်းသူတို့သည် ထိုဒုစ္စရိုက်မှုကြီး၏ အပွား လေးပါးတို့တွင် ပါဝင်လျက် ရှိကြကုန်၏၊ ထိုကြောင့် မြတ်စွာဘုရား၏ တပည့်သား ပြုလိုကုန်သော သူအပေါင်းတို့သည် ပြိတ္တာဖြစ်မှု-ဝဋ္ဋ၊ သက်သေ, ဒေသနာတန်းလန်းထိမျှလောက် ကြမ်းတန်းသော ဒုစ္စရိုက်မှုကြီးများ၏အပွားအင်္ဂါတွင် မပါမဝင် ရှောင်ကြဉ် လွှတ်ကင်းကြစေကုန်ရာသတည်း၊ မြင်းပြိုင်ပွဲ, နွားပြိုင်ပွဲတို့၌ လက်ခုင်း, လက်ဖျား နွားလောင်း, မြင်းလောင်း

www.dhammaransi.com



သူ့ပွဲကြည့်သူတို့ သတိထားကြရန် ကျမ်းဂန်အထွက်ကို ဘော်ပြ ချက်တည်း၊

၁ ယထာမာတာပိတာဘာတာ၊ အညေဝါပိစဉာတကာ၊
ဂါဝေါနောပရမာမိတ္တာ၊ ယာသု ဇာယန္တိဩသဓာ၊ ။

၂ အန္နဒါဗလဒါစေတာ၊ ဝဏ္ဏဒါသုခဒါ တထာ၊
ဧတမတ္ထဝသံ ဉတွာ၊ နာဿု ဂါဝေါ ဟနိံသု တေ၊

၃ တတော ဒေဝါပိတရော ဗြဟ္မာ၊ ဣန္ဒော အသုရရက္ခသာ၊ ။
အဓမ္မော ဣတိ ပက္ကန္ဒုံ၊ ယံ သတ္ထံ နိပတီ ဂဝေ၊

၄ တယော ရောဂါ ပုရေ အာသုံ၊ ဣစ္ဆာ အနသနံ ဇရာ၊
ပသူနဉ္စ သမာရမ္ဘာ၊ အဋ္ဌနဝုတိ မာဂမုံ၊ ။
သုတ္တနိပါတ်ပါဠိတော်၊ ။

၁ ဂါဝေါ၊ နွားတို့သည်၊ နော၊ ငါတို့၏၊ မာတာယထာ၊ အမိ ကဲ့သို့ရင်း၊ ပိတာယထာ၊ အဘကဲ့သို့ရင်း၊ ဘာတာယထာ၊ မောင်ကြီး, မောင်ငယ်ကဲ့သို့ရင်း၊ အညေဝါပိ၊ တပါးသည်း ဖြစ် ကုန်သော၊ ဉာတကာယထာ၊ ပေါက်ဘော်သားချင်း, ဆွေရင်း, မျိုးရင်းတို့ကဲ့သို့ရင်း၊ နော၊ ငါတို့၏၊ ပရမာ၊ အလွန်ဆုံးဖြစ်ကုန်သော၊ မိတ္တာ၊ အသက်ထက်ဆုံးချစ်ခင်အင်ကုန်သော မိတ်ကြီးဆွေကြီးတို့ ပေတည်း၊ ယာသု၊ အကြင်နွားတို့၌၊ ဩသဓာ၊ ထောပတ်, ဆီဦး- အစရှိကုန်သော အသက် ရှည်ကြောင်း, အနာကင်းကြောင်း-ဆေး ကောင်းဆေးမြတ်တို့သည်၊ ဇာယန္တိ၊ ဖြစ်ပေကုန်၏၊

၂ တော၊ ထိုနွားတို့သည်၊ နော၊ ငါတို့အား၊ အန္နဒါ၊ အစာ ထမင်းကိုလည်း ပေးကြပေကုန်၏၊ ဗလဒါ၊ အားခွန်ဗလကို လည်းပေးကြပေကုန်၏၊ တာ၊ ထိုနွားတို့သည်၊ နော၊ ငါတို့အား၊ ဝဏ္ဏ ဒါ၊ အရောင်အဆင်းကိုလည်း ပေးကြပေကုန်၏၊ သုခဒါ၊ ကိုယ် စိတ်နှစ်ဖြာချမ်းသာသုခကိုလည်းပေးကြပေကုန်၏၊ ဧတံအတ္ထဝသံ၊ ဤသို့သောနွားတို့၏အကျိုးကျေးဇူးရကြာအထူးကို၊ ဉတွာ၊ မြော်မြင် သိရှိကြကုန်သည်ဖြစ်၍၊ တေ၊ ထိုရှေးသူတော်ကောင်း-လူအပေါင်း

www.dhammaransi.com



ဘို့သည်၊ဂါဝေါ၊ နွားတို့ကို၊ နဟာနိ သု၊ ဖိုက်ပုတ်ညှဉ်းဆဲခြင်းကို ချမပြုကြပေကုန်၊

၃ ယံ-ယဒါ၊ အကြင်အခါ၌၊ ဂဝေ၊ နွားတို့၏အပေါ်၌၊ သတ္တံ၊ သတ်ဖြတ်သောထားလက်နက်သည်၊နိပ္ပတိ၊ကျရောက်၏၊တတော၊ ထိုနွားတို့ကို သတ်ကြသောအခါမှစ၍၊ ဒေဝါစ၊ လူ့လောကကို စောင့်ရှောက်ကြကုန်သော နတ်တို့သည်၎င်း၊ ပိတရောစ၊လူ့လော ကကို စောင့်ရှောက်ကြကုန်သော ပြဟ္မာတို့သည်၎င်း၊ဣန္ဒောစ၊သိ ကြားမင်းကြီးသည်၎င်း၊အသုရ ရက္ခသာစ၊အသုရာနတ်, ရက္ခိုသ် နတ်တို့သည်၎င်း၊ အဓမ္မောဣတိ၊ လူ့လောကမှာ အယုတ်တမာ မိစ္ဆာတရားကြီးဖြစ်ပေါ်၍လာပြီဟုးပက္ကန္ဒုံ၊လူ့လောကကို မမြင် လိုဘဲ ရှောင်လွှဲပစ်ခွါ၍ သွားကုန်၏၊

၄ ပုရေ၊နွားသတ်ယောက်ျား, နွားသားစားတို့ မပေါ်မီရှေး ကာလ၌၊ တယောရောဂါ၊ အနာရောဂါသုံးမျိုးတို့သည်သာလျှင်၊ အာသုံ၊လူ့လောက၌ရှိကြကုန်၏၊ဣစ္ဆာ၊မရှိလျှင်လိုချင်တောင့်တ ရခြင်းတပါး၊ အနသနံ၊ စားချိန်ကျ၍ မစားရခဲ့လျှင် ဆာလောင်ရ ခြင်းတပါး၊ ဇရာ၊အိုချိန်ကျလျှင် အိုရခြင်းတပါး၊ (ဤကား အနာ သုံးမျိုးတည်း)။ ။ပသူနံ၊နွားသတ္တဝါတို့ကို၊ သမာရမ္ဘာ၊ သတ် ဖြတ် စားသောက်ကြသော အခါမှစ၍၊ အဋ္ဌနဝုတိ၊ ကိုးဆဲ့ရှစ်ပါး သော အနာဆိုး,ရောဂါဆိုး,ကပ်,ဥပဒ်မျိုးတို့သည်၊ အာဂမုံ၊ လူ့ လောက၌ ဖြစ်ပေါ်၍လာကုန်၏။

ယသ္မာ ရက္ခသာ ဆာယာယ၊နိသီဒေယျ သယေယျဝါ၊
န တသ္မာ သာခံ ဘဉ္ဇေယျ၊မိတ္တဒုဗ္ဘော ဟိ ပါပကော။

ယသ္မာရုက္ခဿ၊အကြင်သစ်ပင်၏။ ဆာယာယ၊အရိပ်၌၊ နိသီ ဒေယျဝါ၊ ထိုင်မူလည်းထိုင်ဘူးရာ၏၊ သယေယျဝါ၊ အိပ်မူလည်း အိပ်ဘူးရာ၏၊ တဿ၊ ထိုသစ်ပင်၏၊ သာခံ၊သစ်ခက်ကို၊ နဘဉ္ဇေ ယျ၊ မချိုးဖျက်ရာ၊ဟိသစ္စံ၊မှန်၏၊မိတ္တဒုဗ္ဘော၊မိတ်ဆွေခင်ပွန်းကို ဖျက် ဆီးခြင်းသည်၊ပါပကော၊ယုတ်မာလှ၏၊

အင်္ဂလိပ်မင်းဝင်ဝ ၁၂၄၇-ခုနှစ်အတွင်း မုံရွာမြို့-လူကြီး,လူကောင်းတို့ တောင်းပန်ချက်အရနှင့် ရေးပေးသည့် ခွေးမေတ္တာစာ-

ခေတ်ကာလ ယခု ဖြစ်လာရ အမှုမှာ၊ ဘယ်သူ့ကို ကိုးစား၊ ဘယ်သူ့ကို ငြိုးထားမည်၊ ရိုးမှားလို့ မသင့်၊ စဉ်းစားတို့အခွင့်မှာ၊ ချိန်သင့်ခါ မှန်းမည်ဟု၊ တတိုင်းလုံး ကြမ္မာ၊ ဝိပါက်ရင်း ပါသောကြောင့်၊ သာကီနွယ် ထိန်းခြောက်သောင်း၊ ဆွေတော်များအပေါင်းတို့၊ သူမကောင်း မိတ္တဒူဇ်၊ ဝိဋူဍဘ ဘေးရန်ကြောင့်၊ ကျွမ်းပြန်အောင် ပျက်ပြားရော၊ မြတ်ဘုရားဘုန်းလျှိုင်လည်း ကိုယ်တော်တိုင်မားမား၊ သုံးကြိမ်တိုင် ကြွသွား၍၊ တားသော်လည်း မရ၊ မရှေသော်လည်း မတတ်သာ၊ နတ်, သိကြား, ဗြဟ္မာတို့၊ နေအားသည့်တွက်တာနှင့်၊ ဆိုစရာမရှိပြီ၊ ဝိဋူဍဘုရင်၊ သာဝတ္ထိပြည်ရှင်လည်း၊ သာကီဝင်တပြည်လုံးကို ဖျက်မှုန်းသည့်ကံသစ်ကြောင့်၊ စစ်ရဲမက်မိုလ်ပါနှင့်၊ မြစ်ဂင်္ဂါ၊ ရေစခန်းတွင်၊ ပမ်းပတာ ပျက်ပြား၍၊ ငါးလိပ်တို့ အစာ၊ ဖြစ်ဘူးသည့် ကျမ်းလာ၊ ဒေသနာအတွက်နှင့်၊ ချိန်စက်ကာ ယူရှုချင်၊ ပျက်သူမှာ ဖြစ်လမ်း၊ ဖျက်သူမှာ နစ်မွန်းတို့၊ စခန်းလမ်းဆိုက်လေသည်၊ ထိုက်သက်ရင်းတရား၊ ချဖြစ်ပုံအလားကို ဘုရားဟောကျမ်းတွက်နှင့် အချက်ကုညီလိုက်သော်-

ဘာရံ ဝဟတိ ယော ယဿ၊ နိဗန္ဓော အတ္ထသာသဒါ၊
မာတာပိတာစ ဘာတာစ၊ ဉာတိမိတ္တာစ တဿ သော၊
ယော တာဒိသေန္နဘမ္ဘန္တိ၊ ကတညူကတဝေဒိနော၊
ဝဍ္ဎန္တိ ယသဘောဂေဟိ၊ သုက္ကပက္ခေဝ စန္ဒိမာ၊
ယော စ လောနာနုကမ္ပန္တိ၊ သံဝုဍ္ဎာ မိတ္တဒုဗ္ဘိနော၊
ဟာယန္တိ ယသဘောဂေဟိ၊ ကာလပက္ခေဝ စန္ဒိမာ၊ ။

ဤပါဠိပုဒအဓိပ္ပါယ်ကျသည်မှာ-မိဘနှင့်ဆရာဉာတကာတရပ်ကျေးဇူးပြု စီးပွားဘက်၊ ခြောက်ဦးသားအနက်ဝယ်၊ တသက်နှင့်တကိုယ်၊ မပျက်ဘူးအလိုနှင့်၊ ပြုဟ္မစိုရ်တရား၊ လက်မကွာထားနိုင်မှ၊ စီးပွားဟောင်းမပျက်၊ စီးပွားသစ်တိုးတက်၍၊ ချမ်းသာသက်ရှည်

ရာသည်။ ခြောက်ဦးသည်ထိုသူကို၊မကြည့်ဖြူမသနား၊ အလေးမဲ့
ပေါ့စားချောင်၊ စီးပွားသစ်မတိုး၊စီးပွားဟောင်းညှိုးသည့်ပြင်၊ ဘေး
မျိုးရုံသောကနှင့်၊ မောရမည် တကာယ်ဟု၊ အဓိပ္ပါယ်အပြ၊ အနက်
သွားကျချေသည်။ မြန်မာ့နယ်တခိုး၊ ကျွန်ုပ်တို့လူမျိုးမှာ၊ ရှေးအခိုး
ဖြူပဓ္ဓစိုရ်၊ကမ္ဘာ့စောင့်တရားကို၊ ယွင်းယိုသည့်အမှု၊ သည်အချက်
ထရနှင့်ပင်၊ယခုလိုဖြစ်ရေး၊ တတိုင်းလုံးခေတ်ဘေးကို၊ နှစ်မဝေး
ဆက်သက်ကာ တွေ့ကြုံလျက်နေပါသည်။ မိတ်သဟာပြန့်ဖြူး၊ ဆိုခဲ့
သည့်ခြောက်ဦးတွင်၊အသူးပင် ကွက်ခြား၍၊တရားပျက်နာသည်မှာ၊
ကမ္ဘာနှင့်အမှု၊မြန်မာတို့ဒေသသည်၊ဇာဂ်လပြိုပြို၊ နွား,ကျွဲကိုအားမှီ
လျက်၊ ဘိုး,ဘေး,ဘိအစဉ်၊သက်မွေးမှုတွင်သည့်ကို၊ မျက်မြင်ဖြစ်
ပါသည်။သို့သနစ်အကြောင်းရင်း၊ထိကြဲလျက်အခင်းကို၊သနားခြင်း
ကွာဝေးသည့်၊ ငရဲခွေးအစာ၊ လူဒုသီပြိတ္တာကို၊မာန်မိစ္ဆာ ယှဉ်
ပူး၍၊ကျေးဇူးပြု-စီးပွားဘက်၊မြန်မာ့နွယ်အဆက်၊ ကမ္ဘာကသက်
ခဲ့သော၊ အသက်၏သဏ္ဍာန်၊ မိတ်ရင်းစစ်မှန်လှသော၊ တိရစ္ဆာန်
ကျွဲ,နွားကို၊သား,မယားမွေးမှုနှင့်၊ ကရုဏာကာပ်တဲ၊ သတ်ဖြတ်၍
ရောင်းသူမှာ၊ လမ်းနှစ်ကြောင်းမရှိ၊ အပိုပိုအာက်ရွာ၊ ကမ္ဘာကို
ရက်တွက်၍၊ ထောင့်တသက် သွားတော့မည်။ တရားကိုယ်ထင်
လင်းမို့၊စဉ်းစတ်ခွင့်မလိုပြီ။ ဝယ်ကြသူတဦးကိုသာ၊တရားကိုယ်
ထင်လင်းအောင်၊ သတင်းစာတမ်းလိုက်ပါသည်။ ကျမ်းပိဘင်း ၅
ကထာ၊ တိုက်ရိုက်ကြီး အလာမှာ၊ ပါဏာတိပါတ၊ ပြုလုပ်သည့်
ဌာနဝယ်၊ ကာယရှင်တခန်း၊ ချီးမွမ်းသူတယောက်၊ ဝမ်းမြောက်
သူတဘက်၊ သုံးဦးသားအနက်၊ အကျိုးဆက် မတူကြ၊ ကာယရှင်
ဗာလမှာ၊ နိရယတာလမ်း၊ ချီးမွမ်းသူပြိတ္တာရောက်၊ ဝမ်းမြောက်
သူအနေမှာ၊ တိရစ္ဆာန် ဖြစ်စေဟု၊ ဝေပုံကျအပြီး၊ ဆုံးဖြတ်ချက်
သင်းသီးတွင်၊ ပဗ္ဗည်းရှင်ဝယ်လူဗမှာ၊ ချီးမွမ်းမှုတစိတ်ပါ၊ ဝမ်း
သာမှု တသွယ်ထွက်၊ နှစ်ပါးပုံ ရောချက်သော်၊ လက်သည်ထက်
အပြစ်ကြီးမည်ဟု၊ ယူမှီးရန် ကျသော်လည်း၊ ကာယကံအရှင်နှင့်၊
တူလျှင်ပင် ခဲလှပြီ၊ နောက်ဆွဲဘာ လိုက်ရကြောင်းမှာ၊ တခုကောင်း

အတွက်၊ ဝမ်းသာသည့်အချက်နှင့်ပင်၊ ဆက်ဆက်ကြီး ပါရမည်ဟု
ဩကာထာရှိသည်ပင်၊ ယုတ္တိနှင့် စည်းကားလျှင်၊ ရောင်းသမား, ဝယ်
သမား၊ နှစ်ဦးသားသဘောတူ၊ ဝယ်သူကမူလ၊ ရောင်းသူမှာဘူတာ၊
ဝယ်သူပေါ်မှ ရောင်းသူ ရှင်၊ ရောင်းသူ ရှင်မှ တွင်တွင်သတ်၊ နဘော
ထပ် လွန်းပေါင်းတင်၊ သည့်အတိုင်း မြင်ကြလျက်၊ ဖွတ်ငင်သည့်
တကျော်ကြောင့်၊ ဟင်းလျာသည်ဆိုလျှင်ပင်၊ ခိုပြီးသည့်အတိုင်း၊ စိုင်း
ကြသည် ကြွက်ကြွက်အူ၊ သူမရှု,ငါ့ခေ့၊ ငွေစကို တပြင်ပြင်၊ ချိန်
ခွင်ကိုတခါခါ၊ နက်ဖြန်လည်းလာပါနော်၊ သံဘက်လည်းမျှော်ပါ
မည်၊ ခေါ်လိုက်သူတချို့၊ လက်တို့၍မှာသူမှာ၊ ဟင်းလျာသည် လာ
ခဲဟု၊ စိတ်ထဲက တ,သူတ၊ သို့ဖြစ်၍နေကြလျက်၊ ပါးစပ်က ပရိ
ယာယ်၊ ရောင်းလာလို့ ဝယ်ပါသည်၊ ဘာသ်အပြစ်မရှိပါဟု၊ သောင်
လို့ များမဟာနှင့်၊ ဝမ်းထဲကသဘောကို၊ မပြောဘဲကုန်စင်အောင်၊
မြင်ရင်းစွဲဖြစ်ကြသည်၊ ပစ္စည်းရှင်ဝယ်သူတို့၊ ကျုံ့ သည့်အလား၊
ပေးလိုက်သည့်ဒင်္ဂါးသည်း၊ နွားရှာ၍သွင်းသူနှင့်၊ စီးပွားတူလုပ်
ဘက်၊ ငွေမြင်သည့်အတွက်ကြောင့်၊ သွက်သွက်လည်းအတွင်ခိုး၊
လှည်း,တောင်သူတရိုးမှာ၊ နွားမျိုးများပြတ်မတတ်၊ သား, မယား
အငတ်တွင်၊ မတ်တတ်မှိုင် ကြိမရ၍၊ ဒါးပြသို့ဝင်သူ ဝင်၊ သို့ဖြစ်
အင်မူလမှာ၊ ဝယ်သူက အခြေရင်း၊ ဟုတ်မဟုတ် မငြင်းနှင့်၊ ထင်
အလင်းဒိဋ္ဌ၊ မျက်မြင်ပင်ဖြစ်ကြသည်၊ သည့်ရေသ တကျော်မွဲ၊ သူ့အ
တင့်ရဲတိုင်းကို၊ အထဲကမသန့်၊ ဖွတ်လွှဲ၍ခံကြလျှင်၊ ပါယ်လေးတန်
ဒုက္ခမှာ၊ မြုပ်ကြမည်စင်းစင်း၊ သည်တကျော်ကင်းလျှင်ပင်၊ တတော
လင်းအမိုက်၊ သည်လောဘစရိုက်ကို၊ အမြိုက်သီးအလား၊ အလိုက်
ကြီးမှားကြလျှင်၊ ပါယ်လေးပါး ယာမသုံတွင်၊ အိမ်ထောင်စုံ ခေး
တော်ထိုး၊ ရိုးအမျိုးစာရင်းမှန်၊ ရွှေတိုက်တော် လက်ခံနှင့်၊ မပြန်
တမ်းအဟုတ်၊ ကမ္ဘာနှင့်စာချုပ်၍၊ ရုန်းရုန်းကြီး မြုပ်ကြမည်၊ မ
ဟုတ်ဘူးမထင်နှင့်၊ မယုံလျှင်ကိုယ်တွေ့မှ၊ ဆိုသရွေ့မကဟု၊ လှလှ
ကြီးသိလိမ့်မည်၊ ဇာတ်နိပါတ်သက်သေကို၊ ရှာဖွေကာ ထုတ်ဆို
လျှင်၊ ပိုအမိများမည်ကြောင့်၊ တရားသားသက်သက်၊ စကားသွား

ညက်ညက်နှင့်၊ နှားမျှက်စိ မရှိသာအောင်၊ လိုရာတွင် ဖြောင့်လိုက်
သည်၊ ရောင့်တက်သည့်သေဘာ၊ မနောကံဇောကျ၍၊ ဂေါမသ
ဟင်းလျာကို၊ မြိန်ရှက်စွာစားရမှ၊ ဆိအသားဖွံ့ဖြိုး၊ ဉာဏ်ပညာ
တိုးသည်ဟု၊ နှလုံးသိုး စကားတင်၊ ကပ်လျှင်သာ ကပ်ရမည်၊
သုတ်နိပါတ်ကျမ်းဂန်တွင်၊နွားဖျားရန်အကြောင်းဟု၊ ထုံးဟောင်း
ကို တွေ့ရသည်၊ အလေ့ဆိုးဂသီညဉ်၊သည်တကျွာသူငင်၍၊ လူအ
ရှင်ဇုတ်တုတ်တွင်၊ ပြိတ္တာရုပ် ဇာတ်ပေါ်၍၊ တအော်အော် နေရ
ကြောင်း၊ ဇင်းပြင် အပါယ်ကျ၊ ဇာတ်ဝတ္ထုသာဓကမှာ၊ ကျောင်း
တကာ့,ကျောင်းတိုင်းတွင်၊ ဆယ်ကြောင်းရေး, ကိုးကြောင်းရေး၊
စာတိုက်ချင်းရှက်ထွေးလို့၊ မကွေးသာ,မဆန့်သာ၊ ပေါ်များလှပါ
တော့သည်၊ သည်တကျွာစရိုက်ကို၊ အလိုလိုက်မှားကြလျှင်၊နွား
သတ်တို့သွားရာ၊နေ့ဝံ့တော်လိုက်ပြီးပါလျှင်၊ နွားရုပ်သွင်အထူးနှင့်၊
တဘူးဘူး,တဘဲဘဲ၊ မဲအောင်တွန့်မြည်၊နှစ်အရှည်မောကြမည်၊
သို့သဘောတနှိ၊ အမှန်ကိုသိကြ၍၊ ပကတိအရိုး၊ ဟင်းသီးမျိုး,
ဟင်းရွက်မျိုး၊ ကောင်းနိုးရာ ရှာကြ၍၊ ဆိအတန် ဆားအထိုက်၊
မွှမ်းသံဘွယ်အလိုက်နှင့်၊ သိုက်မြိုက်အောင် စီရင်၍၊ သူတော်စင်
အနှုန်း၊စိတ်သတ်၍သုံးပါလျှင်၊ အဆုံးတိုင်မြိုက်ရှက်၊ ဘေးရောဂါ
မဘက်၊ ဆိအသား ပွားတက်၍၊ အသက်လည်း ရှည်ပါသည်၊
သန္တုဋ္ဌိ အချက်မှာ၊ စက္ကုဝါက်ငှက်မင်း၊ အလောင်းတော် ကျေး
သင်းတို့၊ ခင်းခဲ့သည့် စံထုံးနှင့်၊ လုံးလုံးကြီး တေတ်ငြားသော်
လည်း၊ တတ်အားသမျှ ဖြိုးခြိုးလျှင်ပင်၊ အကျိုး တန်ပေးပါသည်၊
ကျေးသူတော် ထုံးဟောင်းကို၊ ကောင်းကောင်းကြီး အားပြု၍၊
သည့်ဝတ္ထုအသားထူးကို၊ မစားဘူးဇကန်ဟု၊ မိဋ္ဌနိ၍ပြီပြီ၊ သည့်
အတိုင်းညီပါလျှင်၊ ပါရမီ ဆယ်ဖြာလည်း၊ အလွယ်သာ ရမှု၊ အ
ကုန်လုံး ရပါသည်၊ ယခုခါ ခေတ်အတွင်းမှာ နွားသားဟင်း, ကြွ
သားဟင်းအသန့်ပင်လွတ်ကင်းအောင်၊ရှင်းရှင်းကြီးကျွန်ုပ်တို့လည်း
ရှောင်ပါသည်၊နောင်လာခန် အာဂိုနှင့်၊ ကျွန်ုပ်တို့ထပ်တူ၊ သဘော
ထားပြုကြပါ၊လူတို့လိုတီတီတာဘာ၊မပြောတတ်ကျကြလို့၊ဇုတ်

www.dhammaransi.com



တုတ်သာ မပြန်လှန်၊ပြုသမျှခံရသည်၊ ဌာနကချိတ်းပြတ်သား၊ နှုတ်
လျှာများတတ်အားသျှင်၊ နွားတို့က ဆိုရန်၊ ခွင့်ရှိသည်အမှန်၊ မြန်မာ
နှင့်ကုသား၊ နှစ်ပြည် ထောင် တိုင်းသားတို့၊ ဖြစ်ပွါးသည့်တွက်တာ
သည်၊ ငါတို့မှာသေထူး၊ အကုန်လုံးဝချေသည်၊ သူတို့အေး၊သူတို့တိုး၊
တမျိုးလုံး၊တနွယ်လုံး၊သူတို့တိုင်မဆုံး၊ တို့တတွေပခုံးမှာ၊ မီးဟုန်း
ဟုန်းထမဘတ်၊ တို့လုံ့လ ငွမ်းအံ၊ တို့အပန်းခံနိုင်လို့၊ ဆန်စပါး
ပြောင်း၊နှမ်း၊ ပူးခရမ်းပဲမျိုး၊ မြေပြင်လုံးမောက်ဖြိုးအောင်၊ တိုးတက်
သည့်ဘဏ္ဍာနှင့်၊ လိုရာတိုင်းပြည့်ဖုံ၊ ကုန်လုံကြအသီးသီး၊ ကျောင်း
ကြီးဆောက်၊ဘုရားကြီးတယ်၊ တတိုင်းလုံးကြွယ်သည်မှာ၊ ဘယ်
သူကအခြင်းဟု၊ စဉ်းစားဘွယ် မရှိ၊ ထင်အလင်း သိပါလျက်၊ သ
တိပင်မပေါ်၊ကျေးဇူးကိုမမြော်၊စိတ်အချော်ဘမ်းပါး၊မိတ်အတော်
စိမ်းကားသျက်၊ တို့အသား၊တို့အသဲ၊ တို့အဆီ ရွဲ ရွဲကို၊ ထမင်းပွဲအ
လယ်၊အနှင့်သားတယ်ဖြိုးလျှင်၊ ရယ်ခါနှင့် ပြုံးခါ၊ အရသာကိုခံစား
၍၊ လင်မယားတတွေ၊ မျိုကြသည့်အနေမှာ၊ မြိန်နိုင်ပေ့ သူတို့ကို၊
မျိုရက်ပေ့သူ့ခံတွင်း၊ တို့လုပ်သည့်ထမင်းကို၊တို့ဟင်းလျာအသား
နှင့်၊ စားကြသည့်ဖြစ်နဲ့ကို၊ တို့အသဲနာလိုက်ကဲ့၊ ကမ္ဘာဦးစတင်၊
ထက်ကာရီ ယခင်က၊ ချေ၊ သမင်တောသား၊ အများတို့ ထုံးစံ၊
တိရစ္ဆာန်စရိုက်၊တို့ဘာသာတသိုက်၊ အလိုက်များ နေခဲ့ကြလျှင်၊
မသေမိစပ်ကြား၊ အိပ်ချင်အိပ်၊စားချင်စား၊ သွားချင်သွား၊လာချင်
လာ၊ အပုံကြီးချမ်းသာမည်၊ယခုမှာ လားလား၊ အမွေလူသားနှင့်၊
စီးပွါးတူ-ချမ်းသာဘက်၊ ခိုမိသည့်အတွက်ကြောင့်၊ တက်တက်
ကြီးအကုန်မှား၊ငါးပါးမှောက်၊ခြောက်ပါးမှောက်၊ မှားသလောက်
မပြောနိုင်၊တသက်တိုင် ရှိစဉ်လည်း၊မချိအောင် စဉ်းစား၊တို့ကိုယ်
ကောင် အသားကို၊ ဟင်းတပါးသတ်၍လုပ်၊ ဘယ်သင်းက ဟုတ်
သေးတုန်း၊ ယုတ်မာသည့်ဖြစ်သား၊ သည့်လောက်တောင် ရိုင်းဌား
သည့်၊လူသားတို့လက်ထဲတွင်၊ ဖွဲ့ပြောင်းရိုးမြက်ရေ၊ သုံးစား၍နေရ
သည့်ထက်၊ တောကျားတွေ ပါးစပ်မှာ၊ခေါင်းပြတ်၍ သေရခြင်း
သည်၊လွန်အမင်းမြတ်သေး၏၊ရှေးအထက်ကာရီ၊ပဥ္စင်းကိုအခြေက

ရေလိုက်ကြီးမှောက်မှား၍၊ တို့နောက်သားတစုမှာ၊ လူဘိလူးအစာ၊ ဟင်းလျာတို့အပြီး၊ ဗူးသီးနှင့်ကြို့လိုကြို့၊ ဖရုံနှင့်ဖြားလိုဖြား၊ သခွါးနှင့်တွဲလိုတွဲ၊ ချိုတနဲ့,ချဉ်တထွေ၊ တို့ဖြစ်ပုံအနေနှယ်၊ သေလျှင်လည်း လတ်တသော၊ ရှင်စဉ်လည်း ဖတ်ဖတ်မော၊ အာဟောဒုက္ခ၊ ဘယ်အခါတွင်မှ၊ သက်သာရာရအောင်၊ တို့ကြွမွှာပြုနဲ့ကို၊ အသဲထိနာလိုက်ပါဘိ၊ ဉာဏ်တဘာတသင်း၊ မိတ်ဆွေ ရင်းတို့ဟာ၊ နွားချင်းချင်းဆိုကြရန်၊ ခွင့်ရှိသည်အမှန်ပင်၊ သနားရန်တာလမ်း၊ ရှိသမျှစခန်းကို၊ ဆုံးခန်းရောက်မြော်ခေါ်၍၊ မသူတော်စရိုက်၊ ထွန်းကားသည့်အခိုက်ကို၊ အလိုက်သင့် အရှောင်ကောင်းနိုင်မှ၊ နောင်နှောင်းကို ချမ်းသာ၍၊ နတ်ရွာမှာ အတူတွေ့ကြရအောင်၊ အလေ့ကောင်းရှင်းရှင်း၊ ဓောသဒ္ဒါစင်းစင်းနှင့်၊ သတင်းစာပါးလိုက်ပါသည်။ ကြွားကြွားသမျှ မိတ်ဆွေ အပေါင်းသူတော်ကောင်းပညာရှိတို့၊

သက္ကရာဇ်—၁၂၄၇—ခုနှစ်တွင် မုံရွာမြို့နေ လူသူတော်ကောင်း အပေါင်းတို့ကအရပ်ရပ်မြို့ရွာသို့ကြော်ငြာဝေငှသောဂေါမွှံသမေတ္တာစာ။

## သံဝေဂလေးချိုးကြိုး။

၁ မိုက်မလင်းနိုင်လို့၊ မြိုက်ခင်းညာဆီမှာ၊ ခါတော်မှီသီမဝေ့နိုင်ဘူ၊ ဒီကွေ့တွင် နေ့ကုန်မျှော်ပြန်ရ၊ အဘော ဘယ်မသတ်နိုင်တဲ့ ရဟတ်ဘွ၊

၂ ငါးရပ်ကာယ်ရုံညီ၊ ဒုလ္လဘိငယ်၊ ကြိုမှီရခေတ်၊ မြန်ခင်းဇမ္ဗူ၊ မှန်ကင်းငယ်ထူ၊ လူထက်လူဖြစ်ပါလျက်၊ အနှစ်ကာယ်မနွယ်၊ အကာတောမှာ၊ ဗျာမောကျယ်လို့၊ အကာယ်ယောင်ယောင်၊ အမြင်မဖြောင့်၊ အညင်ထောင့်၊ မှောင့်ထက်မှောင်၊ သန်းခေါင်လမိုက်၊ ရိုယ်း တိမ်မြူးတဲ့ မိုးသွေးတိုက်မှာ၊ အလိုက်ကာယ်ဘာသာ၊ အမြင်ခငွေ့၊ အထင်ရွေနှင့်၊ အလေ့ရှာလျက်၊ အခါနှာရို၊ ရွေ့ရွေ့ယ်သို၊ တိတိ ဆန်းဆုတ်၊ ရေတုအစဉ်၊ လုလုငယ်နှင့်၊ အတွင်ချုပ်လို့၊ သုတ်သုတ် ကာယ်ရက်ရေ၊ ဇရာလက်မှာ၊ အသက်သာကြွေတော့တယ်၊ အသေ

www.dhammaransi.com



သတ်လက်မရှိကို၊ အသက်ခွန် ပဏ္ဏာသွင်းရန်တို့၊ ထမင်းအစာ ရုံနှင့်၊ခန္ဓာရုံ မြိုပြတည်းဆိကာ၊အငြိုးဖြေကာစောင့်ရှာကြ၊စိုးနှောင့်သချိုး၊

၃ သို့ပါမူလဲ၊ ပုန္ဓယ်ဆွေးနွယ်၊ အရေးကျယ်တွေကို၊ အေး ဘွယ်ထင်မှတ်၊ အစမမြင်၊ဘဝလျှော်၊ အစဉ်တော်ဟာမို့၊ မသတ် ကာယ်အာသာ၊အာရုံမွေ၊ ပြာပုံမှမှာ၊ရသာရှာလျက်၊ ငါတလူလူ၊ ပမာမူ၊ရွာသူတို့ဝက်၊အစားများထူ၊အသားလူ၊ ဆူလေလေ ခက် ပါလျက်၊ရမ္မက်ကာယ်မာန်ဝင်၊သူ့အသင်းမှာ၊သူမခင်းတဲ့ ထင်လိုက် လို့၊ ရှင်နိုင်မျှဝက်သညာဘုန်လို၊ အချက်မှန်ပေါ် မလင်းစေတို့၊ဘောင် သင်းရွေ မိတ်သင် ယှက်သည့်၊ခင်မက်ဘွယ်အရုံပုံ၊ မာန်တရုဏ် ဟာန်ပုံနှင့်ဖုံးရှာကြ၊ရှုံးပလေ၊ထုံးမြေပြာစု-မိတ်တွေမို့၊

၄ ငါတလုံးနယ်၊ အနှုန်းငယ်ကျယ်၊ သုံးသွယ်မြိုသိက်၊ ဘုံ တလိုက်မှာ၊တုန်ရိုက်ကာယ်ဆူညံ၊မြူခချန်၊ ပူလျှံတောက်ညီး၊အမြဲ စတော၊မစဲရွှေ၊အသေမိုးတဲ့၊ အပြီးငယ်ကုန်စင်၊ ဘုံတခွင်ကို၊အ တွင်လောင်မြိုက်၊အပြောင်တိုက်လို့၊ အမှိုက်ကာယ်ဝန်နွယ်၊အဖြစ် မစဲ၊သစ်သစ်လဲ၊ သဲသဲကြွယ်သည်း၊ အကာယ်မလောက်၊သူကာသာ မောက်တော့၊ နောက်နောက်ကဗ္ဗာ၊ ဘန်ဘန်လာလဲ၊ အခါသူ့ တွင်၊ တရသာထင်ကြရ၊ သံတရပ်နာမ်ငယ်၊ အဟုတ်ဉာဏ် မတင်စီးနိုင်ရ၊သည့်မိုးတာ ဘယ်တကိန်းမှာမှ၊ငြိမ်းပါ့မယ်လို့၊

သက္ကရာဇ် ၁၂၅၆-ခုနှစ်အတွင်း၊မုံရွာမြို့မှ မန္တလေးမြို့တော်နေ ကင်းဝန်မင်းကြီးထံ ပေးသည့် သံဝေဂလေးချိုးကြီး။

---

## အဓိပ္ပါယ်ပြန်ချက်။

၁ မိုက်မလင်းဆိုသည်ကား-သစ္စာလေးတန် အမှန်လေးချက် ကို သက်သက်မမြင်အောင် ဖုံးပိတ်သော အဝိဇ္ဇာလေးပါးသည် ရှိ၏၊ထိုအဝိဇ္ဇာလေးပါးကို အမိုက်ဆိုပေသည်၊ အမှန်လေးချက်ကို သိသော သစ္စာဉာဏ် လေးပါးကိုမရ၍ ထိုအဝိဇ္ဇာလေးပါး ထင်

www.dhammaransi.com



ရှားရှိနေသည်ကို မိုက်မလင်းဆိုသည်၊ အမှန်လေးချက် ဟူသည်ကား-ခန္ဓာငါးပါး၊ ရုပ်၊နာမ်တရားသည် ဒုက္ခအမှန်ဖြစ်သည် တချက်၊ လောဘသည် ဒုက္ခမျိုးစေ့သာအမှန်ဖြစ်သည်တချက်၊ နိဗ္ဗာန်သည်သာ ငြိမ်းရာအမှန်ဖြစ်သည် တချက်၊ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်လမ်းကြောင်းမှန်သည် တချက်၊ ဤကား အမှန်လေးချက်တည်း၊ ဤအမှန်လေးချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာလည်း လေးပါးရှိသည်၊ ဘွင့်လှစ်သော ဝိဇ္ဇာသည်း လေးပါးရှိသည်၊ မြိုက်ခင်းညာ ဆိုသည်ကား-နိဗ္ဗာန်သည် သေဘေးမှကင်းလွှတ်ရာဖြစ်၍ အမြိုက်သည်၏၊ ထိုအမြိုက်သည်ပင် သင်္ခါရဓမ္မတို့နှင့် မရောမယှက် တကွက်တကွင်းဖြစ်၍ အမြိုက်ခင်းမည်၏၊ ထိုအမြိုက်ခင်းသည်ပင် သံသရာခရီးလမ်းမှ ဆန်တတ်ရာဖြစ်၍ ခင်းညာမည်၏၊

ခါတော်မှီ ဆိုသည်ကား-နိဗ္ဗာန်ဆိုက်ကြောင်း လမ်းကောင်း၊ လမ်းဖြတ်ပဋိပတ်ကို မကျင့်နိုင် ဆိုလိုသည်၊ ၊ဒိဂွေ့ ဆိုသည်ကား-သံသရာဝဲဩဃ ဆိုလိုသည်၊ ၊ရဟတ်ဘွေ ဆိုသည်ကား ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဤဝဋ်သုံးပါး လည်၍နေသော သံသရာစက်၊ ဝဲအချက်ဆိုလိုသည်၊ ၊အဝိဇ္ဇာ-အစရှိသော ကိလေသာရှိ၍ ဒါန-စသော ကံဖြစ်သည်၊ ဒါန-စသော ကံဖြစ်၍ လူ့ဘဝစသော ဝိပါက်ဖြစ်ရသည်၊ လူ့ဘဝ-စသောဝိပါက်ရှိပြန်၍ အဝိဇ္ဇာစသောကိလေသာ ရှိပြန်ရသည်၊ ကိလေသာရှိပြန်လျှင် ကံဖြစ်လာမြဲ၊ ကံရှိပြန်လျှင် ဝိပါက်ဖြစ်လာမြဲ၊ ဝိပါက်ရှိပြန်လျှင် ကိလေသာဖြစ်လာမြဲ၊ ဤသို့ အဆုံးမသတ် ချားရဟတ်ကဲ့သို့ တပတ် လည်လည် နေရကြသည်ကို ရဟတ်ဘွေဆိုလိုသည်၊

ပထမပိုဒ်ပြီး၏၊

---

၂ ဒုလ္လဘီအရ ဒုလ္လဘတရားငါးပါး ပြောချိုး၊ ဆိုချိုးထင်ရှားပြီ၊ အနှစ်မနွယ်၊ အကာတောမှာ၊ ဗျာမောကျယ်ဆိုသည်ကား-လောက

www.dhammaransi.com



ရေး,လောကမှု၊မင်းရေး,မင်းမှုများသည် သာသနာ့ရေး,သာသနာမှု သီလ,သမာဓိ, ပညာမှုမဟုတ်သောကြောင့် အနှစ်နှင့် မနှောသော အကာတောသက်သက်ဖြစ်၍၊ဝန့်ရှင်တော် ကင်းဝန်မင်းကြီးသည် ထိုအကာတော၁ဝယ် အသက်အရွယ်ကြီးရင့်သည် တိုင်အောင် အချည်းနှီးသော ဗျာပါရ,မောဟ,ဥဒ္ဒစ္စတွေနှင့်သာ နှစ်ကာလ ကျယ် ပွား၍ လာခဲ့သည်ဆိုလိုသည်၊

အကယ်ယောင်ယောင်ဆိုသည်ကား-အနှစ်မပါအကာဘီးထိုး အချည်းနှီးသော ကိစ္စတွေကိုပင် အကယ်စင်စစ်အနှစ်သာရမှုတွေ ယောင်ယောင် စိတ်ရော, ကိုယ်ပါ မွဲမွဲသဲသဲ အားထုတ်သည် ဆို လိုသည်။

အမြင်မဖြောင့်၊အညင်ထောင့်ဟူသည်ကား-ခန္ဓာငါးပါး ရုပ်, နာမ်တရားသည်၊ မိမိကိုယ်ပိုင်မဟုတ်ဟု မြင်လျှင် အဖြောင့်,မိမိ ကိုယ်ပိုင် ဟုတ်သည်ဟု မြင်လျှင်မဖြောင့်၊မိမိဆိုင်ပိုင်သော ဥစ္စာမ ဟုတ်ဟု မြင်လျှင်အဖြောင့်, မိမိဆိုင်ပိုင်သော ဥစ္စာဟု မြင်လျှင် မ ဖြောင့်, အဖြောင့်မှာ ယထာဘူတ ဉာဏ်တည်း။ မဖြောင့်မှာ သက္ကာယဒိဋ္ဌိတည်း။အမြင်မဖြောင့်သည်ကို အဖြောင့်မြင်ရအောင် မလိုက်စားဘဲ မဖြောင့်သည်ထက် မဖြောင့်ဘက်၌သာ လိုက်စား ခဲ့မြဲဘာ နေခြင်းကြောင့် ဈေးဈေး၌ရှိခဲ့ဘူးသော ဝိဝဋ္ဋ ပါရမီဉာဏ် ဝသီဟောင်းတို့သည် ပွင့်ခွင့်မရ, ပေါ်ခွင့်မရ,ရှုံ့ရိုဖုံး၍ထားသော မီးကျိုးကဲ့သို့ မှိန်မှေးငုတ်မြုပ်၍သာ နေရကုန်တော့သည်၊ ထိုသို့ နေရသည်ကို အမြင်မဖြောင့်,အညင်ထောင့် ဆိုသည်၊

မှောင့်ထက် မှောင် ဆိုသည်ကား-ငယ်ရွယ်စဉ်၌ ပလိဗောဓ နည်းပါးသေးသည်နှင့် ဘုရားသံ, တရားသံကို ကြားခဲ့လျှင် သဒ္ဓါ တရား ကြည်ဘာ, ကြည်ဘာ တက်သာသည်၊ ကြီးသော အခါ စည်းစိမ်ဥစ္စာ အခြေအနေကြီးလျှင် ကြီးလိုက်၊ ငယ်လျှင်ငယ်လိုက် ပလိဗောဓကျယ်ပိုင်း၍လာသည်၊ ဘုရားသံ,တရားသံသည်လည်း အဘပ်ထပ်အခါခါ ကြားဘန်, နာဘန် များလှ၍ ဟောင်း၍ ကုန် သည်နှင့် ဘုရားသံ,တရားသံကို ကြားနာရသော်လည်း သဒ္ဓါ

www.dhammaransi.com



ပြောင်ပြောင် မလာပြီ၊ အများရှိသေအောင် ပြုရသော ဟန်မူသော ရှိတော့သည်၊ ကြီးလေ,ကြီးလေ သဏ္ဌာန်အငွယ်တိုးလေလေ, သဏ္ဌာန်အရောင် မှေးလေလေ ဖြစ်၏၊ ထိုကြောင့် မှောင့်ထက်မှောင် ဆိုသည်၊

မိုးသွေးတိုက် ဆိုသည်ကား-လောကီစီးပွား, သား မယားမှ တွေသည် မှောင့်ထက်မှောင်တို့သော ဖြစ်သောမိုးသွေး ဥမင်ကြီး တွေသာတည်း၊

အလိုက်ကာယ ဘာသာ၊ အဖြင်မငွေ့၊ အထင်ရွှေ့နှင့်၊ အလေ့ရှာ ဆိုသည်ကား-ကြီး၍ ယောသောအခါ လောကီစီးပွား သား, မယားမှတွေတည်းဟူသော မိုးသွေးတည်းဟူသော မိုးသွေးဥမင်တွင်း၌ အကျဉ်းအကြပ် လှောင်ပြီးဖြစ်၍ ငါ၏ ရှေးကံ ပါရမီကား-ဤမျှသာဟု မိမိကိုယ်ကို အဆုံးချကာ ဘာသာအလိုက် ဖြစ်ထိုက်သမျှသော သဏ္ဌာန်မွဲမွဲ, ပညာမွဲမွဲနှင့်သော ရံခါအနိစ္စ, ရံခါဒုက္ခ, ရံခါအနတ္တ၊ ရံခါဘုရားဂုဏ်,ရံခါတရားဂုဏ်, ရံခါ သံဃာ့ဂုဏ်၊ ယောင်မှု,ယမ်းမှု အတုအပ ရသော့စိတ်ဖြေသာ ဖြစ်ရတော့သည်။ အကြည်အလင်,အဖြင်အတွေ့ဆို၍ ငွေ့ ရုံမျှ ငွေ့ဘူးသည်မရှိ၊ စိတ်ထင်ရာရာနှင့်သော ဝါသနာဘာဂီ ဖြစ်ရုံမျှ အလေ့အလာ ပြုရတော့သည်ဆိုလိုသည်။ အခါနာရီ၊ စသည်ချိသော မဂ္ဂဏသာတ်အခဏ်း၌ ဘွားမြင်စ အခါတွင် အနှစ်တရာ နေရမည့် သတ္တဝါ၏ အသက်သည် နှစ်ပေါင်းတရာပြည့် ရှည်သေး၏၊ ဥတုပေါင်းသုံးရာ, ရတုပေါင်း ခြောက်ရာ, ပက္ခပေါင်း နှစ်ထောင့် လေးရာ, ရက်ပေါင်း သုံးသောင်းခြောက်ထောင်, နာရီပေါင်းတသန်း ကိုးသိန်း ခြောက်သောင်းပြည့် ရှည်သေး၏။ မိုးရထားသွားရာလမ်းအနီးရှိ သစ်ပင်တောချုံတို့သည် ချာချာ,ချာချာသည်၍နေရစ်သကဲ့သို့ အဆုံးဖြစ်သော သေရက်,သေနာရီသို့အဆိုက် အတွင်နှင်၍သွားသော အာယုသင်္ခါရ၏ သွားရာလမ်းစဉ်၌ နာရီအစဉ်, ပက္ခအစဉ်,မာသအစဉ်,ရတုအစဉ်,ဥတုအစဉ်,နှစ်အစဉ်တို့သည်လည်းချာချာ,ချာချာလည်၍ နေရစ်ကုန်၏။ လွန်တိုင်း, လွန်တိုင်း အသက်တို့သည် အ

www.dhammaransi.com



ပိုင်းအပိုင်းပြတ်၍ နေရစ်ကုန်၏၊ သည့်ကိုရည်၍ အခါနာဂရီ၊ ရွှေ့ရွှေ့ငယ်ချို၊ တိတိဆန်းသုတ်၊ ရေတုအစဉ်၊ လုလုငယ်နှင်၊ အတွင်ချုပ်လို့ သုတ်သုတ်ကယ်ရက်ရေ၊ ဇရာသက်မှာ အသက်သာကြွေတော့တယ်ဟုဆိုသည်။

အသေသတ်လက်မရွံ့ဆိုသည်ကား-သူသတ်သေမင်းပေတည်း၊ အနမတဂ္ဂ သံသရာနှင့်တခု၊ စကြဝဠာ အနန္တတွင် ဘုံသုံးပါးအတွင်း၌ကျင်လည်ကြသော သတ္တဝါခန္ဓာရှိသည့်ထိုသေမင်း၏အစာ၊ ထမင်း ဟင်းလျာ စပဲ ရသာဖြစ်၏၊ ထိုကြောင့် သေမင်း အခွန်သိမ်းပိုက်လာသျှင် မိမိအသက်ခန္ဓာကို ဆူဆူဖြိုးဖြိုးနှင့် အရံသင့်၊ အခန့်သင့်-ဆက်သွင်းပါရခြင်းအကျိုးငှါ၊ ဣမိယာ၊ ဝင်းခြံ-ဟူသော ခန္ဓာရုံ၊ ခန္ဓာမြို့အိပ်ခန်း၊ ပလ္လင်၊ ခုတင်၊ ညောင်စောင်း-ဟူသော ပြဿည်းတို့၌ လှောင်သွင်း၍ အစာ၊ ရေစာဝစွာ ကျွေးမွေးကာ နေကြရသည်၊ သည့်ကိုရည်၍-အသေသတ် လက်မရွံ့ကို၊ အသက်ခွန်ပဏ္ဏာသွင်းချိန်တို့၊ ထမင်းအစာပုံနှင့်၊ ခန္ဓာရုံမြို့ပြတည်းဆီကာ၊ ငြိုးဖြေကာ စောင့်ရှာရ၊ စိုးနှောင့်သချေ်ဟုဆိုသည်။ ။ဤစကား၌ပြဿည်းဆိုသည်ကား-အိပ်ရာ တိုက်ခန်းကို ဆိုသည်၊ အိပ်ရာ၊ ပလ္လင်၊ ခုတင်၊ ညောင်စောင်းကိုလည်းဆိုသည်၊ ပြတည်း ဟူ၍လည်းရေးကြ၏၊ ရေးဝေါဟာရတည်း၊ ယခုကာလ၌ကား-ပြတင်း ဟူ၍ခေါ်ကြ၏။ ။အငြိုးဖြေကာ စောင့်ရှာရဟူသည်မှာသေမင်း မရောက်လာမီ အတွင်းမှာ ကိလေသာစိုးမင်းတို့၏ ကံကျွေးကူထိ အလုပ်နှင့်နေရသည်ဖြစ်ပြန်၍ ကိလေသာ အစိုးရကြီးတို့ မငြိုးငွေ့ရအောင် ကောင်းနိုးရာရာအာရုံဝတ္ထုနှင့် ပြုစုလုပ်ကျွေး၍ ဖြေဖျော်ကာ စောင့်စားကြရသည်၊ သေမင်း၏အမှုမှာ အသက်ခန္ဓာမညှိုးမနွမ်းရှိနေသျှင်ပင်အခွင့်ကုန်ပါ၏။ ကိလေသာမင်းမှုမှာ အကောင်းထက်အကောင်းလိုက်စားမှုဖြစ်ချေ၍အခွင့်ကြေကုန်သည်ဟူ၍မရှိ၊ အန္ဓပုထုဇ္ဇန်တို့မှာ ဤအမှုကြီး နှစ်မှုနှင့်သာ ဘဝဘဝ လာခဲ့ကြရသည်၊ ကိုယ့်စီးပွါးမှုဟူ၍ မရှိပြီ၊ ကလျာဏပုထုဇ္ဇန်တို့မှာ ကိလေသာမင်းမှုကို အလွတ်ရှောင်၍ သေမင်းမှုကိုလည်း အခွင့်ကုန်ကာမျှ

www.dhammaransi.com



ဆောင်ရွက်၍ မိမိစီးပွားမှုကို အတွင်ခဲကြပေသည်၊ မိမိစီးပွားဟူသည့်ဘာသား-သေမင်းလက်မှ လွတ်ထည့်ရန်အမှုပေတည်း၊

နုတိသပိုဒ်ပြီး၏၊

---

၃ ပုဗ္ဗယ်ခွေးန္ဓယ်၊ အရေးကျယ် ဆိုသည်ကား-လောကီမှု, စီးပွါးမှု,သားမယားမှုကို မဆိုထားလင့်ဦး၊ နောက်နောက်ဘဝတို့၌ ခံစံတို့ ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိ-များကို အသသာစွဲလမ်း၍ ပြုကြသော ဒါနမှု, သီလမှုများသည်သည်း ပုဗ္ဗယ်,ခွေးန္ဓယ်၊ အရေးကျယ်ပင်တည်း။ ၊ထိုဒါနမှု, သီလမှုများသည် ကိလေသာ အစီးအပွားသာဖြစ်ချေ၍ ပုဗ္ဗယ်မည်၏၊ သောကဒုက္ခတို့၏ အစီးအပွားဖြစ်ချေ၍ ခွေးန္ဓယ်ဆိုသည်၊ဝိပတ္တိ၏ အဆောက်အဦဖြစ်သော သမ္ပတ္တိအမျိုးမျိုးတို့ကို အဆင့်ဆင့်ပေးတတ်သည်ဖြစ်၍ သံသရာအရေးကျယ်မည်၏၊ ၊တနည်း-လိုချင်မှု, ဖြစ်ချင်မှု-ဟူသော သမုဒယသစ္စာသည် ပုဗ္ဗယ်မည်၏၊ရမှု,ဖြစ်မှု ဟူသော ဒုက္ခသစ္စာသည် ခွေးန္ဓယ် မည်၏။ ဤ သစ္စာ နှစ်ပါးသည် သံသရာပင်ကိုယ်ချင်း ဖြစ်၍ အရေးကျယ်မည်၏၊ ၊တနည်း-အဝိဇ္ဇာ, တဏှာ, ဥပါဒါန်-ဟူသော ကိလေသာ ဝဋ်အစုသည် ပုဗ္ဗယ်မည်၏၊ ထိုကိလေသာဝဋ်ရှိ၍ ဖြစ်ပွားရသော သုစရိုက်ဆယ်ပါး, ဒုစ္စရိုက် ဆယ်ပါး-ဟူသော ကမ္မဝဋ်သည် အရေးကျယ် မည်၏၊ ထိုကမ္မဝဋ်ကြောင့် ဖြစ်ပေါ်ရသော လူ့အဖြစ်,နတ်အဖြစ်-ဟူသော ဝိပါကဝဋ်သည် ခွေးမြွေ ပျက်ပြုန်းတို့သာ ဖြစ်ခဲ့၍ ခွေးန္ဓယ် မည်၏။ ။ဘနည်း-အတ္တဘော၌ အကျုံးဝင်သော စက္ခုဟူသော အမြင်ခေတ်ရသည် ကိလေသာတို့၏ အစီးအပွားသာဖြစ်၍ ပုဗ္ဗယ်မည်၏၊ဇရာမီး,မရဏမီးတို့၏ လောင်ရာ အစစ်ဖြစ်၍ ခွေးန္ဓယ်မည်၏၊သောကီနယ်ကို အကျယ်ချဲ့သသွားဖြစ်သော တဏှာပပဉ္စတရား,မာနပပဉ္စတရား,ဒိဋ္ဌိပပဉ္စတရား-သုံးပါးတို့ အသိုက်,အအုံသာဖြစ်၍ အရေးကျယ်မည်၏၊ အတ္တဘော၌ အကျုံးဝင်သော အကြားဟူသော သောဘခေတ်အစု,ဃာနဟူသော အနံ့ခေတ်အစု,

www.dhammaransi.com



ဇြ၁ဩပဂှုသော အရေသျှာယူဓေတ်အရ,ကာယဟူသောအတွေ့,အထိ,
အသိယူဓေတ်အရ, မနောဟူသော အကြံအဘန် ဓေတ်အရသည်
ကိလေသာတို့၏ အစီးအပွားသာဖြစ်၍ ပူနွယ်မည်၏၊ ဇရာမိး,မရ
ဏမီးတို့၏ လောင်စာသာဖြစ်၍ ဒွေးနွယ်မည်၏။ လောကီမှု,
လောကီနယ်ကို အကျယ်ချဲ့သမားဖြစ်သော တဏှာ,မာန,ဒိဋ္ဌိဟူ
သော ပပဉ္စတရားသုံးပါးတို့၏ အသိုက် အအုံသာဖြစ်၍ အရေး
ကျယ်မည်၏၊ အစမမြင်၊ဘဝလျှဉ်ဟူသည်ကား-အနမတဂ္ဂ ဘဝ
အဆက်ဆက် ဆိုလိုသည်၊ ၊အစဉ်ဝတ် ဆိုသည်ကား-လိုချင်
သည်, ချေင်သည်, ဖြစ်ချင်သည်, မြင်ချင်သည်, ကြားချင်သည်
စသော တဏှာအာသာ မပြေမငြိမ်းသမျှသည် စကြာမနွာတ်မင်း,
သိကြား-နတ်မင်းပင် ဖြစ်သော်လည်း ဝဋ်မွတ်ခြင်းဒုက္ခ အမြဲနှိပ်
စက်သော ပြိဿာနှင့် အလားတူ အစဉ်ထာဝရ အဝတ်မျိုးသာ
တည်း၊ ၊မသတ်ကယ်အာသာ ဆိုသည်ကား-ထိုအစဉ်ဝတ်, အ
မြဲဝတ်,ထာဝရဝတ်ဖြစ်သော ရူပတဏှာ,သဒ္ဒတဏှာ,ဂန္ဓတဏှာ,
ရသတဏှာ,ဖောဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာ-ဟူသော တဏှာခြောက်
ပါးသည် အာသာမည်၏၊ ထိုအာသာကိုဖြတ်နိုင်, မသတ်နိုင်ဆိုလို
သည်၊ ၊ပြာပုံမွမှာ ရသရှာသိုသည်ကား—လူ့ခန္ဓာ,လူ့ဘောဂ,
နတ်ခန္ဓာ, နတ်ဘောဂ, ဗြဟ္မာ့ခန္ဓာ ဗြဟ္မာ့ဘောဂ-ဟူသမျှသည်
တဆဲ့တပါးသောမီးတို့၏ မပြတ်မစဲ အမြဲလောင်ရာဖြစ်၍ ပြာပုံ,
ပြာစုဖြစ်၏၊အနှစ်သာရဟူ၍ အဏုမြူမျှမရှိခြင်းကြောင့် အမွ အရွ
လည်းမည်၏၊အရူးသည် ရွာတံခါးဝတွင် ရွာသူတို့ထာဝရစွန့်ပစ်
ထားသော အမှိုက်ပုံကြီးကို တွေ့လေရာ သုန္နစ်သက်ရာများကို
ရှာဖွေ ကောက်ယူလေ၏၊ ထိုအမှိုက်ပုံကြီးမှာပင် များစွာသော
အကောင်းအမွန်စံစားဘွယ်,စံစားဘွယ်များကို တွေ့ရှိသိမ်းယူရ
သကဲ့သို့ ထိုအတူ လူ,နတ်,ဗြဟ္မာ စည်းစိမ်ချမ်းသာဟူသော အရိ
ယာတို့ စွန့်ပစ်အပ်သော အမှိုက်ပြာပုံရွတို့၌ အကောင်းအမွန်စံစား
ဘွယ်,စံစားဘွယ်ရသလို ရှာဖွေလိုက်စား၍ နေကြသည်ဟူလို
သည်၊ ၊ရွာကက်ဥပမာ၌ ထိုဝက်သည် အစာရေစာ ပေါ်များ၍

www.dhammaransi.com



တနေ့တခြား အသားအဆီသုထပ်ပွားဘိုး၍ ဆူဖြိုးသေလေ၊ စက်
ထိုးသား မြို့သူ, ရွာသူတို့ မျက်စေ့ထိုးသေလေသာဖြစ်၏၊ သို့
သော်လည်း နက်ဖြန်နံနက်စာမှီ ဈေးရုံသို့ထွက်၍ စားပွဲခုံ တက်ခ
ရမည်ကိုမသိရှာ၊ ယနေ့ထက်တိုင်ပင် မိမိနိုင်ရာ အတူနေ ဝက်အ
သင်းမှာ တမင်းတစိုး ဗိုက်ဝင်၍ ပျော်ရွှင်နိုင်သေးသည်၊ ထိုအဘူ
ပင်လည်း ဥဿုအသင်းအပင်းများသော သူတို့သည်လည်း သခ္ခါရတွ်
များလေလေ၊ သေမင်း၏အစိတ် ဝိပဿနာမျက်စေ့သန်လေသေသာ
ဖြစ်၏၊ သို့သော်လည်း အနှစ်တရာ မပြည့်မီ နက်ဖြန်,သဘက်,ဘ
ရက်ရက်တွင် နံနက်စာမှီ,ညစာမှီ သုသာန်ဈေးရုံကြီးသို့ ထွက်၍
သင်းချိုင်းမြေပုံ စားပွဲခုံဘက်ရမည်ကို မမြင်ကြကုန်၍ ယနေ့တိုင်
ပင် မိမိနိုင်ရာ အသင်းမှာ တမင်းတစိုးဗိုက်ဝင်၍ ပျော်ရွှင်နိုင်ကြ
ကုန်သည်၊ ။ပျော်ရွှင်နိုင်သော အကြောင်းမှာလည်း မြန်မာ
စစ်သူကြီးဗန္ဓုလသည် အင်္ဂလိပ်စစ်ဗိုလ်တို့ တည်ပင်က ချိန်ထား
သော ဗုန်းသက်နက်ကို မသိသကဲ့သို့ သေမင်း ချိန်ထားသော
ဝိပဿနာလက်နက်ကို မမြင်၍ ပျော်ရွှင်နိုင်ကြသည်၊ မမြင်ကြောင်းမှာ
လည်း အပေါင်းအဘော် အသင်းအပင်းတို့လည်း ထိုလက်နက်
ချိန်ရွယ်ချက်ကို မမြင်နိုင်အောင် ဖုံးနိုင်ကုန်သည်၊ ခင်ပွန်း,မယား
ဘွယ်ဝတ္ထုအာရုံ တိုက်တာ အိမ်ယာဥယျာဉ်မြေပုံသည်း ဖုံးနိုင်သည်၊
ကားတိုင်၌ ချည်၍ အဝေးမှ ပစ်သတ်မည်ရွယ်သည်ကို မမြင်ဝံ့
၍ မမြင်ဘဲ သေရခြင်းသည်သာ ကောင်းသည်ဟု မျက်နှာကိုလုံးစွာ
ဖုံးရသကဲ့သို့ အသီးအသီး မိမိမိမိကို ချိန်၍,ရွယ်၍နေသော ဝိပဿနာ
လက်နက်ကိုမမြင်ဝံ့၍မမြင်ရဘဲ အမှတ်မဲ့သေခြင်းသည်သာကောင်း
၏ဟုအကြံပြု၍ လုံးစွာဖုံးသည့်နည်းအားဖြင့် သတ္တဝါတို့ ဝင်ခွင့်
မရအောင် မသေမီအတွင်းမိတ်သဟာယသဘာဝ ဝတ္ထုအာရုံမှုကို ဖု
ဆောင်းဆည်းပူးပြီးလျှင် ထိုအာရုံမှုဖြင့် မိမိစိတ်ကို လုံးစွာဖုံးလွှမ်း
ကြသည်၊ အဖုံးလုံလှ၍လည်း နောက်နောက်အခါ များစွာ သေရန်
အမှုတင်းလင်းကြီးကို ငြီးငွေ့နိုင်မည်ဝေးရှာ၊ ယခုဘဝ သေရမည်
ကိုမျှသည်း ကြောက်ခြင်းတရား မပွားများကြဘဲ အများမွေ့ဘာနေပ

www.dhammaransi.com



ဟုအခံဖြတရားနှင့်ပင် ပြေငြိမ်းနိုင်ကြလေသည်၊အကြင်မျှလောက် နှောက်နှောက် သေရရန် အခွင့်ရကို ယာရ သေရမည်နှင့် အတူ မကြောက်နိုင်သေး၊ ထိုမျှလောက် ကာလပတ်လုံး သံသရာမှ မထနိုင်သေး၊ လုံ့လဖုံးလွှမ်းမှုကို မလွှတ်နိုင်သေးသမျှလည်း ကြောက်ခြင်း မသန်နိုင်သေး၊ ကြောက်ခြင်းမသန်လျှင်သည်း ထွက်မြောက်ရန်ကို လွတ်လွတ်ကျွတ်ကျွတ် မကြံသေး၊ ဤအနက်ကိုရည်၍-ငါတလူလူ၊ ပမာမှု ၊လ၊ မာန်တဂုဏ်၊ ဟန်ပုံနှင့် ဖုံးရှာကြ ဆိုသည်၊ ဤစကား၌ အမှုမှန်ပဟူသည်ကား-သေမြဲမွေ့တာမှု, ပျက်မြဲမွေ့တာမှုတည်း။ ၊ဒိတ်သင်းရှက်ဆိုသည်ကား-ဥဒ္ဒတိဒ္ဓိတ္တသင်္ဂဟတို့နှင့် ရောရှက်သည် ဆိုလိုသည်။ ၊အရံရံ ဆိုသည်ကား-သယ်သာ, ဥယျာဉ်, ဝင်းခြံ,အိမ်ယာ, ဥစ္စာဘောဂကိုဆိုသည်၊ ၊မာန်တဂုဏ် ဆိုသည်ကား-မာန်အမျိုးမျိုးလည်း ဖုံးမှုပင်၊ ဂုဏ်အမျိုးမျိုး ကြက်သရေအမျိုးမျိုးတို့လည်း ဖုံးမှုတို့ပင် ဖြစ်ကုန်၏ ဆိုလိုသည်၊ ဟန်ပုံ ဆိုသည်ကား-လူအသယ်, ရှင်အလယ်၌ အတင့်အတယ် ဘွယ်ရာမှုပြုပုံ အလုံးစုံသည်သည်း ဖုံးမှုပင်ဖြစ်၏ဆိုလိုသည်၊တန်းခိုးရှိသောနတ်တို့မှာ မသေမီ ၇-ရက်ကပင် သေနိမိတ်ငါးပါး ထင်ရှားပေါ်သည်၊ထိုအခါ လွန်စွာ ကြောက်လန့် ပူပန်ကုန်သည်၊ ထိုအခါ တပါးသော နတ်တို့က ထိုနတ်သားကိုခေါ်၍ နန္ဒဝန်ဥယျာဉ်၏ ကြက်သရေဖုံး၍ အကြောက်, အပူပျောက်လေ၏၊ နတ်ပြဟ္မာတို့၌ ဖုံးမှုသာ၍ အားကြီးသည်။ ၊ဒုံးပလေ ဆိုသည်ကား-အနမတဂ္ဂသံသရာနှင့်ဘခု ဖုံးမှုကိုသာ အားစိုက်၍ လာခဲ့ကြသည်၊ ဖုံးမှုသည် ကုသိုလ်တရား၌ မေ့လျော့တိုသာဖြစ်သည်၊ ကုသိုလ်တရား၌ မေ့လျော့၍သာ လာခဲ့ကြသဖြင့် ယနေ့ထက်ထိ သေခြင်းမှ ကင်းလွှတ်အောင် ကြံသောစိတ်မရှိတဲ့ ဖုံးမြဲဖုံးကြသည်။ဖုံးမှုနှင့် ကုန်ရသော နှစ်,လ,နေ့,ရက် အသက်အရွယ်ရသည် တွက်ချတုံးသော အရှုံးသက်သက်ရသာဖြစ်သည်ဟု ဆိုလိုသည်၊ ၊ထုံးမြေပြာရဒိတ်ဆိုသည်ကား-ကာမ တဆဲ့တဘုံသားတို့၏ ကိုယ်ခန္ဓာ, ရူပတဆဲ့ခြောက်ဘုံသားတို့၏ ကိုယ်ခန္ဓာတို့သည် အညက်ကျိတ်

www.dhammaransi.com



လျှင် ရသော ထုံးမြေခဲမျိုးတွေသာ ဖြစ်ကုန်၏၊ အသူးကား-ကမ္မဇ မြေမှုန့်လွန်ကဲသောနတ်ခန္ဓာ,ဗြဟ္မာခန္ဓာရသည်အလွန်သိမ်မွေ့သော ယမ်းမြေခဲရမျိုးတည်း၊ ကိုယ်စောင့် ဝတ်မီး လည်း အလွန်ထက် သည်၊ ရတိစိတ်ကျ၍ စိတ္တဇမြေ, အာဟာရဇ မြေ ကုန်ဆုံးလျှင် မီး တောက်ကြီး ကွယ်ပျောက်သကဲ့သို့အကုန်ချုပ်ပျောက်လေသည်၊အ လောင်းကောင်ကောက်ယူဘို့မရပြီ၊ထို့ကြောင့် ဥပပတ်နတ်ဗြဟ္မာ တို့၏သေခြင်းသည်ကျန်ရှိသောသူတို့မိတ်ကြွေ, လက်ကြွေရှိအောင် ပြုရခွင့်မျှမရသော သေခြင်းဖြစ်ခဲ့၍ အစိမ်းသေ သေခြင်းဆိုသည်ဟု ဆိုခွင့်ရှိသည်၊လူ-စသော သတ္တဝါတို့၏ ကိုယ်ထည်ဖြစ်သောထုံး မြေရမှာမူကား-ကမ္မဇမြေကုန်ဆုံးသေသည့်နောက် ချရာသင်းချိုင်း, မြေသင်းချိုင်း-ပြာတို့၌အာဘတ်တူ ပေါင်းရလေ၏၊ သင်းချိုင်းမြေသင်း ချိုင်းပြာတို့နှင့် ဖြစ်အတူ, ပျက်အတူမိတ်သဟာယဖြစ်ကြလေ၏၊ ထို့ကြောင့် ယခုဇတ်တုတ်ရှိကြသော ကိုယ်ထည်အထု ခေတ်မြေ ရကို ထုံးမြေပြာရမိတ်ဆိုပေသည်။

တတိယ ပိုဒ်ပြီး၏၊

---

၄ ငါတလုံးနယ်ဆိုသည်ကား-ငါ-ဟူသော အက္ခရာတလုံး၏ ကျင်လည်ရာ နယ်ဆိုလိုသည်၊ထိုငါ-အက္ခရာသည်ကား သမုဒယ သစ္စာ တဏှာမှထွက်လာသော တဏှာ၏ တမ်းခွန်ပေတည်း၊မီးမှ ထွက်သော မီးခိုးကို မီး၏တမ်းခွန်ဆိုသကဲ့သို့တည်း၊ကာမ တဆဲ့ တဘုံတွင်ရှိခန္ဓာရသည့် ကာမတဏှာဘန့်ဆင်း အုပ်စိုးသော ခန္ဓာ ရပေတည်း၊ ရူပ တဆဲ့ခြောက်ဘုံရှိ ခန္ဓာရကို ရူပတဏှာ ဘန့် ဆင်းအုပ်စိုးမှုပေတည်း၊ အရူပလေးဘုံရှိ ခန္ဓာရကို အရူပတဏှာ ဘန့်ဆင်း အုပ်စိုးမှု ပေတည်း၊ အုပ်စိုးကြောင်းကိုလည်း မခံချင် တတ်သောသူတယောက်ကို ခြေနှင့်တို့၍စမ်း၊ငါ့ကို ခြေနှင့်တို့ရာသ လောဟု တို့ရာတိုင်းက၊ငါ့အက္ခရာပေါ်လာတော့၊မင်းစိုးရာဇာတို့မှာ မိမိတို့အုပ်စိုးရာနိုင်ငံအတွင်းဘယ်ဘယ်နေရာကိုမဆိုနိုင်ငံခြားမင်း တပါးတို့ကထိပါးလာခြင်းအံ့၊ရာဇမာန်ငါ့အက္ခရာပေါ်လာသတော့၊

ထိုကြောင့် သုံးဆဲ့တဘုံကို ငါ့ဘလုံးနယ်ဆိုပေသည်။ သုံးသွယ် ပြို့သိုက်ဆိုသည်ကား-ကာမဘုံတသွယ်,ရူပဘုံတသွယ်,အရူပဘုံ တသွယ်ပေတည်း။မြူမချွန်ဟူသည်ကား ဖြစ်ဘက်ပျက်ဘက်စကြ ဝဠာကုဋေတသိန်းကို အစုစုထား၍ရှု။တည်ဆဲကမ္ဘာမှ ရှေးအနမ တဂ္ဂ အတိတ်ကမ္ဘာစုတွင် တခုခုသော ကမ္ဘာ၌ စကြဝဠာကုဋေ တသိန်းရှိသော ရေ,မြေ,တောတောင်စသောအဝိညာဏကခန္ဓာခဲစု လူကောင်,နတ်ကောင်, နွားကောင်, ကျွဲကောင်, ဆင်ကောင်, မြင်း ကောင်-စသော သဝိညာဏက ခန္ဓာခဲစုသည် ယခုမြူမျှမရှိပြီ။ ဤ ကမ္ဘာတွင်လည်း ဤအန္တရကပ်တွင်လည်း အာယုကပ်ဟူသော အသက်တမ်းချင်း ပိုင်း၍ရှု။ အသက်တမ်းတွင်လည်း တရာတမ်း ဖြစ်လျှင် ရှေ့တရာ, နောက်တရာ,ပိုင်း၍ရှု။ ရှေ့ရှေ့တရာတွင် အစ စွာရှိနေသော ခန္ဓာစုသည် နောက်နောက်တရာတို့၌ မြူမျှအကြွင်း အကျန်မရှိပြီ။ ။အမြဲပတော၊မစဲချွေဆိုသည်ကား-ဘယ်အချိန်မှာ မဆို, ဘယ်အရပ်မျက်နှာကိုမဆို, လက်ညှိုးထိုးလိုက်လျှင် ထိုးရာ တိုင်း ထိုးရာတိုင်းမှာပင် လက်ညှိုးတဲ့ရာ အရပ်မျက်နှာမှာ သေဆဲ သတ္တဝါ အနန္တအနန္တ ထိုးခိုသည်ချည်းမည်၏။ ။အပြောင်တိုက် ဆိုသည်ကား-မြူမချန်၌ဆိုခဲ့ပြီးသော အတိုင်းဆိုလေ။ ။အမှိုက် ကယ် ဝန်သွယ်ဆိုသည်ကား-ရာဂမီး,ဒေါသမီး, မောဟမီး,ဇာတိ မီး, ဇရာမီး, မရဏမီး, သောကမီး,ပရိဒေဝမီး,ဒုက္ခမီး,ဒေါမနဿ မီး, ဥပါယာသမီး-ဟူသောတဆဲ့တပါးသော မီးတို့၏ လောင်စာ လောင်သင်း-မြက်ထင်းအမှိုက်တွေသာဖြစ်ချေ၍ သုံးဆဲ့တဘုံတွင် သက်ရှိ, သက်မဲ့ အလုံးစုံအကုန်ကို အမှိုက်စု အမှိုက်ခဲတွေဆိုပေ သတည်း။အသက်ရှိဖြစ်သောအမှိုက်စုကို ကိလေသာတစု,ကံတစု, ဝိပါက်တစု-သုံးစုခွဲ။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်-ဤသုံးပါးသည် ကိလေသာစုတည်း။သင်္ခါရ,ကမ္မဘဝ-ဤနှစ်ပါးသည် ကံစုတည်း။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဤငါးပါးသည် ဝိပါက်စုတည်း။အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ရှိလျှင် သင်္ခါရ, ကမ္မဘဝ ဟု ဆိုအပ်သော သုစရိုက်,ဒုစရိုက်ဖြစ်ပေါ်မြဲ။ သုစရိုက်,ဒုစရိုက်ကံ

မှုရှိလျှင် ဘဝသစ်ခေါ်ရသော ဝိပါက်အရကောန်ဖြစ်ပေါ်မြဲ၊ ဝိပါက်အရဖြစ်ပြန်၍ လူကောင်,နတ်ကောင်ဖြစ်ပြန်လျှင် ထိုလူကောင်,နတ်ကောင်ကို အစွဲပြု၍ ကိလေသာအရ ဖြစ်ပေါ်မြဲ၊ ငါငါဟူ၍ရင်း, ငါ့ဟာငါ့ဟာဟူ၍ရင်း,ငါ့အတ္တငါ့အတ္တဟူ၍ရင်း,ငါမင်း,ငါပုဏ္ဏား, ငါသေဋ္ဌေး, ငါသူကြွယ်-ဟူ၍ရင်း၊ ငါနတ်,ငါသိကြား, ငါဗြဟ္မာ, ငါဇာတ္တိ, ငါပုရိသ-ဟူ၍ရင်း-ဤသို့စသည်ဖြင့် စွဲလမ်းသော ကိလေသာတို့သည် ဗာလ ပုထုဇ္ဇန်တို့မှာ ကောန်ဖြစ်ပေါ်မြဲ ဟူလိုသည်။ ကိလေသာရှိပြန်လျှင်လည်း ကံအရကောန်ဖြစ်ပွါးမြဲ၊ ကံအရဖြစ်ပွါး၍ထင်ရှားရှိပြန်လျှင်လည်း ဘဝသစ် ခန္ဓာသစ် ဟူသော ဝိပါက်ကောင်ကောန်ပေါ်မြဲ၊ ဝိပါက်ကောင်ပေါ်ပြန်လျှင်လည်း သာယာစွဲလမ်းသောကိလေသာရကောန်ဖြစ်လာမြဲ၊ ဤသို့အမှန်လေးချက်ကို အပိုင်သိသော ယထာဘူတဉာဏ်ကိုရသမျှကာလပတ်လုံး မရပ်မတည်ဟူးဟူးလည်၍နေသောကြောင့် အရကြီးသုံးပါးကိုဝဋ်နွယ်ဆိုသည်၊ ။'အဖြစ်ခဲ၊ အသစ်လဲ၊သဲသဲကြွယ်'ဟူသည်ကား-အသေမီးက မြူမျှမကျန်အောင်အတွင်လောင်၍လိုက်ငြားသော်သည်း စကြဝဠာအနန္တနှင့် အပြည့်အပြည့်ပင် မစဲမပြတ် အသစ် အသစ်ဖြစ်ပေါ်ပြောင်းလဲ၍ စကြဝဠာအားလုံး အုန်းအုန်း သဲသဲ အမြဲစည်ပင်ပြည့်ကြွယ်သည်သာဖြစ်၏ဟူလိုသည်။ ။အကာယ်မလောက်၊ သူကာသာမောက်တော့ဆိုသည်ကား-ထိုကဲ့သို့စကြဝဠာအနန္တလုံးပြည့်အောင်အသစ်အသစ်မစဲအောင်ဖြစ်ပွါး၍နေသော်လည်းသတ္တါရတို့ကာ ပိုမို၍သွားနိုင်သည်မရှိ၊အသေမီးကာသာပိုမောက်လျက်ရှိတော့သည်ဟူလို၊ဖြစ်သမျှသောသတ္တါရတို့မည်သည် ပျက်ခြင်းလျှင်အဆုံးရှိကြကုန်၏၊ပျက်ခြင်းကိုလွန်၍အမြဲတည်နေနိုင်သောသတ္တါရဟာရားဟူ၍တစုံတခုမျှမရှိ၊ နေ့ဝံနေ့ဝံကမ္ဘာ၊ဘန်ဘန်လာလဲ၊အစသူ့တွင် တရုသာထင်ကြ ဆိုသည်ကား-နေ့ဝံနေ့ဝံ ကမ္ဘာသစ်ကမ္ဘာသစ်ဆက်၍စကြဝဠာအနန္တနှင့်အပြည့်အပြည့်ဖြစ်လာသောသတ္တါရမြေတို့သည် မရေဏာမီး၏ အစိုးအပွါးသာဖြစ်ကုန်၍ သူ့လက်တွင်း၌ မီးစာထင်းမှိုက်အဖြစ်နှင့်သာတခုမကျန် တလုံးဘရတည်းထင်ကြ၍

www.dhammaransi.com



ကုန်၏ ဆိုလိုသည်၊ အဟုတ်ဉာဏ်မတင်စီးနိုင်ရဆိုသည်ကား-တ
ယောက်သောပြည့်ရှင်မင်းသည် အတုမရှိလှပသောမင်းသမီးယောင်
ဆောင်၍နေသော ဘီလူးမကို တောင်ညာဘင်လေ၏၊ ထိုမင်းသည်
ဘီလူး၏ကြောက်ဘွယ်ဆိုးရွားသောဇာတိရုပ်သွင်ကိုမြင်နိုင်သော
ဒိဗ္ဗစက္ခု နတ်ဆေးကိုမရသမျှကာလပတ်လုံးထိုဘီလူးမ၏နတ်သမီး
အသွင် ထင်မြင်အောင်ဘန်ဆင်း၍ မာယာပရိယာယ်ဖြင့် ပြုသမျှ
သောအတင်စီးကို ခံရလေ၏၊ ဒိဗ္ဗစက္ခု နတ်ဆေးကိုရ၍ မျက်စိ၌
ကွင်း၍ကြည့်သောအခါမှဇာတိရုပ်သွင်ကို ဟုတ်တိုင်းမြင်ရသဖြင့်
ချည်နှောင်ရိုက်ခတ် အသေသတ်၍ ထိုမင်းကတင်စီးနိုင်လေ၏၊ ထို
အတူ ဤသတ္တဝါအပေါင်းတို့သည် ယထာဘူတဉာဏ်ကို မရကြ
သေးသမျှ ကာလပတ်လုံး သင်္ခါရရုပ်နာမ်တရားတို့၏ အတင်အစီး
ကို ခံနေကြရကုန်၏၊ တင်စီးပုံကား ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား
မိန်းမ မဟုတ်ကြကုန်သော ရုပ်နာမ်တရားတို့သည် ပုထုဇ္ဇန်သတ္တ
ဝါတို့အား ပုဂ္ဂိုလ်သတ္တဝါ ယောက်ျားမိန်းမ ထင်အောင်ပြု၏၊
ပုဂ္ဂိုလ်ဘင်ကြရ၏၊ သတ္တဝါထင်ကြရ၏၊ ယောက်ျားမိန်းမထင်ကြ
ရ၏၊ ပုဂ္ဂိုလ်သတ္တဝါယောက်ျားမိန်းမ အလှအယဉ် ထင်မြင်စွဲသမ်း
ကြ၍ ချစ်ကြ ခင်ကြကုန်၏၊ ချစ်ခြင်းခင်မှုသည် သံသရာ၌မာရ်မင်းငရဲ
မင်းကြီးတို့၏ သံကြိုးသံလွန်ပေတည်း၊ ထိုသံကြိုးသံလွန်တို့ဖြင့်
အသဲနှလုံးတို့၌ အတင်းအကြပ်ချည်တုပ်မိလျက်ရှိနေကြကုန်သော
အန္ဓပုထုဇ္ဇန်သတ္တဝါတို့သည် မာရ်မင်းငရဲမင်းတို့၏လက်မှလွတ်
နိုင်ကြကုန်ပြီ၊ ဤကားသင်္ခါရရုပ်နာမ်တို့၏ တင်စီးချက်တည်း၊ အ
ကြင်အခါ၌ သင်္ခါရရုပ်နာမ်တို့၏ဇာတိအသွင်ကို ထင်မြင်နိုင်သော
ယထာဘူတဉာဏ်ကိုရ၏၊ ထိုအခါမှစ၍ ကလျာဏပုထုဇ္ဇန်စူဠ
သောတာပန်အဖြစ်သို့ ရောက်ကြကုန်၍၊ ရုပ်နာမ်တို့၏တင်စီးချက်မှ
လွတ်စပြု၏၊ ရုပ်နာမ်တရားတို့ကို မိမိတို့က အနိစ္စဟူ၍ တင်စီးနိုင်
ကြကုန်၏၊ ဒုက္ခဟူ၍, အနတ္တဟူ၍, ပုဂ္ဂိုလ်မဟုတ်ဟူ၍ သတ္တဝါ မ
ဟုတ်ဟူ၍, ယောက်ျား, မိန်းမ မဟုတ်ဟူ၍, သူမဟုတ်ဟူ၍, ငါမ
ဟုတ် ဟူ၍-တင်စီး နိုင်ကြကုန်၏၊ အဟုတ်အမှန် အမြင်သန့်သော

www.dhammaransi.com



ယထာဘူတဉာဏ်ဖြင့် နာမ်ရုပ် တရားတို့ကို အပြစ်ဒေါသဘော ဘာသဘာတို့နှင့် ရှုတ်ချဘိစီးနိုင်ကုန်၏၊ ဤကား ကလျာဏပုထုဇွန်, ရူဋ္ဌသောတာပန်တို့က ရုပ်နာမ်တရားတို့ကို တင်စီးပုံဘည်း၊ ၊ ဤကဲ့သို့ယထာဘူတခေါ်သော အဟုတ်ဉာဏ်ဖြင့်သင်္ခတရုပ်နာမ် တို့ကို မတင်စီးနိုင်ရ၊ မဘိစီးနိုင်ရဆိုလိုသည်၊ ၊သည်မိုးဟာ ဘယ်ဘကိန်းမှာမှ၊ ငြိမ်းပယ်လို့ ဆိုသည်ကား-ဘုံတခွင်ကို အတွင်လောင်မြိုက်အပြောင်တိုက်၍နေသောအသေမိုးနှင့်တကွထဆဲ တပါးသောမိုးတို့၏ဘာဝနမှ လွတ်ငြိမ်းခွင့်ကို ဘယ်ဘကိန်းမှာ ရပါအံ့နည်း ဆိုလိုသည်၊ တကိန်းဆိုသည်ကား-ဘသူဘသူသော မြတ်စွာဘုရား၏ ဖြစ်ပွင့်တော်မူရာ သာသနာ ကျွတ်ကိန်းကြီးကို သာသနာကျွတ်ပွဲကြီးကို ဆိုသည်၊

သံဝေဂလေးချိုးကြီး၏အနက်အဓိပ္ပါယ်ကို
ဖော်ပြချက်ပြီး၏၊

www.dhammaransi.com